mgyoe.com

ရွှေတောင်မြို့
ကျိုးသဲလေးထပ်ဆရာတော်ကြီး
ရေး

# မနောရထပူရဏီ

## သင်္ဂြိုဟ်ခက်ဆစ်အလင်းပြ

### အမေးအဖြေကျမ်း

mgyoe.com

mgyoe.com

# သင်္ဂြိုဟ်ခက်ဆစ်အလင်းပြ

## အမေးအဖြေကျမ်း

Win Myint Oo
2 0 1 9

ISBN 9789997117700
KTLB
9 789997 117700
7,500.00KS

မနောရထပူရဏီ သံဂြိုဟ်ခက်ဆစ် အလင်းပြ အမေးအဖြေကျမ်း ကျိုးသဲလေးထပ်ဆရာတော်ကြီး
မျက်နှာဖုံးဒီဇိုင်း - ဝင်းမြင့်ဦး
စာမျက်နှာ ၄၉၂++ မျက်နှာ၊ ၁၅ စင်တီ× ၂၂·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၇၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

ရွှေတောင်မြို့
ကျီးသဲလေးထပ်ဆရာတော်ကြီး ရေး

# မနောရထပူရဏီ

## သင်္ဂြိုဟ်ခက်ဆစ် အလင်းပြ အမေးအဖြေကျမ်း

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- နိဒါန်း က
- ပုံနှိပ်စဉ်က မူလစကားချီး ဈ
- ပဏာမနှင့် ပဋိညာဉ် ၁


## စိတ်ပိုင်း


၁။ သမ္မာသမ္ဗုဒ္ဓပုဒ်၌ သမ္မာသဒ္ဒါနှင့် သံသဒ္ဒါနှစ်ပါးအထူးကိုပြခြင်း ၃
၂။ အတုလံနှင့် သဒ္ဓမ္မဂဏုတ္တမံ ပုဒ်နှစ်တန်၏ အထူးကိုပြခြင်း ၄
၃။ အဘိဝါဒိယပုဒ်ဖြင့် ဝိသေသရှိခိုးပုံကို ပြခြင်း ၅
၄။ ဘာသိဿံပုဒ်အရ ပဋိညာဉ်ကို ပြခြင်း ၅
၅။ ဂန္ထာရမ္ဘ ၃ ပါးတွင် လိုအပ်သော ဂန္ထာရမ္ဘကိုပြခြင်း ၆
၆။ နယဝိသေသဖြင့် ရှိခိုးပုံကို ပြခြင်း ၆
၇။ ပရမတ္ထသဘာဝကို ပြခြင်း ၇
၈။ ပညတ်အပြား ၆ ပါး ၇
၉။ အကုသိုလ်စိတ်ကို ရှေးဦးစွာပြခြင်းအကြောင်း ၈
၁၀။ လောဘမူ စသည်ခေါ်ဆိုရပုံကို ပြခြင်း ၉
၁၁။ ဥဒ္ဓစ္စသမ္ပယုတ်စိတ် ခေါ်ဆိုရပုံကို ပြခြင်း ၉
၁၂။ မိစ္ဆာနိယာမအားဖြင့် ပဋိဝိညာဉ်အမည်ရပုံကို ပြခြင်း ၁၀
၁၃။ ကာယဝိညာဉ်၌ သုခ, ဒုက္ခဖြစ်ပုံကို ပြခြင်း ၁၀
၁၄။ အာဝဇ္ဇန်း စသည်၌ပါသော စေတနာသည် ကံမမည်ပုံကိုပြခြင်း ၁၁
၁၅။ ဟိတ်ကင်းသော ဟသိတုပ္ပါဒ်ဇော အမည်ရပုံကို ပြခြင်း ၁၃


mgyoe.com

mgyoe.com


၁၆။ ဟသိတုပ္ပါဒ်ဟူသော နာမဝိသေသကို ပြခြင်း ၁၃
၁၇။ မဟာကုသိုလ်ဟူသော နာမဝိသေသကို ပြခြင်း ၁၄
၁၈။ တိပိဋကပဋ္ဌာန်းသန္တေ ၁၃ ပါးမှာ အဘယ်စိတ်များမြတ်သနည်း ၁၆
၁၉။ ဉာဏ်အပြားဖြစ်ပုံကို ပြခြင်း ၁၇
၂၀။ ဈာန်ဝင်စားရာ အစစ္စာ ဘယ်ဈာန်ပါလေနည်း ၁၇
၂၁။ ပဉ္စမဈာန်သန္တေနေသော ဗြဟ္မာတို့မှာ အဘိညာဉ်ရဖို့
အားထုတ်ရသေးသလော ၁၈
၂၂။ ပဉ္စမဈာန် နှစ်ပါး ထူးခြားပုံပြခြင်း ၁၈
၂၃။ မဟဂ္ဂုတ်ချင်းတူသော်လည်း အာရုံမတူပုံကို ပြခြင်း ၁၉
၂၄။ နေဝသညာ နာသညာ၏ ဝိသေသကို ပြခြင်း ၁၉
၂၅။ အရူပစိတ် ၄ ပါး ပြားပုံကို ပြခြင်း ၂၁
၂၆။ လောကုတ္တရာစိတ်မှာ ကြိယာကင်းပုံကို ပြခြင်း ၂၂
၂၇။ ပါဒက စသော ဈာန်တို့နှင့် တူဟန်ကို ပြခြင်း ၂၂
၂၈။ သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ရသော မဂ်ကို ပြခြင်း ၂၃
၂၉။ မဂ်လေးပါးတို့ ကိလေသာပယ်ပုံကို ပြခြင်း ၂၄
၃၀။ လောဘမူစိတ်ပေါင်းကို ပြခြင်း ၂၅
၃၁။ ဒေါသမူစိတ်ပေါင်းကို ပြခြင်း ၂၅
၃၂။ မောဟမူစိတ်ပေါင်းကို ပြခြင်း ၂၆
၃၃။ ရူပါဝစရစိတ်ပေါင်းကို ပြခြင်း ၂၆
၃၄။ မဂ်စိတ် (၄) ထောင် ပွားနည်းကို ပြခြင်း ၂၇


## စေတသိက်ပိုင်း


၃၅။ အာရုံအာရမ္မဏိကနှစ်ဝတွင် ဦးစွာဖြစ်သော တရားကိုပြခြင်း ၂၈
၃၆။ စေတသိက်ကို နာမ်ဆိုရခြင်းအကြောင်းကို ပြခြင်း ၂၉
၃၇။ ဝေဒနာငါးပါး၏ တရားကိုယ်ကို ပြခြင်း ၂၉
၃၈။ တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာအထူးကို ပြခြင်း ၂၉
၃၉။ အပ္ပမညာ တရားလေးပါးယူပုံကို ပြခြင်း ၃၀
၄၀။ ပီတိနှင့်သောမနဿအထူးကို ပြခြင်း ၃၁


mgyoe.com

mgyoe.com


၄၁။ ဥဒ္ဓစ္စစိတ်၌ စေကဂ္ဂတာယှဉ်ပုံကို ပြခြင်း ၃၂
၄၂။ ဝိရတီ ၃ တန် ရှောင်ကြဉ်ဟန်အထူးကို ပြခြင်း ၃၂
၄၃။ အတတ်များစွာ အရာရာ, ပညာဆိုသင့်မဆိုသင့်ကို ပြခြင်း ၃၅
၄၄။ အသိ ၃ ပါး ပြားပုံအထူးကို ပြခြင်း ၃၈
၄၅။ ဝိတက်, စေတနာ, မနသိကာရ ၃ ပါးအထူးကို ပြခြင်း ၃၉
၄၆။ ဉာဏ်နှင့်ဒိဋ္ဌိအသိထူးပုံကိုပြခြင်း ၄၀
၄၇။ ပဥ္စဝိညာဉ် ၁၀ ၌ ဝိတက်မယှဉ်ပုံကို ပြခြင်း ၄၀
၄၈။ ဝိရတီကို အနိယတယောဂီ ဆိုသင့် မဆိုသင့်ကို ပြခြင်း ၄၁
၄၉။ လောကုတ္တရာ ပဥ္စမဈာန်၌ လိုအပ်သော ဥပေက္ခာကို ပြခြင်း ၄၃
၅၀။ ဗြဟ္မာတို့မှာ ၃ ဖြာဝိရတီ ဖြစ်သင့် မဖြစ်သင့်ကို ပြဆိုခြင်း ၄၄
၅၁။ မဟဂ္ဂုတ်ပဥ္စမဈာန်၌ ကရုဏာ, မုဒိတာ ကင်းဟန်ကို ပြခြင်း ၄၆
၅၂။ မဟာကုသိုလ်စိတ်၌ စေတသိက်ယှဉ်ဟန် အထူးကို ပြခြင်း ၄၇
၅၃။ မြတ်စွာဘုရား တရားဟောရာ သုဘာသိတဝါစာဖြစ်ပုံကိုပြခြင်း ၄၇
၅၄။ ပဋိသန္ဓေအခါ မေတ္တာဖြစ်ပုံကို ပြခြင်း ၄၇
၅၅။ ပဋိသန္ဓေအခါ လောဘဖြစ်ပုံကို ပြခြင်း ၄၈
၅၆။ ထိနနှင့် မိဒ္ဓအထူးကို ပြခြင်း ၄၈
၅၇။ ဒေါသမူစိတ်၌ စေတသိက်ယှဉ်ဟန်အထူးကို ပြခြင်း ၄၈
၅၈။ ကာယဝိညာဉ်ဒွေ၌ ယှဉ်သော စေတသိက်ကို ပြခြင်း ၄၉
၅၉။ ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကင်းပုံကို ပြခြင်း ၄၉
၆၀။ မာနတရား ထောင်လွှားခြင်း၏ အကြောင်းကို ပြခြင်း ၅၀


## ပကိဏ်းပိုင်း


၆၁။ ဝေဒနာမည်သမျှ ခန္ဓာမည်ရပုံကို ပြခြင်း ၅၂
၆၂။ ဝေဒနာငါးပါး၏ လက္ခဏာကို ပြခြင်း ၅၃
၆၃။ အဟိတ်နှင့်သဟိတ်နှစ်ပါးထူးခြားပုံကို ပြခြင်း ၅၄
၆၄။ အဟိတ်စေတသိက် စသည် ရှိမရှိကို ပြခြင်း ၅၄
၆၅။ ကေဟိတ်ပုဂ္ဂိုလ် မရှိသင့်ပုံကို ပြခြင်း ၅၅
၆၆။ အသညသတ်ဗြဟ္မာကို အဟိတ်ခေါ်ဆိုရပုံကို ပြခြင်း ၅၅


mgyoe.com

mgyoe.com

၆၇။ နိဗ္ဗာန်ဝင်သောပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ, စုတိကို ပြခြင်း ၅၅
၆၈။ သုံးကျွန်းသားတို့ ဟိတ်တရားမရှိပုံကို ပြခြင်း ၅၆
၆၉။ ကိစ္စအကျိုး ဌာနအကြောင်းဖြစ်ပုံကို ပြခြင်း ၅၆
၇၀။ ဌာန ၂၅ ပါးကို ပြခြင်း ၅၇
၇၁။ ဘုံနှင့်ဌာန ပိုင်းခြား၍ ပြခြင်း ၅၉
၇၂။ ဒွါရ ၆ တန် ရုပ်, နာမ် ကောက်ပုံကို ပြခြင်း ၅၉
၇၃။ မနောဒွါရ၏ သရုပ်ကို ပြခြင်း ၆၀
၇၄။ ဒွါရဝိမုတ်စိတ်ကို ပြဆိုခြင်း ၆၁
၇၅။ ပဉ္စဒွါရ၌ ဖြစ်သောစိတ်ကို ပြဆိုခြင်း ၆၁
၇၆။ မနောဒွါရဖြစ်ထိုက်သောစိတ်ကို ပြဆိုခြင်း ၆၂
၇၇။ မနောဒွါရ၌ မဖြစ်ထိုက်သောစိတ်ကို ပြဆိုခြင်း ၆၂
၇၈။ ဒွါရတို့၏ ရုပ်ကလာပ်အရေအတွက်ကို ပြဆိုခြင်း ၆၂
၇၉။ အာရုံ အာရမ္မဏိက ခွဲခြားပုံကို ပြခြင်း ၆၃
၈၀။ အာရုံ ၆ ပါးတွင် ဓမ္မာရုံများသည်ကို ပြခြင်း ၆၄
၈၁။ ဓမ္မာရုံကို အာရုံပြုသောစိတ်များကို ခွဲခြား၍ ပြခြင်း ၆၄
၈၂။ မနောဒွါရ၌ဖြစ်သောစိတ်တို့၏ အာရုံကို ပြခြင်း ၆၆
၈၃။ မရဏာသန္နဇော၏ အာရုံကို ပြခြင်း ၆၆
၈၄။ သေက္ခပုဂ္ဂိုလ်တို့ အကုသိုလ်ကို အာရုံပြု မပြုကို ပြခြင်း ၆၇
၈၅။ ဉာဏသမ္ပယုတ် မဟာကုသိုလ် နိဗ္ဗာန်အာရုံပြုနိုင်ပုံကို ပြခြင်း ၆၈
၈၆။ ဝတ္ထု ၆ ပါးကို တည်ဌာနအားဖြင့် ပြခြင်း ၆၈
၈၇။ ဟဒယဝတ္ထု၏ အဆင်း ၆ ပါးကို ပြခြင်း ၆၉
၈၈။ ဝိညာဉ်, အာရုံတို့ကို ဥပမာအားဖြင့် ပြခြင်း ၇၀

## ဝီထိပိုင်း

၈၉။ ဝိသယပဝတ္တိ၏ အဓိပ္ပာယ်ကို ပြခြင်း ၇၂
၉၀။ စက္ခုဒွါရဝီထိစိတ်ဖြစ်ပုံကို ပြခြင်း ၇၃
၉၁။ သောတဒွါရဝီထိစိတ်ဖြစ်ပုံကို ပြခြင်း ၇၅
၉၂။ မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက ၃ ပါးယူပုံကိုပြခြင်း ၇၈

mgyoe.com

mgyoe.com


၉၃။ ဝတ္ထုနှင့်အာရုံ ထိခိုက်ရာတွင် ဘဝင်လှုပ်ပုံကို ပြခြင်း ၇၉

၉၄။ အတီတဘဝင်ခေါ်ဆိုရပုံကို ပြခြင်း ၈၁

၉၅။ ဝီထိစိတ်ဖြစ်ပုံကို သရက် ဥပမာဖြင့် ပြခြင်း ၈၂

၉၆။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒခေါ်ဆိုရပုံကို ပြခြင်း ၈၃

၉၇။ ကာမဇောတို့၏ အနည်းအများစောပုံကို ပြခြင်း ၈၄

၉၈။ ရေအယဉ်ပမာ ဘဝင်စိတ်ဖြစ်ရာကို ပြခြင်း ၈၅

၉၉။ မျောက်မျဉ်းခါတွင် အိပ်မက်မြင်ပုံကို ပြခြင်း ၈၅

၁၀၀။ အိပ်မက်နှစ်ပါး ထူးခြားပုံကိုပြခြင်း ၈၅

၁၀၁။ အိပ်မက်ရာတွင် ကောင်းကျိုး, မကောင်းကျိုးဖြစ်ပုံကိုပြခြင်း ၈၇

၁၀၂။ အနိဋ္ဌာရုံ ဣဋ္ဌာရုံတို့၌ ဝိပါက်အမှန် ဇောအပြန်ကိုပြခြင်း ၈၈

၁၀၃။ ဝိဘူတာရုံနှင့် အဝိဘူတာရုံနှစ်ပါး ထူးခြားပုံကိုပြခြင်း ၉၀

၁၀၄။ မြင်ဖူးသောအာရုံပင် စိတ်တွင်ထင်ရာ ပစ္စုပ္ပန်သာဖြစ်ပုံကိုပြခြင်း ၉၀

၁၀၅။အပ္ပနာဇောတို့၏ အနည်းအများ စောပုံကို ပြခြင်း ၉၁

၁၀၆။ တိက္ခ မန္ဒ ပုဂ္ဂိုလ်တို့၏ ဝီထိ၌ ဖိုလ်ဇောအနည်းအများကိုပြခြင်း ၉၂

၁၀၇။ မဂ်နောက် ဖိုလ်ဇော စောနိုင်ပုံကိုပြခြင်း ၉၂

၁၀၈။ သဗ္ဗညုတဉာဏ်ယူပုံကို ပြခြင်း ၉၃

၁၀၉။ သဗ္ဗညုတဉာဏ်တော်ရရာ ဝီထိကိုပြခြင်း ၉၃

၁၁၀။ ဒေါသဇောနောင်ကျသော တဒါရုံဘဝင်များကို ပြခြင်း ၉၄

၁၁၁။ အာဂန္တုက ဘဝင်ဖြစ်ပုံကို ပြခြင်း ၉၄

၁၁၂။ ဇောနှင့် တဒါရုံဘဝင်တို့ကို ဝေဖန်ပြခြင်း ၉၅

၁၁၃။ တဒါရုံ မဖြစ်သောအရာ ၁၀ ပါးကိုပြခြင်း ၉၆

၁၁၄။ အရိယာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ် ပဝတ္တိစိတ်တို့ကို ပြခြင်း ၉၇

၁၁၅။ ဘုံပုဂ္ဂိုလ်ရ ဆောင်ပုဒ်ကို ပြခြင်း ၉၇

၁၁၆။ ကာမပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြဆိုခြင်း ၉၈

၁၁၇။ ရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း ၉၉

၁၁၈။ အရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း ၁၀၀

၁၁၉။ ဆပညာသအရ ယထာသမ္ဘဝယူရပုံကို ပြခြင်း ၁၀၀

၁၂၀။ သောတာပန်ပုဂ္ဂိုလ်အပြားကို ပြခြင်း ၁၀၀


mgyoe.com

mgyoe.com


၁၂၁။ သကဒါဂါမ်ပုဂ္ဂိုလ်အပြားကို ပြခြင်း ၁၀၂
၁၂၂။ အနာဂါမ်ပုဂ္ဂိုလ်အပြားကို ပြခြင်း ၁၀၃
၁၂၃။ ရဟန္တာပုဂ္ဂိုလ်အပြားကို ပြခြင်း ၁၀၄
၁၂၄။ အရိယာပုဂ္ဂိုလ် ၁၀၈ ယောက်ယူပုံကို ပြခြင်း ၁၀၅
၁၂၅။ အပါယ်သတ္တဝါတို့မှာ ပညာကင်းသည်ကို ပြခြင်း ၁၀၆
၁၂၆။ အပါယ်ဘုံသား အလောင်းတော်များတွင်
ဉာဏ်ယှဉ်ပုံကိုပြခြင်း ၁၀၇
၁၂၇။ မဟာဂ္ဂုတ်ဇော ၁၈ ခုတို့၏ အနည်းအများစောပုံကို ပြခြင်း ၁၀၇
၁၂၈။ အဘိညာဉ် ဝီထိဖြစ်ပုံကို ပြခြင်း ၁၀၇
၁၂၉။ ဝသီဘော် ၅ ပါး ထူးခြားပုံ ၁၁၀
၁၃၀။ ဈာန်ဝင်စားတိုင်း အသက်ရှူ မရှူ ၁၁၁
၁၃၁။ သင်္ခါရ ၃ ပါး ရထိုက်, မရထိုက်ပုဂ္ဂိုလ်များကို ပြဆိုရာ ၁၁၁
၁၃၂။ တန်ခိုးပြရာတွင် ဘုရားရှင်နှင့် သာဝကတို့ ဝီထိကျပုံ ၁၁၄
၁၃၃။ ဘုံ ၃ ပါး၌ မဂ်ရပုံချင်း မတူပုံ ၁၁၅
၁၃၄။ နိရောဓသမာပတ်ကို ဝင်စားရာ၌ အာရုပ္ပဇော
၂ ကြိမ်သာစောခြင်း ၁၁၆

၁၃၅။ ပုဗ္ဗကိစ္စလေးပါး ထူးခြားချက် ၁၁၆
၁၃၆။ နိရောဓသမာပတ်ကို ဝင်စားခြင်းအကြောင်း ၁၁၇
၁၃၇။ ကာမပုဂ္ဂိုလ်နှင့် ရူပပုဂ္ဂိုလ်တို့ နိရောဓသမာပတ်ဝင်စားရာ
ထူးခြားကြပုံ ၁၁၈
၁၃၈။ နိရောဓသမာပတ်မှ ထသောအခါ အာရုံပြုပုံ ၁၁၈
၁၃၉။ ဈာန်နှင့်မဂ်တို့၏ ပစ္စဝေက္ခဏာဇောများကို ပြခြင်း ၁၁၈
၁၄၀။ ပစ္စဝေက္ခဏာဇောဝယ် အထူးမှတ်ဖွယ် ၁၁၉
၁၄၁။ အိပ်ပျော်စဉ်တွင် ထိုဘဝင်စိတ်ပင် ဆိုထိုက်မဆိုထိုက် ၁၁၉


mgyoe.com

mgyoe.com

## ဘုံပိုင်း


၁၄၂။ ဘုံမည်ခြင်းအကြောင်း ၁၂၁
၁၄၃။ ကာမသုဂတိမည်ခြင်းအကြောင်း ၁၂၂
၁၄၄။ ငရဲဘုံမည်ခြင်းအကြောင်း ၁၂၂
၁၄၅။ တိရစ္ဆာန်မည်ခြင်းအကြောင်း ၁၂၃
၁၄၆။ ယောနိ သဒ္ဒါ၏ အနက်အပြားကို ပြဆိုရာ ၁၂၃
၁၄၇။ ပြိတ္တာဟု ခေါ်ဆိုရခြင်းအကြောင်း ၁၂၄
၁၄၈။ အသုရကာယ်မည်ခြင်းအကြောင်း ၁၂၅
၁၄၉။ မနုဿဟူသော ဝေါဟာရကို ပြဆိုခြင်း ၁၂၅
၁၅၀။ စတုမဟာရာဇ် ခေါ်ဆိုရပုံ ၁၂၆
၁၅၁။ တာဝတိံသာဟု ခေါ်ဆိုရပုံ ၁၂၆
၁၅၂။ ယာမာဟု ခေါ်ဆိုရပုံ ၁၂၆
၁၅၃။ တုသိတာဟု ခေါ်ဆိုရပုံ ၁၂၆
၁၅၄။ နိမ္မာနရတိဟု ခေါ်ဆိုရပုံ ၁၂၇
၁၅၅။ ပရနိမ္မိတ ဝသဝတ္တီခေါ်ဆိုရပုံ ၁၂၇
၁၅၆။ ရူပ ပထမဈာန် ၃ ဘုံကို ပြဆိုခြင်း ၁၂၇
၁၅၇။ ဒုတိယဈာန် ၃ ဘုံကို ပြခြင်း ၁၂၈
၁၅၈။ တတိယဈာန် ၃ ဘုံကို ပြဆိုခြင်း ၁၂၉
၁၅၉။ စတုတ္ထဈာန် ၇ ဘုံကို ပြဆိုခြင်း ၁၂၉
၁၆၀။ သတ္တာဝါသ ဘုံကိုးဝကို ပြဆိုချက် ၁၃၀
၁၆၁။ ပဉ္စဝေါကာရ စတုဝေါကာရ ဧကဝေါကာရ ပြားပုံကိုပြခြင်း ၁၃၁
၁၆၂။ ဘဝဂ်ရပ်မှာ အရိယာပြောင်းကာ ဖြစ်သင့် မဖြစ်သင့် ၁၃၂
၁၆၃။ အရူပမှာ မဂ်သောတာ ကင်းရာဠ်ဝယ် သိမှတ်ဖွယ် ၁၃၃
၁၆၄။ သုဒ္ဓါဝါသဘုံ၌ ဗြဟ္မာအမြဲရှိ မရှိကို ပြခြင်း ၁၃၃
၁၆၅။ ဇာတိခေတ်မှ ပြင်ပသုဒ္ဓါဝါ ဘုံများမှာ ဗြဟ္မာ ရှိသင့် မရှိသင့် ၁၃၄
၁၆၆။ ငရဲသားများ သေဘေးကို ကြောက်မကြောက် ၁၃၄
၁၆၇။ ဇစ္စန္ဓာဒိ၌ အာဒိသဒ္ဒါ၏ အာဒိဝန်ကို ပြဆိုခြင်း ၁၃၆
၁၆၈။ ပဏ္ဍုက်အပြား ၅ ပါး ၁၃၇


mgyoe.com

mgyoe.com


၁၆၉။ ဥဘတောဗျည်း အပြားနှစ်ပါး ၁၃၈

၁၇၀။ ဘုမ္မသိတသဒ္ဒါ စသည်တို့၏ အဖွင့်ကို ပြဆိုရာ ၁၃၉

၁၇၁။ ပြိတ္တာအပြား ၁၂ ပါးကို ပြဆိုရာ ၁၄၁

၁၇၂။ စတုမဟာရာဇ်နတ်ဘုံ၌ နတ်ကျိုး နတ်ကန်း ရှိ မရှိ ၁၄၅

၁၇၃။ လူ ဥပပါတ် စသည် ရှိသင့် မရှိသင့် ၁၄၅

၁၇၄။ နတ်တို့ သက်ပိုင်း နတ်တိုင်း နေရ မနေရကို ပြခြင်း ၁၄၈

၁၇၅။ နတ် လူ နှစ်ပါးတို့၏ နှစ်, လ, ရက်များကို နှိုင်းယှဉ်ချက် ၁၅၀ .

၁၇၆။ အပါယ်သားများ သက်ရှည်ပြား အကုသိုလ်လား
ကုသိုလ်လား ၁၅၁

၁၇၇။ လေးကျွန်းသားတို့၏ အသက်တမ်းကို ပြခြင်း ၁၅၁

၁၇၈။ နတ်ရွာ ၆ တန် တည်နေဟန် ၁၅၂

၁၇၉။ ဘုံအကွာအဝေးကို ပြဆိုခြင်း ၁၅၃

၁၈၀။ ဈာန်ဘုံလေးပါးသာ ရှိရခြင်းအကြောင်း ၁၅၄

၁၈၁။ ကမ္ဘာနှင့် ဗြဟ္မာ သိဖို့ရာ ၁၅၅

၁၈၂။ ကမ္ဘာပျက်ဟန်ကို ပြခြင်း ၁၅၆

၁၈၃။ ကိစ္စထူးခြား ကံလေးပါး ၁၅၇

၁၈၄။ ဉပဃာတကနှင့် ဇနက ကံနှစ်ပါး ထူးခြားပုံ ၁၅၉

၁၈၅။ ပါကဒါနအပြား ကံလေးပါး ၁၆၀

၁၈၆။ မိဘသားမယားများ ပြုစုကျွေးမွေးရာ အကျိုးပေး မပေး ၁၆၁

၁၈၇။ ဂရုကံ စသည်တို့ အကျိုးပေးပုံ အစဉ်ကို ပြခြင်း ၁၆၂

၁၈၈။ အကျိုးပေးရာကာလအားဖြင့် ကံလေးပါး ပြားပုံ ၁၆၄

၁၈၉။ ဒိဋ္ဌဓမ္မဝေဒနိယကံ၌ အထူးမှတ်ဖွယ် ၁၆၅

၁၉၀။ ဥပပဇ္ဇဝေဒနိယကံ၌ အထူးမှတ်ဖွယ် ၁၆၆

၁၉၁။ အပရာပရိယကံ၌ အထူးမှတ်ဖွယ် ၁၆၈

၁၉၂။ အဟောသိကံ၌ အထူးမှတ်ဖွယ် ၁၆၉

၁၉၃။ ပဏ္ဍာသအဋ္ဌကထာလာ ကံအပြားကို ပြခြင်း ၁၇၀

၁၉၄။ ပဋိသမ္ဘိဒါမဂ်လာ ကံအပြားကို ပြခြင်း ၁၇၁

၁၉၅။ အဋ္ဌိကံ ၆ ပါးကို ပြခြင်း ၁၇၄


mgyoe.com

mgyoe.com

၁၉၆။ ကံတို့ကို အကျယ်ဝေဖန်၍ ပြခြင်း ၁၇၅
၁၉၇။ သမ္ပတ္တိ ၄ ပါး၊ ဝိပတ္တိ ၄ ပါးကို ပြခြင်း ၁၇၆
၁၉၈။ ဂရုကံ ၂ မျိုး ပြိုင်ရိုးမရှိ ၁၇၈
၁၉၉။ ဒိဋ္ဌဓမ္မကံနှင့် ဥပပဇ္ဇကံနှစ်ပါး၌ မှတ်သားဖွယ် ၁၇၉
၂၀၀။ ဒွါရအားဖြင့် အကုသိုလ်ကံ ၃ ပါး ပြားပုံ ၁၇၉
၂၀၁။ ကမ္မပထအားဖြင့် အကုသိုလ်ကံ ၁၀ ပါးပြားပုံ ပြခြင်း ၁၈၂
၂၀၂။ အကုသိုလ်ဝစီကံ ဖြစ် မဖြစ်ကို ပြခြင်း ၁၈၅
၂၀၃။ အကုသိုလ်မနောကံ ဖြစ် မဖြစ်ကို ပြခြင်း ၁၈၅
၂၀၄။ ကာယကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန်ကို ပြခြင်း ၁၈၈
၂၀၅။ ဝစီကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန် ၁၈၈
၂၀၆။ မနောကံ ဒွါရသုံးပါး၌ ဖြစ်ဟန် ၁၈၉
၂၀၇။ အကုသိုလ်ကံ ၁၀ ပါးကို အဟိတ်ဖြင့် ဝေဖန်ပြခြင်း ၁၉၁
၂၀၈။ ဒါန သီလဘာဝနာ၌ ကုသိုလ် ၁၀ ဖြာသွင်းပုံကိုပြခြင်း ၁၉၁
၂၀၉။ ကုသိုလ် ၁၀ ပါးကို ကံ ၃ ပါးဖြင့် ဝေဖန်ပြခြင်း ၁၉၂
၂၁၀။ အကုသိုလ်ကံတို့၏ အပြစ်ကြီးငယ်ကို ပြခြင်း ၁၉၃
၂၁၁။ မဟဂ္ဂုတ်ကံမှာ မနောကံဖြစ်ကြောင်းကို ပြခြင်း ၁၉၃
၂၁၂။ ကံအပြား ၁၆ ပါးကို ပြခြင်း ၁၉၄
၂၁၃။ ရူပဈာန်၏ ပရိတ္တ, မဇ္ဈိမ ပဏီတဖြစ်ပုံကိုပြခြင်း ၁၉၅
၂၁၄။ အသညသတ်ဘုံသို့ လားအံ့သော ဈာနလာဘီပုဂ္ဂိုလ်တို့၏
ဘာဝနာပွားဟန်ကို ပြခြင်း ၁၉၅
၂၁၅။ ကုသိုလ်အဘိညာဉ်၏ ပဋိသန်ပဝတ္တိ, အကျိုးမရှိပုံကိုပြခြင်း ၁၉၆
၂၁၆။ နိမိတ် ၃ ပါးကို ခွဲခြား၍ ပြခြင်း ၁၉၇
၂၁၇။ သေခါနီးတွင် ထင်ပြီးနိမိတ် မြဲ, မမြဲကို ပြဆိုခြင်း ၂၀၀
၂၁၈။ သေခါနီးမှု သက်မရှူပုံကို ပြခြင်း ၂၀၂
၂၁၉။ နိမိတ်အာရုံ ချုပ်ရာကာလကို ပြဆိုခြင်း ၂၀၂
၂၂၀။ စုတိလေးမျိုးကို ပြဆိုခြင်း ၂၀၃
၂၂၁။ သတ္တဝါတို့ ဘဝပြောင်းကူးရာ၌ အထူးမှတ်ဖွယ်ကိုပြခြင်း ၂၀၅

mgyoe.com

mgyoe.com

၂၂၂။ နိမိတ် ၃ ပါးကို ကာလ ၃ ပါး၊ ဒွါရ ၆ ပါးတို့ဖြင့်
ဝေဖန်၍ပြခြင်း ၂၀၆
၂၂၃။ မရဏာသန္နဇောနှင့် ပစ္စုပ္ပန်ကမ္မနိမိတ်တို့ ဖြစ်ဟန်ထင်ဟန်ကို
ပြခြင်း ၂၀၇
၂၂၄။ အသညသတ်ဗြဟ္မာ စုတိရာ၌ နိမိတ်အာရုံ ကင်းဆိတ်ပုံကို
ပြခြင်း ၂၀၉

## ရုပ်ပိုင်း

၂၂၅။ မဟာဘုတ်ဟူသော ဝေါဟာရ ၂၁၁
၂၂၆။ ဥပါဒါရုပ်ကို ပြခြင်း ၂၁၂
၂၂၇။ ပထဝီဓာတ်ကို ပြခြင်း ၂၁၂
၂၂၈။ အာပေါဓာတ်ကို ပြခြင်း ၂၁၃
၂၂၉။ တေဇောဓာတ်ကို ပြခြင်း ၂၁၃
၂၃၀။ ဝါယောဓာတ်ကို ပြခြင်း ၂၁၄
၂၃၁။ ပထဝီ ၄ မျိုးကို ပြခြင်း ၂၁၄
၂၃၂။ အာပေါ ၄ မျိုးကို ပြခြင်း ၂၁၅
၂၃၃။ စက္ခုပသာဒရုပ်ကို ပြခြင်း ၂၁၅
၂၃၄။ သောတပသာဒရုပ်ကို ပြခြင်း ၂၁၆
၂၃၅။ ဃာနပသာဒရုပ်ကို ပြခြင်း ၂၁၆
၂၃၆။ ဇိဝှါပသာဒရုပ်ကို ပြခြင်း ၂၁၇
၂၃၇။ ကာယပသာဒရုပ်ကို ပြခြင်း ၂၁၇
၂၃၈။ စက္ခု ၂ မျိုးကို ပြခြင်း ၂၁၈
၂၃၉။ သောတ ၂ ပါးကို ပြခြင်း ၂၁၉
၂၄၀။ ဃာန ၂ ပါးကို ပြခြင်း ၂၂၀
၂၄၁။ ဇိဝှါ ၂ ပါးကို ပြခြင်း ၂၂၀
၂၄၂။ ကာယ ၂ ပါးကို ပြခြင်း ၂၂၁
၂၄၃။ ရူပါရုံကို ပြခြင်း ၂၂၁
၂၄၄။ သဒ္ဒါရုံကို ပြခြင်း ၂၂၂

mgyoe.com

mgyoe.com

၂၄၅။ ဂန္ဓာရုံကို ပြခြင်း ၂၂၂
၂၄၆။ ရသာရုံကို ပြခြင်း ၂၂၂
၂၄၇။ ဖောဋ္ဌဗ္ဗာရုံကို ပြခြင်း ၂၂၃
၂၄၈။ ဂေါစရဟူသောအမည်ကို ပြခြင်း ၂၂၃
၂၄၉။ ဣတ္ထိဘာဝရုပ်ကို ပြခြင်း ၂၂၄
၂၅၀။ ပုမ္ဘာဝရုပ်ကို ပြခြင်း ၂၂၅
၂၅၁။ ဘာဝရုပ်တို့၏ ပြောင်းလဲပုံကို ပြခြင်း ၂၂၆
၂၅၂။ ဟဒယရုပ်ကို ပြခြင်း ၂၂၆
၂၅၃။ ဇီဝိတရုပ်ကို ပြခြင်း ၂၂၈
၂၅၄။ အာဟာရရုပ်ကို ပြခြင်း ၂၂၈
၂၅၅။ အနိပ္ဖန္နရုပ် ၁၀ ပါးကို ပြခြင်း ၂၂၉
၂၅၆။ ကာယဝိညတ်ရုပ်ကို ပြခြင်း ၂၃၀
၂၅၇။ ဝစီဝိညတ်ရုပ်ကို ပြခြင်း ၂၃၃
၂၅၈။ ဝိကာရရုပ်ကို ပြခြင်း ၂၃၆
၂၅၉။ လက္ခဏာရုပ် ၄ ခုတွင် ဥပစယရုပ်နှင့်
သန္တတိရုပ် ၂ ပါး ထူးခြားချက်ကို ပြခြင်း ၂၃၇
၂၆၀။ ဇာတိရုပ်တစ်ခုကိုပင် ဥပစယသန္တတိ ခေါ်ဆိုရပုံ ၂၃၈
၂၆၁။ မဟာအဋ္ဌကထာလာရုပ် ၄ ပါးကို ပြခြင်း ၂၃၈
၂၆၂။ ပသာဒရုပ်ငါးပါးကိုသာ အဇ္ဈတ္တိကရုပ်ခေါ်ဆိုပုံ ၂၄၀
၂၆၃။ ဒွါရ ၆ ပါးဖြစ်သော်ငြားလည်း ဒွါရရုပ် ၇ ပါးဖြစ်ပုံ ၂၄၁
၂၆၄။ ဒွါရရုပ်မည်ကြောင်းကို ပြခြင်း ၂၄၂
၂၆၅။ ဣန္ဒြိယရုပ်ခေါ်ဆိုရပုံကို ပြခြင်း ၂၄၃
၂၆၆။ ရုပ်ဇီဝိတ၏ ရုပ်တိုင်း အစိုးမရပုံ ၂၄၃
၂၆၇။ ဩဠာရိကရုပ်ခေါ်ဆိုပုံကို ပြခြင်း ၂၄၄
၂၆၈။ သန္တိကေရုပ်ခေါ်ဆိုပုံကို ပြခြင်း ၂၄၄
၂၆၉။ သပ္ပဋိဃရုပ်ခေါ်ဆိုပုံကို ပြခြင်း ၂၄၄
၂၇၀။ သနိဒဿနရုပ်ခေါ်ဆိုရပုံကို ပြခြင်း ၂၄၅
၂၇၁။ ဥပစာနည်းဖြင့် ဂေါစရဂ္ဂါဟိကရုပ်ခေါ်ဆိုရပုံ ၂၄၆

mgyoe.com

mgyoe.com


၂၇၂။ ဂေါစရရုပ်ငါးပါးတွင် စက္ခုသောတ ၂ ပါးတို့၏ အသမ္ပတ္တဖြစ်ပုံကို ပြခြင်း ၂၄၆

၂၇၃။ အဝိနိဗ္ဘောဂရုပ် ၈ ပါးတွင် ဝဏ္ဏ, ဂန္ဓ, ရသ, . သြဇာရုပ်ကို ပြခြင်း ၂၄၈

၂၇၄။ လူတို့ကိုယ်ကို သုံးပိုင်းပိုင်း၍ ရသင့်တိုင်းသောရုပ် ပြခြင်း ၂၄၉

၂၇၅။ ခေါက်၍မေးက ရုပ်သေးတစ်ရာရပုံကို ပြခြင်း ၂၄၉

၂၇၆။ လဟုတာဒိတ္တယရုပ်တို့၏ ဝိကာရမည်ပုံကို ပြခြင်း ၂၅၀

၂၇၇။ သြဇာရုပ်သဏ္ဌာန်ကို ပြခြင်း ၂၅၁

၂၇၈။ ကံသည် ရုပ်ကိုဖြစ်စေ၏ဆိုရာ၌ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်နှင့် မဆန့်ကျင်ပုံကိုပြခြင်း ၂၅၁

၂၇၉။ ရုပ်ကိုမဖြစ်စေတတ်သော စိတ်တို့ကို ပြခြင်း ၂၅၂

၂၈၀။ ပဋိသန္ဓေစိတ်၏ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း ၂၅၃

၂၈၁။ ရဟန္တာတို့ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ခြင်း ၂၅၃

၂၈၂။ ဒွေပဉ္စဝိညာဉ် ၁၀ ၏ ရုပ်ကို မဖြစ်စေနိုင်ခြင်း ၂၅၃

၂၈၃။ အရူပဝိပါက်စိတ်တို့၏ ရုပ်ကို မဖြစ်စေနိုင်ခြင်း ၂၅၄

၂၈၄။ ရုပ်ကိုဖြစ်စေတတ်သော စိတ်တို့၏ ကိစ္စအထူးကို ပြခြင်း ၂၅၄

၂၈၅။ ရယ်ခြင်း ၆ ပါးကို ပြခြင်း ၂၅၅

၂၈၆။ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့၏ ဖြစ်ရာကာလ အစ, အဆုံးကို ပြခြင်း ၂၅၆

၂၈၇။ ကံ စိတ် ဥတု အာဟာရဟူ၍ ဒေသနက္ကမအားဖြင့် ခေါ်ဆိုရပုံကို ပြခြင်း ၂၅၇

၂၈၈။ သတ္တဝါတို့ မသေရာကာလကို ပြခြင်း ၂၅၇

၂၈၉။ ပဋိသန္ဓေအခါ သြဇာပျံ့နှံ့ရာကာလကို ပြခြင်း ၂၅၇

၂၉၀။ ရုပ်ကလာပ်ဖွဲ့ရာ အင်္ဂါ ၄ ပါးကို ပြခြင်း ၂၆၀

၂၉၁။ ဧကုပ္ပါဒနှင့် သဟဝုတ္တိ ၂ ပါး၏ အထူးကိုပြခြင်း ၂၆၀

၂၉၂။ စက္ခုဒသက ခေါ်ဆိုရပုံကို ပြခြင်း ၂၆၀

၂၉၃။ ယေဘုယျနည်းအားဖြင့် ဝိညတ်ရုပ်တို့ကိုလည်း ကလာပ်ဖွဲ့စည်းရာ ပါဝင်ပုံကို ပြခြင်း ၂၆၀


mgyoe.com

mgyoe.com

၂၉၄။ ဗဟိဒ္ဓ၌ ရနိုင်သော ကလာပ်တို့ကို ပြခြင်း ၂၆၁
၂၉၅။ ဝစီဝိညတ်ဒသက ကလာပ်နှင့် တေရသက ကလာပ်တို့ ထူးခြားပုံကို ပြခြင်း ၂၆၁
၂၉၆။ ကလာပ်ဖွဲ့ရာ မပါဝင်သော ရုပ် ၅ ပါးကို ပြခြင်း ၂၆၂
၂၉၇။ ကလာပ် ၂၁ စည်းတွင် ရုပ်ပေါင်း ၃၁၆ ပါးဖြစ်ပုံကိုပြခြင်း ၂၆၂
၂၉၈။ ပဝတ္တိ ပဋိသန္ဓေအခါ ရသင့်ရာသော ရုပ်တို့ကိုဝေဖန်၍ပြခြင်း ၂၆၃
၂၉၉။ စက္ခု စသည်တို့ ချို့သင့် မချို့သင့်သော ပုဂ္ဂိုလ်တို့ကိုပြခြင်း ၂၆၄
၃၀၀။ ပဋိသန္ဓေ တည်နေစဉ်အစ ကလလရေကြည်ပမာဏကိုပြခြင်း ၂၆၄
၃၀၁။ ပဋိသန္ဓေအခါ သတ္တာဟဖြစ်ပုံကို ပြခြင်း ၂၆၆
၃၀၂။ အဘိဓမ္မာ ဋီကာဝါဒအရ သတ္တာဟဖြစ်ပုံကို ပြခြင်း ၂၆၇
၃၀၃။ သံသေဒဇ ခေါ်ဆိုရပုံကို ပြခြင်း ၂၆၈
၃၀၄။ ဥပပါတ် ခေါ်ဆိုရပုံကို ပြခြင်း ၂၆၈
၃၀၅။ သံသေဒဇနှင့် ဥပပါတ် ၂ ပါး၏အထူး ၂၆၉
၃၀၆။ ဂဗ္ဘသေယျက ခေါ်ဆိုရပုံ ၂၆၉
၃၀၇။ ကမ္မဇရုပ် ချုပ်ရာကာလကို ပြခြင်း ၂၇၀
၃၀၈။ စိတ္တဇ အာဟာရဇ ရုပ်တို့ချုပ်ရာကာလကို ပြခြင်း ၂၇၀
၃၀၉။ လူသေကောင်မှာ ရသင့်ရာသော ရုပ်ကိုပြခြင်း ၂၇၁
၃၁၀။ တစ္ဆေတို့မှာ လူတို့အလား ရုပ်များရှိ မရှိကို ပြခြင်း ၂၇၁
၃၁၁။ တစ္ဆေတို့ကို လူများမမြင်ရခြင်းအကြောင်းကို သာဓကနှင့်တကွ ပြခြင်း ၂၇၂
၃၁၂။ တစ္ဆေတို့ သေရာ ရုပ်လက္ခဏာပြောင်းပုံကို ပြခြင်း ၂၇၃
၃၁၃။ ဗြဟ္မာတို့မှာ ရသင့် မရသင့်သော ရုပ်တို့ကို ပြခြင်း ၂၇၅
၃၁၄။ ဗြဟ္မာတို့၌ ရှိသောဩဇာသည် အာဟာရဇရုပ် မဖြစ်နိုင်ပုံကို ပြခြင်း ၂၇၆
၃၁၅။ ဗြဟ္မာတို့မှာ ဘာဝရုပ်မရခြင်းအကြောင်း ၂၇၆
၃၁၆။ အသညသတ်ဗြဟ္မာတို့ ဖြစ်ပုံပြခြင်း ၂၇၇
၃၁၇။ ဗြဟ္မာတို့မှာ တည်ရာဗိမာန် စသည်ရှိပုံ ၂၇၇
၃၁၈။ ရူပ ၁၆ ဘုံ၌ ရသင့်သော ရုပ်ကလာပ်တို့ကို ပြခြင်း ၂၇၈

mgyoe.com

mgyoe.com

## နိဗ္ဗာန်နှင့် ဆိုင်ရာများ

၁၁၉။ နိဗ္ဗာန်မြင်သော ဒွါရကို ပြခြင်း ၂၇၈
၂၂၀။ နိဗ္ဗာန်ရှိမရှိကို သိနိုင်ရန်ကို ပြခြင်း ၂၈၀
၂၂၁။ ရေဝတနတ်သား လျှောက်ထားရာတွင် ဘုရားသခင် ဟောတော်မူပုံကို ပြခြင်း ၂၈၃
၂၂၂။ မိလိန္ဒမင်းကြီးမေးရာတွင် ရှင်နာဂသိန်ဖြေဆိုပုံ ၂၈၅
၂၂၃။ ပုဂ္ဂိုလ်တိုင်း နိဗ္ဗာန် ရ မရ မိလိန္ဒမင်းကြီးက မေးရာ ရှင်နာဂသိန် ဖြေဆိုပုံ ၂၈၆
၂၂၄။ နိဗ္ဗာန်အပြား ၂ ပါးကို ပြခြင်း ၂၈၇
၂၂၅။ တစ်နည်း နိဗ္ဗာန်အပြား ၃ ပါးကို ပြခြင်း ၂၈၈
၂၂၆။ လက္ခဏာရေး ၃ ပါးတို့တွင် တစ်ပါးပါးကို ထင်ရှုမှုဖြင့် မဂ် ရ မရ ပြခြင်း ၂၈၉
၂၂၇။ တစ်ပါးကို နှလုံးသွင်းက ၃ ပါးလုံးထင်ပုံ ၂၉၂

## သမုစ္စည်းပိုင်း

၂၂၈။ ဒွါသတ္တတိအရ ၇၂ ပါး သရုပ်ကိုပြခြင်း ၂၉၅
၂၂၉။ အာသဝလေးပါးကို ပြခြင်း ၂၉၅
၃၃၀။ ဩဃလေးပါးကို ပြခြင်း ၂၉၇
၃၃၁။ ယောဂလေးပါးကို ပြခြင်း ၂၉၈
၃၃၂။ ဂန္ထလေးပါးကို ပြခြင်း ၂၉၈
၃၃၃။ ဥပါဒါန်လေးပါးကို ပြခြင်း ၂၉၉
၃၃၄။ ဥပါဒါန်၏အာရုံကို ပြခြင်း ၃၀၀
၃၃၅။ သက္ကာယဒိဋ္ဌိ ၂၀ ကို ပြခြင်း ၃၀၀
၃၃၆။ နီဝရဏ ၆ ပါးကို ပြခြင်း ၃၀၁
၃၃၇။ ထိနမိဒ္ဓ စသည်တို့ မကွဲပြားပုံ ပြခြင်း ၃၀၂
၃၃၈။ အနုသယ ၇ ပါးကို ပြခြင်း ၃၀၃
၃၃၉။ သံယောဇဉ် ၁၀ ပါးကို ပြခြင်း ၃၀၄
၃၄၀။ ကိလေသာ ၁၀ ပါးကို ပြခြင်း ၃၀၄

mgyoe.com

mgyoe.com


၃၄၁။ ထောင့်ငါးရာကိလေသာကို ပြခြင်း ၂၀၅
၃၄၂။ ခုဒ္ဒကဝိဘင်းလာ ကိလေသာကို ပြခြင်း ၂၀၅
၃၄၃။ တစ်ခုသော တရားဖြစ်သော်ငြားလည်း အမည်ပြားပုံ ၂၀၆
၃၄၄။ မိဿကသင်္ဂဟကိုပြဆိုချက် ဟိတ်တရားတို့ကို ပြခြင်း ၂၀၆
၃၄၅။ ဈာနင် ၇ ပါးကို ပြခြင်း ၂၀၇
၃၄၆။ မဂ္ဂင် ၁၂ ပါးကို ပြခြင်း ၂၀၉
၃၄၇။ ဣန္ဒြေ ၂၂ ပါးကို ပြခြင်း ၂၁၀
၃၄၈။ ဗိုလ် ၉ ပါးကို ပြခြင်း ၂၁၃
၃၄၉။ အဓိပတိ ၄ ပါးကို ပြခြင်း ၂၁၄
၃၅၀။ အဓိပတိနှင့် ဣန္ဒြေတို့၏ ထူးခြားချက်ကို ပြဆိုခြင်း ၂၁၆
၃၅၁။ အာဟာရ ၄ ပါးကို ပြဆိုခြင်း ၂၁၆
၃၅၂။ ပဉ္စဝိညာဉ်မှာရှိသော ဝေဒနာ၏ ဈာနင်မထိုက်ပုံ ၂၁၇
၃၅၃။ အဝီရိယစိတ်မှာ ဗိုလ်မပါပုံနှင့် အဟိတ်စိတ်တွင်
မဂ္ဂင်မရှိပုံကို ပြဆိုခြင်း ၂၁၈
၃၅၄။ ဝိစိကိစ္ဆာစိတ်မှာရှိသော ဧကဂ္ဂတာ၏ မဂ္ဂင်
စသည် မမည်ပုံကိုပြဆိုခြင်း ၂၁၈
၃၅၅။ သတိပဋ္ဌာန် ၄ ပါးကို ပြဆိုခြင်း ၂၁၉
၃၅၆။ သမ္မပ္ပဓာန် ၄ ပါးကို ပြဆိုခြင်း ၂၁၉
၃၅၇။ဣဒ္ဓိပါဒ် ၄ ပါးကို ပြဆိုခြင်း ၂၂၀
၃၅၈။ ဣန္ဒြေ ၅ ပါးကို ပြခြင်း ၂၂၂
၃၅၉။ ဗိုလ် ၅ ပါးကို ပြဆိုခြင်း ၂၂၂
၃၆၀။ ဗောဇ္ဈင် ၇ ပါးကို ပြခြင်း ၂၂၂
၃၆၁။ မဂ္ဂင်ရှစ်ပါးကို ပြဆိုခြင်း ၂၂၃
၃၆၂။ ဗောဓိပက္ခိယတရားကိုယ်ကို ပြဆိုခြင်း ၂၂၄
၃၆၃။ ခန္ဓာ ဥပါဒါနက္ခန္ဓာ ၂ ပါး ထူးခြားပုံ ၂၂၅
၃၆၄။ ခန္ဓာ (၅) ပါး ဥပမာဖြင့် ပြဆိုခြင်း ၂၂၈
၃၆၅။ အာယတန ၁၂ ပါးကို ပြဆိုခြင်း ၂၂၉
၃၆၆။ အာယတန ၁၂ ပါး သရုပ်ကို ပြဆိုခြင်း ၂၃၀


mgyoe.com

mgyoe.com

၃၆၇။ ဓာတ်တစ်ပါးသည် ဓာတ်တစ်ပါးအား ကျေးဇူးပြုပုံ ၃၃၃
၃၆၈။ ဓာတ်တရားတို့ကို ဥပမာအားဖြင့် ပြဆိုခြင်း ၃၃၄
၃၆၉။ သစ္စာ ၄ ပါးကို ပြခြင်း ၃၃၄
၃၇၀။ သစ္စာအနက် ၁၆ ချက်ကို ပြခြင်း ၃၃၅
၃၇၁။ ဋီကာအလာ အရာရာ သိဒ္ဓိပေါက် အဆောင်ဂါထာ ၃၃၈
၃၇၂။ သစ္စဝိမုတ်တရားများကို ပြခြင်း ၃၃၈
၃၇၃။ ပုထုဇဉ် ၂ မျိုးကို ပြဆိုခြင်း ၃၃၉

## ပစ္စည်းပိုင်း

၃၇၄။ ပစ္စည်း, ပစ္စယုပ္ပန် ၂ ပါး ထူးခြားပုံကို ပြဆိုခြင်း ၃၄၁
၃၇၅။ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ပြခြင်း ၃၄၂
၃၇၆။ အဝိဇ္ဇာကို ပြဆိုခြင်း ၃၄၂
၃၇၇။ သင်္ခါရကို ပြဆိုခြင်း ၃၄၃
၃၇၈။ ဝိညာဏ်ကို ပြဆိုခြင်း ၃၄၆
၃၇၉။ နာမ်, ရုပ်ကို ပြဆိုခြင်း ၃၄၆
၃၈၀။ သဠာယတနကို ပြခြင်း ၃၄၇
၃၈၁။ ဖဿကို ပြခြင်း ၃၄၈
၃၈၂။ ဝေဒနာကို ပြခြင်း ၃၄၉
၃၈၃။ တဏှာကို ပြခြင်း ၃၅၀
၃၈၄။ ဥပါဒါန်ကို ပြခြင်း ၃၅၁
၃၈၅။ ဘဝကို ပြခြင်း ၃၅၂
၃၈၆။ ဇာတိ ဇရာ မရဏတို့ကို ပြခြင်း ၃၅၄
၃၈၇။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကိုပြခြင်း ၃၅၅
၃၈၈။ အဝိဇ္ဇာကျေးဇူးပြုပုံကို ပြခြင်း ၃၅၆
၃၈၉။ သင်္ခါရကျေးဇူးပြုပုံကို ပြခြင်း ၃၅၈
၃၉၀။ ဝိညာဏ် ကျေးဇူးပြုပုံကို ပြခြင်း ၃၆၀
၃၉၁။ နာမ်တရား ကျေးဇူးပြုပုံကို ပြခြင်း ၃၆၂
၃၉၂။ ရုပ်တရား ကျေးဇူးပြုပုံကို ပြခြင်း ၃၆၄

mgyoe.com

mgyoe.com


| | |
|---|---|
| ၃၉၃။ သင္ဂြာယတန ကျေးဇူးပြုပုံ | ၃၆၇ |
| ၃၉၄။ ဖဿကျေးဇူးပြုပုံ | ၃၆၈ |
| ၃၉၅။ ဝေဒနာကျေးဇူးပြုပုံ | ၃၆၉ |
| ၃၉၆။ တဏှာကျေးဇူးပြုပုံ | ၃၇၁ |
| ၃၉၇။ ဥပါဒါန်ကျေးဇူးပြုပုံ | ၃၇၃ |
| ၃၉၈။ ဘဝကျေးဇူးပြုပုံ | ၃၇၆ |
| ၃၉၉။ ပဋိစ္စသမုပ္ပါဒ်တရား၏ အခွန့်အင်္ဂါ စသည်ကို ပြခြင်း | ၃၇၈ |
| ၄၀၀။ အဝိဇ္ဇာ၏ အကြောင်းမူလကို ပြခြင်း | ၃၈၂ |
| ၄၀၁။ အဝိဇ္ဇာတဏှာ ၂ ပါး ဝင့်မြစ်ထားပုံ | ၃၈၃ |
| ၄၀၂။ ပဋ္ဌာန်းနည်း | ၃၈၄ |
| ၄၀၃။ အာရမ္မဏပစ္စည်းကို ပြခြင်း | ၃၉၃ |
| ၄၀၄။ အဓိပတိပစ္စည်းကို ပြခြင်း | ၃၉၇ |
| ၄၀၅။ အနန္တရပစ္စည်းကို ပြခြင်း | ၃၉၉ |
| ၄၀၆။ သဟဇာတပစ္စည်းကို ပြခြင်း | ၄၀၃ |
| ၄၀၇။ အညမညပစ္စည်းကို ပြခြင်း | ၄၀၅ |
| ၄၀၈။ နိဿယပစ္စည်းကို ပြခြင်း | ၄၀၅ |
| ၄၀၉။ ဥပနိဿယပစ္စည်းကို ပြခြင်း | ၄၁၀ |
| ၄၁၀။ ပုရေဇာတပစ္စည်းကို ပြခြင်း | ၄၁၁ |
| ၄၁၁။ ပစ္ဆာဇာတပစ္စည်းကို ပြခြင်း | ၄၁၂ |
| ၄၁၂။ အာသေဝနပစ္စည်းကို ပြခြင်း | ၄၁၇ |
| ၄၁၃။ ကမ္မပစ္စည်းကို ပြခြင်း | ၄၁၈ |
| ၄၁၄။ ဝိပါကပစ္စည်းကို ပြခြင်း | ၄၂၁ |
| ၄၁၅။ အာဟာရပစ္စည်းကို ပြခြင်း | ၄၂၁ |
| ၄၁၆။ ဣန္ဒြိယပစ္စည်းကို ပြခြင်း | ၄၂၂ |
| ၄၁၇။ ဈာနပစ္စည်းကို ပြခြင်း | ၄၂၄ |
| ၄၁၈။ မဂ္ဂပစ္စည်းကို ပြခြင်း | ၄၂၄ |
| ၄၁၉။ သမ္ပယုတ္တပစ္စည်းကို ပြခြင်း | ၄၂၅ |
| ၄၂၀။ ဝိပ္ပယုတ္တပစ္စည်းကို ပြခြင်း | ၄၂၅ |


mgyoe.com

mgyoe.com


၄၂၁။ အတ္တိပစ္စည်းကို ပြခြင်း ၄၂၆
၄၂၂။ အနန္တရ စသော ပစ္စည်းတို့၌ ရဟန္တာစုတိ ကြဉ်ရပုံကိုပြခြင်း ၄၂၇
၄၂၃။ သဟဇာတကမ္မနှင့် နာနာက္ခဏိက ကမ္မနှစ်ပါးအထူး ၄၂၇
၄၂၄။ အာရမ္မဏ စသော ၄ ပစ္စည်း၌ ပစ္စည်းအလုံးစုံဝင်ပုံကိုပြခြင်း ၄၂၇
၄၂၅။ ၂၄ ပစ္စည်းကို ကာလ ၃ ပါးဖြင့် ပိုင်းခြား၍ ပြခြင်း ၄၂၉
၄၂၆။ နိဗ္ဗာန်သည်ကား နာမ်တရားဖြစ်ပုံ ၄၂၉
၄၂၇။ ပညတ်နှစ်မျိုးကို ပြခြင်း ၄၃၁
၄၂၈။ အတ္ထပညတ်အပြား ၆ ပါးကို ပြခြင်း ၄၃၂
၄၂၉။ နာမပညတ်အပြား ၆ ပါးကို ပြခြင်း ၄၃၄


## ကမ္မဋ္ဌာန်းပိုင်း


၄၃၀။ သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ပြခြင်း ၄၃၇
၄၃၁။ ကာမကုသိုလ် ရူပကုသိုလ် ၂ ပါးလုံးပင် နီဝရဏ ငြိမ်းနိုင်ပုံကို ပြခြင်း ၄၃၈
၄၃၂။ စရိုက် ၆ ပါးကို ပြခြင်း ၄၃၉
၄၃၃။ စရိုက်နှင့် ကမ္မဋ္ဌာန်း ယှဉ်တွဲပြခြင်း ၄၄၁
၄၃၄။ ကမ္မဋ္ဌာန်း ၂ ပါး ပြားပုံကို ပြခြင်း ၄၄၂
၄၃၅။ ဗြဟ္မဝိဟာရတရား ၄ ပါး ၄၄၂
၄၃၆။ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း ၄၄၂
၄၃၇။ ကရုဏာ ကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း ၄၅၈
၄၃၈။ မုဒိတာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း ၄၆၁
၄၃၉။ ဥပေက္ခာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း ၄၆၂
၄၄၀။ ဈာန်ကို မရနိုင်သော ကမ္မဋ္ဌာန်း ၁၀ ပါး ၄၆၃
၄၄၁။ ကသိုဏ်းကို ရှုရာ စက္ခု, မန ၂ ဒွါရဖြင့် ရှုခြင်း ၄၆၄
၄၄၂။ ပဋိဘာဂနိမိတ်ထင်ရာ ဥပစာရ ဘာဝနာဖြစ်ခြင်း ၄၆၄
၄၄၃။ အာဒိကမ္မိကဝီထိ၌ အပ္ပနာဈာန်စိတ်အရေအတွက် ၄၆၅
၄၄၄။ ပထမဈာန် စသည်တို့ကို ရစေနိုင်သော ကမ္မဋ္ဌာန်းပြခြင်း ၄၆၆
၄၄၅။ အရူပဈာန် ၄ ပါး၏ အာရုံတို့ကို ပြခြင်း ၄၆၆


mgyoe.com

mgyoe.com

၄၄၆။ အဘိညာဉ် ၅ ပါးထားခြင်း၏ အကြောင်းပြခြင်း ၄၆၇
၄၄၇။ ဈာန်ရပုဂ္ဂိုလ်တိုင်း အဘိညာဉ် ရ မရကို ပြခြင်း ၄၆၇
၄၄၈။ ဣဒ္ဓိအမျိုး တန်ခိုးဆယ်ပါးကို ပြခြင်း ၄၇၁

## ဝိပဿနာပိုင်း

၄၄၉။ သီလအစ မဂ်ဖိုလ်အလယ် နိဗ္ဗာန်အဆုံး ၃ ပါးကို ပြခြင်း ၄၇၆
၄၅၀။ သီလ ၄ ဖြာ လူတို့မှာလည်း ရသင့်ပုံကို ပြခြင်း ၄၇၇
၄၅၁။ ယုံမှားခြင်း ၁၆ ပါး ၄၈၀
၄၅၂။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြခြင်း ၄၈၂
၄၅၃။ မဂ်၏နီးပါး ကာမဇောများပင် သမာဓိဇောဖြစ်ကြောင်း ၄၈၆
– ကျမ်းပြီး နိဂုံး ၄၈၈

-- ❖ --

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မနောရထပူရဏီကျမ်း

# နိဒါန်း

## ဗုဒ္ဓ ဝါဒ အခြေခံ တရားတော်

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။
မကောင်းမှု အကုသိုလ်ဟူသမျှကို မပြုခြင်း၊
ကောင်းမှုကုသိုလ်ကို ပြည့်စုံစေခြင်း၊
မိမိ စိတ်ကို ဖြူစင်စေခြင်း-

ဟူသော ဤတရားသည် ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

ဤတရားတော်ကို ပွင့်တော်မူသမျှသော ဘုရားရှင်တို့သည် တပည့်ရဟန်းသံဃာတို့အား ဩဝါဒပါတိမောက်တရားတော်အဖြစ် ဟောကြားဆုံးမတော်မူကြသည်။

အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဂေါတမဗုဒ္ဓရှင်တော်ဘုရားသည်လည်း ဝါတော် ၂၀ အထိ လပြည့်လကွယ်နေ့တိုင်း တပည့် ရဟန်းသံဃာတို့အား ဟောကြားဆုံးမတော်မူပါသည်။ ထို့ကြောင့် ဤတရားတော်ကို ဗုဒ္ဓဝါဒအခြေခံ

mgyoe.com

mgyoe.com



တရားတော်ဟု ဆိုသင့်လှပါသည်။

**သိရန် မလွယ်ပုံ**

ဤဗုဒ္ဓဝါဒ အခြေခံတရားတော်၌ပါဝင်သည့် အကုသိုလ် ကုသိုလ် ဖြစ်စေသော စိတ်ဟူသည်တို့မှာ သိရန်မလွယ်ကူပါ။ အဘယ်သို့ သိရပါမည်နည်းဟုမေးလျှင်–

ဗုဒ္ဓအဘိဓမ္မာတရားများကို လေ့လာပါဟု ဖြေရပေမည်။ ဗုဒ္ဓအဘိဓမ္မာမှာ ပါဠိတော်ကျမ်းရင်း ၇ ကျမ်း၊ ဆဋ္ဌမူအုပ်ရေ ၁၂ အုပ်၊ အဋ္ဌကထာ ၃ ကျမ်း ၃ အုပ်၊ ဋီကာ ၂ ကျမ်း ၃ အုပ်ရှိရာ ပေါင်း ၁၈ အုပ် ရှိသည်။ ပါဠိဘာသာဖြင့် ရေးထားသည်။ သဘောအဓိပ္ပာယ် နက်နဲ၍ ကျယ်ဝန်းသည်။ ထို့ကြောင့် လေ့လာရန်မလွယ်ချေ။

**အဘိဓမ္မာအခြေခံ**

သို့ဖြစ်လျှင် ယင်းအဘိဓမ္မာကျမ်းကြီး ၁၈ ကျမ်းကို လေ့လာတတ်သိနိုင်ရန် ရှေးဦးအခြေခံအဖြစ် အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်းကို လေ့လာပါ။ သင်္ဂြိုဟ်ကျမ်းကို ကျေပွန်တတ်သိလျှင် အကုသိုလ် ကုသိုလ် ဖြစ်စေသော စိတ်များကိုလည်း နားလည်ပါလိမ့်မည်။ အခြား ပရမတ္ထသဘောများကိုလည်း နားလည်၍ အဘိဓမ္မာကျမ်းကြီး ၁၈ ကျမ်း၏ သဘောအဓိပ္ပာယ်ကိုလည်း နားလည်ရန် အခြေခံရပေလိမ့်မည်။

ဤသို့သော အကြောင်းကြောင်းတို့ကြောင့် ဗုဒ္ဓဝါဒအခြေခံတရား ၃ ပါးကို တတ်သိနားလည်လိုလျှင် အဘိဓမ္မတ္ထသင်္ဂဟ ခေါ် သင်္ဂြိုဟ်ကျမ်းကို လေ့လာပါဟု တိုက်တွန်းလိုပါသည်။

မှန်ပါသည်၊ အဘိဓမ္မတ္ထသင်္ဂဟဟူသော အမည်ကပင် "အဘိဓမ္မာ ၇ ကျမ်းလာ သဘောအဓိပ္ပာယ်များကို အကျဉ်းချုံးပြသောကျမ်း"ဟု အနက်အဓိပ္ပာယ်ထွက်ပါသည်။ ကျမ်းအမည်၏ အနက်အဓိပ္ပာယ်နှင့် လျော်ညီစွာပင် အဘိဓမ္မာ ၇ ကျမ်းမှာ ပြဆိုသည့် ပရမတ္ထတရားသဘော အဓိပ္ပာယ်များကို ထိထိမိမိ တတ်သိအောင် သင်္ဂြိုဟ်ကျမ်း၌ ပြဆိုထားပါသည်။ ယင်းသို့ ပြနိုင်သောကြောင့်လည်း ပရမတ္ထတရားများကို သိလိုတတ်လိုသူများ ဗုဒ္ဓအဘိဓမ္မာ

mgyoe.com

mgyoe.com



ကျမ်းကြီးများကို လေ့လာလိုသူများသည် သဂြိုဟ်ကျမ်းကို ရှေးဦးစွာ လေ့လာ သင်ယူကြရပါသည်။ ဗုဒ္ဓသာသနာဝင်တစ်လျှောက်၌ သင်ယူလေ့လာသူ အများဆုံးသောကျမ်းဖြစ်ပါသည်။

## သဂြိုဟ်အဖွင့် ကျမ်းများ

သင်ယူ လေ့လာသူများသည့်အလျောက်ပင် သဂြိုဟ်ကျမ်းကို ဘာသာအမျိုးမျိုးသို့လည်း ပြန်ဆိုကြပါသည်။ ဖွင့်ဆိုသောကျမ်းများ၊ နိဿယပြန်ဆိုသောကျမ်းများလည်း များလှပါသည်။

အဘိဓမ္မတ္ထဝိဘာဝိနီခေါ် ဋီကာကျော်ကျမ်း၊ သင်္ခေပဋီကာကျမ်း၊ ပရမတ္ထဒီပနီခေါ် ဋီကာမော်ကျမ်း စသည်ဖြင့် ပါဠိဘာသာဖြင့် ဖွင့်ဆိုသောကျမ်းလည်း များစွာရှိသည်။

ပရမတ္ထသရူပဘေဒနီ၊ အဘိဓမ္မတ္ထဒီပက၊ အဘိဓမ္မဂုဠ္ဌတ္ထ စသော မြန်မာအဖွင့်ကျမ်းများလည်း များစွာရှိပေသည်။

## မနောရထပူရဏီ

ယင်းသို့ သဂြိုဟ်ကျမ်း၏ ပါဠိဘာသာအဖွင့်ကျမ်း မြန်မာဘာသာဖြင့်ဖွင့်သောကျမ်းများစွာတွင် ယခု စာရှုသူတို့လက်ဝယ် ရောက်ရှိနေသော မနောရထပူရဏီ သဂြိုဟ်ခက်ဆစ်အလင်းပြ အမေးအဖြေကျမ်းသည်လည်း ထူးခြားတောက်ပြောင်သည့် မြန်မာအဖွင့်ကျမ်းတစ်ဆူ ဖြစ်ပါသည်။

## ကျမ်းပြုပုဂ္ဂိုလ်ကျော်

ဤကျမ်းကို ပြုစုစီရင်သောပုဂ္ဂိုလ်မှာ ဗုဒ္ဓသာသနာ၌ ပြည့်ဝစုံလင်သည့် ဗုဒ္ဓဝင်ကျမ်းကြီးတစ်ဆူဖြစ်သော ဇိနတ္ထပကာသနီကျမ်းကိုလည်းကောင်း၊ မြန်မာစာ ဝါကျဖွဲ့စည်းမှုအရာတွင် စံထားလောက်သည့် မဟာဝံသအမည်ရှိ သာသနာ့သမိုင်းကြီးတစ်စောင်ကိုလည်းကောင်း၊ မြန်မာစာရေးထုံးဆိုင်ရာ ဗဟုသုတ၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း၊ အင်္ဂရတ်ကျမ်း၊ ပိဋကပါဠိတော်အဋ္ဌကထာဋီကာ ရာဇဝင်နိပါတ် စသည့် ဗဟုသုတ လောကီ လောကုတ္တရာ သိမှတ်ဖွယ်ရာ အဖြာဖြာစုံလင်၍ ကျော်စောထင်ရှားသော စွယ်စုံကျော်ထင်ကျမ်း

mgyoe.com

mgyoe.com


ကိုလည်းကောင်း ရေးသားပြုစုတော်မူခဲ့သော ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ကြီးဖြစ်သည်။

## ဤကျမ်းဝုဏ်ရည်

ဆရာတော်ကြီးသည် ပါရမီရင့်သန် ပညာဉာဏ်ကြီးမားသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည့်အတိုင်း ထင်ရှားကျော်စောသည့် ဖော်ပြပါ ကျမ်းကြီးများနည်းတူပင် ဤမနောရထပူရဏီကျမ်းကိုလည်း သိပ်သည်းကျစ်လျစ်၍ ပေါ်လွင်သော စကားလုံးနှင့် အသုံးအနှုန်း ပြေပြစ်သော ဝါကျဖွဲ့ထုံးများဖြင့် ခြယ်လှယ်မွမ်းမံကာ နက်နဲသိမ်မွေ့သော ပရမတ္ထသဘော အဓိပ္ပာယ်များကို ဖော်ပြရေးသားထားပေသည်။

## အဓိပ္ပာယ် ၄ မျိုး

ရေးသားပုံမှာလည်း ဖတ်ရှုလေ့လာသူတို့၏ ဉာဏ်အစဉ်၌ ရှင်းလင်းပေါ်လွင် ထင်မြင်လွယ်စေရန် အမေးအဖြေပုံစံဖြင့် ရေးသားထားသည်။

ယင်းသို့ ရေးသားရာ၌ သင်္ဂြိုဟ်ကျမ်းလာ ပရမတ္ထသဘောများကို-

၁။ အစဉ်အလာရိုးရာအဓိပ္ပာယ်၊
၂။ ဆန်းကြယ်ထူးခြားသည့်အဓိပ္ပာယ်၊
၃။ နက်နဲခက်ခဲသည့်အဓိပ္ပာယ်၊
၄။ အရကျက်ဖွယ်အဓိပ္ပာယ်များကို ပါဝင်စေလျက် အကြောင်းအရာပေါင်း ၄၅၃ မျိုးကို ဦးတည်ထားလျက် စာမျက်နှာပေါင်း ၄၅၈ ဖြင့် ရေးသားထားပေသည်။

ဤအကြောင်းများကို ပုံစံနမူနာအဖြစ် အနည်းငယ်မျှ ဖော်ပြပါအံ့။

## ၁။ အစဉ်အလာရိုးရာအဓိပ္ပာယ်

၁။ အစဉ်အလာရိုးရာအဓိပ္ပာယ် ဟူသည်မှာ သင်္ဂြိုဟ်ကျမ်းအဖွင့်များနှင့် သင်္ဂြိုဟ်ကျမ်း ပို့ချသင်ကြားပေးရာတို့၌ အများအားဖြင့် ရေးရိုးရေးစဉ် ပြောရိုးပြောစဉ် အဓိပ္ပာယ်များကို ဆိုလိုပေသည်။

ပုံစံ (၁) သမ္မာသမ္ဗုဒ္ဓံ ပါဌ်လာ သံသဒ္ဒါ သမ္မာသဒ္ဒါထူးခြားပုံ (နှာ-၅)

mgyoe.com

mgyoe.com


(၂) အကုသိုလ်စိတ်ကို ရှေးဦးစွာ ပြခြင်းအကြောင်း (နှာ-၁၀)

စသည် ဖြစ်သည်။ ဤသို့သော အစဉ်အလာရှိးရာအဓိပ္ပာယ်များကား ဤကျမ်း၏ အဓိကပင်မကြီးအဖြစ် ရေးသားထားပေသည်။

## ၂။ ဆန်းကြယ်ထူးခြားသည့်အဓိပ္ပာယ်

ဆန်းကြယ်ထူးခြားသည့် အဓိပ္ပာယ်ဟူသည်မှာ ရှေးသင်္ဂြိုဟ်အဖွင့်ကျမ်းများမှာဖြစ်စေ, အခြား ပရမတ္ထတရားများ ပြဆိုသည့် အဘိဓမ္မာကျမ်းများမှာ ဖြစ်စေ, သင်ကြားပို့ချရိုး အစဉ်အလာဖြစ်စေ အတွေ့အကြုံနည်းပါးလှသည့် အဓိပ္ပာယ်များကို ဆိုလိုပေသည်။

ပုံစံ (၁) လောဘမူစိတ်ပေါင်း ၂၀၁၆ ဖြစ်ပုံ (နှာ-၂၆)

(၂) ဒေါသမူစိတ် ၅၀၄ ဖြစ်ပုံ (နှာ-၂၇)

(၃) ခေါက်၍မေးက ရုပ်သေးတစ်ရာ ရပုံ (နှာ-၂၃၇)

စသည် ဖြစ်ပေသည်။ ဤသို့သော ဆန်းကြယ်ထူးခြားသည့် အဓိပ္ပာယ်များကို ဤကျမ်း၌ အကိုင်းအခက်များသဖွယ် များစွာ ရေးသားပြဆိုထားပေသည်။

## ၃။ နက်နဲခက်ခဲသည့် အဓိပ္ပာယ်

နက်နဲခက်ခဲသည့် အဓိပ္ပာယ်ဟူသည်မှာ ပရမတ္ထသဘာဝဆိုင်ရာ ဂမ္ဘီရဉာဏ် ရင့်သန်သူတို့အတွက် နှစ်သက်အားရဖွယ်ရာ ခဲရာခက်ဆစ် အဖုအထစ် မပြေပြစ်သော ဂဏ္ဌိဋ္ဌာနများကို များစွာသောကျမ်းဂန်တို့မှ ထုတ်နုတ်ရေးသားချက်ဖြစ်သည်။

ပုံစံ (၁) အဋ္ဌသာလိနီအဋ္ဌကထာကို ကိုးကား၍ အာဝဇ္ဇန်း စသည်တို့၌ပါသော စေတနာသည် ကံမမည်ပုံကို ပြခြင်း (နှာ-၁၄)

(၂) ဝိဘင်္ဂပါဠိတော်နှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာကို ကိုးကား၍ လက်သမားအတတ်, ပန်းထိမ်အတတ် စသည်ကို ပညာတရားကိုယ်ယူသင့် မယူသင့် စိစစ်ပြထားသည်။ (နှာ-၃၇)

(၃) မူလဋီကာအလိုအားဖြင့် အက္ခရာ ၁ လုံး၏အသံကို နားဖြင့်ကြားရာ၌ အနည်းဆုံး ၅ ဝီထိဖြစ်ပြီးမှ သိသည်ကို ဖော်ပြသည်။ (နှာ- ၇၉)

mgyoe.com

mgyoe.com



(၄) သမ္မန္တစိန္တာဋီကာနှင့် အနုဋီကာကို ကိုးကား၍ တစ်လုံးတည်းသော သဒ္ဒါကို ပြောသည့် ပုဂ္ဂိုလ်ဘက်မှ ဝီထိအဆင့်ဆင့်ဖြစ်ပုံကို ပြဆိုထားသည်။ (နှာ-၁၄၆)

(၅) ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ကိုးကား၍ ဝသီဘော် ၅ တန်ဖြစ်ပုံကို ရေးသားဖော်ပြထားသည်။ (နှာ-၁၀၉)

ဤသို့ စသည်ဖြင့် တောင့်တင်းခိုင်မာသော ကျမ်းများကို ကိုးကား၍ အဘိဓမ္မာပရမတ္ထသဘောဆိုင်ရာ လေးနက်ခက်ခဲသော အဓိပ္ပာယ်များကို ပြဆိုသည်မှာ ဤကျမ်း၌ အရှက် အညွန့် အဖူး အငုံ အပွင့်များပမာ ပြည့်ဝစုံလင်လှပါသည်။

ဤသို့ စသည်ဖြင့် ဤကျမ်း၌ ကျမ်းကြီးကျမ်းခိုင်များကို အထောက်အထားပြု၍ နက်နဲလေးနက်သော အဓိပ္ပာယ်များ ဖော်ပြထားသည်မှာ ဖတ်မကုန်မှတ်မကုန် များပြား ပြည့်စုံလှပါပေသည်။

## ၄။ အရကျက်ဖွယ်အဓိပ္ပာယ်

ဖော်ပြခဲ့သည့် ၃ မျိုးသောအဓိပ္ပာယ်တို့တွင် တချို့မှာ ကြည့်ရှုပြီး လွယ်လွယ်ပင် မှတ်သားနိုင်သော်လည်း တချို့အဓိပ္ပာယ်များ မှတ်ဉာဏ်ဖြင့် ထိန်းထားနိုင်ခက်သည်လည်း ရှိတတ်ပေသည်။ ယင်းသို့သော အဓိပ္ပာယ်များကို ရှေ့ပျို့ကဗျာများမှ ထုတ်၍လည်းကောင်း၊ ကိုယ်တိုင်ကဗျာဖွဲ့၍လည်းကောင်း ဆောင်ပုဒ်ရေးသားထားပေသည်။

ပုံစံ (၁) ဆုတောင်းခန်းပျို့မှ ထုတ်နုတ်၍ မာန်ကိုးပါးဖြစ်ပုံဆောင်ပုဒ်ကို (နှာ-၅၁)၌ တွေ့ရသည်။

(၂) ပါရမီခန်းပျို့မှထုတ်နုတ်၍ နိဗ္ဗာန်ကို ကလျာဏပုထုဇဉ်များ အနုမာနဉာဏ်ဖြင့် သိမြင်နိုင်ပုံကို (နှာ-၆၉)၌ တွေ့နိုင်သည်။

(၃) စရိုက် ၆ ပါးဖြစ်ပုံအရ နှလုံးသွေးအရောင်ဖြစ်ပုံကို မှတ်လွယ်စေရန် ကိုယ်တော်တိုင် ဆောင်ပုဒ်ရေးသားထားသည်ကို (နှာ-၇၁)၌ တွေ့နိုင်သည်။

ဤသို့ စသည်ဖြင့် လိုအပ်ရာ၌ ဆောင်ပုဒ်လင်္ကာများ ဆောင်ပုဒ်များရေး၍ အရကျက်ဖွယ်အဓိပ္ပာယ်များကို ရေးသားဖော်ပြထားသည်မှာ ဤကျမ်း၌

mgyoe.com

mgyoe.com



အသီးအခိုင်များသဖွယ် တင့်တယ်ဝေဆာလှပါပေသည်။

## ဤကျမ်း ဖြစ်ပေါ်လာပုံ

ယင်းသို့ အနက်အဓိပ္ပာယ်အသွယ်သွယ် ဖော်ပြလျက် သဂြိုဟ်ကျမ်းကို ဖွင့်ဆိုသော မနောရထပူရဏီကျမ်းကို ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး သည် ပေမူဖြင့် ပြုစုတော်မူခဲ့ရာ သာသနာတော်သက္ကရာဇ် နှစ်ထောင်လေးရာ တစ်ဆယ့်ခုနစ်ခုနှစ် (၂၄၁၇) ခုနှစ် ကောဇာသက္ကရာဇ် တစ်ထောင့်နှစ်ရာသုံး ဆယ့်ငါး (၁၂၃၅) ခု တော်သလင်းလဆန်း ၁၀ ရက် တနင်္လာနေ့တွင် အောင်မြင် ထမြောက် ပြီးဆုံးခြင်းသို့ ရောက်တော်မူသည်။ ရှေးပဝေသဏီက စာဟောင်း ပေဟောင်း ကျမ်းကောင်းတစ်ဆူကို ဆရာတော်ကြီးမှ သုံးဆက်မြောက် အရှင် စန္ဒောဘာသသည် ရွှေပြည်ညွန့်ပုံနှိပ်တိုက် အယ်ဒီတာ ဦးစိုးတင့်နှင့်တိုင်ပင်၍ ပုံနှိပ်ထုတ်ဝေမည့်အကြောင်း ကြော်ငြာသည်၊ ကြော်ငြာပြီး ကျမ်းစာကို မရိုက်နှိပ် သေးမီ ဆရာတော်အရှင်စန္ဒောဘာသ ဘဝနတ်ကျောင်း ပြောင်းကြွတော်မူသည်။ ဆရာဦးစိုးတင့်လည်း ကွယ်လွန်သည်၊ စာမူမှာမူ ရန်ကုန်မြို့ ဗားကရာတိုက် ရွှေတောင်တိုက်သစ် ဆရာတော်အရှင်သာဂရထံမှာ ကျန်ခဲ့သည်။

မနောရထပူရဏီကျမ်း ထွက်မည်ဟူသော ကြော်ငြာကို ဖတ်ရှုကြရသော တိုင်းသူပြည်သား ရှင်လူအများသည်လည်း ကိုယ်တိုင်လာ၊ စာပေးသဖြင့် အမျိုးမျိုးမေးကြသည်။

ထို့ကြောင့် စာမူကို လက်ခံသိမ်းထားသော အရှင်သာဂရသည်လည်း အေးဆေးစွာ မနေသာတော့ဘဲ ဆရာဦးစိုးတင့်၏ညီ ရွှေပြည်ညွန့်ပုံနှိပ်တိုက် ပိုင်ရှင် သခင်အေးနှင့် တိုင်ပင်ပြီး ဓမ္မာစရိယဆရာဦးအောင်ငြိမ်းအား တည်းဖြတ် ပြင်ဆင်စေကာ ၁၃၁၉ ခုနှစ်တွင် ဤကျမ်းပထမတွဲကိုလည်းကောင်း၊ ၁၃၂၀ ခုနှစ်တွင် ဤကျမ်းဒုတိယတွဲကိုလည်းကောင်း ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

## ပြန်လည်ရိုက်နှိပ်ခြင်း

ယခုအခါတွင် စာအုပ်ထွက်ခဲ့သည့်နှစ်ပေါင်း ကြာခဲ့ပြီဖြစ်သောကြောင့် မနောရထပူရဏီကျမ်း အလွန်ရှားနေပြီးဖြစ်သည့်ပြင် ဗုဒ္ဓအဘိဓမ္မာကို လေ့လာ လိုသူများနှင့် စာချစာသင် ရှင်လူအများကလည်း လိုလားတောင့်တ ပြန်လည်

mgyoe.com

mgyoe.com



ရိုက်နှိပ်ပါရန် တိုက်တွန်းကြသောကြောင့် ဤကျမ်းစာမူကို ထိန်းသိမ်းစောင့်ရှောက်ထားသူ သခင်အေးသည် သာသနာတော်အကျိုးကို မျှော်ကိုး၍ ပေမူနှင့်တကွ ဤစာမူကို သာသနာရေးဦးစီးဌာနသို့ လှူဒါန်းပါသည်။

မနောရထပူရဏီကျမ်း ၂ တွဲကို အလှူခံရရှိသောအခါ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ဤကျမ်းကို တစ်တွဲတည်း စုပေါင်းရိုက်နှိပ် ထုတ်ဝေလိုက်ခြင်းဖြစ်ပေသည်။

**အကျိုးတရားအဆက်ဆက်**

ဤ မနောရထပူရဏီကျမ်းသည်ကား အဘိဓမ္မတ္ထသင်္ဂဟ ခေါ် သင်္ဂြိုဟ်ကျမ်း၏ အနက်အဓိပ္ပာယ်တို့ကို ပေါ်လွင်ထင်ရှားအောင် ရေးသားသော ကျမ်းဖြစ်သည်။

ဤကျမ်းကို လေ့လာခြင်းဖြင့် အဘိဓမ္မာ ပါဠိ အဋ္ဌကထာ ၁၈ ကျမ်း၌ သဘောအဓိပ္ပာယ်တို့ကို အကျဉ်းချုံး ရေးသားသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ အဓိပ္ပာယ်သဘောများ ဗုဒ္ဓအဘိဓမ္မာသဘောတရားများကို ကောင်းစွာ နားလည်သိမြင်နိုင်မည်ဖြစ်သည်။

ယင်းသို့ နားလည်လျှင်လည်း-

(၁) မကောင်းသော အကုသိုလ်ကို မပြုဘဲရှောင်နိုင်ခြင်း

(၂) ကောင်းသောကုသိုလ်တရားကို ပြည့်စုံစေခြင်း

(၃) မိမိ၏စိတ်ကို ဖြူစင်စေခြင်း

ဟူသော ဗုဒ္ဓဝါဒအခြေခံတရားတော်ကိုလည်း တတ်သိနားလည်ပြီး ကျင့်သုံးပွားများနိုင်ကြမည် ဖြစ်ပေသတည်း။

ဦးထွန်းလှိုင် (ဝိနယပါရဂူ)
သက္ကသီဟ မဟာစရိယ ဝဋံသကာ
အဓိုးရမဟာစရိယ သိရောမဏိ
စေတိယင်္ဂဏ မဟာစရိယ ဂဏဝါစက

--❖--

mgyoe.com

mgyoe.com

ပထမအကြိမ် ပုံနှိပ်စဉ်က

## မူလစကားချီး

### ထုတ်ဝေ ဖြန့်ချိရခြင်းအကြောင်း

တိလောကဂ္ဂ ဘက်မဖျူသည် သကျမာရဖိ တုမရှိသား မုနိထွတ်ထား မြတ်ဘုရား၏ သုံးပါးသော သာသနာတော်ဝယ် အံ့ဖွယ်ဘနန်း ထူးဆန်းသော ဉာဏ် ထက်သန်သော လုံ့လဖြင့် ပိဋကတ္တယ ဝိသာရဒ ဂန္ထန္တရ ဗဟုသုတ နာနာနယကောဝိဒ ဖြစ်တော်မူသဖြင့် **"ဓိနတ္ထပကာသနီကျမ်း" "စွယ်စုံကျော်ထင်ကျမ်း"** စသော ကျမ်းပေါင်းများစွာတို့ကို ရေးသားတော်မူခဲ့ရာ ဇမ္ဗူဒီပါ ကျွန်း သာသနာထွန်းကားရာ အရပ်တို့၌ မဆုံသောဂုဏ်သတင်းဖြင့် လွှန်မင်းစွာ ကျော်စောတော်မူခဲ့သော ကျေးဇူးတော်ရှင် **"ရွှေတောင်မြို့-ကျီးသဲလေးထပ်"** ဆရာတော်ဘုရားကြီးသည် အဘိဓမ္မတ္ထ သင်္ဂဟမည်သော **သင်္ဂြိုဟ်ကျမ်း**၌ နည်းနာနယ ရရှိကြစေခြင်းငှာ အဘိဓမ္မတ္ထ ဉာဏဂမ္ဘီ အဆီရဲရဲ သိပ်သည်းကျစ်လျစ်အနှစ်သာရ ဟူသမျှတို့နှင့် ထူးလှနက်နဲခက်ခဲတာ မှန်သမျှတို့ကို အဆောင် ဆောင်သော ပါဠိ, အဋ္ဌကထာ, ဋီကာအဝဝ, ပျို့ကဗျာသာစကတို့ဖြင့် ကျနစွာ တန်ဆာဆင်ပြီးလျှင် ၉ ပိုင်း, ၉ ကဏ္ဍ မေးအဖြေ အစုံပြလျက် ပေထက် အက္ခရာတင်ကာ **"မနောရထပူရဏီ"** ဟူသော အမည်ဖြင့် စီရင်ရေးသား တော်မူခဲ့လေသတည်း။

mgyoe.com

mgyoe.com



ဤသို့ ရေးသားတော်မူခဲ့သော ပေမူသည် ဆရာတော်ကြီးမှ ၃ ဆက်မြောက်ဖြစ်သော ရွှေတောင်မြို့ ထိပ်ဖိုလ်ရုံ ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ပိဋကတ္တယ ဝိသာရဒ ဂန္ထန္တရ ဗဟုသုတ နာနာနယကောဝိဒ ဖြစ်တော်မူသော ဆရာတော်သခင်အရှင်"ဦးစန္ဒောဘာသ"မထေရ်သည် ကောင်းစွာသိုမှီး သိမ်းဆည်းစောင့်ရှောက်လာခဲ့ရာ လွန်ခဲ့သော အနှစ် ၃၀ လောက်က ကျွန်ုပ်တို့၏ နောင်တော်အယ်ဒီတာ "ဦးစိုးတင့်"အား စက်တင်ပုံနှိပ်ရန် အတန်တန် တိုက်တွန်းနှိုးဆော်ခြင်းပြုသဖြင့် ရိုက်နှိပ်ရန် စိုင်းပြင်းပြီးလျှင် "မနောရထပူရဏီ" ကျမ်းကြီး ထွက်ပေါ်တော့မည်ဟူ၍ ကြော်ငြာများပင် ဖြန့်ချိခဲ့ဖူးလေသည်။

ထိုသို့ကြော်ငြာလိုက်ရာ များစွာသော သောတုဇနေသုတေသီ အဝဝတို့သည် ထွက်လာမည့် "ကျမ်းပူရဏီ"ကို လှမ်းယူမည် အာသီသဖြင့် တမ်းတခြင်းမက တမ်းတမျှော်လင့်ခဲ့ကြပါသော်လည်း နေအရုဏ် လှုံခွင့်မရသဖြင့် မပွင့်ရသည့် ကြာပဒုံလို ယခုခေတ်တိုင်ရောက်အောင်ပင် ထွက်ပေါ်ခြင်းမရှိ ဖြစ်ခဲ့ရချေသည်။

မမြဲသည့်ဘဝ သင်္ခါရဖြင့် ဦးစိုးတင့်လည်း ကွယ်လွန်၊ ဆရာတော်အရှင် **"ဦးစန္ဒောဘာသ"** သည်လည်း ၁၃၁၇ ခုနှစ် တော်သလင်းလဆန်း ၈ ရက်နေ့ သက်တော် ၇၉ ဝါတော် ၆၀ အရတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြန်သည်ဖြစ်ရာ ထိုကျမ်းစာ ပေမူမှာ ဆရာတော်၏ တူတပည့် ရန်ကုန်မြို့ ဗားကရာတိုက် ရွှေတောင်တိုက်သစ် ကျောင်းကြီး၏ ဦးစီးနာယက **"အရှင်ဦးသာဂရ"** မထေရ်၏ထံတွင် ကျန်ရှိနေခဲ့ပြန်လေရာ ယခုအခါ ဥပမာဆိုရလျှင် "စံပယ်တဲ့လေးရုံအပွင့်ငယ်ကုံ အင့်မှာကျန်ပါသေးရဲ့" ဆိုသကဲ့သို့ နေအရုဏ်ချိန်မသင့်၍ မပွင့်ရသည့်ကြာအလား ကျန်ရှိရစ်သည့်ပေမူများကို အရှင် "ဦးသာဂရ" အထံမှ ပုံနှိပ်ထုတ်ဝေရန် တိုက်တွန်းချက်ဖြင့် ရရှိခဲ့လေရာ မျှော်လင့်ကြသူ ရှင်လူအဝဝ သောတုဇနအလီလီ ယောဂီအပေါင်း "ပန်ချင်သူ ပျို့နွဲ့နှောင်းတို့ ခေါင်းဖြီးကြလေး…"ဆိုသည့် ရှေးစကားအသွင် ပန်ဆင်လိုသူ ရှင်လူအပေါင်းတို့အတွက် "မနောရထပူရဏီ"ကျမ်းကို မူလကျမ်းရင်းအတိုင်း ချွတ်ချော်တိမ်းပါးခြင်း မရှိစေရဘဲ ရှင်းလင်းသေသပ်သော ပုဒ်ပါဌ်အဖြတ်အရပ်မှစ၍ ကျနသေချာစွာ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် **"ပါဠိဆရာ အယ်ဒီတာကြီး ဦးအောင်ငြိမ်း မွှာစရိယ"**ကိုယ်တိုင်ကြပ်မတ် ကြည့်ရှုလျက် ကောင်းစွာသုတ်သင် ပြင်ဆင်ပြီးလျှင် စက်တင်ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

mgyoe.com

mgyoe.com



ယင်းသို့ ကြိုးပမ်းတကုတ် စက်တင်ပုံနှိပ်ထုတ်ဝေရခြင်း၏ အကြောင်းအဓိက ရည်ရွယ်ချက်များမှာ-

၁။ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းဝယ် လမ်းကောင်းသဖွယ် သိမ်မွေ့လှသည့် ခဲရာခဲဆစ် ဟူသမျှတို့ကို ရှင်းလင်းစွာ ဖော်ပြတော်မူခဲ့သဖြင့် ပေါ်လွင်လှသည်ဖြစ်ရာ အဘိဓမ္မာ ပရမတ်စခန်း၌ လိမ္မာတတ်ကျွမ်း လိုသူရှင်လူပဟူသမျှတို့၏ လိုအင်ဆန္ဒ ပြည့်ဝစေရန်လည်းကောင်း၊

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက နှစ်စဉ်မကွာ ပြုလုပ်ကျင်းပလျက်ရှိသော ငယ်, လတ်, ကြီး, ကျော်, ဓမ္မာစရိယ, စာချတန်း စာမေးပွဲများနှင့် အဘိဓမ္မာဆိုင်ရာ စာမေးပွဲများကို ဝင်နွှဲဖြေဆိုကြသော ပုဂ္ဂိုလ်အပေါင်းတို့မှာလည်း ''သင်္ဂြိုဟ်ဘာသာ''၏ ခက်ဆစ်ခဲရာတို့ကြောင့် ညည်းတွားမနေကြရဘဲ လွယ်လင့်တကူ ဖြေဆိုနိုင်ကာ မင်္ဂလာအောင်ပန်းကို ဆင်မြန်းတော် မူနိုင်ကြစေရန် လည်းကောင်း၊

၃။ စာချအကျော် ဆရာတော်များနှင့် ပဋိပတ်အကျင့်လမ်းတွင် အလုပ်စခန်းဝင်ကာ နေကြသော ယောဂီအပေါင်း သူတော်ကောင်းများတို့သည်လည်း အားထားကြည့်ရှု ပွားများမှုတွင် အစဉ်မလွဲ အမြဲ ထာဝရ လက်ကသုံးပြုနိုင်ကြရန်အတွက်လည်းကောင်း၊

၄။ ဤမျှထူးခြား ကျေးဇူးများ၍ အနှစ်သာရနှင့် ပြည့်ဝသော ကျမ်းစာတစ်စောင်ဖြစ်ပါလျက် နှစ်ပေါင်းများစွာကပင် စက်တင်ပုံနှိပ်ရန် ကြိုးပမ်းတကုတ် အားထုတ်ခဲ့စေကာမူ အခါမသင့် အခွင့်မရသဖြင့် ယနေ့တိုင်မထွက်ပေါ်နိုင်ဘဲ ဖြစ်နေခဲ့ရာ နောင်ကာလရွှေ့လျား ပျောက်ပျက်သွားခဲ့သော် တောင့်တ မျှော်လင့်လျက်ရှိကြသူ ရှင်လူအများ စာသင်သား သောတုဇန သုတေသီ ဟူသမျှတို့နှင့် နောင်လာ နောက်သားတို့သည် ဤ''မနောရထပူရဏီ''ကျမ်းအဆီကို တွေ့ ကြုံကြည့်ရှုခွင့်မရ အဟောသိက နယ်တွင်းသို့ သက်ဆင်းတိမ်မြုပ်သွားမည့်အရေးကို တွေးမိသဖြင့်လည်းကောင်း၊

၅။ ပုံနှိပ်ထုတ်ဝေရန် စိတ်ကြံကြိုးစားတော်မူခဲ့ကြသော ဆရာတော်သခင် ဦးစန္ဒောဘာသ ထေရ်အရှင်နှင့် နောင်တော် ဦးစိုးတင့်တို့၏ ဆန္ဒ

mgyoe.com

mgyoe.com



ပြည့်ဝစေမှုများကိုလည်း ထောက်ရှုလေးစားသောအားဖြင့် ကျေးဇူးများဆပ်ရာ ရောက်စေရန်လည်းကောင်း ဆိုခဲ့သမျှသော ရည်ရွယ်ချက်အကြောင်းကြောင်းတို့ဖြင့် စေတနာသဒ္ဒါ ရွှင်လန်းကြိုးပမ်းတကုတ်ပုံနှိပ်ထုတ်ဝေခြင်း ပြုလိုက်ပါသတည်း။

**သခင်အေး**

**ပုံနှိပ်ထုတ်ဝေသူ**

**ရွှေပြည်ညွန့် စာပုံနှိပ်တိုက်ပိုင်ရှင်။**

**၁၃၁၉ ခု၊ နယုန်လဆန်း ၈ ရက်နေ့**

-- ❖ --

mgyoe.com

mgyoe.com

# မနောရထပူရဏီကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပဏာမနှင့် ပဋိညာဉ်

တိကတိဏ္ဏံ၊ တိရတနံ၊ နိစ္စံ နမာမိ။
ဂန္ထာရမ္ဘေ၊ ပဏာမံ၊ ဘယံ နဿတိ။
ဂဏ္ဌိပဉှံ၊ သဗ္ဗနံ၊ ခေပံ လိက္ခာမိ။
သောတာရာနံ၊ တံ ဂန္ထံ၊ အတ္ထံ ဟောဟိတိ။
မနောရထံ၊ ပူရဏံ၊ ဋီကံ ဟောဿတိ။
(သာဝိတ္ထိဂါထာ)

အဟံ-မုနိန္ဒာဘိဓေ နာမသမုတ် အကျွန်ုပ်သည်၊ တိကတိဏ္ဏံ-သုံးမည် လောက ဘဝသုံးရှာ ဝဋ်သုံးဖြာမှ ကောင်းစွာကူးမြောက်တော်မူပြီးထသော၊ တိရတနံ-ဘုရား, တရား, သံဃာအားဖြင့် သုံးပါးသောရတနာကို၊ နိစ္စံ- အမြဲ၊ ဝါ၊ နှိမ့်ချကျိုးနွံစွာ၊ နမာမိ-ရှိခိုးပါ၏၊ ဂန္ထာရမ္ဘေ-ကျမ်းကို အားထုတ်သည် မှ လက်မွန်စဉ်၊ ပဏာမံ-ရှိခိုးခြင်းသည်၊ ဘယံ-ဘေးခပ်သိမ်းကို၊ နဿတိ°-

၁။ ပစ္စယာဒနိဠာသုတ်ဖြင့် ပဉ္စမီတုဝိဘတ်ကို တိရေးသည်။
မနော ၁-ပ-မ-သ-စ

mgyoe.com

mgyoe.com


ပျောက်စေသတည်း၊ ဂဏ္ဍိပဋ္ဌံ–သင်္ဂြိုဟ်ကျမ်း၏ ခက်ဆစ်ခက်ရာ ပြဿနာ၏၊ သဇ္ဈနံ–အဖြေကို၊ ခေပံ–ခေပေန အကျဉ်းအားဖြင့်။ ဝါ၊ ပါဠိ အဋ္ဌကထာဋီကာ သာခက ပြသွင်းသဖြင့်၊ လိက္ခာမိ–ရေးလိုက်ပေအံ့၊ တံ ဂန္ထံ–ထိုငါရေးသော ကျမ်းသည်၊ သောတာရာနံ–မှတ်နာလိုကုန်သော သူတော်ကောင်းတို့၏၊ အတ္ထံ–အကျိုးစီးပွားသည်၊ ဟောဟိတိ–ဖြစ်လတ္တံ့သတည်း၊ ဣဒံ ဂန္ထံ–ဤကျမ်းသည်၊ မနောရထံ ပူရဏံ–ပရမတ်အရာ လိမ္မာရကြောင်း တောင်းပန်ကုန်သော သူတို့၏ နှလုံးအလိုကို ပြည့်စေတတ်သည်ဖြစ်၍ မနောရထပူရဏီ မည်သည်၊ ဟောဿတိ –ဖြစ်လတ္တံ့သတည်း။

-- ❖ --

mgyoe.com

mgyoe.com



# စိတ်ပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

## ၁-သမ္မာသမ္ဗုဒ္ဓပုဒ်၌ သမ္မာသဒ္ဒါနှင့် သံသဒ္ဒါနှစ်ပါး အထူးကိုပြခြင်း

**ပုစ္ဆာ** ။ ။သမ္မာသမ္ဗုဒ္ဓ၊ ပုဒ်အရမှာ၊ သမ္မာ, သဒ္ဒါ၊ သံ, သဒ္ဒါဝယ်၊ ဟောရေးကျယ်၊ ဘယ်ကိုနစ်စေ၍ ဟောသနည်း။

**ဝိသဇ္ဇနာ** ။ ။သမ္မာသဒ္ဒေန သဗ္ဗညုတဉာဏသ ဂဝိတတ္တာ ပစ္စေကဗုဒ္ဓံနိဝတ္တေတိ၊ သံသဒ္ဒေန အရဟတ္တမဂ္ဂဉာဏသ ဂဟိတတ္တာ သာဝကာဒယော နိဝတ္တေတိ-ဟူသော သခေ်ပဋီကာနှင့်အညီ သမ္မာသဒ္ဒါဖြင့် မဖောက်မပြန် ဧကန်စင်စစ်သိသော သဗ္ဗညုတဉာဏ်ကို ယူအပ်သောကြောင့် ဖောက်ပြန်သဖြင့် သိသော ပစ္စေကဗုဒ္ဓါကို နစ်စေသည်။ သံသဒ္ဒါဖြင့် အရဟတ္တမဂ် အမည်ရသော သယမ္ဘူဉာဏ်ကို ယူအပ်သောကြောင့် နည်းခံ၍သိသော သာဝကတို့ကို နစ်စေသည်။ ဤသို့ ပစ္စေကဗုဒ္ဓါသာဝကတို့ကို နစ်စေ၍၊ ဘုရားသခင်ကိုသာ သမ္မာသမ္ဗုဒ္ဓသဒ္ဒါဟော၏ ဟူပေ။ ။ပစ္စေကဗုဒ္ဓါတို့သည် သစ္စာလေးပါးကို အလိုလို သိသောကြောင့် သမ္ဗုဒ္ဓကား မည်၏။ မိမိသိသောအတိုင်း သူတစ်ပါးသိအောင် သဒ္ဒပညတ်သို့တင်၍ကား မဟောပြနိုင်။ လူအ,သည် မိမိအိပ်မက်ကို မပြန်နိုင်သကဲ့သို့သာ ဖြစ်သောကြောင့် ဖောက်ပြန်သဖြင့် သိသည်မည်ရကား သမ္မာသမ္ဗုဒ္ဓမမည်။ အရှင်သာရိပုတ္တရာ စသော သာဝကတို့မှာလည်း ဘုရားဟောသည်ကို နာခံ၍ သိပြီးလျှင် မိမိသိတိုင်း သူတစ်ပါးအားလည်း ဟောပြနိုင်သော

mgyoe.com

mgyoe.com


ကြောင့် မဖောက်မပြန်သိသည်ဖြစ်ရကား သမ္မာဗုဒ္ဓသာမည်၏။ အလိုလိုမသိသောကြောင့် သမ္ဗုဒ္ဓကားမမည်။ ထို့ကြောင့် နစ်စေ၏ဟူလိုသည်။ သည်ကိုရည်၍ ပါရမီခန်း၌-

သုံးပါးယဥ်သာ၊ လက္ခဏာတည့်၊ မကွာကိုယ်ကြပ်၊
ရထားကပ်၍၊ စီးအပ်သမျှ၊ ပို့ကုန်လျှေက်၊ သတ္တဝါဟော်၊
ယာဥ်မှူးတော်ဟု၊ ကျော်သည်ငါ့ကို၊ မှီပုန်းခိုမှ၊ မငြိုမငြင်၊
ပြည်ထင်ရိမဒ်၊ အကျွတ်ပညာ၊ ပွားကာကာလျှင်၊ (သမ္မာ ဗုဒ္ဓ)
ရကုန်အမည်၊ သီတိထေရ်တွင်၊ အရှည်မြင်ခြင်း၊ မတံပြင်း၍၊
လက်ရင်း ငါ့အောက်၊ အကြီးမြွောက်သည်၊ လှျံတောက်ပညာ၊
သာရိပုတ္တရာ။

ဟူ၍ စပ်ဆိုတော်မူသည်။

## ၂-အတုလံနှင့် သသဒ္ဓမ္မ ဂဏုတ္တမံ ပုဒ်နှစ်တန်၏ အထူးကိုပြခြင်း

**ပုစ္ဆာ** ။ ။ အတုလနှင့်၊ သသဒ္ဓမ္မဂဏုတ္တမံ၊ ပုဒ်နှစ်တန်ဝယ်၊ ဟောရေးကျယ်၊ ဘယ်ဒြပ်နှင့် ဘယ်ဂုဏ်နည်း။

**ဝိသဇ္ဇနာ** ။ ။ သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ-ဟူသော ပုဒ်သုံးရပ်တွင် သမ္မာသမ္ဗုဒ္ဓဟူသော ရှေ့ပုဒ်ကို ဝိသေသျ, အတုလံနှင့် သသဒ္ဓမ္မဂဏုတ္တမံ ဟူသောပုဒ်ကို ဝိသေသနပြုသော် သမ္မာသမ္ဗုဒ္ဓဟူသော ပုဒ်၏အရသည် ဘုရားဒြပ်နောက်နှစ်ပုဒ်၏အရသည် ဂုဏ်ဖြစ်၏။

အတုလံကို ဝိသေသျပြု၍ သမ္မာသမ္ဗုဒ္ဓနှင့် သသဒ္ဓမ္မဂဏုတ္တမံကို ဝိသေသနပြုသော် အတုလံပုဒ်၏အရသည် ဘုရားဒြပ်နောက်နှစ်ပုဒ်၏ အရသည် ဂုဏ်ဖြစ်၏။ ဤသို့ဂုဏ်ကို ဟောခြင်း, ဒြပ်ကို ဟောခြင်းသည် အမြဲပုံသေမဟုတ်။ ဆိုလိုသောပုဂ္ဂိုလ်၏ အလိုသို့လိုက်၍ ဆိုခိုက်, ဆိုခိုက်သာ ဒြဗ်ဟော, ဂုဏ်ဟောဖြစ်ရကား အာဝတ္တဒြဗ်, အာဝတ္တဂုဏ် မည်၏ဟုဖြေလေ။

တစ်နည်းကား-ဂုဏ်သည် ဟုတ်မှန်တိုင်း ချီးမွမ်းအပ်သော ယထာဘူတဂုဏ်၊ လျှဉ်းပါးရန်ကို ဖြတ်လို၍ ဆိုအပ်ချီးမွမ်းအပ်သော ဗျဝစ္ဆေဒဂုဏ်အားဖြင့်

mgyoe.com

mgyoe.com


နှစ်ပါး အပြားရှိသည်တွင် အတုလံဟူသော ဂုဏ်သည် လျှင်းပါးရန်မရှိ၊ ဟုတ်မှန်တိုင်း ချီးမွမ်းလို၍သာဆိုသော ပုဒ်ဖြစ်ရကား ယထာဘူတ ဂုဏ်မည်၏။

သသဒ္ဒမ္ဗဂဏုတ္တမံ ဟူသော ပုဒ်သည် တရားတော်ဒြပ် သံဃာတော်ဒြပ်ကို အပဋ္ဌာန၊ ဘုရားရှင်ဂုဏ်ကို ပဋ္ဌာနပြု၍ ဆိုအပ်, ချီးမွမ်းအပ်သော ပုဒ်ဖြစ်ရကား အာဝတ္တဂုဏ်မည်၏ဟု ဖြေလေ။

## ၃-အဘိဝါဒိယပုဒ်ဖြင့် ဝိသေသ ရှိခိုးပုံကို ပြခြင်း

**ပုစ္ဆာ** ။ ။ အဘိဝါဒိယ၊ ပုဒ်အရဉ္၊ ဝိသေသနယ်၊ ဖွင့်ရေးကျယ်၊ ဘယ်ရှိခိုးခြင်း မြောက်သနည်း။

**ဝိသဇ္ဇနာ** ။ ။ ဘယလာဘကုလာစာရာဒိဝိရဟေန, ကာယဝစီမနောဒွါရေဟိ ဝန္ဒိတွာတိ အဋ္ဌော-ဟု ဋီကာကျော် မိန့်သည်နှင့်အညီ လောကဉ္ဇဘေးပြုအံ့သည်ကို ကြောက်၍ရှိခိုးခြင်း, လာဘ်ကိုလို၍ ရှိခိုးခြင်း, အမျိုးတို့၏ကျင့်ရိုးအစဉ်ဖြစ်၍ ရှိခိုးခြင်း, မှားသောအယူရှိ၍ ရှိခိုးခြင်း, မိုက်၍ရှိခိုးခြင်းတို့ကို ပြုကြရကုန်၏။ ထိုရှိခိုးခြင်းတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ပြုလေငြားသော်လည်း စိတ်, စေတနာမပါကုန်။ ဤသို့သောရှိခိုးခြင်းတို့မှ ကင်းလွတ်လျက် ကြည်ဆွတ်သော စေတနာသဒ္ဒါတရားနှင့်တကွဒွါရသုံးပါးလုံးဖြင့် ညွတ်ကျိုး၍ ရှိခိုးသည်ဖြစ်ရကား ဝိသေသရှိခိုးခြင်း မြောက်၏ဟူပေ။

## ၄-ဘာသိဿံပုဒ်အရ ပဋိညာဉ်ကို ပြခြင်း

**ပုစ္ဆာ** ။ ။ သုံးဘုံအရ၊ မြတ်ဓမ္မဝယ်၊ ဘာသိဿနှင့်၊ အဘိဓမ္မတ္ထသင်္ဂဟံ၊ ဘယ်ပဋိညာဉ် ဖြစ်သနည်း။

**ဝိသဇ္ဇနာ** ။ ။ ပဋိညာဉ်သည် သကလပဋိညာဉ်, ဧကဒေသပဋိညာဉ် ဟူ၍ နှစ်ပါးအပြားရှိသည်။ ။ ထိုနှစ်ပါးတို့တွင် ဝက္ခာမိ သုတ္တဟိတံတို့ကား ပိဋကတ်သုံးပုံလုံးကို သိမ်းကျုံး၍ ဝန်ခံသောကြောင့် သကလပဋိညာဉ်မည်၏။

ဝဏ္ဏယိဿာမိ ဝိနယံတို့ကား ပိဋကတ်တစ်ပုံဖြစ်သော တစ်စိတ်တစ်

mgyoe.com

mgyoe.com

ဒေသကို ဝန်ခံသောကြောင့် ဧကဒေသ ပဋိညာဉ်မည်၏။ ထိုနှစ်ပါးတို့တွင်-

ဤဘာသိဿံ အဘိဓမ္မတ္ထသင်္ဂဟံ ဟူသော ပါဠိသည်လည်း အဘိဓမ္မာ ပိဋကတ်၌ ဟောအပ်သော အနက်ကိုသာ အကျဉ်းချုံး၍ ဆိုအံ့ဟု ဝန်ခံသော ကြောင့် ဧကဒေသ ပဋိညာဉ်မည်၏ဟုဖြေလေ။

## ၅-ဂန္ထာရမ္ဘ ၃ ပါးတွင် လိုအပ်သော ဂန္ထာရမ္ဘကို ပြခြင်း

**မေး** ။ ။ဂန္ထာရမ္ဘ၊ စသည်တရိုး၊ ရှိခိုးတောင့်တ၊ ဝတ္ထုပြသည်၊ ဘယ် ပုဗ္ဗကဖြစ်သနည်း။

**ဖြေ** ။ ။သမ္မာသမ္ဗုဒ္ဓမတုလံ အဘိဝါဒိယ-ဟူသောပါဠိဖြင့် ရတနာသုံး ပါးတို့အား ရှိခိုးခြင်းတည်းဟူသော ပဏာမကိုရှေ့ထား၍ ကျမ်းကိုအားထုတ်ရ ကား ပဏာမပုဗ္ဗကဂန္ထာရမ္ဘဖြစ်သည် ဟူပေ။

## ၆-နယဝိသေသဖြင့် ရှိခိုးပုံကို ပြခြင်း

**မေး** ။ ။အပေါင်းထား၍၊ ဘုရားကိုသာ၊ သဒ္ဒါချမ်းကြွယ်၊ ရှိခိုးရွယ်၊ ဘယ်နည်းအားဖြင့် ဖြစ်သနည်း။

**ဖြေ** ။ ။မကင်းရာသည်ကို ဆိုသဖြင့် မကင်းတတ်သည်ကို ရသော နည်းသည် အဝိနာဘာဝနည်းမည်၏ဟူ၍ နယလက္ခဏ ဝိဘာဝနီ၌လာရကား ဘုရားတည်းဟူသော မကင်းရာသည်ကိုဆိုသဖြင့် တရား, သံဃာတည်း ဟူ သော မကင်းတတ်သည်ကိုလည်း ရှိခိုးသည်မည်စေသောကြောင့် အဝိနာဘာဝ နည်း ဖြစ်သည်ဟုဖြေ။ ။ သမ္ဗန္ဓစိန္တာဋီကာအလို။

တစ်နည်းကား-ဘုရားတည်းဟူသော ပြဓာန်းသည်ကို ယူသဖြင့် တရား, သံဃာတည်းဟူသော မပြဓာန်းသည်ကိုလည်း ပြီးစေသောကြောင့် ပဓာနနည်း ဖြစ်သည်ဟုဖြေ။ ။ ဋီကာကျော် အလို။

ထို့ကြောင့်-

ဂုဏာဘိဘူတာနမ္ပိ ဟိ ဓမ္မသံဃာနံ အဘိဝါဒေတဗ္ဗဘာဝေါ သဟယောဂေန ဝိညာယတိ-

mgyoe.com

ဟူ၍ မိန့်သည်။

## ၇-ပရမတ္ထသဘာဝကို ပြခြင်း

မေး ။ ။ပရမတ္ထ၊ ဆတ်ဆတ်ရအောင်၊ ဝေကန်သည်၊ အသံဘယ် ပညတ် တည့်နည်း။

**မှတ်ချက်** ။ ။ပရမတ္ထတောဝေ၊ ဆတ်ဆတ်သောပရမတ္ထ၏ အစွမ်းဖြင့်သာလျှင်-ဟူသော ဤပုဒ်၌ ဝေသဒ္ဒါကို ဆိုခြင်းသည် အဘယ် အကျိုးရှိသနည်းဟု မေးသည်။

ဖြေ ။ ။ခေါ်ဝေါ်သမုတ်အပ်သော သမ္မုတိပညတ်ကိုထား၍ ထိုသမ္မုတိပညတ်မှ အသီးထုတ်အပ်သော အနက်သဘောသာလျှင် ပရမတ္ထမည်၏ဟူသော အနက်ကို သိစေခြင်းအကျိုးရှိ၏ဟု ဖြေလေ။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ ခေါ်ဝေါ်သောအသံသည် သမ္မုတိပညတ်မည်၏။ ထိုပညတ်ဖြင့် တင်ဆိုအပ်သော အာရုံကိုသိခြင်းသဘော အာရုံကိုတွေ့ခြင်းသဘော အာရုံကိုခံစားခြင်းသဘော ဖောက်ပြန်တတ်သောသဘောတို့သည်သာလျှင် ပရမတ္ထမွမည်၏ ဟူလိုသည်။

## ၈-ပညတ်အပြား ၆ ပါး

ထိုသဒ္ဒဝေါဟာရဖြစ်သော သမ္မုတိပညတ်သည်လည်း-

(၁) ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကိုခေါ်ဆိုသော ဝိဇ္ဇမာနပညတ်။
(၂) ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကိုခေါ်ဆိုသော အဝိဇ္ဇမာနပညတ်။
(၃) ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကိုစွဲ၍ မရှိသည်၌ခေါ်ဆိုသော ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။
(၄) ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကိုစွဲ၍ ရှိသည်ကိုခေါ်ဆိုသော အဝိဇ္ဇာမာနေန ဝိဇ္ဇမာနပညတ်။
(၅) ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကိုစွဲ၍ ရှိသည်၌ ခေါ်ဆိုသော ဝိဇ္ဇာမာနေန ဝိဇ္ဇမာနပညတ်။

mgyoe.com

mgyoe.com

(၆) ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကိုစွဲ၍ မရှိသည်၌ ခေါ်ဆိုသော အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဟူ၍ (၆) ပါးအပြားရှိ၏။

ထို (၆) ပါးတို့တွင်-

(၁) အာရုံကို သိတတ်သောသဘောကို စိတ်, တွေ့တတ်သောသဘောကို ဖဿ, ဖောက်ပြန်တတ်သောသဘောကို ရုပ် စသည်ဖြင့် ခေါ်ဆိုပညတ်ခြင်းသည် 'ဝိဇ္ဇမာန' ပညတ်မည်၏။

(၂) မြေ, ရေ, တော, တောင်, သစ်ပင်တို့ကို ဘူမိ, ဥဒက, ဝန, ပဗ္ဗတ, ရုက္ခ စသည်ဖြင့် ခေါ်ဆိုပညတ်ခြင်းသည် 'အဝိဇ္ဇမာန' ပညတ်မည်၏။

(၃) အဘိညာဥ် ခြောက်ပါးရသည့်သူဟု ခေါ်ဆိုခြင်းသည် 'ဝိဇ္ဇမာနေန အဝိဇ္ဇမာန' ပညတ်မည်၏။

(၄) မိန်းမသံဟု ခေါ်ဆိုခြင်းသည် 'အဝိဇ္ဇမာနေန ဝိဇ္ဇမာန' ပညတ်မည်၏။

(၅) စက္ခုဝိညာဏ်ဟု ခေါ်ဆိုခြင်းသည် 'ဝိဇ္ဇမာနေန ဝိဇ္ဇမာန' ပညတ်မည်၏။

(၆) မင်းသားဟူ၍ ခေါ်ဆိုခြင်းသည် 'အဝိဇ္ဇမာနေန အဝိဇ္ဇမာန' ပညတ်မည်၏။

ဤသို့ သဒ္ဒပညတ် ၆ ပါးကို ခွဲခြား၍ သိအောင်ကြံလေ။

ထိုသို့ ကြံစေလို၍ ပုစ္ဆာဆရာက-

အမည်ခြောက်ပါး၊ အပြား ၆ ရပ်၊ ဘယ်ပညတ်ဟု၊ အတတ်ဆိုသော်၊ နဂိုဉာဏ်စ ရှင်လိမ့်မည်ဟု မိန့်လေသည်။

## ၉-အကုသိုလ်စိတ်ကို ရှေးဦးစွာပြခြင်းအကြောင်း

**မေး ။** ။ ကုသိုလ်အာဒိ၊ ဟောရင်းရှိလျက်၊ ကဝိတစ်ဆူ၊ လောဘမူကို၊ ဘယ်အယူကြောင့် ဆိုသနည်း။

**ဖြေ ။** ။ ပဋိသန္ဓိကာသ သတ္တာသ အာဒိတော ဝီထိစိတ္တဝသေန လောဘ မူလံ ပဌမံဝုတ္တံ။

ဟု ဋီကာကျော် မိန့်သည်နှင့်အညီ ပဋိသန္ဓေ နေရကုန်သော သတ္တဝါတို့အား ပဋိသန္ဓေစိတ်၏နောက် သောဠသ ဘဝင်ဖြစ်ပြီးလျှင် ထိုပဋိသန္ဓေသစ်ကို

mgyoe.com

အာရုံပြု၍ တပ်မက်တတ်သော ဘဝနိကန္တိ လောဘဇောစိတ်သည် (၇) ကြိမ် ဖြစ်မြဲဖြစ်၍ ဤအစစ်စွာ ဖြစ်တတ်သော ဝီထိစိတ်၏အစွမ်းဖြင့် လောဘမူစိတ်ကို ရှေးဦးစွာ ဆိုသည်ဟူပေ။

## ၁၀-လောဘမူ စသည် ခေါ်ဆိုရပုံကို ပြခြင်း

(ရှေးပုစ္ဆာ၌ မပါသောစကားတို့ကိုလည်း တပည့်သားတို့ ဉာဏ်ပွားကြ စေခြင်းငှာ ပုစ္ဆာသွင်း၍ ရေးလိုက်အံ့။)

**မေး** ။ ။စိတ်အဌ၌၊ လောဘ, မောဟ၊ ဟိတ်နှစ်ဝသာ၊ ယှဉ်လျက်ပါ ကို၊ တစ်ခုသာယူ၍၊ လောဘမူ ဘယ့်ကြောင့် မှည့်သနည်း။

**ဖြေ** ။ ။မောဟဟိတ်သည် အလုံးစုံသော အကုသိုလ်စိတ်နှင့် ယှဉ် သည်ဖြစ်၍ သာမညသာဓာရဏဖြစ်ရကား အမည်ထားခြင်းငှာ မတတ်ကောင်း၊ လောဘသာလျှင် ဝိသေသသာဓာရဏဖြစ်၍ အမည်ထားခြင်းငှာ တတ်ကောင်း သောကြောင့် လောဘမူစိတ်ဟု အမည်မှည့်လေသည်ဟု ဖြေလေ။ ။ဒေါသမူ ၌လည်းနည်းတူ ပုစ္ဆာပြုလေ။

## ၁၁-ဥဒ္ဓစ္စသမ္ပယုတ်စိတ် ခေါ်ဆိုရပုံကို ပြခြင်း

**မေး** ။ ။ဥဒ္ဓစ္စသည်၊ ဒွါဒသတွင်၊ အကုန်ယှဉ်လျက်၊ နောက်ဆုံးစိတ် ကို၊ ဥဒ္ဓစ္စသမ္ပယုတ်၊ သမုတ်သည်မှာ၊ ဘယ်ကြောင်းရာဟု ဆိုမည်နည်း။

**ဖြေ** ။ ။ဥဒ္ဓစ္စသ ဣမသ္မိံ ပစ္ဆိမစိတ္တေ ပဓာနဘာဝေန ပဝတ္တတ္တာ ဥဒ္ဓစ္စသမ္ပယုတ္တန္တိ ဝုတ္တံ-

ဟု ဋီကာမိန့်သည်နှင့်အညီ ဥဒ္ဓစ္စသည် တစ်ပါးသောစိတ်တို့၌ ယှဉ်သော အခါ တစ်ပါးတရား၏ နောက်ပါသာဖြစ်၍ ယှဉ်သည်၊ ဤနောက်ဆုံး စိတ်၌ ကား မိမိပြဓာန်းသည်ဖြစ်၍ ယှဉ်သောကြောင့် ဥဒ္ဓစ္စသမ္ပယုတ္တံ ဟူ၍ ဆိုသည် ဟူပေ။

ဘယ်ကဲ့သို့နည်းဟူမူ စစ်တစ်ဆယ့်နှစ်ပွဲ လိုက်ရသော သူရဲသည် ပထမ ပွဲ, ဒုတိယပွဲ စသည်တို့၌ သူတစ်ပါးကွပ်ကဲ၍ မိမိ နောက်ပါသာဖြစ်သည်။

mgyne.com

 mgyoe.com


ဒွါဒသမပွဲ၌ကား ကွပ်ကဲကြီးကြပ်သူမရှိ။ မိမိပင် ကွပ်ကဲရသောကြောင့် 'သူရဲကြီးပွဲ' ဟု ထင်ရှားသကဲ့သို့တည်း။

## ၁၂-မှီရာနိဿယအားဖြင့် ပဉ္စဝိညာဉ်၌ အမည်ရပုံကို ပြခြင်း

မေး ။ ။ စိတ်ဟူသမျှ၊ ဝိညာဏသာ၊ ဖြစ်တုံပါလျက်၊ အခြားစိတ်မှာ၊ သညာမတင်၊ ပဉ္စာဝိညာဉ်၊ တစ်ဆယ်တွင်သာ၊ ဝိညာဏဟု၊ သညာဘယ့်ကြောင့်တပ်သနည်း။

ဖြေ ။ ။ မှီရာဖြစ်သော ရုပ်နှင့် ခြားနားစိမ့်သောငှာ ဝိညာဏသဒ္ဒါတပ်၍ ခေါ်သည်ဟုဖြေ။

ထိုစကားမှန်၏။ စိတ်တို့၏အမည်သည် သမ္ပယုတ္တဓမ္မကို စွဲ၍ ဖြစ်သောအမည်၊ မှီရာနိဿယကို စွဲ၍ ဖြစ်သောအမည်၊ သတ္တိကိုစွဲ၍ ဖြစ်သောအမည်အားဖြင့် (၃)မျိုး အပြားရှိ၏။ ထို (၃) မျိုးတို့တွင်-

(၁) လောဘမူ, ဒေါသမူ, မောဟမူ စသော အမည်တို့သည် သမ္ပယုတ္တဓမ္မကို စွဲ၍ဖြစ်သော အမည်တည်း။

(၂) စက္ခုဝိညာဏ် စသော အမည်တို့သည် မှီရာနိဿယကို စွဲ၍ဖြစ်သော အမည်တည်း။

(၃) သမ္ပဋိစ္ဆိုင်း, သန္တီရဏ စသည်တို့သည် စိတ်၏သတ္တိတည်းဟူသော ကိစ္စကို စွဲ၍ဖြစ်သော အမည်တို့တည်း။

## ၁၃-ကာယဝိညာဉ်၌ သုခ ဒုက္ခ ဖြစ်ပုံကို ပြခြင်း

မေး။ ။ စက္ခုသောတ၊ ဃာန ဇိဝှါ၊ ဝိညာဏ်မှာ၌၊ ဥပေက္ခာသဟဂုတ်၊ ကာယဝိညာဏ်၌၊ ဘယ့်ကြောင့် သုခဒုက္ခသဟဂုတ် ဖြစ်သနည်း။

ဖြေ။ ။ စက္ခုဝိညာဏ်၏ မှီရာဖြစ်သော စက္ခုပသာဒလည်း ဥပါဒါရုပ် ရူပါရုံလည်း ဥပါဒါရုပ်ဖြစ်သောကြောင့် ဥပါဒါ ရုပ်ချင်းချင်း ထိခိုက်ခြင်းသည် အားနည်း၏။ ဝါဂွမ်းစုကို တစ်ခုသော ဝါဂွမ်းစိုင်၌ ရိုက်သကဲ့သို့သာဖြစ်၏။ ထို့ကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်သည်။ ။ သောတ,

mgyoe.com

ဃာနတို့မှာလည်း ဤနည်းအတူမှတ်လေ။

ကာယဝိညာဉ်မှာကား မှီရာဖြစ်သော ကာယပသာဒလည်း ဘူတရုပ်အစု၊ ဖောဋ္ဌဗ္ဗာရုံဟူသည်လည်း အာပေါဓာတ်ကြဉ်သော ဘူတရုပ်သုံးပါး အပေါင်းဖြစ်ရကား ဘူတရုပ်ချင်းချင်း ထိခိုက်ခြင်းသည် အားကြီး၏။ တစ်ခုသော ပေထက်၌ ဝါဂွမ်းစုကိုတင်၍ တူဖြင့် ခတ်လတ်သော် ဂွမ်းစုကိုလွန်၍ ပေ၌ထိသကဲ့သို့ဖြစ်၏။ ထိုသို့ ထိခိုက်ခြင်းအားကြီးသောကြောင့် သုခသဟဂုတ် ဒုက္ခသဟဂုတ်ဖြစ်သည်ဟူပေ။

ထို့ကြောင့် ဋီကာ၌-

ဝတ္ထာလမ္ဗသဘာဝါနံ၊ ဘူတိကာနံ သံဃဋ္ဋနံ။
ဒုဗ္ဗလံ ဣတိ စက္ခာဒိ- စတုစိတ္တမုပေက္ခကံ။
ကာယနိဿယဖောဋ္ဌဗ္ဗ-ဘူတာနံ ဃဋ္ဋနာယ တု။
ဗလဝတ္တာ န ဝိညာဏံ၊ ကာယိကံ မဇ္ဈဝေဒနံ-

ဟူ၍ မိန့်သည်။

ဝတ္ထာလမ္ဗသဘာဝါနံ-မှီရာသဘော၊ အာရုံသဘောဖြစ်ကုန်သော၊ ဘူတိကာနံ-ဥပါဒါရုပ်တို့၏၊ သံဃဋ္ဋနံ-ထိခိုက်ခြင်းသည်၊ ဒုဗ္ဗလံ-အားနည်း၏၊ ဣတိ တသ္မာ-ထို့ကြောင့်၊ စက္ခာဒိစတုစိတ္တံ-စက္ခုဝိညာဉ်အစရှိသော လေးပါးသော စိတ်သည်၊ ဥပေက္ခကံ-ဥပေက္ခာဝေဒနာနှင့်ယှဉ်၏။

ကာယနိဿယဖောဋ္ဌဗ္ဗဘူတာနံ-ကာယဝိညာဉ်၏ မှီရာမဟာဘုတ်၊ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော မဟာဘုတ်တို့၏၊ ဃဋ္ဋနာယ တု-ထိခိုက်ခြင်းသည်ကား၊ ဗလဝတ္တာ-အားကြီးသည်၏အဖြစ်ကြောင့်၊ ကာယိကံ ဝိညာဏံ-ကာယပသာဒကို မှီသောဝိညာဉ်သည်၊ မဇ္ဈဝေဒနံ-ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်၊ နဟောတိ-မဖြစ်။

## ၁၄-အာဝဇ္ဇန်း စသည့်၌ပါသော စေတနာသည် ကံမမည်ပုံကို ပြခြင်း

**မေး** ။ ။ဝီထိသွားလမ်း၊ အာဝဇ္ဇန်းက၊ ဝုဋ္ဌောကျအောင်၊ ထိုမျှစိတ်မှာ၊ စေတနာသည်၊ အကျိုးပေးရာ ကံပင်လော။

mgyoe.com

ဖြေ ။ ။ ပဋ္ဌဒွါရဝီထိ၌ ပဋ္ဌဒွါရာဝဇ္ဇန်းမှစ၍ ပဋ္ဌဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော ဤစိတ်တို့နှင့် ယှဉ်၍ပါသော စေတနာသည် သဟဇာတကံ ဖြစ်၍ မိမိနှင့်တကွဖြစ်သော သမ္ပယုတ်ခန္ဓာတို့ကိုသာ ပြုပြင်သည်၊ ဝိပါက် ကဋတ္တာရုပ်ကို မဖြစ်စေတတ်။ ထို့ကြောင့် အကျိုးပေးရာ ကံမဟုတ်ဟုဖြေ။

ထို့ကြောင့် အဋ္ဌသာလိနီ၌-

ကမ္မံ နာမေတံ ကိံ ကရောတီတိ အာယူဟတိ အဘိသင်္ခ ရောတိ ပိဏ္ဍံ ကရောတိ စေတေတိ ကပ္ပေတိ ပကပ္ပေတိ ဧဝံ သန္တေ ပဋ္ဌဝိညာဏ စေတနာကိံ အာယူဟတိ ကိံ အဘိသင်္ခ ရောတိ ကိံ ပိဏ္ဍံ ကရောတိ ကိံ စေတေတိ ကိံ ကပ္ပေတိ ကိံ ပကပ္ပေတိ သဟဇာတဓမ္မေ သာပိဟိ သဟဇာတေ သမ္ပယုတ္တ ခန္ဓေ အာယူဟတိ အဘိသင်္ခရောတိ ပိဏ္ဍံ ကရောတိ စေတေတိ ကပ္ပေတိ ပကပ္ပေတိ။

ဟူ၍ မိန့်သည်။

ဣဒံ ကမ္မံ နာမ-ဤကံမည်သည်ကား၊ ကိံ-အဘယ်ကို၊ ကရောတိ- ပြုတတ်သနည်း၊ ဣတိ-ဤသို့မေးသည်ရှိသော်၊ အာယူဟတိ-အားထုတ်တတ် ၏၊ အဘိသင်္ခရောတိ-ကပ်၍ ပြုပြင်တတ်၏၊ ပိဏ္ဍံ ကရောတိ-ပေါင်းခြင်းကို ပြုတတ်၏၊ စေတေတိ-စေ့ဆော်တတ်၏၊ ကပ္ပေတိ-စီရင်တတ်၏၊ ပကပ္ပေတိ- အပြားအားဖြင့် စီရင်တတ်၏၊ ဣတိ-ဤသို့ဖြေရာ၏၊ ဧဝံသန္တေ-ဤသို့ အားထုတ်တတ်, ပြုပြင်တတ်သည်ရှိသော်၊ ပဋ္ဌဝိညာဏစေတနာ-ပဋ္ဌဝိညာဉ်၌ ယှဉ်သော စေတနာသည်၊ ကိံ-အဘယ်ကို၊ အာယူဟတိ-အားထုတ်သနည်း၊ ကိံ-အဘယ်ကို၊ အဘိသင်္ခရောတိ-ပြုပြင်တတ်သနည်း၊ ကိံ-အဘယ်ကို၊ ပိဏ္ဍံ ကရောတိ-ပေါင်းခြင်းကိုပြုတတ်သနည်း၊ ကိံ-အဘယ်ကို၊ စေတေတိ-စေ့ဆော် တတ်သနည်း၊ ကိံ-အဘယ်ကို၊ ကပ္ပေတိ-စီရင်တတ်သနည်း၊ ကိံ-အဘယ်ကို၊ ပကပ္ပေတိ-ပြီးစေတတ်သနည်း၊ သဟဇာတဓမ္မေ-မိမိနှင့် အတူတကွဖြစ်သော တရားတို့ကို၊ အာယူဟတိ-အားထုတ်တတ်၏၊ ဟိ-သင့်စွ၊ သာပိ-ထိုပဋ္ဌဝိညာဉ် ၌ ယှဉ်သော စေတနာသည်လည်း၊ သဟဇာတေ-မိမိနှင့် အတူတကွဖြစ်ကုန် သော၊ သမ္ပယုတ္တခန္ဓေ-သမ္ပယုတ်ခန္ဓာတို့ကို၊ အာယူဟတိ-အားထုတ်တတ်၏၊ အဘိသင်္ခရောတိ-ကပ်၍ ပြုပြင်တတ်၏၊ ပိဏ္ဍံကရောတိ-ပေါင်းခြင်းကိုပြု

mgyoe.com

တတ်၏၊ စေတေတိ-စေ့ဆော်တတ်၏၊ ကပ္ပေတိ-စီရင်တတ်၏၊ ပကပ္ပေတိ-ပြီးစေတတ်၏၊ ဉ္စတိ-ဤသို့ဖြေရာ၏။

သာပိဋ္ဌအပိသဒ္ဒါဖြင့် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌောဋ္ဌယှဉ်သော စေတနာကိုပေါင်းသည်။

## ၁၅-ဟိတ်ကင်းသော ဟသိတုပ္ပါဒ်ဇော အမည်ရပုံကို ပြခြင်း

**မေး** ။ ။ဟိတ်မရှိသည့်၊ ဟသိတုပ္ပါဒ်၊ ဒြပ်ရောနှော၊ ဇောငါးဆယ့်ငါး၊ ထိုတရားမှာ၊ အပြားဘယ်ကြောင့် ဝင်သနည်း။

**ဖြေ** ။ ။ဟိတ်နှင့်ယှဉ်ခြင်းသည် ဇောမည်ခြင်း၏ အကြောင်းမဟုတ်၊ အာရုံကိုခံစားတတ်သော သတ္တိရှိခြင်းသည်သာလျှင် ဇောမည်ခြင်း၏အကြောင်းဖြစ်သည်။ ထို့ကြောင့် ဟသိတုပ္ပါဒ်သည် ဟိတ်မရှိသော်လည်း အာရုံကိုခံစားတတ်သော အနုဘဝနှ သဘောရှိရကား ဇောကိစ္စတပ်၏၊ ဇော၌ ဝင်၏ဟူပေ။

## ၁၆-ဟသိတုပ္ပါဒ်ဟူသော နာမဝိသေသကို ပြခြင်း

**မေး** ။ ။တစ်ဆယ့်သုံးရပ်၊ သောမနဿတို့၊ ရယ်တတ်သည်သာ၊ ဖြစ်တုံပါလျက်၊ ကြိယာအဟိတ်၊ ဤစိတ်ကိုမှ၊ ဟသိတုပ္ပါဒ်၊ ပညတ်ဘယ့်ကြောင့် တင်သနည်း။

**ဖြေ** ။ ။လောဘမူ သောမနဿဇော (၄) ခု၊ မဟာကုသိုလ် သောမနဿဇော (၄) ခု၊ မဟာကြိယာ သောမနဿဇော (၄) ခုအားဖြင့် (၁၂) ပါး သောစိတ်တို့သည် ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပါဒ်ခေါ်သင့်လျက် မခေါ်မူ၍ အဟိတ်ကြိယာစိတ်ကိုသာ ဟသိတုပ္ပါဒ်ဟုခေါ်ခြင်းသည် ဤမှတစ်ပါးသောစိတ်တို့မှာ လောဘမူ မဟာကုသိုလ်, မဟာကြိယာဟူ၍ အသီးရအပ်သော အမည်ထူး ရှိလေသောကြောင့် မခေါ်သည်ဟူပေ။ ။ ပဋိလဒ္ဓဝိသေသနာမတ္တာ၊ အသီးရအပ်သော အမည်ထူး ရှိလေသောကြောင့်တည်းဟူ၍ နှာသဆရာ ဟိတ်ခတ်၏။

* * *

mgyoe.com

mgyoe.com

## ကာမာဝစရသောဘဏာစိတ်
## ၁၇-မဟာကုသိုလ်ဟူသော နာမဝိသေသကိုပြခြင်း

မေး ။ ။ ကာမာဝစရ၊ ကုသလပင်၊ မဟာတွင်သည်၊ ဂုဏ်အင်ဘယ်သို့ ကြီးသနည်း။

ဖြေ ။ ။ အရေအတွက် များသောကြောင့်လည်းကောင်း၊ သတ္တိအားဖြင့် ကြီးမြတ်သောကြောင့်လည်းကောင်း မဟာတွင်သည်ဟုဖြေ။ ဘယ်သို့များသနည်းဟူမူကား-

ကမေန ပုညဝတ္ထူဟိ၊ ဂေါစရာဓိပတီဟိ စ။

ကမ္မဟီနာဒိတော စေဝ၊ ဂဏေယျ နယကောဝိဒေါ-

ဟူသော ဋီကာနှင့်အညီ ဤကုသိုလ်စိတ် (၈) ပါးသည် ပုညကြိယ ဝတ္ထုဆယ်ပါးတို့ကြောင့် ဖြစ်ရကား-

ဆယ်ခုဖြင့် မြှောက် ၈၀ ဖြစ်၏။

ထိုရှစ်ဆယ်ကို အာရုံ ၆ ပါးဖြင့် မြှောက် ၄၈၀ ဖြစ်၏။

ထိုလေးရာရှစ်ဆယ်ကို ထက်ဝက်ခွဲ၊ တစ်စုသည် ဉာဏသမ္ပယုတ်အဖို့၊ တစ်စုသည် ဉာဏဝိပ္ပယုတ်အဖို့ ဖြစ်၏။

ဉာဏသမ္ပယုတ် ၂၄၀ ကို အဓိပတိလေးပါးဖြင့် မြှောက် ၉၆၀ ဖြစ်၏။

ဉာဏဝိပ္ပယုတ် ၂၄၀ ကို ဝီမံသကြဉ်သော အဓိပတိ ၃ပါးဖြင့် မြှောက် ၇၂၀ ဖြစ်၏။

နှစ်စုကိုရော ၁၆၈၀ဖြစ်၏။

ထို ၁၆၈၀ ကို ဟီန,မဇ္ဈိမ,ပဏီတ,၃ ပါးနှင့်မြှောက် ၅၀၄၀ ဖြစ်၏။

ထို ၅၀၄၀ ကို ကာလ ၃ပါးနှင့်မြှောက် ၁၅၁၂၀ ၏။

သန္တာန် ၂ ပါး, ဘုံ ၃၀, ပုဂ္ဂိုလ် ၁၂ အားဖြင့် မြှောက်ပွားသော် မရေတွက်နိုင်အောင်များ၏။

ဤသို့ အရေအတွက်အားဖြင့် များသောကြောင့်လည်း မဟာတွင်သည်။

အဘယ်သို့ သတ္တိအားဖြင့် ကြီးမြတ်သနည်းဟူမူကား ဤကာမာဝစရ ကုသိုလ်စိတ် ၈ ပါးသည် လောကီစျာန် ၉ ရပ်တို့၏ အခြေခံပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ အားဖြင့်လည်း ဖြစ်သည်။ လောကုတ္တရာဖြစ်သော မဂ်

mgyoe.com

mgyoe.com

၄ ပါး၊ ဖိုလ် ၃ ပါးတို့၏ အခြေခံလည်းဖြစ်သည်။ သမာပတ် ၈ ပါး၊ အဘိညာဉ် ၇ ပါးတို့၏အခြေခံလည်းဖြစ်သည်။ ဤသို့ သတ္တိအားဖြင့် ကြီးမြတ်သော်လည်း မဟာတွင်သည်ဟုဖြေ။ ဤသို့ မဟန္တသဒ္ဒါသည် များသောအနက်ကိုဟော၏။

ဤမဟာကုသိုလ်စိတ်သည် အရေအတွက်အားဖြင့် များသော်လည်း သတ္တဝါတို့၏ သန္တာန်၌ဖြစ်ခြင်းကား ကာလအားဖြင့် အလွန်နည်း၏ဟု ပြလိုသော အဋ္ဌကထာ ဆရာသည်-

ယော ပနေတဿ ကုသလစိတ္တဿ ပဝတ္တိ ကာလော နာမ ဟောတိ၊ သော အတိပရိတ္တော ယာ စဿ အတိပရိတ္တတာ ယထာ စ ဘိက္ခဝေ တဿ ပုရိသဿ ဇဝေါ၊ ယထာ စ စန္ဒိမသူရိယာနံ ဇဝေါ၊ ယထာ စ ယာဒေဝတာ စန္ဒိမသူရိယာနံ ပုရတော ဓာဝန္တိ တာသံ ဒေဝတာနံ ဇဝေါ၊ တတော သိဃ်တရာ အာယုသင်္ခါရာ ခိယန္တိ-

အစရှိသည်ဖြင့် ဟောတော်မူသည်။

ပိဏ္ဍတ္ထဖြစ်သော အဓိပ္ပာယ်ကား-ဤမဟာကုသိုလ်စိတ်တို့သည် သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော ကာလကား အလွန်နည်း၏။ နည်းဟန်ကိုလည်း ဤသို့သော ဥပမာဖြင့် သိအပ်၏။ ။ ရှေ့မြားကို နောက်မြားဖြင့် မှန်အောင်ပစ်နိုင်သော လေးသမားကြီး လေးဦးတို့သည် တစ်ခုသောမဏ္ဍိုင်ကို မှီကာ ထိုင်ပြီးလျှင် တစ်ပြိုင်တည်း အရပ်လေးမျက်နှာသို့ ပစ်လွှတ်အပ်သောမြားကို မြေသို့ မရောက်စေဘဲ ကောက်ယူနိုင်သော ဇဝန ဟသံာမင်း၏ လျင်ခြင်းအဟုန်သည် ရှိ၏။

ထိုအဟုန်ထက်လည်း တစ်နေ့၌ ယူဇနာ ၃ သန်း၊ တစ်နာရီ၌ ယူဇနာ ၅ သောင်းရောက်အောင် သွားနိုင်သော နေ၊ လ တို့၏အဟုန်သည် လျင်မြန်၏။

ထိုအဟုန်ထက်လည်း နေ၊ လ၊ ဗိမာန်တို့၏ ရှေ့၌ပြေးသွားသော နတ်သားတို့၏ အဟုန်သည် လျင်မြန်၏။ ထို့ထက်လည်း ရုပ်ဇီဝိတိန္ဒြေဟုဆိုအပ်သော အာယုသင်္ခါရ၏ ချုပ်ခြင်းသည် လျင်မြန်၏။

ထိုရုပ်ဇီဝိတိန္ဒြေ၏ ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့်တည်သော ကာလသည် ရှိ၏။ ထိုကာလ၌လည်း ၁၆ ချက်သော စိတ်တို့သည် ဖြစ်၍ ပျက်ကုန်၏။

ထို ၁၆ ချက်တွင် ကုသိုလ်စိတ်သည် ၇ ချက်မျှသာဖြစ်သောကြောင့်

mgyoe.com

အလွန်နည်းလှရကား ဥပမာအားဖြင့် ပြဖွယ်ရာမရှိချေ။ ။ ထို့ကြောင့် ဘုရား သခင်သည်-

ယာဝဉ္စိဒံ ဘိက္ခဝေ ဥပမာပိ န သုကရာ၊ ယာဝ လဟုပရိဝတ္တံ စိတ္တံ

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ-ရဟန်းတို့၊ ယာဝ-အကြင်မျှလောက်၊ ဣဒံ စိတ္တံ-ဤစိတ် သည်၊ လဟုပရိဝတ္တံ-လျင်သောဖြစ်ခြင်းရှိ၏၊ ယာဝဥ္စ-အကြင်မျှလောက်လျှင်၊ ဥပမာပိ-နှိုင်းယှဉ်စရာ ဥပမာကိုလည်း၊ ကာတုံ-ပြုခြင်းငှာ၊ န သုကရာ- မလွယ်။

ဤစကားရပ်တို့ဖြင့် ကုသိုလ်စိတ်တို့၏ ကာလနည်းသောအဖြစ်ကို ပြတော်မူသည်။ ယင်းသို့ နည်းလှသောကြောင့် လျှပ်ရောင်ဖြင့် ပုလဲလုံးကို သီရဘိသကဲ့သို့ ဤကုသိုလ်စိတ်ဖြစ်သည်ကို သိခြင်းငှာ ခဲယဉ်းရကား အကြိမ် များစွာ ဖြစ်စိမ့်သောငှာ သူတော်ကောင်းတကာတို့သည် အားထုတ်ရာ၏ဟူ၍ ဩဝါဒ ပေးတော်မူသည်။

## ၁၈-တိဟိတ် ပဋိသန္ဓေ ၁၃ ပါးမှာ အဘယ်စိတ်များ မြတ်သနည်း

**မေး** ။ ။ သန္ဓေတည်စိတ်၊ တိဟိတ် အပြား၊ ၁၃ ပါးတွင်၊ တုမမြင် အောင်၊ ဘယ်စိတ်သာလျှင် မြတ်သနည်း။

**ဖြေ** ။ ။ မဟာဝိပါက် စိတ်သာလျှင် မြတ်၏ဟူပေ။

အဘယ့်ကြောင့်နည်းဟူမူ ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာ သာဝကဖြစ်သော ပုဂ္ဂိုလ်မြတ်တို့သည် ဤမဟာဝိပါက်စိတ် ဉာဏသမ္ပယုတ် (၄) ခုတို့တွင် တစ်ခုခုဖြင့်သာ ပဋိသန္ဓေနေကုန်သည်, ဘဝင်သက်ကုန်သည်, စုတိကျကုန်သည် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် အဋ္ဌသာလိနီ၌-

အယဉ္စ ဝိပါကစိတ္တံ ဗုဒ္ဓပစ္စေကဗုဒ္ဓါဒီနံ အဂ္ဂပုဂ္ဂလာနံ ပဋိသန္ဓိဘဝင်္ဂ စုတိတဒါရမ္မဏဘူတတ္တာ စ မဟန္တံ-

ဟူ၍ မိန့်သည်။

mgyoe.com

mgyoe.com


## ၁၉-ဉာဏ်အပြားဖြစ်ပုံကို ပြခြင်း

**မေး** ။ ။ဝေဒနာအပြား ၂ ပါး၊ ဉာဏ်အပြား ၄ ပါး၊ သင်္ခါရအပြား ၈ ပါးဟူရာ၌ ဝေဒနာမှာ သောမနဿ, ဥပေက္ခာ ပြားသောကြောင့် အပြားရှိတန်စေ၊ ဉာဏ်ဟူသည်မှာ ပညိန္ဒြေတစ်ပါးတည်းဖြစ်သောကြောင့် ဘယ်သို့ပြားနိုင်အံ့နည်း။

**ဖြေ** ။ ။ဉာဏသင်္ခါရာနံ ဘာဝါဘာဝကတောပိ ဘေဒေါဉာဏသင်္ခါရကတော၀။ ဋီကာ။

ဉာဏ် သင်္ခါရတို့၏ ရှိ-မရှိသောအားဖြင့် ပြုအပ်သော အပြားသည်ပင်လျှင် ဉာဏ်၏အပြား, သင်္ခါရ၏အပြားမည်၏ ဟူပေ။

ဘယ်ကဲ့သို့နည်းဟူမူ ဝပြောခြင်းကိုလည်းကောင်း၊ မွတ်သိပ်ခြင်းကိုလည်းကောင်း မိုးသည် ပြုသကဲ့သို့တည်း။ ဉာဏ်ယှဉ်ခြင်း, မယှဉ်ခြင်းတည်းဟူသော ဂုဏ်ပြားသည်ကို ဂုဏောဖြစ်သော ဉာဏ်ဒြပ်၌ တင်စား၍ ဂုဏူပစာအားဖြင့် 'ဉာဏ်အပြား'ဆိုသည် ဟူလို။

## ၂၀-ဈာန်ဝင်စားရာ အစဉ်အတိုင်း ဘယ်ဈာန်ပါလေနည်း

**မေး** ။ ။မဟဂ္ဂုတ်ဝိပါက်၊ စဉ်ဆက်သန္ဓေ၊ ထိုက်ရာနေသော်၊ ဘယ်ဈာန်အခြေထသနည်း။

**ဖြေ** ။ ။ပထမဈာန် သုံးဘုံ၌ ပထမဈာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေသည်။ ဒုတိယဈာန် သုံးဘုံ၌ ဒုတိယဈာန်ဝိပါက်စိတ်, တတိယဈာန်ဝိပါက်စိတ် နှစ်ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေသည်။ တတိယဈာန်သုံးဘုံ၌ စတုတ္ထဈာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေသည်။ စတုတ္ထဈာန် ၆ ဘုံ၌ ပဉ္စမဈာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေသည်။ ယင်းသို့ ဘုံအားလျော်စွာ ပဋိသန္ဓေနေကြသော်လည်း ရူပဗြဟ္မာဟူသမျှသည် ပဝတ္တိကာလ၌ အင်္ဂါငါးပါးရှိသော ပထမဈာန်ကို အခြေပြု၍သာ စီးဖြန်းရသည်။ ဝင်စားရသည်။ ထို့ကြောင့် ပဉ္စင်္ဂိကဈာန်ကို ပထမဈာန်ဟု ခေါ်သည်။ ထိုအနက်ကို ပြခြင်းငှာ ဋီကာကျော်၌-

ပထမဇ္ဈ ဒေသနက္ကမတော စေဝ ဥပ္ပတ္တိက္ကမတော စ

mgyoe.com

 mgyoe.com 

အာဒိဘူတတ္တာ တံ ဈာနဥ္စ အာရမ္မဏူပနိဇ္ဈာနတော ပစ္စနိကဈာပန

တော စာတိ ပထမဈာနံ- ဟူ၍ မိန့်သည်။

ဒေသနက္ကမတော စေဝ-ဒေသနာစဉ်အားဖြင့်လည်းကောင်း၊ ဥပ္ပတ္တိက္ကမ တော စ-သတ္တဝါသန္တာန်၌ ဖြစ်စဉ်အားဖြင့်လည်းကောင်း၊ အာဒိဘူတတ္တာ- အစဖြစ်သည်၏အဖြစ်ကြောင့်၊ ပထမဥ္စ-ရှေးဦးသည်လည်း၊ ဟောတိ-ဖြစ်၏၊ အာရမ္မဏူပနိဇ္ဈာနတော စ-ကသိုဏ်း စသော အာရုံကို ကပ်၍ ရှုတတ်သော ကြောင့်လည်းကောင်း၊ ပစ္စနိကဈာပနတော စ-ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏ တရားတို့ကို ဖုတ်ကြည်းတတ်သောကြောင့်လည်းကောင်း၊ ဈာနဥ္စ-ဈာန်သည် လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ ပထမဈာနံ-ပထမဈာန် မည်၏။

## ၂၁-ပဥ္စမဈာန်သန္တေနေသော ဖြဟ္မာတို့မှာ အဘိညာဉ်ရဖို့ အားထုတ်ရသေးသလော

မေး ။ ။ ပဥ္စမဈာန်၊ ကေန်သန္တေ၊ နေသူတို့မှာ၊ အဘိညာဉ်ငါးပါး၊ ထိုတရားကို အသစ်ပွားရဦးအံ့လော။

ဖြေ ။ ။ ပဥ္စမဈာန် ပဋိသန္ဓေနေသော ဗြဟ္မာဖြစ်သော်လည်း အဘိညာဉ် ငါးပါးကို အသစ်ပွားမှပင်ရသည်။ အဘယ်ကြောင့်နည်းဟူမူ ပဥ္စမဈာန် ပဋိသန္ဓေကား ဝိပါက်တရား, အဘိညာဉ်ကား ကုသိုလ်, ကြိယာတရားဖြစ် သည်။ ထို့ကြောင့် ပွားရ၏ဟူပေ။

ပဥ္စမဈာန်ဝိပါက်သည် ရှေးရှေးသော အဘိညာဉ်ကုသိုလ်၏ အကျိုး မဟုတ်လော ဟူငြားအံ့။ အဘိညာဉ်၏ အကျိုးမဟုတ်၊ အဘိညာဉ်ကား ဝိပါက် ကဋတ္တာရုပ်ကို မဖြစ်စေတတ်။ သက်သက်သော ပဥ္စမဈာန်ကသာလျှင် နာနာက္ခ ဏိကကမ္မပစ္စည်း တပ်သည်ဖြစ်၍ ဝိပါက်ကဋတ္တာရုပ်ကို ဖြစ်စေ၏ ဟူပေ။

## ၂၂-ပဥ္စမဈာန်နှစ်ပါး ထူးခြားပုံကို ပြခြင်း

မေး ။ ။ သက်သက်သော ပဥ္စမဈာန်နှင့် အဘိညာဉ်ကိစ္စ တပ်သော ပဥ္စမဈာန်သည် အဘယ်သို့ ထူးကြသနည်း။

mgyoe.com

mgyee.com

**ဖြေ** ။ ။ သက်သက်သော ပဥ္စမဈာန်မှာ ကသိုဏ်းဆယ်ပါး၊ အာနာပါနသသတိ၊ ဥပေက္ခာ ဗြဟ္မဝိဟာရအားဖြင့် (၁၂) ပါးသော ပညတ်ကို အာရုံပြု၍ ဖြစ်သည်။ အဘိညာဉ်ကိစ္စတပ်သော ပဥ္စမဈာန်နှစ်ခုတွင် ကုသိုလ်မှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ကြဉ်သော အလုံးစုံသောတရားကို အာရုံပြုသည်။ ကြိယာမှာ အလုံးစုံသောတရားကို အာရုံပြုသည်။ ။ ဤသို့ထူးကြ၏ဟူပေ။

## ၂၃-မဟဂ္ဂုတ်ချင်း တူသော်လည်း အာရုံမတူပုံကို ပြခြင်း

**မေး** ။ ။ ရူပ၊ အရူပ၊ စိတ်နှစ်ဝကို၊ တကွချုပ်၍၊ မဟဂ္ဂုတ်အမည်၊ ဆိုပြီးသည်မှ၊ ဆစိတ္တာနိ မဟဂ္ဂတေ၊ အနေဘယ့်ကြောင့်ထူးသနည်း။

**ဖြေ** ။ ။ ရူပ၊ အရူပစိတ်ကို မဟဂ္ဂုတ်ခေါ်သည်မှာ မဟန္တေဟိ ဈာနလာဘီဟိ ဂတာ မဟဂ္ဂတာ ဟူသော ဝစနတ္ထနှင့်အညီ မြတ်ကုန်သော ဈာနလာဘီပုဂ္ဂိုလ်တို့သည် ရောက်အပ်သော တရားဖြစ်သောကြောင့်လည်းကောင်း၊ မဟတ္တံ ဂတာနိ မဟဂ္ဂတာနိ ဟူသော ဝစနတ္ထနှင့်အညီ မြတ်သောအဖြစ်သို့ ရောက်သောကြောင့်လည်းကောင်း မဟဂ္ဂုတ် ခေါ်သည်။

ဆစိတ္တာနိ မဟဂ္ဂတေ၏ အရကား ဝိညာဏဉ္စာယတနစိတ် ၃ ခု၊ နေဝသညာနာသညာယတနစိတ် ၃ခု ဤ ၆ ခုသောတရားတို့သည် မိမိကိုလည်း မဟဂ္ဂုတ်မည်သည်၊ အာရုံလည်း မဟဂ္ဂုတ်စိတ်ကိုပင် အာရုံပြုသည်၊ ကြွင်းသော ၂၁ ပါးသောစိတ်တို့မှာ မိမိကား မဟဂ္ဂုတ်မည်၏။ အာရုံပြုသောအခါ ကသိုဏ်းစသော ပညတ်ကိုအာရုံပြုသည်။ မဟဂ္ဂုတ်တရားကို အာရုံမပြု။ ။ ဤသို့ထူးကြ၏ဟုဖြေ။

## ၂၄-နေဝသညာနာသညာ၏ ဝိသေသကိုပြခြင်း

**မေး** ။ ။ နေဝသညာနာသညာယတန၊ စိတ်အရသည်၊ အရူပမှာ၊ ခြင်းရာ ဘယ်သို့ထူးသနည်း။

**ဖြေ** ။ ။ သညာဝ ဝိပဿနာယ ဂေါစရဘာဝံ ဂန္တာ နိဗ္ဗေဒဇနနသမတ္ထတာယ ပဋုသညာကိစ္စသ အဘာဝတော နေဝသညာ စ ဥဏှာဒကေ တေဇော

mgyee.com

mgyoe.com

ဓာတု ဝိယ သင်္ခါရာဝသေသသုခုမဘာဝေန ဝိဇ္ဇမာနတ္တာ န အသညာတိ နေဝသညာနာသညာ သာဝေ အာယတနံ ဣမဿ သသမ္ပယုတ္တဓမ္မဿ ဈာနဿ နိဿယာဒိဘာဝတောတိ နေဝသညာနာသညာယတနံ သညာဝသေန စေတ္ထ ဈာနုပလက္ခဏံ နိဒဿနမတ္တံ။ ဝေဒနာဒယောပိ ဟိ တသ္မိံ ဈာနေနေဝ ဝေဒနာနာဝေဒနာဒိကာယေဝါတိ- ဟူသော ဋီကာကျော်ဖြင့် ဖြေ။

## အနက်ကား

သညာဝ-သညာသည်သာလျှင်၊ ဝိပဿနာယ-ဝိပဿနာဉာဏ်၏၊ ဂေါစရ ဘာဝံ-အာရုံ၏အဖြစ်ကို၊ ဂန္တွာ-ရောက်၍၊ နိဗ္ဗေဒဇနနသင်္ခါတဿ-ငြီးငွေ့ခြင်းကို ဖြစ်စေတတ်သည်ဟု ဆိုအပ်သော၊ ပဋုသညာကိစ္စဿ-ထင်ရှားသော သညာကိစ္စ၏၊ အဘာဝတော-မရှိခြင်းကြောင့်၊ နေဝသညာ စ-ထင်ရှားသော သညာမရှိသည်လည်း၊ ဟောတိ-ဖြစ်၏၊ ဥဏှောဒကေ-ရေနွေး၌၊ တေဇောဓာတု ဝိယ-ရှိသောတေဇောဓာတ်ကဲ့သို့၊ သင်္ခါရာဝသေသသုခုမဘာဝေန-သင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သောအဖြစ်ဖြင့်၊ ဝိဇ္ဇမာနတ္တာ-ရှိသေးသည်၏အဖြစ်ကြောင့်၊ န အသညာ စ-သညာမရှိ မဟုတ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ-ထိုသို့ထင်သော သညာလည်းမရှိ သိမ်မွေ့သော သညာလည်းမရှိသည်လည်း မဟုတ်သောသတ္တိကြောင့်၊ နေဝသညာနာသညာ-နေဝသညာ နာသညမည်၏၊ သာဝေ-ထိုနေဝသညာ နာသညာသည် သာလျှင်၊ သသမ္ပယုတ္တ ဓမ္မဿ-သမ္ပယုတ်တရားနှင့်တကွဖြစ်သော၊ ဣမဿ ဈာနဿ-ဤဈာန်၏၊ နိဿယာဒိဘာဝတော-မှီရာ စသည်၏အဖြစ်ကြောင့်၊ အာယတနံ-တည်ရာတည်း၊ ဣတိ-ထို့ကြောင့်၊ နေဝသညာနာသညာယတနံ-နေဝသညာနာသညာ ယတနမည်၏၊ စ-အထူးကိုဆိုဦးအံ့၊ ဧတ္ထ-ဤဈာန်၌၊ သညာဝသေန-သညာ၏အစွမ်းဖြင့်၊ ဈာနုပလက္ခဏံ-ဈာန်ကိုမှတ်ခြင်းသည်၊ နိဒဿနမတ္တံ-နိဒဿန နည်းမျှသာတည်း၊ ဟိ-သင့်စွ၊ တသ္မိံ ဈာနေ-ထိုဈာန်၌၊ ဝေဒနာဒယောပိ- ဝေဒနာ အစရှိသည်တို့သည်လည်း၊ နေဝဝေဒနာနာဝေဒနာဒိကာယေဝ-နေဝ ဝေဒနာနာဝေဒနာတို့ချည်းတည်း။

**အဓိပ္ပာယ်အကျဉ်းကား။** ။ ပုလောင်တတ် ထက်မြက်တတ်သော

mgyoe.com

mgyoe.com


သတ္တိရှိသောကြောင့် တေဇောဟု သမုတ်အပ်သော်လည်း နွေးရုံမျှသော ရေ၌ရှိသော တေဇောသည် ပူလောင်ခြင်းသဘောမရှိ၊ မအေးသောကြောင့် ပူသောသဘောမှ ကင်းသည်လည်းမဟုတ်သကဲ့သို့ ဤစိတ်ကိုလည်းကောင်း၊ စိတ်၌ယှဉ်သော ဝေဒနာ သညာ ဖဿ စသော တရားတို့ကိုလည်းကောင်း၊ လက္ခဏာရေးသို့တင်၍ သုံးသပ်ခြင်းငှာထင်သော ဝိဇာနနကိစ္စ, ဝေဒိယနကိစ္စ, သဉ္ဇာနနကိစ္စလည်းမရှိ၊ ထိုတရားတို့ ပျောက်ပျက်ကုန်ခန်းသည်လည်း မဟုတ်၊ ရှိသည်ဟုဆိုရရုံမျှသာ ဖြစ်သည်။

ထို့ကြောင့် ထိုဈာန်၌-

စိတ်လည်း-နေဝစိတ္တာ နာစိတ္တ မည်သည်။

ဝေဒနာလည်း-နေဝဝေဒနာ နာဝေဒန မည်သည်။

သညာလည်း-နေဝသညာ နာသည မည်သည်။

ယင်းသို့ မည်သော်လည်း၊ နိဒဿန နည်းအားဖြင့် သညာကိုအရင်းထား၍ ဆိုသည်ဟူလိုသောဝ်။

## ၂၅-အရူပစိတ် ၄ ပါး ပြားပုံကိုပြခြင်း

**မေး** ။ ။ဥပေက္ခာ, ဧကဂ္ဂတာ၊ အင်္ဂါအားဖြင့်၊ နှစ်ပါးချင်းသာ၊ တူကြပါလျက်၊ စိတ်မှာ ၄ ပါး၊ ဘယ်အကြောင်းဖြင့် ပြားသနည်း။

**ဖြေ** ။ ။သုပ္ပဏီတတရာ ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဣဓ။

ဥပမာ တတ္ထ ဝိညေယျာ၊ ပါသာဒတလသာဋိကာ-

ဟူသော ဂါထာနှင့်ညီစွာ ရှေးစိတ်ထက် နောက်နောက်စိတ် သိမ်မွေ့သည်၏ အစွမ်းဖြင့် ပြား၏။ (အဘိ၊ဋ္ဌ ၁။ ၂၅၄)

**ဥပမာကား**။ ။ ဘုံလေးဆင့်ရှိသော ပြာသာဒ်၌ ပထမဘုံတွင်ရှိသော ကာမဂုဏ်တို့ထက် ဒုတိယဘုံ စသည်၌ရှိသော ကာမဂုဏ်တို့သည် သိမ်မွေ့သကဲ့သို့ တစ်ဆင့်ထက်တစ်ဆင့် သိမ်မွေ့လေသည်။ မစင်တော၌ရှိသော မဏ္ဍပ်တွင် အဆင့်ဆင့်ဆွဲကာ တည်သော လူလေးဦးကဲ့သို့ တစ်ဆင့်ထက်တစ်ဆင့် ကသိုဏ်းရုပ်နှင့် ဝေးကွာသော ဥပမာကိုလည်း အဋ္ဌကထာ၌ ပြတော်မူသည်။

mgyoe.com

mgyoe.com


## ၂၆-လောကုတ္တရာစိတ်မှာ ကြိယာကင်းပုံကို ပြခြင်း

**မေး** ။ ။ လောကုတ္တရာ၊ စိတ်သချိုတွင်၊ ကြိယာဘယ့်ကြောင့် ကင်းသနည်း။

**ဖြေ** ။ ။ မဂ္ဂဿ ဧကစိတ္တက္ခဏိကတ္တာ-ဟူသော ဋီကာ၊ ဟိတ်နှင့်အညီ မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်သောကြောင့် ကြိယာကင်း၏ ဟူပေ။ မဂ်စိတ်တစ်ကြိမ်ဖြစ်ခြင်းတည်းဟူသော အကြောင်းနှင့် ကြိယာကင်းခြင်းတည်းဟူသော အကျိုးသည် မလျော်ကံတကား ဟူငြားအံ့၊ လျော်ကံ၏ဟူပေ။ ဘယ်သို့လျော်သနည်းဟူမူ ကြိယာစိတ်ဟူသည်ကား ကရဏမတ္တမေဝကိရိယာ ဟူသည်နှင့်အညီ ပြုကာမျှသာဖြစ်၍ အကျိုးမပေးတတ်သောကုသိုလ်ကို ကြိယာခေါ်သည်။ သဘောအားဖြင့် အနုဝဇ္ဇဖြစ်၍ ကုသိုလ်သဘောပင် ဖြစ်သည်။ လောကုတ္တရာစိတ်၌ မဂ်တည်းဟူသော ကုသိုလ်မှာလည်း တစ်ကြိမ်သာဖြစ်ရကား ထိုသဘောရှိသော ကြိယာစိတ် မဖြစ်နိုင်ပြီ။ ထို့ကြောင့် ကြိယာကင်း၏ ဟူပေ။ အဝိပါကသဘာဝတ္တာ ကုသလမေဝ ကြိယာ နာမ။ အဘိဓမ္မတ္ထသင်္ဂဟဒီပနီ။

## ၂၇-ပါဒက စသော ဈာန်တို့နှင့် တူဟန်ကိုပြခြင်း

**မေး** ။ ။ မဂ်ဝီထိမှာ ပါဒကဈာန်၊ သမသိတဈာန်၊ ပုဂ္ဂလဇ္ဈာသယဈာန် ၃ ခုတွင် တစ်ခုခုနှင့်တူ၏ဟူသော် တူဟန်ဘယ်သို့ဖြစ်သနည်း။

**ဖြေ** ။ ။ မဟဂ္ဂုတ်ဈာန်ကိုရပြီးသော ပုဂ္ဂိုလ်သည် မဂ်ကိုရလိုသော် မိမိရအပ်သော ဈာန်ငါးပါးတွင် တစ်ပါးပါးကို ဝင်စားပြီး၍ အခြားသော သင်္ခါရတရားတို့ကို လက္ခဏာရေးအားဖြင့် သုံးသပ်၍ ဝုဋ္ဌာနဂါမိနီဝိပဿနာဇော၊ ထို့နောက် မဂ်စိတ်သည်ဖြစ်၏။ ထိုပုဂ္ဂိုလ်အား ရှေးဝင်စားသောဈာန်သည် ဝိပဿနာ၏ အခြေခံဖြစ်သောကြောင့် ပါဒကဈာန်မည်၏။ ရသောမဂ်သည် ထိုဈာန်နှင့် အင်္ဂါအားဖြင့်တူ၏။

အကြင်ဈာနလာဘီ ပုဂ္ဂိုလ်သည် မဂ်ကိုရလိုသော် မိမိရအပ်သော ဈာန်ငါးပါးတွင် တစ်ပါးပါးကို လက္ခဏာရေးအားဖြင့် သုံးသပ်၍ ဝုဋ္ဌာနဂါမိနီ

mgyoe.com

mgyoe.com

ဝိပဿနာဇော၊ ထို့နောက် မဂ်စိတ်သည်ဖြစ်၏။ ထိုပုဂ္ဂိုလ်အား ရှေးဦး သုံးသပ်သောဈာန်သည် သမသိတဈာန်မည်၏။ ရသောမဂ်သည် သမသိတဈာန်နှင့် အင်္ဂါအားဖြင့်တူ၏။

အကြင်ဈာနလာဘီပုဂ္ဂိုလ်သည် မဂ်ကို ရလိုသော် မိမိရသော ဈာန်ငါးပါးတို့တွင် တစ်ပါးပါးကို ဝင်စား၍ ထိုမှအထက်ဖြစ်သော ဈာန်ကို လက္ခဏာရေးအားဖြင့် သုံးသပ်၍ မိမိလိုအပ်သော ဈာန်နှင့်တူစွာသော မဂ်ကိုရအံ့။ ထိုမဂ်သည် ပုဂ္ဂိုလ်၏ အလိုအားလျော်စွာ ဖြစ်သောကြောင့် ပုဂ္ဂလဇ္ဈာသယ မည်၏။ ဤ၌ ဝင်စားသောအခါ ပထမဈာန်ကို ဝင်စား၍ ဒုတိယဈာန်ကို သုံးသပ်အံ့။ ပုဂ္ဂိုလ်ကလည်း ဝင်စားရင်း ဈာန်နှင့်တူသော မဂ်ကိုရလိုအံ့။ ပထမဈာန်နှင့်တူသော ပဉ္စင်္ဂိကမဂ်သည်ဖြစ်၏။ သုံးသပ်ရင်း ဒုတိယဈာန်နှင့်တူသော မဂ်ကိုရလိုအံ့ ဒုတိယဈာန်နှင့်တူသော စတုရင်္ဂိကမဂ်သည် ဖြစ်၏။ ဘယ်ဈာန်ဟုမမှတ်မူ၍ စီးဖြန်းအံ့ အထက်ဈာန်နှင့် အင်္ဂါတူသော မဂ်သည်ဖြစ်၏။ ဤကား ပုဂ္ဂလဇ္ဈာသယအားဖြင့် ဖြစ်ခြင်းတည်း။

## ၂၈-သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ရသော မဂ်ကိုပြခြင်း

**မေး** ။ ။ ဈာန်ရပြီးသော ပုဂ္ဂိုလ်၏မဂ်မှာ ဈာန်အင်္ဂါငါးပါးဖြင့် ဖြစ်တန်စေ၊ ဈာန်မရသော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ မဂ်ကိုရသော် အဘယ်အင်္ဂါဖြင့် ဖြစ်ပါအံ့နည်း။

**ဖြေ** ။ ။ ဈာန်မရသော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့အား ဝိပဿနာနိယမအားဖြင့် ပဉ္စင်္ဂိက ပထမမဂ်သာလျှင် ဖြစ်၏ဟူပေ။

**ဆောင်ပုဒ်** ။ ။ ဈာန်ရှိ ပုဂ္ဂိုလ်၊ မဂ်ရလိုသော်၊ ထိုဈာန်အများ၊ တစ်ပါးပါးကို၊ ဝင်စားပြီးမှ၊ ပကိဏ္ဏက၊ သင်္ခါရကို၊ တိကလက္ခဏာ၊ သုံးသပ်ကာနှင့်၊ ဝုဋ္ဌာနဂါမိ၊ ဝိပဿနာတကွ၊ မဂ်ကိုရမူ၊ ရသောမဂ်သည်၊ အထက်ခြေခံ၊ ဝင်သော ဈာန်နှင့်၊ အင်္ဂါတူမြဲ မချွတ်တည်း။

ဈာနလာဘီ၊ ထိုယောဂီသည်၊ မိမိရချင်၊ ဈာန်ကိုပင်လျှင်၊ သုံးအင်လက္ခဏာ၊ တင်ကာသုံးသပ်၊ မဂ်ရလတ်သော်၊ သုံးသပ်ခဲ့ရာ၊ ဈာန်အင်္ဂါနှင့်၊ တူလာစမြဲ မချွတ်တည်း။

mgyoe.com

gyoe.com

အောက်ဈာန်အားကို၊ ဝင်စားပြီးလတ်၊ ထက်ဈာန်ရပ်မှာ၊ သုံးသပ်ခါနှင့်၊ ဝိပဿနာဝုဋ္ဌ၊ မဂ်ကိုရသော်၊ ပုဂ္ဂလအရှာ၊ အောက်ဈာန်မှာလျှင်၊ တူလိုချင်က၊ အောက်တွင်တူလတ်၊ ထက်ဈာန်ရပ်မှာ၊ တူလိုပါလည်း၊ ထက်မှာတူမြဲ၊ ထိုခပဲကား၊ ခေါ်မြဲပုဂ္ဂလရှာသယတည်း။ (ဤလင်္ကာကို အာဂုံဆောင်)

## ၂၉-မဂ်လေးပါးတို့ ကိလေသာ ပယ်ပုံကိုပြခြင်း

**မေး** ။ ။လောကုတ္တရာ၊ စိတ်မှာရှစ်ခု၊ ညစ်ကျုကိလေ၊ သာကိုခွေသည်၊ ဘယ်စိတ်အစွမ်း ပေတည့်နည်း။

**ဖြေ** ။ ။မဂ်စိတ်လေးခု၏ အစွမ်းဖြစ်သည်ဟူပေ။ အဘယ်သို့ ကိလေသာကိုခွေသနည်းဟူမူကား၊ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ ခု၊ ဤငါးခုသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်သည်။ အပါယဂမနိယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ခု ဒေါသမူဒွေ ဤကိလေသာ ၆ ပါးကို တနုကရအားဖြင့် ပယ်သည်။

သကဒါဂါမိ မဂ်ဖြင့် အပါယဂမနိယ မဖြစ်သော ဒေါသမူဒွေကိုလျှင် တနုကရအားဖြင့် ပယ်ပြန်သည်။

အနာဂါမိ မဂ်ဖြင့် ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ခု ဒေါသမူဒွေးတို့ကို အကြွင်းမဲ့ပယ်သည်။

အရဟတ္တမဂ်ဖြင့် ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ခု၊ ဥဒ္ဓစ္စသဟဂုတ် ၁ ခု ဤငါးခုသောကိလေသာတို့ကို အကြွင်းမဲ့ပယ်သည်ဟုဖြေ။

ဤကား ဒသကတိက် အရကောက်အလို။

သင်္ဂြိုဟ်ဆရာကမူကား-

သောတာပတ္တိမဂ္ဂ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေနပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမဟောတိ။

သကဒါဂါမိမဂ္ဂ ဘာဝေတွာ ရာဂဒေါသမောဟာနံ တနုကရတ္တာ သကဒါဂါမီ နာမ ဟောတိ။ သကိဒေဝ ဣမံ လောကံ အာဂန္တာ။

အနာဂါမိမဂ္ဂ ဘာဝေတွာ ကာမရာဂဗျာပါဒါနံ အနဝသေသပ္ပဟာ နေန

mgyoe.com

အနာဂါမိ နာမ ဟောတိ။ အနာဂန္တွာ ဣတ္ထတ္တံ။

အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသကိလေသပ္ပဟာနေန အရဟာနာမ ဟောတိ။ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော-

ဟူ၍ ဆိုသည်။ အဓိပ္ပာယ်မှာ ရှေးမာတိကာအတိုင်းယူလေ။

## ၃၀-လောဘမူစိတ်ပေါင်းကို ပြခြင်း

**မေး** ။ ။ နှစ်ထောင်တစ်ဆယ်၊ စွန်းကယ်မူလ၊ ၆ ခုရအောင်၊ လောဘပွားဟန် အမှန်ဘယ်သို့ မြှောက်သနည်း။

**ဖြေ** ။ ။ ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာမိစ္ဆာဒိဋ္ဌိ စ လောဘမူလေန ဇာယန္တိ-ဟူ၍လည်းကောင်း၊

သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ-ဟူ၍လည်းကောင်း

မိန့်ဆိုသော သင်္ဂြိုဟ်ပါဌ်နှင့်အညီ ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ, အဒိန္နာဒါန်, မုသာဝါဒ, ပိသုဏာဝါစာ သမ္ဖပ္ပလာပ ဤ ၇ ပါးတွင် တစ်ပါးပါးကြောင့် လောဘစိတ်ဖြစ်ရကား ၎င်းစိတ်ရှစ်ပါးကိုတည် ကံ ၇ ပါးနှင့်မြှောက်၊ ၎င်းကို အာရုံ ၆ ပါးနှင့်မြှောက်၊ ၎င်းကို ကာလ ၃ ပါးနှင့် မြှောက်၊ ၎င်းကို အဇ္ဈတ္တ, ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးနှင့် မြှောက်နှစ်ထောင် တစ်ဆယ်ခြောက်ခု ရ၏။

**ဆောင်ပုဒ်** ။ ။ စိတ်ကိုတည်ထား၊ ၇ ပါးကံ၊ ရုံ ၆ ပြန်နှင့်၊ ၃ တန်ကာလ၊ သန္တာန်ဒွ၊ မြှောက်ကြွတုံမြှောက်၊ နှစ်ထောင်တစ်ဆယ်ခြောက်။

## ၃၁-ဒေါသမူစိတ်ပေါင်းကို ပြခြင်း

**မေး** ။ ။ ငါးရာလေးခု၊ အစုမတူ၊ ဒေါသမူဝယ်၊ ကောက်ယူ ဘယ်သို့ မြှောက်မည်နည်း။

**ဖြေ** ။ ။ ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ, အဒိန္နာဒါန်, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ ဤ ၇ ပါးတွင် တစ်ပါးပါးကြောင့် ဒေါသစိတ်ဖြစ်ရကား ၎င်းစိတ်နှစ်ပါးကိုတည် ကံ ၇ ပါးနှင့်မြှောက်၊ အာရုံ

၆ ပါး, ကာလ ၃ ပါး၊ သန္တာန် ၂ ပါးနှင့်မြွက် ၅၀၄ ခုရ၏။
**ဆောင်ပုဒ်**။ ။ နှစ်တန်ဒေါသာ၊ ကံသတ္တာ၊ ရုံ, ကာ, သန်နှင့်မြွက်၊ ပွားမြောက်စုဝေး၊ ငါးရာလေး။

## ၃၂-မောဟမူစိတ်ပေါင်းကို ပြခြင်း

**မေး** ။ ။ ခုနစ်ရာနှစ်ဆယ်၊ မောဟဝယ်၊ တစ်သွယ်ဘယ်သို့ မြွက်သနည်း။
**ဖြေ** ။ ။ မောဟတည်ထား၊ ကံ,ဆယ်ပါးနှင့်၊ ၆ ပါးအာရုံ၊ အစုံသန္တာန်၊ တိကာလ၊ မြွက်ပြန် ၇၂၀ တည်း။

## ၃၃-ရူပါဝစရ စိတ်ပေါင်းကို ပြခြင်း

**မေး** ။ ။ ရူပါဝစရ၊ ကုသလမှာ၊ ဘယ်မျှစိတ်ပေါင်းပွားသနည်း။
**ဖြေ** ။ ။ ရူပစိတ်သည် စတုက,နည်း ပဉ္စကနည်းအားဖြင့် ဈာန် ၉ပါး ဖြစ်၍ သုဒ္ဓိကနဝကမည်၏။ ထိုနဝကကို ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ, သုခပဋိပဒါ ဒန္ဓာဘိညာ, သုခပဋိပဒါခိပ္ပါဘိညာ ဟူသော ပဋိပဒါလေးပါးနှင့် ယှဉ်၍ ပောတော်မူခြင်းကြောင့် နဝကလေးပါးဖြစ်၏။
ပရိတ္တ ပရိတ္တာရုံ, ပရိတ္တ အပ္ပမာဏာရုံ
အပ္ပမာဏပရိတ္တာရုံ, အပ္ပမာဏအပ္ပမာဏာရုံ
တည်းဟူသော အာရုံလေးပါးနှင့် ယှဉ်အပ်သောကြောင့်လည်း နဝက လေးပါး ဖြစ်၏။
ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ, ပရိတ္တ ပရိတ္တာရမ္မဏ စသည်ဖြင့် အာရုံပဋိပဒါရောေ၍လည်း နဝက ၁၆ ပါးဖြစ်၏။ ပေါင်းသော် နဝက ၂၅ ပါးဖြစ်၍ ဈာန်ပေါင်း ၂၂၅ ပါး ဖြစ်သတည်း။
**ဆောင်ပုဒ်**။ ။ သက်သက် ၉ ရပ်၊ ပဋိပဒ် ၄၊ အာရုံ ၄၊ ရောထွေး ၁၆၊ ပေါင်း၍မြွက်၊ ပွားမြောက်ရူပ၊ ဈာန်းဒွဒွ။
mgyoe.com

## ၃၄-မဂ်စိတ် ၄ ထောင်ပွားနည်းကို ပြခြင်း

**မေး** ။ ။မဂ်လေးပါးမှ၊ လွတ်ပွားတစ်ထောင်စီ၊ လေးထောင်ညီအောင်၊ တစ်လီဘယ်သို့ မြွက်သနည်း။

**ဖြေ** ။ ။ဈာန်ဟူသောအမည်ဖြင့် ဟောအပ်သော သောတာပတ္တိမဂ်သည် ဝိပဿနာ၏ အစွမ်းဖြင့် သုညတမဂ် အပ္ပဏိဟိတမဂ်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးကို ပဋိပဒါ ၄ ပါးနှင့်ယှဉ်၍ ဟောတော်မူသောကြောင့် ပဋိပဒါ၏ အစွမ်းဖြင့် ၈ ပါး အပြားရှိ၏။ ပဋိပဒါနှင့် မဖက်သက်သက်ဖြစ်သော အရင်းနှစ်ပါးနှင့်ပေါင်းသော် ၁၀ ပါး ဖြစ်၏။

ထို့အတူ မဂ်ဟူသော အမည်, သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, သစ္စာ, သမထ, ဝိပဿနာ, ဓမ္မက္ခန္ဓာ, အာယတန, ဓာတ်, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်ဟူသောအမည်တို့ဖြင့် ဟောရာ၌လည်း ဆယ်ပါး ဆယ်ပါးစီ ဝေဖန်အပ်သည်ဖြစ်၍ အမည်နှစ်ဆယ်၌ နည်းပေါင်း နှစ်ရာဖြစ်၏။

ထိုနည်းနှစ်ရာကို အခြားတည်ပြန်၍ အဓိပတိ လေးပါးနှင့် မြှောက်သော် နည်းပေါင်းရှစ်ရာ ဖြစ်၏။ သက်သက်နှစ်ရာနှင့် ရောသော် သောတာပတ္တိမဂ်၌ နည်းပေါင်းတစ်ထောင် ဖြစ်၏။ ။ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့၌လည်း ဤနည်းအတူ တစ်ထောင်စီချည်း ယူရမည်။

**စိတ်ပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ ပြီးပြီ။**

-- ❖ --

mgyoe.com

mgyoe.com



## စေတသိက်ပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ

### ၃၅-အာရုံ အာရမ္မဏိကနှစ်ဝတွင် ဦးစွာဖြစ်သော တရားကို ပြခြင်း

မေး ။ ။အာရုံနှင့် စိတ်၊ စေတသိက်၊ ဖြစ်ရိုးဘယ်သူ အစနည်း။

ဖြေ ။ ။အာရုံနှင့် အာရမ္မဏိကဖြစ်သော စိတ်,စေတသိက်နှစ်ပါးသည် ထိခိုက်၍ဖြစ်ကြရာတွင် ဘယ်သူ အစနည်းဟုမေးရာ၌ အာရုံဖြစ်သော တရားတို့သည် ပုရေဇာတ ပစ္စည်းတပ်သည်ဖြစ်၍ ရှေး၌ဖြစ်ရကား အစဖြစ်၏ဟု ဆိုထိုက်သည်။

အာရမ္မဏိကဖြစ်သော စိတ်, စေတသိက်နှစ်ပါးမူကား တူသောဖြစ်ခြင်း, တူသောချုပ်ခြင်း, တူသောအာရုံ, တူသောမှီရာဟုဆိုအပ်သော လက္ခဏာ ၄ ပါးနှင့် ယှဉ်သည်ဖြစ်၍ တစ်ပြိုင်နက်ဖြစ်သည်ဟု ဆိုအပ်သတည်း။

ပုရေဇာတ သဘောကား ကမ္ဘာဦး၌ဖြစ်သော နေ, လ တို့သည် နောက်မှဖြစ်၍ အလင်းကိုမှီသော သတ္တဝါတို့အား ရှေး၌ဖြစ်၍ ကျေးဇူးပြုသကဲ့သို့ ရေ, မြေ, သစ်ပင် စသော ရူပါရုံတို့သည် နောက်မှဖြစ်၍ ရှေးရှုထင်လာသော စက္ခုပသာဒ, စက္ခုဝိညာဉ်တို့နှင့်ယှဉ်သော စေတသိက်တို့အား ရှေး၌ဖြစ်၍ ကျေးဇူးပြုသည်။ သဒ္ဒါရုံ, ဂန္ဓာရုံ စသည်တို့လည်း ဤနည်းအတူပင်မှတ်လေ။

mgyoe.com

## ၃၆-စေတသိက်ကို နာမ်ဆိုရခြင်းအကြောင်းကို ပြခြင်း

မေး ။ ။ စေတသိက်ပေါင်းဖွဲ့၊ ငါးဆယ့်နှစ်ပါး၊ တရားအမှန်၊ ရုပ်နှင့်နာမ်ကို၊ ဇကန်ဘယ်သို့ ဆိုသနည်း။

ဖြေ ။ ။ စေတသိက် ငါးဆယ့်နှစ်ပါးသည် နာမ်တရား ဧကန်ဖြစ်သည်ဟုဆိုရမည်။

စေတသိက်သည် နာမ်တရားဟု ထင်ရှားလှလျက် ဤပုစ္ဆာကို ဘယ့်ကြောင့်ပြုသနည်းဟူမူ-စေတသာ၊ စိတ်ကြောင့်။ သမုဋ္ဌိတံ၊ ဖြစ်သည်တည်း။ စေတသိကံ၊ စိတ်ကြောင့်ဖြစ်သည်။ ။ ဤသို့ ဝိဂြိုဟ်ပြုသော် စိတ္တဇရုပ်ကိုလည်း စေတသိက သဒ္ဒါပဟောသောကြောင့် စိတ္တဇရုပ်ကို စင်စေခြင်းငှာ ပုစ္ဆာပြု၏ဟူပေ။

## ၃၇-ဝေဒနာငါးပါး၏ တရားကိုယ်ကို ပြခြင်း

မေး ။ ။ ငါးပါးဝေဒနာ၊ စိတ်မှာမထွေ၊ ယှဉ်၍နေသည်၊ ထိုဝေဒနာ ဘယ်ကနည်း။

ဖြေ ။ ။ စေတသိက် ဒွေပညာသတွင် ပါသောဝေဒနာတရားပင်ဟူလိုသည်။

## ၃၈-တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာအထူးကို ပြခြင်း

မေး ။ ။ တတြ မဇ္ဈတ္တတာ, ဥပေက္ခာသည် လက္ခဏာ ဘယ်သို့ထူးသနည်း။

ဖြေ ။ ။ တတြ တတြ အာရမ္မဏေ မဇ္ဈတ္တဘာဝေါ၊ တတြမဇ္ဈတ္တတာ။

တတြ တတြ အာရမ္မဏေ၊ ထိုထိုသောအာရုံ၌၊ မဇ္ဈတ္တဘာဝေါ၊ လျစ်လျူရှုသောအဖြစ်သည်။ ဝါ၊ အလယ်၌တည်သောအဖြစ်သည်။ တတြမဇ္ဈတ္တတာ၊ တတြ မဇ္ဈတ္တတာ မည်၏။

သုခဒုက္ခေဟိ ဥပေတာ ယုတ္တာ အဝိရုဒ္ဓါ ဣက္ခာ အနုဘဝနန္တိ၊ ဥပေက္ခာ။

mgyee.com

ယာ ဝေဒနာ- အကြင်ဝေဒနာသည်၊ သုခဒုက္ခေဟိ-သုခ ဒုက္ခတို့နှင့်၊ ဥပေတာ ယုတ္တာ အဝိရုဒ္ဓါ-အလိုက်အဖက် မဆန့်ကျင်သောအားဖြင့်၊ ဣက္ခာ အနုဘဝနံ-ခံစားခြင်းတည်း၊ ဣတိ တသ္မာ-ထို့ကြောင့်၊ ဥပေက္ခာ-ဥပေက္ခာ မည်၏။

ဤသို့ ဋီကာ၌ ဝစနတ္ထပြုရကား တရားလိုဘက်သို့လည်း မပါ၊ တရားခံဘက်သို့လည်း မပါ။ အလယ်၌ တည့်မတ်စွာနေ၍ တရားစီရင်သော တရားမသူကြီးကဲ့သို့ သုခဘက်သို့လည်း မပါ၊ ဒုက္ခဘက်သို့လည်း မပါ၊ အလယ်မှာ တည်၍ လျစ်လျူရှုတတ်သော တရားသည် တတြမဇ္ဈတ္တတာ မည်၏။

တရားလိုနှင့်လည်း လိုက်လျော တရားခံနှင့်လည်း လိုက်လျောအောင် ကြံဆောင်တတ်သော ရှေ့နေကဲ့သို့ သုခနှင့်လည်းကောင်း၊ ဒုက္ခနှင့်လည်းကောင်း လိုက်လျောအောင်ဖြစ်၍ လျစ်လျူရှုတတ်သော တရားသည် ဥပေက္ခာမည်၏။

ခန္ဓာအားဖြင့် တတြမဇ္ဈတ္တတာသည် သင်္ခါရက္ခန္ဓာ။ ဥပေက္ခာသည်ဝေဒနက္ခန္ဓာ။ ။ ဤသို့ ထူးကြ၏ ဟူပေ။

တစ်နည်းကား- ဥပေက္ခာရင့်, ဥပေက္ခာနုအားဖြင့် ထူးကြ၏ဟူပေ။

## ၃၉-အပ္ပမညာတရားလေးယူပုံကို ပြခြင်း

**မေး** ။ ။အပ္ပမညာ၊ ၄ ဖြာဆိုမှု၊ တရားစုကို၊ နှစ်ခုမျှသာ၊ ထင်ရှားလာသော်၊ ကြွင်းရာဘယ်သို့ ကောက်သနည်း။

**ဖြေ** ။ ။အဗျာပါဒေန မေတ္တာ ဟိ၊ တတြမဇ္ဈတ္တတာယ စ။

ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ န ဂဟိတာ ဥဘောတိ။

ဟိ-အဖြေကို ဆိုလိုက်အံ့၊ အဗျာပါဒေန-အဒေါသ စေတသိက်ဖြင့်၊ မေတ္တာ-မေတ္တာကို၊ ဂဟိတာ-ယူအပ်၏၊ တတြမဇ္ဈတ္တတာယစ-တတြမဇ္ဈတ္တတာ စေတသိက်ဖြင့်လည်း၊ ဥပေက္ခာ-ဥပေက္ခာကို၊ ယသ္မာ-အကြင်ကြောင့်၊ ဂဟိတာ-ယူအပ်၏၊ တသ္မာ-ထိုသို့ယူအပ်သောကြောင့်၊ ဥဘော-နှစ်ပါးသော မေတ္တာ, ဥပေက္ခာတို့ကို၊ န ဂဟိတာ-မယူအပ်သတည်း။ ဤသို့ ဋီကာမိန့်သော ကြောင့်-

သတ္တဝါတို့၌၊ မမုန်းခြင်း, အကျိုးစီးပွားကိုလိုခြင်း လက္ခဏာရှိသော

mgyoe.com

အဒေါသသည်ပင် မေတ္တာမည်၏။

ထိုထိုသောအာရုံ၌ လျစ်လျူရှုတတ်သော တတြမဇ္ဈတ္တတာသည်ပင် ဥပေက္ခာမည်၏။

ဤနှစ်ပါးကို သောဘဏာသာဓာရဏ အမည်ဖြင့် ယူခဲ့ပြီးဖြစ်ရကား ကရုဏာ မုဒိတာ နှစ်ပါးကိုသာ အပ္ပမညာဟူ၍ ပြလေသည်။ ယင်းသို့ပြသော်လည်း အပ္ပမညာကား ဤနှစ်ပါးသာမဟုတ်၊ လေးပါးဖြစ်သောကြောင့် ဣမေ ဒွေဟု သချ်ာမချုပ်ဘဲ ဆိုလေသည် မှတ်ရမည်။

## ၄၀-ပီတိနှင့် သောမနဿ အထူးကို ပြခြင်း

**မေး ။** ။ ပီတိသဘော၊ သောမနဿ၊ ဤအရမှာ၊ လက္ခဏာ ဝေါဟာ အထူး ဘယ့်နှယ်နည်း။

**ဖြေ ။** ။ ကိုယ်၌ဖြစ်သော ဝေဒနာကို သုခ ,စိတ်၌ ဖြစ်သောဝေဒနာကို သောမနဿဟူ၍ ဣန္ဒြိယဘေဒ၌ ခွဲ၍ဟောသည်။ ခံစားတတ်သော အနုဘဝနလက္ခဏာ၌ကား သောမနဿလည်း သုခသဘောပင်ဖြစ်သည်။ထို့ကြောင့် သုခနှင့် ပီတိထူးသကဲ့သို့ သောမနဿနှင့် ပီတိလည်း ထူးကြ၏ဟုဆိုရမည်။

ပီတိနှင့် သုခ ဘယ်သို့ထူးသနည်းဟူမူ တောအုပ်၌ ရေသိပ်၍ ရှာဖွေသော ယောကျ်ားသည် ရေကိုမြင်သောအခါ နှစ်သိမ့်ခြင်းကဲ့သို့ အာရုံကိုမြင်၍, ကြား၍ နှစ်သိမ့်ခြင်းသည် ပီတိ၏ သဘောဖြစ်၏။

မြင်သော ရေကို သုံးရသောအခါ ကိုယ်စိတ်ချမ်းသာသကဲ့သို့ အာရုံကို ဝမ်းမြောက်စွာ ခံစားခြင်းသည် သုခ၏သဘောဖြစ်သည်။ ။ ဤသို့ထူးကြ၏ဟူပေ။ ထို့ကြောင့် ဋီကာ၌-

တတ္ထ အာရမ္မဏပဋိလာဘေ ပီတိယာ ဝိသေသော ပါကဋော၊ ယထာလဒ္ဓဿ အနုဘဝနေ သုခဿဝိသေသော ပါကဋော-

စသည်ဖြင့် မိန့်၏။

mgyoe.com

 mgyoe.com


## ၄၁-ဥဒ္ဒစ္စစိတ်၌ ဧကဂ္ဂတာယှဉ်ပုံကို ပြခြင်း

မေး ။ ။ ဥဒ္ဒစ္စနှင့်၊ ဧကဂ္ဂတာ၊ ဖြစ်ခြင်းရာသည်၊ တည်ကြည်ပျံ့လွင့်၊ ဆန့်ကျင်ခွင့်ကို၊ အသင့် ဘယ်သို့ ကြံသနည်း။

မှတ်ချက် ။ ။ ဧကဂ္ဂတာကား တစ်ခုတည်းသော အာရုံကို ယူသည် ဖြစ်၍ တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း လက္ခဏာ ရှိသည်၊ ထိုစေတသိက်သည်လည်း သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဖြစ်၍ အလုံးစုံသောစိတ်နှင့်ယှဉ်သည်။ ထို ဧကဂ္ဂတာသည် ပျံ့လွင့်တုန်လှုပ်တတ်သော ဥဒ္ဒစ္စသမ္ပ ယုတ်စိတ်၌ ဘယ်သို့ယှဉ်ပါအံ့နည်း။ လက္ခဏာချင်း ဆန့်ကျင်လှ၏တကားဟူ၍ မေးသည်။

ဖြေ ။ ။ ဥပမာကား မြင်းကိုစီးသော ယောက်ျားသည် မြင်း၏အလိုသို့ အတန်ငယ်လိုက်၍ လိုက်၍ မိမိ၏အလိုသို့ပါအောင် ဆုံးမသကဲ့သို့ ပျံ့လွင့်တတ်သော ဥဒ္ဒစ္စကို လွန်စွာမပျံ့လွင့်စေဘဲ တစ်ခုသောအာရုံ၌ တစ်ဝီထိလည်းကောင်း, နှစ်ဝီထိလည်းကောင်း, သုံးဝီထိလည်းကောင်း တည်စေ၍ ယှဉ်သည်ဟုဖြေ။ ထို့ကြောင့် မဏိမဉ္ဇူ၌-

ဥဒ္ဒစ္စ သဟဂတ စိတ္တေ ပနာယံ အသာဒမ္မကပုရိသော ဝိယ ဒဋ္ဌဗ္ဗောဟု ဆိုတော်မူသည်။

## ၄၂-ဝိရတီ ၃ တန် ရှောင်ကြဉ်ဟန် အထူးကိုပြခြင်း

မေး ။ ။ ဝိရတီ (၃) ခု၊ ကြဉ်သည့်မှုမှာ၊ ရှေးကပြုသည့်၊ ဒုစရိုက်ကို ကြဉ်သလော။ မပြုသေးသော ဒုစရိုက်ကို ကြဉ်သလော။ သဘောထက်ကြပ်၊ တွေ့လတ်သောခါ၊ ခွာရန်တစ်ခု၊ ထို ၃ ခုတွင် ဘယ်မှုဝီထိတို့ပေနည်း။

မှတ်ချက်။ ။ ဝိရတီ ၃ ခုသည် ဒုစရိုက်ကို ကြဉ်၏ဆိုသော် ရှေးပြုပြီးသော ဒုစရိုက်လည်း ချုပ်လေပြီးဖြစ်၍ ကြဉ်ဖွယ် မရှိ၊ မပြုသေးသော ဒုစရိုက်လည်း မရှိသေးဖြစ်၍ ကြဉ်ဖွယ်မရှိ၊ တွေ့ဆဲသော ဒုစရိုက်ကိုသာ ကြဉ်ဖွယ်ရှိသည်။ ထိုကာလ ၃ ပါးတွင် အဘယ်ကာလ၌ဖြစ်သော ဒုစရိုက်ကို အာရုံပြု၍ ဝီထိကျသဖြင့် ကြဉ်ခြင်းဖြစ်သနည်းဟု မေးသည်။

ဖြေ ။ ။ လွန်လေပြီးသော ဒုစရိုက်ကိုကား မကြဉ်နိုင်, ပြုဆဲသော်

mgyoe.com

ဒုစရိုက်ကိုလည်းကောင်း၊ နောင်ပြုလတ္တံ့သော ဒုစရိုက်ကိုလည်းကောင်း ကြဉ်သည်ဖြစ်၍ ပစ္စုပ္ပန်, အနာဂတ် နှစ်ပါးကို အာရုံပြု၍ ဝိထိကျ၏ဟူပေ။

ဥပမာကား ။ ။သီးဆဲသော သစ်ပင်ကိုသတ်လျှင် ပစ္စုပ္ပန်အသီးကိုလည်းကောင်း, နောင်သီးလတ္တံ့သည်ကိုလည်းကောင်း ဖျက်ဆီးသည် မည်သကဲ့သို့တည်း။

ဤဝိရတီ၌ အာဇီဝဟောတုကို မငဲ့မူ၍ ဘယ်သို့ကြဉ်သနည်း။ အာဇီဝဟောတုကို ငဲ့၍ ဘယ်သို့ကြဉ်သနည်း။

ကာယဒုစရိုက် ၃ ပါး, ဝစီဒုစရိုက် ၄ ပါးအားဖြင့် ၇ ပါးသော ဒုစရိုက်တို့သည် အသက်မွေးကြောင်းဖြစ်သော ဒုစရိုက်, အသက်မွေးကြောင်း မဖြစ်သော ဒုစရိုက်အားဖြင့် နှစ်ပါးပြား၏။

ထိုနှစ်ပါးတို့တွင် မုဆိုး တံငါတို့၏ ပါဏာတိပါတ, ခိုးသူ, လူကောက် စသည်တို့၏ အဒိန္နာဒါန်, ပြည့်တန်ဆာမ စသည်တို့၏ မိစ္ဆာစာရသည်လည်းကောင်း၊ နှုတ်, သူရင်းငှား စသည်တို့၏ မုသာဝါဒ၊ သူလျှို, ကုန်းသမား စသည်တို့၏ ပိသုဏာဝါစာ၊ သဘင်သည် စသည်တို့၏ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတို့သည်လည်းကောင်း အသက်မွေးကြောင်းဖြစ်၍ မိစ္ဆာအာဇီဝမည်ကုန်၏။ ထိုမိစ္ဆာဇီဝမျိုးတစ်ခုခုကို အရင်းထား၍ ၇ ပါးလုံးမှ ကြဉ်ရာ၌ သမ္မာအာဇီဝဖြစ်၏။

အမျိုးကောင်းသားတို့သည် တစ်ရံတစ်ခါ ပြုအပ်သော ပါဏာတိပါတ, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက် ၃ ပါးသည် အသက်မွေးကြောင်း မဟုတ်ရကား မိစ္ဆာကမ္မန္တမည်၏။ ထိုမိစ္ဆာကမ္မန္တမျိုးမှ ကြဉ်ရာ၌ သမ္မာကမ္မန္တ ဖြစ်၏။

အမျိုးကောင်းသားတို့သည် အမှတ်မဲ့ ပြောဆိုအပ်သော မုသာဝါဒ ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက် ၄ ပါးတို့သည်လည်း အသက်မွေးကြောင်း မဟုတ်သောကြောင့် မိစ္ဆာဝါစာမည်၏။ ထိုမိစ္ဆာဝါစာမှ ကြဉ်ရာ၌ သမ္မာဝါစာ ဖြစ်၏။

အသက်မွေးကြောင်း မဟုတ်သော ကာယဒုစရိုက်မှ ကြဉ်သည်ကိုလည်းကောင်း, အသက်မွေးကြောင်း မဟုတ်သော ဝစီဒုစရိုက်မှ ကြဉ်သည်ကိုလည်းကောင်း အာဇီဝဟောတုကို မငဲ့မူ၍ ကြဉ်သည်ဟု ဆိုသည်။

mgyoe.com

mgyoe.com


အသက်မွေးကြောင်းဖြစ်သော ထိုဒုစရိုက် ၇ ပါးတို့မှ ကြဉ်သည်ကို အာဇီဝဟေတုကို ငဲ့၍ ကြဉ်သည်ဟု ဆိုသည်။

ထိုအဓိပ္ပာယ်ကို ပြခြင်းငှာ အဋ္ဌသာလိနီ၌-

ကာယဒွါရေ ပန ဝီတိက္ကမော အာဇီဝဟေတုကောပိ အတ္ထိ န အာဇီဝဟေတုကောပိ၊ တတ္ထ ဝစီဒွါရေ၊ တတ္ထ ယံ ရာဇရာဇမဟာမတ္တာ ခိဍ္ဍာပသုတာ သူရဘာဝံ ဒဿေန္တော မိဂဝံ ဝါ ပန္ထဒူဟံ ဝါ ပရဒါရ ဝီတိက္ကမံ ဝါ ကရောန္တိ၊ ဣဒံ အကုသလံ ကာယကမ္မံ နာမ။ တတော ဝိရတိပိ သမ္မာကမ္မန္တော နာမ၊ ယံ ပန န အာဇီဝဟေတုကံ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ ဘာသန္တိ၊ ဣဒံ အကုသလံ ဝစီကမ္မံ နာမ၊ တတော ဝိရတိပိ သမ္မာဝါစာ နာမ။ ယံ ပန အာဇီဝဟေတု နေသာဒမစ္ဆဗန္ဓာ ဒယောပါဏံ ဟနန္တိ၊ အဒိန္နံ အာဒိယန္တိ၊ မိစ္ဆာစာရံ စရန္တိ၊ အယံ မိစ္ဆာ ဇီဝေါနာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ။ ယမ္ပိ လဉ္စံဂဟေတွာ မုသာဘဏန္တိ၊ ပေသုည ဖရုသ သမ္ဖပ္ပလာပေ ပဝတ္တေန္တိ၊ အယမ္ပိ မိစ္ဆာဇီဝေါနာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ-

ဟူ၍ မိန့်အပ်ပြီ။

ကာယဒွါရေ-ကာယဒွါရ၌၊ ဝီတိက္ကမော-လွန်ကျူးခြင်းသည်၊ အာဇီဝဟေတုကောပိ-အသက်မွေးခြင်း၏ အကြောင်းသည်လည်း၊ အတ္ထိ-ရှိ၏၊ နအာဇီဝဟေတုကောပိ-အသက်မွေးခြင်း၏ အကြောင်းမဟုတ်သည်လည်း၊ အတ္ထိ-ရှိ၏၊ တထာ-ထို့အတူ၊ ဝစီဒွါရေ-ဝစီဒွါရ၌၊ ဝီတိက္ကမော-လွန်ကျူးခြင်းသည်၊ အာဇီဝဟေတုကောပိ-သည်လည်း၊ အတ္ထိ-ရှိ၏၊ န အာဇီဝဟေတုကောပိ-သည်လည်း၊ အတ္ထိ-ရှိ၏၊ တတ္ထ-ထိုနှစ်ပါးတို့တွင်၊ ခိဍ္ဍပသုတာ-မြူးထူးခြင်း၌ လေ့လာကုန်သော၊ ရာဇရာဇမဟာမတ္တာ-မင်း, မင်း၏ အမတ်ကြီးတို့သည်၊ သူရဘာဝံ-ရဲရင့်သောအဖြစ်ကို၊ ဒဿေန္တော-ပြလျက်၊ ယံ မိဂဝံ ဝါ-အကြင် သားသတ်ခြင်းကိုလည်းကောင်း၊ ယံ ပန္ထဒူဟံ ဝါ-အကြင်ခရီး၌ စောင့်၍ လုယက်ခြင်းကိုလည်းကောင်း၊ ယံ ပရဒါရဝီတိက္ကမံ ဝါ-အကြင်သူတစ်ပါး၏ မယားကို လွန်ကျူးခြင်းကိုလည်းကောင်း၊ ကရောန္တိ-ပြုကုန်၏၊ ဣဒံ အကုသလံ-ဤအကုသိုလ်သည်၊ ကာယကမ္မံ နာမ-ကာယကံမည်၏၊ တတော-ထိုကာယ

ကံမှ၊ ဝိရတိပိ-ကြဉ်ခြင်းသည်လည်း၊ သမ္မာကမ္မန္တော နာမ-သမ္မာကမ္မန္တမည်၏။

န အာဇီဝဟေတုကံ-အသက်မွေးခြင်း၏ အကြောင်းမဟုတ်သော၊ စတုဗ္ဗိဓံ-လေးပါးအပြားရှိသော၊ ယံ ပန ဝစီဒုစရိတံ-အကြင်ဝစီဒုစရိုက်ကို၊ ဘာသန္တိ-ပြောဆိုကုန်၏၊ ဣဒံ အကုသလံ-သည်၊ ဝစီကမ္မံ နာမ-ဝစီကံမည်၏၊ တတော-ထိုဝစီကံမှ၊ ဝိရတိပိ-ကြဉ်ခြင်းသည်လည်း၊ သမ္မာဝါစာ နာမ- သမ္မာဝါစာ မည်၏။

အာဇီဝဟေတု-အသက်မွေးခြင်း၏ အကြောင်းဖြစ်သော၊ နေသာဒမစ္ဆဗန္ဓာဒယော-မုဆိုး တံငါ အစရှိသည်တို့သည်၊ ယံ ပါဏံ-အကြင်သူ၏ အသက်ကို၊ ဟနန္တိ-သတ်ကုန်၏၊ ယံ အဒိန္နံ-အကြင်အရှင်မပေးသော သူ၏ဥစ္စာကို၊ အာဒိယန္တိ-ခိုးယူကုန်၏၊ ယံ မိစ္ဆာစာရံ-အကြင်မှားသောအကျင့်ကို၊ စရန္တိ-ကျင့်ကုန်၏၊ အယံ-ဤသို့ကျင့်ခြင်းသည်၊ မိစ္ဆာအာဇီဝေါ နာမ-မိစ္ဆာအာဇီဝ မည်၏။ တတော-ထိုမိစ္ဆာအာဇီဝမှ၊ ဝိရတိ-ကြဉ်ခြင်းသည်၊ သမ္မာအာဇီဝေါ နာမ-သမ္မာအာဇီဝ မည်၏။

ယံ လဉ္ဇံ-အကြင်တံစိုးကို၊ ဂဟေတွာ-ယူ၍၊ မုသာ-ချွတ်ယွင်းသော စကားကို၊ ဘဏန္တိ-ဆိုကုန်၏၊ ပေသုည ဖရုသ သမ္ဖပ္ပလာပေ-ချောပစ်သော စကား, ရုန့်ရင်းသော စကား, ပြိန်ဖျင်းသော စကားတို့ကို၊ ပဝတ္တေန္တိ-ဖြစ်စေကုန်၏၊ အယမ္ပိ-ဤမကောင်းမှုသည်လည်း၊ မိစ္ဆာအာဇီဝေါ နာမ-မိစ္ဆာအာဇီဝ မည်၏၊ တတော-ထိုမိစ္ဆာအာဇီဝမှ၊ ဝိရတိ-ကြဉ်ခြင်းသည်၊ သမ္မာအာဇီဝေါ နာမ-သမ္မာအာဇီဝ မည်၏။

## ၄၃-အတတ်များစွာ အရာရာ, ပညာဆိုသင့် မဆိုသင့်ကို ပြခြင်း

**မေး** ။ ။ပန်းရန်, ပန်းပု၊ လုပ်မှုများစွာ၊ ထွေပြားစွာသည်၊ ပညာစေတသိက်ပင်လော။

သေနတ်အမြောက်၊ မီးပေါက်လုံးဓား၊ မြား, မြှုး, ပိုက်, ကွန်၊ အလွန်များစွာ၊ လုပ်ဆောင်ရာသည်၊ ပညာစေတသိက်ပင်လော။

**ဖြေ** ။ ။ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အဝဗုဇ္ဈတီတိ ပညာ။

mgyee.com

mgyoe.com

သာ ဧဝ ယထာသဘာဝါဝဗောဓနေ အာဓိပစ္စယောဂတော ဣန္ဒြိယန္တိပညိန္ဒြိယံ။

ယာ ဓမ္မဇာတိ-အကြင်တရားသဘောသည်၊ ပကာရေန-ယုတ် လတ် မြတ်အား အပြားအားဖြင့်၊ ဇာနာတိ-သိတတ်၏၊ အနိစ္စာဒိဝသေန-အနိစ္စ အစ ရှိသည်တို့၏ အစွမ်းဖြင့်၊ အဝဗုဇ္ဈတိ-ဟုတ်မှန်စွာ သိတတ်၏၊ ဣတိတသ္မာ-ထိုသို့မှန်စွာ သိတတ်သော သတ္တိကြောင့်၊ သာ ဓမ္မဇာတိ-ထိုတရားသဘော သည်၊ ပညာ-ပညာမည်၏၊ သာ ဧဝ-ထိုပညာသည်သာလျှင်၊ ယထာသဘာ ဝါဝဗောဓနေ-ဟုတ်မှန်တိုင်းသော သဘောကို ထိုးထွင်း၍သိခြင်း၌၊ အာဓိ ပစ္စယောဂတော-အစိုးရသောအဖြစ်နှင့် ယှဉ်ခြင်းကြောင့်၊ ဣန္ဒြိယံ-ဣန္ဒြေမည် ၏၊ ဣတိ-ထို့ကြောင့်၊ ပညိန္ဒြိယံ-ပညိန္ဒြေမည်၏။

ဤသို့ ဋီကာတို့ ဝစနတ္ထပြသောကြောင့် ပန်းရန်, ပန်းပု စသော လုပ်မှု အပြား, သေနတ်, မီးပေါက် စသော ဝတ္ထုအပြား၌ ဟုတ်မှန်စွာသိသောဉာဏ် သည် ပညာစေတသိက်ပင်ဟူပေ။

အနိစ္စာဒိဝသေနဟု ဋီကာဆိုသည် မဟုတ်လော။ ဤခန္ဓာကို လက္ခဏာ ရေးအားဖြင့် ထိုးထွင်း၍သိခြင်းကိုသာ ပညာဟု ယူသင့်ပါ၏တကား ဟူငြားအံ့။ အနိစ္စာဒိ၌ အာဒိသဒ္ဒါဖြင့် သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်း ဟူသော ဉေယျတရားအားလုံးကိုပင် ယူကောင်းရကား ပညတ်ဖြစ်သော ပန်းရန်, ပန်းပုအတတ်၊ သေနတ်, မီးပေါက် စသော အတတ်တည်းဟူသော လက်မှု ပညာ, နှုတ်မှုပညာတို့ကို ယူသင့်၏။

ဤတွင်သာမက မိမိကိုသတ်အံ့ဟု ကြံသောသူအား ပြန်၍သေကြောင်း ကြံသော အမှုကိုပင် ဉာဏ်ပညာရှိသည်ဟု အနာထပိဏ်သူဌေး၏ ကျွန်မဝတ္ထု, ကုဏ္ဍလကေသီ၏ ဝတ္ထုတို့၌ ဟောတော်မူ၏ဟု ဖြေ။

၁။ ပညာသည် အကုသိုလ်ကို အာရုံပြု၏လော ဟူငြားအံ့။ ပညာ၏ယှဉ်ရာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် (၄) ခုသည် အရဟတ္တမဂ်, ဖိုလ် ကြဉ်သော အလုံးစုံသောတရားကို အာရုံပြု၏ ဟူပေ။

၂။ အာရုံပြုနိုင်သော် မဟာကုသိုလ်စိတ်နှင့် သတ်ကြောင်း လုံ့လကိုပြု သလောဟူငြားအံ့။ ကုသိုလ်စိတ်နှင့်ကား သတ်ကြောင်း လုံ့လကိုမပြု၊ ဤသို့စီမံသော် ငါချမ်းသာ၍ ဤသူပျက်စီးလတ္တံ့ဟု ကုသိုလ်စိတ်နှင့် သိ၏။ သိပြီးမှ ဒေါသစိတ်နှင့် သတ်ကြောင်းလုံ့လကို ပြု၏။ ထိုသို့ပြု

mgyoe.com

သော်လည်း သိတတ်သော စိတ်သည် သတ်ခြင်းကိစ္စကို ပြီးစေသော သန္တတိပစ္စုပ္ပန်၌ ဝင်လေရကား ဒေါသ၏ ရှေ့ကျသောကုသိုလ်၌ ပါသော ဉာဏ်ကိုပင် 'သမီပူပစာ' အားဖြင့် သေကြောင်းကြံသောဉာဏ်ဟု ဆိုသည်ဟူ၍ ယူရမည်။

၃။ ဋီကာဆရာ၏ စကားအစွန်းအစကို နှိုင်းဆ၍သာဆိုသလော ဘုရားဟော သာဓကကို ပြပါဦး ဟူငြားအံ့။

ဝိဘင်း ကျမ်းမြတ်၏ ၁၀ ရပ်သော ဝိဘင်းတို့တွင် ဉာဏ ဝိဘင်းပါဠိ တော်၌-

ကမ္မာယတနံ, သိပ္ပါယတနံ ဝိဇ္ဇဋ္ဌာနံ စသည်ဖြင့် ဟော တော်မူသည်။ ထိုပါဠိကို သမ္မော အဋ္ဌကထာ၌၊

ကမ္မဥ္စ တံ အာယာတနဥ္စ အာဇီဝါဒိနန္တိပိ ကမ္မာယတနံ။ သိပ္ပါယ တနေသုပိ ဧသေဝ နယော။ တတ္ထဒုဝိဓံ ကမ္မံဟီနဥ္စ ဥက္ကဋ္ဌဥ္စ။ တတ္ထ ဟီနံ နာမ ဝဍ္ဎကီကမ္မံ ပုပ္ဖဆဍ္ဍကကမ္မန္တိ ဧဝမာဒိ။ ဥက္ကဋ္ဌံ နာမ ကသိ ဝါဏိဇ္ဇာဂေါ ရက္ခန္တိ ဧဝမာဒိ- စသည်ဖြင့် ဖွင့်ပြတော်မူသည်။

အသက်မွေးခြင်း စသည်တို့၏ တည်ရာဖြစ်သော အမှုလုပ်ခြင်းသည် ကမ္မာယတန မည်၏။

အသက်မွေးခြင်း စသည်တို့၏ တည်ရာဖြစ်သော အတတ်သည် သိပ္ပါ ယတန မည်၏။

ထိုနှစ်ပါးတွင် အမှုလုပ်သည်လည်း ဟီနဥက္ကဋ္ဌအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင် လက်သမားအမှု, ပန်းသွန်းအမှုတို့သည် ဟီနမည်၏။ လယ်လုပ် ခြင်း, ကုန်သွယ်ခြင်း, ကျွဲ နွား မွေးခြင်း စသော အမှုတို့သည် ဥက္ကဋ္ဌမည်၏။

အတတ်သည်လည်း ဟီန ဥက္ကဋ္ဌအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ကျူဖျာရက်သောအတတ်, ရက်ကန်းသည်အတတ်, အိုးထိန်းသည်အတတ်, သားရေနယ်အတတ်, ခဝါသည်အတတ်တို့သည် ဟီန မည်၏။

ဂဏန်းအတတ်, စာရေးအတတ်, ဆေးအတတ် စသည်တို့သည် ဥက္ကဋ္ဌ မည်၏။ ထိုအမှု ထိုအတတ်တို့ကို ကြံ၍သိခြင်းသည် ဉာဏ်မည်၏ဟူ၍ ပြတော် မူသည်။

mgyoe.com

## ၄၄-အသိ ၃ ပါး ပြားပုံ အထူးကို ပြခြင်း

**မေး ။** ။သညာ, ဝိညာဉ်, ပညာ၊ သိသည်မှာ လက္ခဏာဘယ်သို့ ကွဲသနည်း။

သညာသည် အာရုံကိုမှတ်၍ သိတတ်သောသဘော, ဝိညာဉ်လည်းအာရုံကိုသိတတ်သော သဘော, ပညာလည်း အာရုံကို အပြားအားဖြင့် သိတတ်သော သဘောရှိသော် ဤ ၃ ပါးသောတရားသည် ဘယ်သို့ထူးကြသနည်း။

**ဖြေ ။** ။သညာသည် အညို-အပြာ စသော အဆင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ကောင်းသည် မကောင်းသည် စသောသတ္တိ၏အစွမ်းဖြင့်လည်းကောင်း မှတ်၍သိကာမျှကို ပြုတတ်၏။ သဘောလက္ခဏာကို သိခြင်းငှာမတတ်နိုင်။

ဝိညာဉ်သည် သဘောလက္ခဏာတိုင်အောင် သိတတ်၏။ အကြွင်းမဲ့ထိုးထွင်း၍ မဂ်ကို ရောက်စိမ့်သောငှာကား မတတ်နိုင်။

ပညာမူကား ဤ (၃) ပါးသော ကိစ္စကိုပင် ပြီးစေ၏။

ဥပမာကား ရွှေကို ကောက်၍ရသော သူငယ်သည် ဤဝတ္ထုကား တန်ဆာဆင်ကောင်းသော ဝတ္ထုတည်းဟုသိသကဲ့သို့ သညာကမှတ်၍သိသည်။ ထိုသူငယ်၏မိဘသည် ဤဝတ္ထုကား မြတ်နိုးအပ်သော ရွှေရတနာတည်းဟု သိသကဲ့သို့ ဝိညာဉ်ကသိသည်။

ရွှေပန်းထိမ်သည် ဤဝတ္ထုကား ၇ မူးရည်ရှိ၏။ ၈ မူးရည်ရှိ၏။ အဖိုးဤမျှတန်၏ဟု အကြွင်းမဲ့ သိသကဲ့သို့ ပညာက သိသည်။

ထို့ကြောင့် ဋီကာ၌-

ဗာလဂါမိက ဟေရညိကာနံ ကဟာပဏာဝဗောဓနေမေတ္ထ နိဒဿနန္တိ ဟူ၍ မိန့်သည်။

ထွေ-ဤသညာ, ဝိညာဉ်, ပညာတို့၏ အာရုံကို သိကြရာ၌၊ ဗာလဂါမိက ဟေရညိကာန်-သူငယ်, ရွာသူ, ရွှေပန်းထိမ်သည်တို့၏၊ ကဟာပဏာဝဗောဓနံ-ရွှေအသပြာကို အစွမ်းအားလျော်စွာ သိကြခြင်းသည်၊ နိဒဿန်-သက်သေတည်း။

စာသင်ရာ၌ အက္ခရာကို စပ်၍ ဖတ်တတ်ကာမျှ သိသောသူ, မတန့်မနား

mgyoe.com

mgyoe.com

သွားအောင် ဖတ်ခြင်း၌ သိသောသူ, သဘောအဓိပ္ပာယ်နှင့်တကွ သိသောသူ ဤသုံးယောက်တို့ကိုလည်း သက်သေတင်အပ်၏။

## ၄၅-ဝိတက်, စေတနာ, မနသိကာရ ၃ ပါး အထူးကို ပြခြင်း

**မေး** ။ ။ ဝိတက် စေတနာ၊ မနသိကာရ၊ ဓမ္မ ၃ အင်၊ ရှေးရှုတင်သော်၊ ဘယ်လျှင်ဘယ်သို့ထူးသနည်း။

**ဖြေ** ။ ။ ဝိတက်သည် သဟဇာတ် တရားတို့ကို အာရုံသို့ ရှေ့ဆောင် တတ်သောကြောင့် ထိုတရားတို့ကို အာရုံ၌ထည့်သကဲ့သို့ ဖြစ်၏။

စေတနာသည် ဝိတက်ရှေးရှု တင်ပြီးသော တရားတို့ကို အာရုံ၌ မပြတ် ယှဉ်စေ၏။

မနသိကာရသည် သတ္တိပြားကြသော တရားတို့ကို တစ်ခုသောကိစ္စ၌ ညီစိမ့်သောငှာ ညီညွတ်၏။

ဥပမာကား စစ်သည်အများကို စစ်ထိုးတက်စိမ့်သောငှာ ဆော်,သောသူ ကဲ့သို့ ဝိတက်ကို မှတ်အပ်၏။

တက်ပြီး၍ ဆိုင်မိသောစစ်သည်ကို မဆုတ်ဘဲစစ်ထိုးစိမ့်သောငှာ ကွပ်ကဲ သောသူကဲ့သို့ စေတနာကိုမှတ်အပ်၏။

လက်နက်, သတ္တိ မတူကြသော်လည်း ထိုး, ခုတ်ခြင်းကိစ္စ၌ ညီမျှစိမ့် သောငှာ စီရင်သောသူကဲ့သို့ မနသိကာရကို မှတ်အပ်၏။

တစ်နည်းကား။ ။ မြင်းကသော ရထားကို သွားစိမ့်သောငှာ ရှေးဦးစွာ နှင်သော ပယောဂကဲ့သို့ ဝိတက်ကို မှတ်အပ်၏။

သွားသောရထား၏ မတန့်နားစိမ့်သောငှာ ထပ်မံကာ နှင်သော ပယောဂ ကဲ့သို့ စေတနာကို မှတ်အပ်၏။

အသွားမညီသောမြင်းကို ညီစိမ့်သောငှာ ညှိသကဲ့သို့ မနသိကာရကို မှတ်အပ်၏၊ ဤကား အထူးတည်း။ ဋီကာ၌ ဥပမာ တခြားစီဆိုသောကြောင့် သိခက်ရကား တရား ၃ ခုကို ဥပမာတစ်ခု၌ စု၍ ပြလိုက်သည်။

mgyoe.com

## ၄၆-ဉာဏ်နှင့်ဒိဋ္ဌိ အသိထူးပုံကို ပြခြင်း

**မေး** ။ ။ဉာဏ်နှင့်ဒိဋ္ဌိ၊ သိတတ်, မြင်တတ်၊ ဤနှစ်ရပ်မှာ၊ လက္ခဏာ ဘယ်သို့ခွဲမည်နည်း။

**ဖြေ** ။ ။ဉာဏံ ဟိ အာရမ္မဏံ ယထာ သဘာဝတော ဇာနာတိ၊ ဒိဋ္ဌိ ယထာသဘာဝံ ဝိဇဟိတွာ အယထာဝတော ဂဏှာတီတိ အယမေတေသံ ဝိသေသော။

ဟိ-ထူးဟန်ကို ဆိုလိုက်အံ့၊ ဉာဏံ-ဉာဏ်သည်၊ အာရမ္မဏံ-အာရုံကို၊ ယထာသဘာဝတော-ဟုတ်မှန်တိုင်း သဘောအားဖြင့်၊ ဇာနာတိ-သိ၏၊ ဒိဋ္ဌိ-ဒိဋ္ဌိသည်၊ ယထာသဘာဝံ-ဟုတ်မှန်သောသဘောကို၊ ဝိဇဟိတွာ-စွန့်၍၊ အယထာဝတော-မဟုတ်မမှန်သော သဘောအားဖြင့်၊ ဂဏှာတိ-ယူတတ်၏၊ ဣတိ အယံ-ဤသည်လျှင်၊ ဧတေသံ-ထိုဉာဏ်နှင့် ဒိဋ္ဌိတို့၏၊ ဝိသေသော-အထူး တည်း။

ပုံကား ။ ။ ဒါနတော ဘောဂဝါ-ဟူသောပုဒ်ကို၊ ဒါနတော-အလှူပေးခြင်းကြောင့်၊ ဘောဂဝါ-စည်းစိမ်ဥစ္စာရှိ၏၊ ဤသို့မှန်သော အနက်ကို မယူမူ၍။ တော-အိုအချင်းတို့၊ ဒါနတော-အလှူပေးခြင်းကြောင့်၊ ဂဝါ-နွားဖြစ် ၏၊ ဤသို့ မမှန်သောအနက်ကို ယူခြင်းသည် ဒိဋ္ဌိ၏သဘောတည်း။

တစ်နည်းကား ။ ။ဤဘဝမှ စုတေလျှင် တစ်ယောက်ယောက်သော အမိဝမ်း၌ဝင်၍ ဖွားလတ်သဖြင့် ပက်လက်အိပ်တတ်သော သူငယ်ဖြစ်လတ္တံ့ သည်ကိုမယူ။ သေလျှင်ပျောက်တော့သည်သာဟုယူခြင်း စသည်တို့သည် ဒိဋ္ဌိ၏ သဘောပင်တည်း။

## ၄၇-ပဥ္စဝိညာဉ် ၁၀ ဌ် ဝိတက်မယှဉ်ပုံကို ပြခြင်း

**မေး** ။ ။ကာမာဝစရ၊ စိတ္တသင်းဝင်၊ ဟူပါချင်လျက်၊ ပဉ္စဝိညာဉ်၊ တစ်ဆယ်တွင်၌၊ ဝိတက်ဘယ်ကြောင့် မယှဉ်သနည်း။

**ဖြေ** ။ ။အပိစေတ္ထ ပဥ္စဝိညာဏံ အဝိတက္ကမ္ပိ ဝတ္ထာလမ္ဗဏာသံဃဋ္ဋန ဗလေနအဘိရောဟန္တိ။ ။ ဋီကာ။

mgyoe.com

ဒွေပဉ္စဝိညာဉ် ၁၀ တို့သည် ဝိတက်ရှေးရှုမတင်ဘဲ ဝတ္ထု, အာရုံတို့၏ ထိခိုက်ခြင်း၏ အစွမ်းအားဖြင့် အာရုံသို့ တင်သောကြောင့် ဝိတက် မယှဉ်သည် ဟူပေ။

ပဉ္စဝိညာဉ်မှ ကြွင်းသော ၄၄ ပါးသော ကာမစိတ် ပထမဈာန် ကောဒသ ဤ ၅၅ ပါးသော စိတ်တို့မှာ ဝိတက် ရှေးရှုတင်မှသာလျှင် အာရုံသို့တက်နိုင် သည်။ ဘယ်ကဲ့သို့နည်းဟူမူ ကျေးတောရွာသားသည် မင်းကျွမ်းဝင်သောသူကို မှီ၍ မင်း၏အထံသို့ ဝင်ရသကဲ့သို့တည်း။

ဒုတိယဈာန် စသော ၅၅ ပါးသော စိတ်တို့သည်လည်း ဝိတက်၏ အစွမ်းဖြင့်သာလျှင် အာရုံသို့တက်ရ၏။ ဥပမာကား-ထိုကျေးတောသားသည် မင်းကျွမ်းဝင်သူနှင့် အတူတကွ ဝင်ဖူးထွက်ဖူးသောကြောင့် နောက်ကာလ၌ကား ထိုမင်းကျွမ်းဝင်သူမပါဘဲ မင်း၏ထံသို့ ဝင်နိုင်သကဲ့သို့ ရှေးသဝိတက္က စိတ်နှင့် အတူအာရုံသို့ တက်ဖူးသောကြောင့် နောက်ကာလ၌ကား ဝိတက်ကင်းလျက်ပင် အာရုံသို့တက်နိုင်၏ဟူပေ။

## ၄၈-ဝိရတိကို အနိယတယောဂီ သင့်, မဆိုသင့်ကို ပြခြင်း

**မေး** ။ ။ ဝိရတိသုံးဖြာ၊ မြတ်ဓမ္မာသည်၊ လောကုတ္တရာ၊ စိတ်မှာ နိယတ၊ ယှဉ်ပါကြလျက်၊ အနိယတယောဂေ၊ ဘယ်အနေကြောင့် သွင်းသနည်း။

**ဖြေ** ။ ။ န ဟိ တောသံ လောကိယေသု ဝိယ လောကုတ္တရေသုပိ မုသာဝါဒါဒီနံ ဝိသုံ ဝိသုံ ပဟာနဝသေန ပဝတ္တိ ဟောတိ သဗ္ဗေသမေဝ ဒုစ္စ ရိတဒုရာဇီဝါနံ၊ တေန တေန မဂ္ဂေန သဗ္ဗသော သမုစ္ဆိန္ဒနတော။ ။ ဋီကာ။

ဟိ-အဖြေဆိုလိုက်အံ့၊ လောကိယေသု ဝိယ-လောကီကုသိုလ်တို့၌ကဲ့သို့၊ လောကုတ္တရေသုပိ-လောကုတ္တရာစိတ်တို့၌ကား၊ မုသာဝါဒါဒီနံ-မုသာဝါဒ အစရှိသည်တို့ကို၊ ပဟာနဝသေန-ပယ်ခြင်း၏အစွမ်းဖြင့်၊ တောသံ-ထိုဝိရတီ တရားတို့၏၊ ပဝတ္တိ-ဖြစ်ခြင်းသည်၊ နဟောတိ-မဖြစ်၊ သဗ္ဗေသမေဝ- အလုံးစုံ သာလျှင် ဖြစ်ကုန်သော၊ ဒုစ္စရိတ ဒုရာဇီဝါနံ-ဒုစရိုက်ဒုရာဇီဝတို့ကို၊ တေနတေန မဂ္ဂေန-ထိုထိုသော မဂ်ဖြင့်၊ သဗ္ဗသော-အချင်းခပ်သိမ်း၊ သမုစ္ဆိန္ဒနတော- ဖြတ်ခြင်းကြောင့်၊ ပဝတ္တိ-ဖြစ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။

mgyoe.com

**ဤ၌ လိုရင်းအဓိပ္ပာယ်ကား။** ။ လောကီကုသိုလ်တရားတို့၌ မုသာဝါဒ အစရှိသော ဒုစရိုက် ဒုရာဇီဝတို့ကို အသီးအသီးပယ်သည်၏ အစွမ်းဖြင့် ဝိရတီ မည်ခြင်းသည် ဖြစ်သကဲ့သို့ လောကုတ္တရာစိတ်တို့၌ ဒုစရိုက် ဒုရာဇီဝတို့ကို အသီးသီးပယ်ခြင်း၏ အစွမ်းဖြင့်မဖြစ်၊ အလုံးစုံသော ဒုစရိုက် ဒုရာဇီဝတို့၏ ဖြစ်ကြောင်းဖြစ်သော အကုသိုလ်တရားတို့ကို ထိုထိုသောမဂ်ဖြင့် အချင်း ခပ်သိမ်းအကြွင်းမဲ့ ဖြတ်ခြင်းကြောင့်သာလျှင် ဒုစရိုက် ဒုရာဇီဝတို့ကို ကြဉ် သကဲ့သို့ ဖြစ်၏။ ထို့ကြောင့် လောကုတ္တရာစိတ်၌ ဝိရတီမည်ခြင်းသည် အစစ် မဟုတ်အကြောင်းဖြစ်သော အကုသိုလ်စိတ်ကို ကြဉ်သဖြင့် အကျိုးဖြစ်သော ဒုစရိုက်, ဒုရာဇီဝကို ကြဉ်သည်မည်ရကား ကာရဏူပစာဖြင့် အတုသာဖြစ် သည်။

ဤအတုဝိရတီတို့၏ အမြဲယှဉ်ခြင်းကိုကား ပဓာနမပြု၊ အစစ်ဝိရတီတို့၏ အမြဲမယှဉ်ခြင်းကိုသာ ပဓာနပြု၍ အနိယတယောဂီသို့ သွင်းလေသည်။ (ခဲရပ် ဖြစ်သည် စေ့စေ့နှလုံးသွင်းရမည်)။

ဝိရမိတဗ္ဗဝတ္ထုယော ဝိရမဏံ ဝိရတိ။ ။ ဝိရမိတဗ္ဗဝတ္ထုယော၊ ကြဉ်အပ် သော ဒုစရိုက် ဒုရာဇီဝတို့ကို၊ ဝိရမဏံ-ကြဉ်ခြင်းသည်၊ ဝိရတိ-ဝိရတိမည်၏။ ဤသို့ ဝစနတ္ထပြုအပ်ရကား-

ကြဉ်ခြင်းကြိယာသည် မုချဝိရတီ မည်၏။ ထိုကြဉ်ခြင်းကြိယာကို မဟာ ကုသိုလ်စိတ်သာ ဖြစ်စေသည်၊ မဂ်စိတ်, ဖိုလ်စိတ်တို့ကား မဖြစ်စေ၊ အကုသိုလ် စိတ်ကို ပယ်ခြင်းကိုသာဖြစ်စေသည်။ ပင်စည်ကိုဖြတ်လျှင် အသီး, အရွက်ကို ပယ်သည်မည်သကဲ့သို့သာ ဖြစ်သည်။ ထို့ကြောင့် လောကုတ္တရာ၌ ဝိရတီကား ဥပမာသာဟူလိုသည်။

**မေး** ။ ။ ဒုစရိုက်နှင့် ဒုရာဇီဝသည် ဘယ်သို့ကွဲသနည်း။

**ဖြေ** ။ ။ အသက်မွေးကျောင်းမဟုတ်ဘဲပြုသော ပါဏာတိပါတ စသည်တို့သည် ဒုစရိုက်မည်၏။

အသက်မွေးကျောင်းဖြင့် ပြုအပ်သော ပါဏာတိပါတ စသည်တို့ကား ဒုရာဇီဝ မည်၏။

ဤကဲ့သို့ ကွဲ၏ ထူး၏ဟူပေ။

mgyoe.com

## ၄၉-လောကုတ္တရာ ပဋ္ဌမဈာန်၌ လိုအပ်သော ဥပေက္ခာကို ပြခြင်း

မေး ။ ။လောကုတ္တရာ၊ ပဋ္ဌမဈာန်၊ ရှစ်ခုမှန်တွင်၊ ယှဉ်သည် စေတသိက်၊ ပေါင်းကျိတ်တွက်ဖွဲ့၊ (၃၃) ခု၊ တရားစုတွင်၊ ဘယ်ဥပေက္ခာ သွင်းမည်နည်း။

ဖြေ ။ ။ဥပေက္ခာသည်-

၁။ ဆဠင်္ဂုပေက္ခာ၊ ၆။ ဝေဒနုပေက္ခာ၊
၂။ ဗြဟ္မဝိဟာရုပေက္ခာ၊ ၇။ ဝိပဿနုပေက္ခာ၊
၃။ ဗောဇ္ဈင်္ဂုပေက္ခာ၊ ၈။ တတြမဇ္ဈတ္တုပေက္ခာ၊
၄။ ဝိရိယုပေက္ခာ၊ ၉။ ဈာနုပေက္ခာ၊
၅။ သင်္ခါရုပေက္ခာ၊ ၁၀။ ပါရိသုဒ္ဓုပေက္ခာ

ဟူ၍ ဆယ်ပါးအပြားရှိ၏။ ထိုဆယ်ပါးတို့တွင် ရဟန္တာပုဂ္ဂိုလ်တို့အား ဣဋ္ဌ, အနိဋ္ဌဖြစ်သော အာရုံ ၆ ပါးတို့သည် ၆ ဒွါရ၌ ထင်လတ်သော် ဝမ်းမြောက်သောစိတ်လည်း မဖြစ်၊ နှလုံးမသာသောစိတ်လည်း မဖြစ်၊ စင်ကြယ်သော ပကတိသဘောကို မစွန့်သောအခြင်းအရာဖြင့် ဖြစ်သော လျစ်လျူရှုခြင်းသည် ဆဠင်္ဂုပေက္ခာမည်၏။

အလုံးစုံသော သတ္တဝါတို့၌ မချစ်မမုန်း လျစ်လျူရှုသော အခြင်းအရာဖြင့် ဖြစ်သော ဥပေက္ခာသည် ဗြဟ္မဝိဟာရုပေက္ခာမည်၏။

မိမိနှင့် သဟဇာတ်တရားတို့ကို လျစ်လျူရှုသော အခြင်းအရာဖြင့်ဖြစ်သော ဥပေက္ခာသည် ဗောဇ္ဈင်္ဂုပေက္ခာ မည်၏။

လွန်စွာလည်း အားမထုတ်၊ လွန်စွာလည်း မလျော့၊ အလတ်သောလုံ့လ ဟု ဆိုအပ်သော ဥပေက္ခာသည် ဝိရိယုပေက္ခာမည်၏။

နိဗ္ဗာန်တရားသို့ မလိုက်ဘဲ တည်ကြည်ငြိမ်သက်စွာ လျစ်လျူရှုသော အခြင်းအရာသည် သင်္ခါရုပေက္ခာ မည်၏။

သုခလည်းမဟုတ်၊ ဒုက္ခလည်းမဟုတ်သော ဥပေက္ခာသည် ဝေဒနုပေက္ခာ မည်၏။

စူးစမ်းဆင်ခြင်ခြင်း၌ လျစ်လျူရှုသော အခြင်းအရာသည် ဝိပဿနုပေက္ခာ မည်၏။

mgyoe.com

မိမိနှင့်တကွ ဖြစ်ဖက်ဖြစ်သော သဟဇာတ်တရားတို့ကို အညီဆောင်ရွက်တတ်သော ဥပေက္ခာသည် တတြမဇ္ဈတ္တုပေက္ခာ မည်၏။

စင်စစ် လွန်မြတ်သောသုခ၌လည်း မတပ်မက် မငဲ့ကွက်ခြင်းကို ဖြစ်စေတတ်သော ဥပေက္ခာသည် ဈာနုပေက္ခာမည်၏။

အလုံးစုံ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို ငြိမ်းစေခြင်း၌လည်း အားမထုတ်တတ်သော စတုတ္ထဈာန်၌ရှိသော ဥပေက္ခာသည် ပါရိသုဒ္ဓိ ဥပေက္ခာ မည်၏။

ထိုဆယ်ပါးတို့တွင် ဆဠင်္ဂုပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ, တတြမဇ္ဈတ္တုပေက္ခာ, ပါရိသုဒ္ဓိဥပေက္ခာ ဤငါးပါးတို့သည် တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာစေတသိက်တည်း။

သင်္ခါရုပေက္ခာ, ဝိပဿနုပေက္ခာ နှစ်ပါးသည် ပညိန္ဒြေ စေတသိက်တည်း။

ဝိရိယုပေက္ခာသည် ဝိရိယစေတသိက်တည်း။

ဝေဒနုပေက္ခာ၊ ဈာနုပေက္ခာနှစ်ပါးသည် ဝေဒနာစေတသိက်တည်း။

လောကုတ္တရာ ပဌမဈာန်ရှစ်ခု၌ကား လောကီစတုတ္ထဈာန်၌ကဲ့သို့ ပါရိသုဒ္ဓိဥပေက္ခာဟူ၍ ဆိုအပ်၏။

ဆောင်ပုဒ်။ ။ ဆ၊ ဗြ၊ ဗော၊ ဝိ၊ သင်၊ ဝေ၊ ဝိ၊ ပါရိ၊ တတြ၊ ဈာ၊ ဆယ်ပေက္ခာ။ (ပါဠိကိုလိုသော် အဋ္ဌသာလိနီ၌ ယူလေ။)

## ၅၀-ဗြဟ္မာတို့မှာ ၃ ဖြာ ဝိရတီ ဖြစ်သင့်၊ မဖြစ်သင့်ကို ပြဆိုခြင်း

**မေး** ။ ။ မဟဂ္ဂုတ်မှာ၊ သုံးဖြာဝိရတီ၊ ကြဉ်သည်ရှိပြီး၊ ဝိရတီသုံးဖြာ၊ ထိုဗြဟ္မာတို့၊ ယထာရဟာ မဖြစ်လော။

**ဖြေ** ။ ။ ဗြဟ္မာတို့၏ စိတ်ရကိုထောက်သော် မဟာကုသိုလ်စိတ်ရှစ်ခုကိုလည်းရသောကြောင့် ထိုစိတ်နှင့် ဝိရတီယှဉ်ကောင်းရကား ဗြဟ္မာတို့၌ ဝိရတီ ဖြစ်၏ဟုဆိုဖွယ်ဆို၏။ ယင်းသို့ရှိသော်လည်း မဆိုအပ်။ ဘယ့်ကြောင့်နည်းဟူမူကား ကြဉ်ထိုက်သော ဝိရမိတဗ္ဗဝတ္ထုမရှိသော ဘုံဖြစ်သောကြောင့် ထိုဝတ္ထုကို အာရုံပြုသောစိတ်မဖြစ်ကောင်းရကား ဝိရတီမဖြစ်ဟူ၍သာ မှတ်အပ်၏။

mgyoe.com

ဗြဟ္မာဘုံ၌ ဝိရမိတဗ္ဗဝတ္ထုမရှိသော် လူ့ဘုံသို့လာ၍ သဟမ္ပတိ ဗြဟ္မာ တရား တောင်းပန်သောအခါ သမ္မာဝါစာမဖြစ်လော။ ထိုအခါ မုသာဝါဒအစ ရှိသော ဝစီဒုစရိုက်မှ ကြဉ်သည်ဖြစ်၍ ဝိရတီမယူသင့်ပါလော့ ဟူငြားအံ့။ ဝိရတီမယူသင့်၊ ဘယ့်ကြောင့် မယူသင့်သနည်းဟူမူ ဝစီဒုစရိုက်ကို အာရုံပြု၍ ကြဉ်ဆဲအခါ၌သာ ဝိရတီသမ္မာဝါစာဖြစ်သည်။ ကြဉ်ပြီး၍ ကောင်းသောစကား ဆိုသောအခါ၌ကား သုဘာသိတဝါစာသာ ဖြစ်သည်။ ဝိရတီသမ္မာဝါစာမဟုတ်၊ ဝိရတီသမ္မာဝါစာကား အကြောင်း၊ သုဘာသိတဝါစာကား အကျိုးဟူ၍ ယူရမည်။ ထို့ကြောင့် ဋီကာဆရာတို့သည်-

သမ္မာ ဝဒန္တိ ဧတာယာတိ သမ္မာဝါစာ ဟူ၍ ကရဏသာဓနပြုကြကုန်၏။ ဧတာယ ဓမ္မဇာတိယာ- ဤဝစီဒုစရိုက်မှ ကြဉ်သောသဘောဖြင့်၊ သမ္မာ- ကောင်းစွာ၊ ဝဒန္တိ-ဆိုတတ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့ ဆိုကြောင်းဖြစ်သော သတ္တိကြောင့်၊ သမ္မာဝါစာ-သမ္မာဝါစာ မည်၏။

သမ္မာ ကရောန္တိ ဧတေနာတိ သမ္မာကမ္မန္တော။ ။ ဧတေန-ဤကာယ စရိုက်မှ ကြဉ်သောသဘောဖြင့်၊ သမ္မာ-ကောင်းစွာ၊ ကရောန္တိ-ပြုတတ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့ပြုကြောင်းဖြစ်သော သတ္တိကြောင့်၊ သမ္မာကမ္မန္တော-သမ္မာ ကမ္မန္တမည်၏။ သမ္မာအာဇီဝလည်း နည်းတူ ဝိဂြိုဟ်ဆိုလေ။

## အထူးမှတ်သားဖွယ်

သီတင်းသုံးသောသူတို့အား သိက္ခာပုဒ်ဆောက်တည်သောအခါ ဒုစရိုက်ကို အာရုံပြု၍ ကြဉ်သောကြောင့် ဝိရတီတရားဖြစ်သည်။

ဆောက်တည်ပြီး၍ ဒါန, ဝေယျာဝစ္စ အစရှိသော ပုညကြိယဝတ္ထုကို ပြုသောအခါ၌လည်းကောင်း၊ တရားနာခြင်း တရားဟောခြင်း တရားဆွေးနွေး ခြင်းကို ပြုသောအခါ၌လည်းကောင်း အနဝဇ္ဇကမ္မ သုဘာသိတဝါစာတို့သာ ဖြစ်သည်ဟူ၍ မှတ်။

ဗြဟ္မာမင်းသည် မဟာကုသိုလ်စိတ်ဖြင့် တရားတောင်းပန်ပါသည်ကို ဝိရတီသမ္မာဝါစာမဖြစ်ဟု ဆိုခြင်းသည် ဘယ်သို့ ဝန်ခံနိုင်အံ့နည်းဟူငြားအံ့။ မြတ်စွာဘုရားသည် တရားမဟောလိုသော အကြံဖြစ်သည်ကို သိ၍ "နဿတိ

mgyee.com

mgyoe.com


ဝတ ဘော လောကော'' ဟူသောစကားဖြင့် အချင်းတို့ လောကသည် ပျက်တော့အံ့သည်တကား၊ သတ္တဝါအပေါင်းတို့သည် နတ်လမ်းကြောင်း လူလမ်းကြောင်းလွဲလျက် ဆင်းရဲခြင်းသို့ ရောက်တော့အံ့သည်တကားဟု သတ္တဝါအပေါင်းတို့အား သနားခြင်းကရုဏာ ပြဋ္ဌာန်းသောစိတ်ဖြင့် ဘုရားထံသို့ ကပ်လာ၍ ''ဥဋ္ဌေဟိ ဝီရ ဝိဇိတ သင်္ဂါမ'' အစရှိသောဂါထာကို ရွတ်လျက် တရားဟောတော်မူပါဟု တောင်းပန်၏။

ထိုတောင်းပန်သောစိတ်သည် မဟာကုသိုလ် ပထမဒွေဖြစ်အံ့၊ နိယတယှဉ်သော စေတသိက် ၃၃ ခုတွင် ကရုဏာကို ထည့်၍ ၃၄ ခုရသင့်သည်။

ဒုတိယဒွေ၊ တတိယဒွေ ဖြစ်အံ့၊ နိယတ ယှဉ်သော စေတသိက် ၃၂ ခုတွင် ကရုဏာကိုထည့်၍ ၃၃ ခု ရသင့်သည်။

စတုတ္ထဒွေ ဖြစ်အံ့၊ နိယတယောဂီစေတသိက် ၃၁ ခုတွင် ကရုဏာကို ထည့်၍ ၃၂ ခုရသင့်သည်။

ဝိရတီ-အပ္ပမညာ တို့သည် မဟာကုသိုလ်နှင့် ယှဉ်၏ ဆိုသော်လည်း အနိယတယောဂီဖြစ်၍လည်းကောင်း၊ နာနာကဒါစိဖြင့် ဖြစ်တတ်သောကြောင့်လည်းကောင်း ကရုဏာနှင့် ယှဉ်ခိုက်မှာ မုဒိတာ၊ ဝိရတီတို့သည် မဖြစ်ရာပြီ။

ဒုက္ခိတသတ္တဝါကို အာရုံပြုခိုက် သုခိတ သတ္တဝါကို အာရုံမပြုနိုင်။ ဒုစရိုက်မှ ကြဉ်ခြင်းကိုလည်း အာရုံမပြုနိုင်။ အာရုံပြားကြသော တရားတို့သည် တစ်ပြိုင်နက်လည်း မဥပါဒ်နိုင်။

ထို့ကြောင့် သတ္တဝါကို သနား၍ တရားတောင်းပန်ရာ၌ ဝိရတီသမ္ပာဝါစာ မပါသောအဖြစ်ကို စင်စစ် သိအပ်၏ဟူပေ။

## ၅၁-မဟာဂ္ဂုတ်ပဥ္စမစျာန်၌ ကရုဏာ မုဒိတာ ကင်းဟန်ကိုပြခြင်း

**မေး** ။ ။မဟာဂ္ဂုတ်ရ၊ ပဥ္စမစျာန်၊ ကြဉ်ဟန် ကရုဏာ၊ မုဒိတာ၊ နှစ်ဖြာ ဘယ့်ကြောင့် ကင်းသနည်း။

**ဖြေ** ။ ။ပဥ္စမစျာန် စိတ်၌ တတြမဇ္ဈတ္တကာ ပြဋ္ဌာန်းရကား သနားခြင်း ဝမ်းမြောက်ခြင်းမရှိပြီ။ ထို့ကြောင့် ကရုဏာ၊ မုဒိတာ ကင်းသည်ဟူပေ။

အပ္ပနာသို့ ရောက်ကုန်သော အပ္ပမညာတို့ကား ရုံခါမျှ သောမနဿနှင့်

mgyoe.com

ကင်း၍ ဖြစ်ခြင်းမရှိသောကြောင့် ပဋ္ဌမဈာန်၌ မယှဉ်သည်ဟူ၍ ဋီကာ၌ဖြေ၏။

## ၅၂-မဟာကုသိုလ်စိတ်၌ စေတသိက် ယှဉ်ဟန်အထူးကို ပြခြင်း

မေး ။ ။ မဟာကုသလ၊ ပထမဒွေးဟု၊ ဆိုရေးတွက်ရ၊ အဥ္ဓတိသာ၊ ယှဉ်ကြရာဝယ်၊ မဏ္ဍာအစု ဖြစ်၏လော။

ဖြေ ။ ။ အဥ္ဓတိံသစေတသိက်တွင် အညသမာန်းတေရသ၊ သောဘဏသာဓာရဏ ၁၉၊ ပညိန္ဒြေ ဤ ၃၃ ပါးသာ တစ်စုတည်းဖြစ်သည်။ အပ္ပမညာ၊ ဝိရတိ ဟူသော အနိယတယောဂီ စေတသိက် ၅ ခုမှာ တစ်ခုဖြစ်ခိုက် ၄ ခုမဖြစ်ဟူပေ။

## ၅၃-မြတ်စွာဘုရား တရားဟောရာ သုဘာသိတဝါစာဖြစ်ပုံကို ပြခြင်း

မေး ။ ။ မဟာကြိယာ၊ ရှစ်ခုမှာ၌၊ သုံးဖြာဝိရတိ၊ မရှိဟူလျှင်၊ ချစ်ရှင်ဘုရား၊ တရားဒေသနာ၊ ဟောသောခါ၌၊ သမ္မာဝါစာ မဟုတ်လော။

ဖြေ ။ ။ တရားဟောခြင်းသည် သမ္မာဝါစာမဟုတ်၊ သုဘာသိတဝါစာသာဖြစ်သည်ဟုဖြေ။

## ၅၄-ပဋိသန္ဓေအခါ မေတ္တာဖြစ်ပုံကို ပြခြင်း

မေး ။ ။ မဟာဝိပါက်၊ ရှစ်ချက်စိတ်ဖြင့်၊ ပဋိသန္ဓေ၊ နေသူတို့မှာ၊ မေတ္တာတရား ရ၏လော။

ဖြေ ။ ။ အဒေါသ စေတသိက်သည် မေတ္တာမည်ရကား မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄ ခုအားဖြင့် ပဋိသန္ဓေနေသော ဒွိဟိတ်ပုဂ္ဂိုလ်၊ ဉာဏသမ္ပယုတ် ၄ ခုဖြင့် ပဋိသန္ဓေနေသော တိဟိတ်ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေ အခါကပင် မေတ္တာတရားကိုရအပ်၏။ ပဝတ္တိ၌ကား ဆိုဖွယ်မရှိရတော့သည်သာဟုဖြေ။

mgyoe.com

mgyoe.com

## ၅၅-ပဋိသန္ဓေအခါ လောဘဖြစ်ပုံကို ပြခြင်း

**မေး** ။ ။ သန္ဓေစိတ်က၊ လောဘမယှဉ်၊ ကြဉ်သည့်ရှိလျက်၊ ဘဝကန္တိ၊ ကပ်မိရောနှော၊ လောဘဘယ်က လာသနည်း။

**ဖြေ** ။ ။ ရှေးဘဝ၌ ပြုအပ်သော ကုသိုလ်စေတနာတည်းဟူသော ပုညာဘိသင်္ခါရ၊ အကုသိုလ်စေတနာတည်းဟူသော အပုညာဘိသင်္ခါရတို့သည် ပြုပြင်အပ်သည်ဖြစ်၍ ပဋိသန္ဓေ ဇက္ကနဝီသတည်းဟူသော ပဋိသန္ဓေဝိညာဉ်၊ ဘဝင်ဇက္ကနဝီသ၊ မနောဒွါရဝဇ္ဇန်း၊ ဘဝနိကန္တိလောဘဇော အစရှိသော ပဝတ္တိဝိညာဉ်တို့ ဖြစ်ကုန်ရကား ရှေးကုသိုလ်ကံ၊ အကုသိုလ်ကံ ပြုပြင်၍ လောဘတို့ပေါ်လာ၏ဟူပေ။

၂၄ ပါးသော ပစ္စည်းတို့တွင် ကုသိုလ် အကုသိုလ်ကံက ပဋိသန္ဓေဝိညာဉ်ကို နာနက္ခဏိကကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသည်။ ပဝတ္တိဝိညာဉ်ကိုကား ပကတူပနိဿယ ပစ္စည်းဖြင့်ကျေးဇူးပြုသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရပစ္စယာ ဝိညာဏံ ဟူ၍ ဟောတော်မူသည်။

## ၅၆-ထိနနှင့် မိဒ္ဓအထူးကို ပြခြင်း

**မေး** ။ ။ မခံ့နွမ်းရိ၊ ထိန၊ မိဒ္ဓ၊ သဘာဝသည်၊ ကိစ္စဘယ်သို့ထူးသနည်း။

**ဖြေ** ။ ။ ထိနသည် စိတ်၏ မခံ့ခြင်းလက္ခဏာ၊ လေးလံခြင်းကိစ္စ၊ ပျင်းရိသောအဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။

မိဒ္ဓသည် စေတသိက်တို့၏ မခံ့ခြင်းလက္ခဏာ၊ မထကြွခြင်းကိစ္စ၊ ငိုက်မျဉ်းသောအဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဤသို့ထူးကြ၏ဟူပေ။

## ၅၇-ဒေါသမူစိတ်၌ စေတသိက်ယှဉ်ဟန် အထူးကို ပြခြင်း

**မေး** ။ ။ ဒေါသဖြစ်မှု၊ စိတ်နှစ်ခုမှာ၊ အစုနှစ်ဆယ်၊ နှစ်ခုကယ်သည်၊ တကယ်စုလျက်၊ ယှဉ်၏လော။

mgyoe.com

ဖြေ ။ ။ နှစ်ဆယ့်နှစ်ပါးလုံး တစ်ပြိုင်တည်းစုလျက် မယှဉ်၊ ဣဿာ၊ မစ္ဆေရ၊ ကုက္ကုစ္စတို့သည် အနိယတယောဂီဖြစ်၍ ၁၉ ပါးသာ အမြဲယှဉ်သည်။ ဣဿာဖြစ်ခိုက် ဣဿာကိုထည့်၍ ၂၀၊ မစ္ဆရိယဖြစ်ခိုက် မစ္ဆရိယကိုထည့်၍ ၂၀၊ ကုက္ကုစ္စဖြစ်ခိုက် ကုက္ကုစ္စကိုထည့်၍ ၂၀ စီသာ ယှဉ်၏ဟူပေ။

ဤ ၃ ပါးသော တရားတို့သည် ဘယ့်ကြောင့် တစ်ပြိုင်နက်မယှဉ်ဘဲ တစ်ခုတစ်ခုစီသာ ယှဉ်လေသနည်းဟူမူ "ဘိန္နာလမ္ဗဏတ္တာယေဝါတိ အဓိပ္ပါယော" ဟူသော ဋီကာနှင့်အညီ ဣဿာသည် သူတစ်ပါး၏ စည်းစိမ်ကို ငြူစူတတ်ရကား ဗဟိဒ္ဓကို အာရုံပြုသည်။

မစ္ဆရိယသည် မိမိစည်းစိမ်ကို လျှို့ဝှက်တတ်ရကား အဇ္ဈတ္တကို အာရုံပြုသည်။

ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက်၊ သုစရိုက်၊ မပြုသေးသောဒုစရိုက်၊ သုစရိုက်ကို အာရုံပြု၍ ပူပန်တတ်ရကား အတိတ်ကိုလည်းကောင်း၊ အနာဂတ်ကို လည်းကောင်း အာရုံပြုသည်။ ဤသို့ အာရုံပြားသောကြောင့် တစ်ခုတစ်ခုစီ ယှဉ်၏ ဟူပေ။

## ၅၈-ကာယဝိညာဉ်ဒွေဌ်ယှဉ်သော စေတသိက်ကို ပြခြင်း

မေး ။ ။ ကာယဝိညာဏ်၊ နှစ်တန်သမုတ်၊ စိတ်တွင်ချုပ်၍၊ သမ္ပယုတ် ဘယ်မျှ ရသနည်း။

ဖြေ ။ ။ ဒွိပဉ္စဝိညာဏေသု ပကိဏ္ဏကဝဇ္ဇိတာ-ဟု သင်္ဂြိုဟ်ဆရာ ဆိုပြီးဖြစ်သောကြောင့် စက္ခုဝိညာဉ် ဒွေဌ်လည်းကောင်း၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ် ဒွေဌ်လည်းကောင်း သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါးသာလျှင် သမ္ပယုတ်ဖြစ်၏ ဟူပေ။

## ၅၉-ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကင်းပုံကို ပြခြင်း

မေး ။ ။ ဟသိတုပ္ပါဒ်၊ ယှဉ်တတ်စေရ၊ ဇောမူလဝယ်၊ ဆန္ဒ ဘယ် ကြောင့်ကင်းသနည်း။

mgyoe.com

ဖြေ ။ ။ ရဟန္တာပုဂ္ဂိုလ်တို့အား ပြုံးရယ်လိုသော ဆန္ဒမရှိဘဲ မျက်နှာ ရွှင်ရုံ ပြုံးခြင်းတည်းဟူသော သိတ၊ သွားပေါ်ရုံပြုံးခြင်းတည်းဟူသော ဟသိတ ဖြစ်သောကြောင့် ဆန္ဒကင်းသည်ဟူပေ။ ။ တစ်နည်းကား ဆန္ဒသည် အဟိတ် စိတ်တို့၌ ယှဉ်ခြင်းမရှိသောကြောင့် ကင်း၏ဟူပေ။

## ၆၀-မာနတရား ထောင်လွှားခြင်း၏ အကြောင်းကို ပြခြင်း

မေး ။ ။ မာနတရား၊ ထောင်လွှားငါ့ပြင်၊ မရှိထင်သည်၊ ဘယ်ဟိတ် စီရင်သောကြောင့်နည်း။

ဖြေ ။ ။ မာနစေတသိက်သည် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ခု၌ ယှဉ်သည်။ ထိုစိတ်၌ လောဘဟိတ်, မောဟဟိတ် နှစ်ပါးရသည်။ ဤဟိတ် နှစ်ပါးလည်း ထူး၍ စီရင်ကြောင်းကို ကျမ်းဂန်မဆို။ မာနပင်လျှင် ထောင်လွှား ခြင်းသဘောကို ပြီးစေရကား မာနဟိတ်ပင် ဒိဋ္ဌိဂတဝိပ္ပယုတ်ကို စီရင်၏ဟု ဆိုသင့်တော့သည်။

ဤမာန်သည်-

၁။ သေယျမာန်၊

၂။ သဒိသမာန်၊

၃။ ဟီနမာန်-

ဟူ၍ ၃ ပါး အပြားရှိ၏။

ထို ၃ ပါးတို့တွင် ငါကား ဤသူတို့ထက် အမျိုးအားဖြင့် မြတ်၏ ဟူ၍လည်းကောင်း၊ အကျင့်အားဖြင့် မြတ်၏ဟူ၍လည်းကောင်း၊ အတတ်ပညာ အားဖြင့် မြတ်၏ဟူ၍လည်းကောင်း ထောင်လွှားခြင်းသည် သေယျမာန်မည်၏။

ငါသည် အမျိုးအားဖြင့်၊ အကျင့်အားဖြင့်၊ အတတ်ပညာအားဖြင့် ဤသူ နှင့်တူ၏ ဟူ၍ ထောင်လွှားခြင်းသည် သဒိသမာန် မည်၏။

ငါသည် အမျိုးအားဖြင့်၊ အကျင့်အားဖြင့်၊ အတတ်ပညာအားဖြင့် ညံ့သော် လည်း ဤသူ ငါ့ကိုမကဲ့ရဲ့သင့်ဟူ၍လည်းကောင်း၊ မထီမဲ့မပြုသင့်ဟူ၍ လည်း ကောင်း ထောင်လွှားခြင်းသည် ဟီနမာန်မည်၏။

ဤမာန် ၃ ပါးသည် သူမြတ်၌လည်းကောင်း၊ သူလတ်၌လည်းကောင်း၊

mgyoe.com

သူယုတ်၌လည်းကောင်း ၃ ပါးစီရှိရကား ၉ ပါးပြား၏။ ဤကို ရည်၍ ဆုတောင်းခန်း၌-

ယုတ်၊ လတ်၊ မြတ်၊ အား၊ သုံးပါးတိုင်တည်၊ ကိုးခုမည်ဖြင့်၊ ရှည်စွာခလောက်၊ မိုးရှည့်မြောက်သား၊ အစောက်မတ်လတ်၊ မာန်တောင်ထွတ်ကို၊ တိမ်းညွတ်ထောက်တို၊ မဂ်စွမ်းဖြို၍၊ ကုသိုလ်နှိမ့်ချ၊ မီးပွားကျသို့၊ ဂုဏအရာ၊ စွန်းစွန်းပါသား၊ သံဃာတို့ထက်၊ လျှမ်းလျှမ်းတက်၍၊ နှုတ်ထွက်ဖြိုးဖြိုး၊ လက်ရတိုးလျက်၊ ကျမ်းရိုးနင်းမိ၊ ဟကာသိသည့်၊ သာရိပုတ္တရာ၊ မည်တော်သာဖြင့်၊ လက်ယာရံသီး၊ ငါ့သားကြီး-ဟူ၍ စပ်ဆိုတော်မူသည်။

**ဤတွင် စေတသိက်ပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ ပြီးပြီ။**

-- ❖ --

mgyoe.com

mgyoe.com

(၃)
ပကိဏ်းပိုင်း

## ပကိဏ်းပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ

### ၆၁-ဝေဒနာမည်သမျှ ခန္ဓာမည်ရပုံကို ပြခြင်း

**မေး** ။ ။ကိုးဆယ် တစ်ခုယုတ်၊ အပဟုတ်စိတ်မှာ၊ ဝေဒနာသည်၊ ခန္ဓာတရား မှန်၏လော။

**ဖြေ** ။ ။ဝေဒနာ ဝေဒနာက္ခန္ဓောတိ၊ အာမန္တာ-ဟူ၍ ခန္ဓယမိုက်၌ ဟောတော်မူသောကြောင့် စိတ်တစ်ခုယုတ် ကိုးဆယ်၌ယှဉ်သော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်သည်ချည်း ဟူပေ။ ။ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာ၌- ရူပံရူပက္ခန္ဓောတိ၊ ပိယရူပံ သာတရူပံ ရူပံ၊ န ရူပက္ခန္ဓော။ ရူပက္ခန္ဓော ရူပဉ္စေဝ ရူပက္ခန္ဓော စ-ဟူသော ပါဠ်ဖြင့် လောကီစိတ် ဇကာသီတိ၊ စေတသိက် ဒွေ ပညာသ၊ ရုပ်အဋ္ဌဝီသတို့၏အပေါင်းဖြစ်သော ပိယရုပ်၊ သာတရုပ်သည် ရုပ်သာမည်၏၊ ရူပက္ခန္ဓာ မမည်။

အစိတ်ဖြစ်သော ရုပ္ပန လက္ခဏာရှိသော ရုပ်အဋ္ဌဝီသသည် ရုပ်လည်းမည်၏။ ရူပက္ခန္ဓာလည်းမည်၏ ဟူ၍ ဟောသည်။

သညာ သညာက္ခန္ဓောတိ၊ ဒိဋ္ဌိသညာ သညာ၊ န သညာက္ခန္ဓော၊ သညာက္ခန္ဓော သညာစေဝ သညာက္ခန္ဓော စ-ဟူသော ပါဠ်ဖြင့် ဒိဋ္ဌိစေတသိက်ဟုဆိုအပ်သော သညာသည် သညာသာ မည်၏။ သညာက္ခန္ဓာ မမည်။

စိတ်တစ်ခုယုတ်ကိုးဆယ်၌ ရှိသော သညာစေတသိက်သည် သညာ

mgyoe.com

လည်းမည်၏၊ သညာက္ခန္ဓာလည်း မည်၏ဟူ၍ ဟောသည်။

သင်္ခါရက္ခန္ဓာ၌ သင်္ခါရာသင်္ခါရက္ခန္ဓောတိ၊ သင်္ခါရက္ခန္ဓံ ဌပေတွာ အဝသေသာသင်္ခါရာ၊ န သင်္ခါရက္ခန္ဓော။ သင်္ခါရက္ခန္ဓော သင်္ခါရာ စေဝ သင်္ခါရက္ခန္ဓော စ-ဟူသော ပါဠ်ဖြင့် စိတ်တစ်ခုယုတ်ကိုးဆယ်, ဝေဒနာ, သညာ, ရုပ်အဋ္ဌဝီသသည် သင်္ခါရသာမည်၏။ သင်္ခါရက္ခန္ဓာ မမည်။

ဝေဒနာ သညာမှ တစ်ပါးသော စေတသိက် ပညာသသည် သင်္ခါရ လည်းမည်၏။ သင်္ခါရက္ခန္ဓာလည်း မည်၏ ဟူ၍ ဟောသည်။

ဤသို့ ရုပ်သာမည်၍ ရူပက္ခန္ဓာ မမည်သောတရား။ သညာသာမည်၍ သညာက္ခန္ဓာ မမည်သောတရား။ သင်္ခါရသာမည်၍ သင်္ခါရက္ခန္ဓာ မမည်သော တရားရှိသောကြောင့် ဝေဒနာက္ခန္ဓာ၌လည်း ဝေဒနာသာမည်၍ ဝေဒနာက္ခန္ဓာ မမည်သောတရား ရှိ မရှိကို စိစစ်လိုသောကြောင့် ယခင်ပုစ္ဆာကို ပြုသည်။

အဖြေကား- ဝေဒနာမည်သမျှ တရားသည် ဝေဒနာက္ခန္ဓာ မည်သည် ချည်း ဟူလို။

## ၆၂-ဝေဒနာငါးပါး၏ လက္ခဏာကို ပြခြင်း

**မေး** ။ ။ဝေဒနာငါးပါး၊ ကွဲပြားလှစွာ၊ သိဖို့ရာသည်၊ လက္ခဏာ ဘယ်သို့ထူးသနည်း။

**ဖြေ** ။ ။ တတ္ထ ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏံ သုခံ, အနိဋ္ဌဖောဋ္ဌဗ္ဗာ နုဘဝနလက္ခဏံ ဒုက္ခံ, သဘာဝတော ဝါ ပရိကပ္ပတော ဝါ ဣဋ္ဌာနုဘဝန လက္ခဏံ သောမနဿံ တထာ အနိဋ္ဌာနုဘဝနလက္ခဏံ ဒေါမနဿံ, မဇ္ဈတ္တာ နုဘဝနလက္ခဏာ ဥပေက္ခာ။

ဟူသော ဋီကာနှင့်အညီ သုခသည် ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစား ခြင်း လက္ခဏာရှိ၏။

ဒုက္ခသည် အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိ၏။

သောမနဿသည် သဘောအားဖြင့်လည်းကောင်း၊ ပရိကပ္ပအားဖြင့် လည်းကောင်း ဣဋ္ဌဖြစ်သော အာရုံ ၆ ပါးကိုခံစားခြင်း လက္ခဏာရှိ၏။

ဒေါမနဿသည် သဘောအားဖြင့်လည်းကောင်း၊ ပရိကပ္ပအားဖြင့်လည်း

mgyee.com

ကောင်း အနိဋ္ဌဖြစ်သော အာရုံ ၆ ပါးကို ခံစားခြင်း လက္ခဏာရှိ၏။

ဥပေက္ခာသည် မဇ္ဈတ္တဖြစ်သော အာရုံ ၆ ပါးကို ခံစားခြင်း လက္ခဏာရှိ၏ ဟူပေ။

ကိုယ်၌ဖြစ်သော သာယာခြင်းကို သုခ, မသာယာခြင်းကို ဒုက္ခ, စိတ်၌ ဖြစ်သော သာယာခြင်းကို သောမနဿ, မသာယာခြင်းကို ဒေါမနဿဆိုသည်။

## ၆၃-အဟိတ်နှင့်သဟိတ်နှစ်ပါး ထူးခြားပုံကို ပြခြင်း

**မေး** ။ ။အဟိတ်စိတ်နှင့်၊ သဟိတ်စိတ်မှာ၊ ဖြစ်ခြင်းရာသည်၊ ပမာ ဘယ်သို့ ထူးသနည်း။

**ဖြေ** ။ ။ဟေတုပစ္စယာ ဟိ ဓမ္မာ၊ ဝိရုဠှမူလာ ဝိယ ပါဒပါ ထိရာ ဟောန္တိ၊ အဟေတုကာ ဇလတလေ သေဝါလသဒိသာ-

ဟူ၍ ဋီကာမိန့်သည်ဟုဖြေ။

ဟိ-ဥပမာဖြင့် ထင်စွာဆိုဦးအံ့၊ ဟေတုပစ္စယာ-ဟေတုပစ္စည်းရှိကုန်သော၊ ဓမ္မာ-သဟိတ်စိတ် စေတသိက်တရားတို့သည်၊ ဝိရုဠှမူလာ-ပြန့်ပွားစည်သော အမြစ်ရှိသော၊ ပါဒပါ ဝိယ-သစ်ပင်ကဲ့သို့၊ ထိရာ-မြဲမြံခိုင်ခံ့ကုန်သည်၊ ဟောန္တိ -ဖြစ်ကုန်၏၊ အဟေတုကာ-အဟိတ် စိတ်, စေတသိက်တရားတို့သည်၊ ဇလ တလေ-ရေအပြင်၌၊ သေဝါလသဒိသာ-အမြစ်မရှိသောမှော်နှင့် တူကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

သဟိတ်စိတ်တို့သည် အိမ်နေနှင့်တူ၏။ အဟိတ်စိတ်တို့သည် ဧည့်သည် နှင့်တူ၏ ဟူ၍လည်းကောင်း၊ သဟိတ်စိတ်တို့သည် ဝန်ထမ်းသမားနှင့် တူ၏၊ အဟိတ်စိတ်တို့သည် ကူပင့်သောသူနှင့်တူ၏ ဟူ၍လည်းကောင်း ဥပမာပြုလေ။

## ၆၄-အဟိတ်စေတသိက် စသည် ရှိ မရှိကို ပြခြင်း

**မေး** ။ ။အချို့စိတ်ကို၊ သဟိတ်ခွဲဝေ၊ ခေါ်ရလေသို့၊ စေတသိက်မှာ၊ အဟိတ်, သဟိတ်၊ ဧကဟိတ်, ဒွိဟိတ်၊ တိဟိတ်ဟူ၍ မရှိလော။

**ဖြေ** ။ ။မရှိပြီ၊ အဟိတ်စိတ်နှင့်ယှဉ်သောအခိုက် အဟိတ်စေတသိက်,

mgyoe.com

mgyoe.com


ကေဟိတ်စိတ်နှင့်ယှဉ်သောအခိုက် ကေဟိတ်စေတသိက်, ဒွိဟိတ်စသည်နှင့် ယှဉ်သောအခိုက် ဒွိဟိတ်စေတသိက်ဟူ၍ အဝတ္ထာအားဖြင့် ခေါ်ဆိုထိုက်တော့သည်။

## ၆၅-ကေဟိတ်ပုဂ္ဂိုလ် မရှိသင့်ပုံကို ပြခြင်း

**မေး** ။ ။ ကေဟိတ်ဟု၊ စိတ်ရှိလျက်ကို၊ ပုဂ္ဂိုလ်ကေဟိတ် မရှိလော။

**ဖြေ** ။ ။ မရှိပေ၊ ဘယ့်ကြောင့် မရှိသနည်းဟူမူကား အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ် စသည်ဖြင့် ခေါ်ဆိုခြင်းသည် ပဋိသန္ဓေစိတ်နှင့်ယှဉ်သော ဟိတ်ကို သာစွဲ၍ ခေါ်သည်။ ကေဟိတ်စိတ်မှာ ပဋိသန္ဓေ စိတ်မဟုတ်၊ ပဝတ္တိစိတ်သာ ဖြစ်သည်။ ထို့ကြောင့် ကေဟိတ်ပုဂ္ဂိုလ်ဟူ၍ မရှိသတည်း။

## ၆၆-အသညသတ်ဗြဟ္မာကို အဟိတ်ခေါ်ဆိုရပုံကို ပြခြင်း

**မေး** ။ ။ အသညသတ်၊ မြတ်သည်ဗြဟ္မာ၊ ဖြစ်လျက်ပါကို၊ အဟိတ် ဘယ်ကြောင့် ဆိုသနည်း။

**ဖြေ** ။ ။ အသညသတ် ပုဂ္ဂိုလ်တို့သည် ဇီဝိတဆဋ္ဌက, ဇီဝိတနဝက ကလာပ်ဖြင့်သာ ပဋိသန္ဓေနေသည်။ ထိုနဝက ကလာပ်ရုပ်သည်လည်း လောဘ အစရှိသော ဟိတ် ၆ ပါးတွင် တစ်ပါးပါးမျှ မယှဉ်ရကား အဟေတုကဖြစ်၍ အဟိတ်၊ ပဋိသန္ဓေဟု ဆိုလေသည်။ ယုတ်မာသောကြောင့် အဟိတ်ပုဂ္ဂိုလ်ခေါ်သည်မဟုတ်ဟူ၍ ဖြေရမည်။

## ၆၇-နိဗ္ဗာန်ဝင်သော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစုတိကို ပြခြင်း

**မေး** ။ ။ လောကီချာန်ပျံ၊ မဂ်, ဖိုလ်, ဉာဏ်နှင့်၊ နိဗ္ဗာန်အောင်မြေ၊ ရောက်သူတွေကို၊ သန္ဓေဘယ်သို့ သွင်းမည်နည်း။

**ဖြေ** ။ ။ တိဟိတ်ဝိပါက် တေရသဖြင့် ပဋိသန္ဓေနေ၍ တိဟိတ်စုတိ တေရသဖြင့် စုတိကျ၍ နိဗ္ဗာန်ဝင်ကုန်၏ဟုဖြေ။

mgyoe.com

mgyoe.com

အကျယ်ကား-ကာမသုဂတိ ၇ ဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄ ခုဖြင့် ပဋိသန္ဓေနေသော တိဟိတ်ပုဂ္ဂိုလ်သည် ဝိပဿနာကို စီးဖြန်း၍ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကိုရ၏၊ ထို့နောက် သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်ကိုရ၏။ ထို့နောက် အနာဂါမိမဂ်, အနာဂါမိဖိုလ်ကိုရ၏။ ထို့နောက်မှ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရ၏။ ထိုသို့ ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်သည် စုတိကျလိုသော် မဟာဝိပါက်ဉာဏသမ္ပယုတ် ၄ ခုဖြင့်ပင် စုတိကျ၍ နိဗ္ဗာန်ဝင်၏။

ရူပတစ်ဆယ့်ငါးဘုံ၌ ဖြဟ္မာတို့သည် ရူပဝိပါက် ၅ ခုဖြင့် ပဋိသန္ဓေနေ၍ ဝိပဿနာကို အားထုတ်သဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ပြီးသော် ဤရူပဝိပါက် ၅ ခုဖြင့် စုတိကျ၍ နိဗ္ဗာန်ဝင်၏။

အရူပ ၄ ဘုံ၌ ဗြဟ္မာတို့သည် အရူပဝိပါက် ၄ ခုဖြင့် ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်ပြီးသော် အရူပဝိပါက် ၄ ခုဖြင့် စုတိ၍ နိဗ္ဗာန်ဝင်၏ဟူပေ။

## ၆ဂ-သုံးကျွန်းသားတို့ ဟိတ်တရား မရှိပုံကို ပြခြင်း

**မေး** ။ ။ဟိုကျွန်းသားတွေ၊ ဟေတုနတ္ထိ၊ ဟိတ်မရှိဟု၊ ဟောဘိဘုန်းကြွယ်၊ အဓိပ္ပာယ်ကို၊ ဘယ်သို့ကြံရေး သင့်သနည်း။

**ဖြေ** ။ ။အရှေ့ကျွန်း၊ မြောက်ကျွန်း၊ အနောက်ကျွန်းသားတို့သည် မိမိတို့၏ကျွန်း၌ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့လည်းမဖြစ်၊ ဤကျွန်းက အရှင်မြတ်တို့လည်း ကြွသွား၍ တရားမဟော၊ ထို့ကြောင့် ထိုသုံးကျွန်းသားတို့အား နိဗ္ဗာန်ရောက်ကြောင်း တရားတည်းဟူသော ဟိတ်မရှိဟု ဆိုလိုသည်။ မင်္ဂလာစေတီဘွဲ့၌ ရှင်သီလဝံသဆိုသည်။

## ၆၉-ကိစ္စအကျိုး ဌာနအကြောင်းဖြစ်ပုံကို ပြခြင်း

**မေး** ။ ။ဆယ့်လေးကိစ္စ၊ ဆယ်ဌာနဟု၊ ရသည်အမှန်၊ ရုပ်နာမ်တရား၊ ထိုနှစ်ပါးတွင်၊ ဖြစ်လားဘယ်သူ အကြောင်းနည်း။

**ဖြေ** ။ ။စိတ်တို့၏ သတ္တိသည် “ကရဏံ ကိစ္စံ” ဟူသော ဝစနတ္ထကြောင့် ကိစ္စမည်၏၊ ထိုသတ္တိ၏တည်ရာဖြစ်သော စိတ်ဒြပ်သည်လည်းကောင်း၊

mgyoe.com

စိတ်၏ဖြစ်ရာအကြားသည်လည်းကောင်း၊ ဌီယတိ ဌွောတိ ဌာနံ-ဟူသော ဝစနတ္ထကြောင့် ဌာနမည်၏။ ။ စိတ်တစ်ခုယုတ်ကိုးဆယ်ကို သတ္တိအားဖြင့် ဝေဖန်သော် ၁၄ ပါးသာရသောကြောင့် ကိစ္စ ၁၄ ပါးထားလေသည်။ ထိုကိစ္စရှိသော စိတ်၏ဖြစ်ရာဌာနကား အကျဉ်းအားဖြင့် ၁၀ ပါး၊ အကျယ်အားဖြင့် ၂၅ ပါးပြားလေသည်။ ထို့ကြောင့် ကိစ္စသည်အကျိုး၊ ဌာနသည်တည်ရာအကြောင်းဟု မှတ်သင့်၏။

ဥပမာကား- လူတစ်ယောက်သည် ပန်းချီ၊ ပန်းပု၊ ဆေးကု၊ ဗိသုကာ၊ လယ်ယာလုပ်ခြင်းဟူသော သိပ္ပငါးရပ်ကို တတ်မြောက်၏။ ထိုသူအား ပန်းချီတတ်သည်ကိုစွဲ၍ ပန်းချီသမား၊ အရုပ်ထုတတ်သည်ကိုစွဲ၍ ပန်းပုသမား၊ သူနာတို့အား ဆေးကုတတ်သည်ကိုစွဲ၍ ဆေးဆရာ၊ အိမ်၊ ရာ၊ ကျောင်း၊ ကန်ပြုတတ်သည်ကိုစွဲ၍ လက်သမား၊ လယ်ယာလုပ်တတ်သည်ကိုစွဲ၍ လမိုင်းကြီးဟုအမည်ငါးပါးဖြင့် သမုတ်အပ်သည်။ ထိုတတ်သော သတ္တိ၏တည်ရာကား လူဒြပ်တစ်ခုသာ ဖြစ်သကဲ့သို့ ဥပေက္ခာသန္တီရဏနှစ်ခုတို့သည် ဘဝနှစ်ရပ်ကို စပ်တတ်သောသတ္တိ၊ ဥပပတ္တိဘဝ၏ အကြောင်းဖြစ်သောသတ္တိ၊ ဘဝမှ ရွေ့တတ်သောသတ္တိ၊ ယူပြီးသော ပဉ္စာရုံကို စုံစမ်းတတ်သောသတ္တိ၊ ဇော၏ အာရုံသို့လိုက်၍ အာရုံပြုတတ်သော သတ္တိရှိသောကြောင့် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စတတ်သည်ဟုဆိုသည်။ ထိုသတ္တိ ငါးဦး၏တည်ရာကား ဥပေက္ခာသန္တီရဏစိတ်ပင် ဖြစ်သည်။ ထို့ကြောင့် သတ္တိကိုကိစ္စ၊ သတ္တိဝန်ဖြစ်သော စိတ်ဒြပ်ကို ဌာနဟု ဋီကာဋ္ဌမိန့်လေသည်။

တစ်နည်းကား-စိတ်ဒြပ်ဟူသည်လည်း မထင်ရှားရကား ရှေ့စိတ် နောက်စိတ်နှစ်ပါး၏ အကြားဖြစ်သော အန္တရဝိကပ္ပပညတ်ကိုပင် ဌာနယူရမည်ဟုပြသည်။ ထိုသို့ယူမှ ဌာန ၂၅ ပါးပြား၏။ ရှေ့နည်းကား မုချ၊ နောက်နည်းကား တဒ္ဓမ္မူပစာရ တည်း။

## ၇၀-ဌာန ၂၅ ပါးကို ပြခြင်း

၂၅ ဌာနကိုကား-

ကေဝိခံ သန္ဓိဌာနံ၊ ဆ ဌာနာနိ ဘဝင်္ဂဿ။

mgyoe.com

mgyoe.com

ဒွိဌာနာဝဇ္ဇနံ ပဉ္စ-ဝိညာဏာဒိနမေကကံ။

ဝေါဋ္ဌဗ္ဗနဿ ဒုဌာနံ၊ ဇဝနံ ဆ တဒါလမ္ဗံ။

ဒွိဌာနံ စုတိယာ ဌာနံ၊ တိဓေဝံ ပဉ္စဝီသတိ။

ဟူသော သင်္ခေပဋီကာ ဂါထာဖြင့် မှတ်ရမည်။

သန္ဓိဌာနံ-ပဋိသန္ဓေဌာနသည်၊ ဧကဝိဓံ-တစ်ခုသောအဖို့ ရှိ၏၊ ဘဝင်္ဂဿ -ဘဝင်၏၊ ဌာနာနိ-ဌာနတို့သည်၊ ဆ-၆ ပါးတို့တည်း၊ အာဝဇ္ဇနံ-အာဝဇ္ဇန်းသည်၊ ဒွိဌာနံ-နှစ်ဌာနရှိ၏၊ ပဉ္စဝိညာဏာဒိနံ-စက္ခုဝိညာဉ် စသည်တို့၏၊ ဌာနံ-ဌာနသည်၊ ဧကကံ-တစ်ပါးပါးစီသာတည်း။

ဝေါဋ္ဌဗ္ဗနဿ-ဝုဋ္ဌော၏၊ ဌာနံ-ဌာနသည်၊ ဒုဌာနံ-နှစ်ပါး ပြား၏၊ ဇဝနံ-ဇောသည်၊ ဆ-ခြောက်ဌာနရှိ၏၊ တဒါလမ္ဗံ-တဒါရုံသည်၊ ဒွိဌာနံ-နှစ်ဌာန ရှိ၏၊ စုတိယာ ဌာနံ-စုတိ၏ဌာနသည်၊ တိဓာ-သုံးပါး ပြား၏၊ ဧဝံ-ဤသို့၊ ပဉ္စဝီသတိ-၂၅ ပါးသော ဌာနတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

၁။ စုဘန္တရံ သန္ဓိဌာနံ၊ ပအာ တအာ ဇအာ ဝေါအာ။

တစု ဇစုန္တရံ ဘဿ၊ ဆ ဌာနံ ပရိဒီပယေ။

၂။ ဘဝိ ဘဇန္တရံယေဝ၊ ဒုအာ ဌာနံ အာသန္တရံ။

ဝိဌာနေကံ ဝိတိန္တရံ၊ သံဌာနေကံ သံဝေါန္တရံ။

၃။ တိဌာနေကံ ဒုဝေါဌာနံ၊ တိဇ တိဘန္တရံ တထာ။

ဝေါတ ဝေါဘ ဝေါစုန္တရံ၊ အာတ အာဘ အာစုန္တရံ။

၄။ ဇဌာနံ ဆ ဇတဇစု-န္တရံ ဥပယျံ ဒုတဌာနံ။

တပ ဇပ ဘပန္တရံ၊ စုတိဌာနံ တိဓာ မတံ။

ဤဂါထာတို့ဖြင့် အကျယ်ကိုသိရမည်။

စုဘန္တရံ-စုတိ, ဘဝင်၏ အကြားသည်၊ သန္ဓိဌာနံ-ပဋိသန္ဓေဌာနတည်း၊ ပအာ, တအာ, ဇအာ, ဝေါအာ, တစု, ဇစုန္တရံ-ပဋိသန္ဓေ, အာဝဇ္ဇန်း၊ တဒါ ရုံ, အာဝဇ္ဇန်း၊ ဇော, အာဝဇ္ဇန်း၊ ဝုဋ္ဌော, အာဝဇ္ဇန်း၊ တဒါရုံ, စုတိ၊ ဇော, စုတိတို့၏ အကြားသည်၊ ဘဿ-ဘဝင်၏၊ ဆ ဌာနံ-၆ ဌာနဟူ၍၊ ပရိဒီပယေ -ပြရာ၏။

ဘဝိ ဘဇန္တရံယေဝ-ဘဝင်, ပဉ္စ ဝိညာဉ်၊ ဘဝင်, ဇော၏ အကြားသည် သာလျှင်၊ ဒုအာဌာနံ-အာဝဇ္ဇန်းဌာနနှစ်ပါး မည်၏၊ အာသန္တရံ-အာဝဇ္ဇန်း,

mgyoe.com

သမ္မ ငို့စ္ဆိုင်း၏ အကြားသည်၊ ဧကံ၊ တစ်ခုသော၊ ဝိဌာနံ-ပဥ္စဝိညာဥ်ဌာနမည်၏၊ ဝိတိန္တရံ-ပဥ္စဝိညာဉ်, သန္တီရဏ၏ အကြားသည်၊ ဧကံ-တစ်ခုသော၊ သံဌာနံ-သမ္ပဋိစ္ဆိုင်းဌာန မည်၏၊ သံဝေါန္တရံ-သမ္ပဋိစ္ဆိုင်း, ဝုဌ္ဌော၏ အကြားသည်၊ တိဌာနေကံ-သန္တီရဏဌာနတစ်ပါးတည်း၊ တီဇ, တီဘန္တရံ-သန္တီရဏ, ဇော၊ သန္တီရဏ, ဘဝင်၏အကြားသည်၊ ဒုဝေါဌာနံ-ဝုဌ္ဌောဌာန နှစ်ပါးတည်း။

တထာ-ထိုမြို့၊ ဝေါတ, ဝေါဘ, ဝေါစုန္တရံ-ဝုဌ္ဌော, တဒါရုံ၊ ဝုဌ္ဌော, ဘဝင်၊ ဝုဌ္ဌော, စုတိတို့၏ အကြားသည်လည်းကောင်း၊ အာတ, အာဘ, အာစုန္တရံ-အာဝဇ္ဇန်း, တဒါရုံ၊ အာဝဇ္ဇန်း, ဘဝင်၊ အာဝဇ္ဇန်း, စုတိတို့၏ အကြားသည်လည်းကောင်း၊ ဇဌာနံ ဆ-ဇောဌာန ၆ ပါး မည်၏၊ ဇဘ, ဇစုန္တရံ-ဇော, ဘဝင်၊ ဇော, စုတိတို့၏အကြားကို၊ ဒုတဌာနံ-တဒါရုံဌာန နှစ်ပါးဟူ၍၊ ဥဒယျံ-သိအပ်၏၊ တပ, ဇပ, ဘပန္တရံ-တဒါရုံ, ပဋိသန်၊ ဇော, ပဋိသန်၊ ဘဝင်, ပဋိသန်တို့၏အကြားသည်၊ တိစာ-၃ ပါးပြားသော၊ စုတိဌာနံ-စုတိဌာနဟူ၍၊ မတံ-သိအပ်၏။

## ၇၁-ဘုံနှင့် ဌာနပိုင်းခြား၍ ပြခြင်း

**မေး** ။ ။ နှစ်ဆယ့်ငါးပါး၊ ဌာနပြားသော်၊ သုံးပါးဘုံမှာ၊ ဌာနဘယ်နှပါး စီနည်း။

**ဖြေ** ။ ။ ကာမေ ဒသ၊ နဝ ရူပေ၊ အရူပေ ပဥ္စ ဌာနာနိ-ဟူသော သုစိတ္တာလင်္ကာရနှင့်အညီ ကာမဘုံ၌ ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်း ဌာန, ပဥ္စဝိညာဉ်ဌာန, သမ္ပဋိစ္ဆိုင်းဌာန, သန္တီရဏဌာန, ဝုဌ္ဌောဌာန, ဇောဌာန, တဒါရုံဌာန, စုတိဌာန ဟူ၍ ဆယ်ပါးရှိ၏။

ရူပဘုံ၌ တဒါရုံကိုချ၍ ၉ ဌာနရှိ၏။ အရူပဘုံ၌ ပဋိသန္ဓေ, ဘဝင်, အာဝဇ္ဇန်း, ဇော, စုတိအားဖြင့် ၅ ဌာနရှိ၏ ဟူပေ။

## ၇၂-ဒွါရ ၆ တန် ရုပ်နာမ် ကောက်ပုံကို ပြခြင်း

**မေး** ။ ။ ဒွါရ ၆ တန်၊ တံခါးမှန်သည်၊ ရုပ်နာမ်ဘယ်သို့ ကောက်သနည်း။

mgyee.com

mgyoe.com

ဖြေ ။ ။ စက္ခုပသာဒရုပ်သည် စက္ခုဒွါရ၊ သောတပသာဒရုပ်သည် သောတဒွါရ၊ ဃာနပသာဒရုပ်သည် ဃာနဒွါရ၊ ဇိဝှါပသာဒရုပ်သည် ဇိဝှါဒွါရ၊ ကာယပသာဒရုပ်သည် ကာယဒွါရ၊ ဘဝင်စိတ်သည် မနောဒွါရမည်ရကား ရုပ်ဒွါရ ၅ ပါး၊ နာမ်ဒွါရ တစ်ပါးဟု ကောက်အပ်၏။

ဤပသာဒရုပ်တို့သည် အဘယ့်ကြောင့် ဒွါရမည်သနည်းဟူမူ ဒုဝေဇနာ အရန္တိ ဂစ္ဆန္တိ ဧတေနာတိ ဒွါရံ-ဟူသော ဝစနတ္ထကြောင့် ဒွါရမည်၏။ ဧတေန-ဤအပေါက်ဖြင့်၊ ဒုဝေ ဇာန-ထွက်သူဝင်သား လူနှစ်ပါးတို့သည်၊ အရန္တိ ဂစ္ဆန္တိ-သွားလာ ထွက်ဝင်တတ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့ သွားလာထွက်ဝင် ကြောင်းဖြစ်သော သတ္တိကြောင့်၊ တံ-ထိုအပေါက်သည်၊ ဒွါရံ-ဒွါရမည်၏၊ လူတို့၏ ထွက်ဝင်ကြောင်းဖြစ်သော တံခါးပေါက်ရ၏။

ယံ ရူပံ-အကြင်ရုပ်သည်၊ ဒွါရံ ဝိယ-တံခါးပေါက်ကဲ့သို့တည်း၊ ဣတိ တသ္မာ-ထိုသို့ တံခါးပေါက်ကဲ့သို့ဖြစ်သော သတ္တိကြောင့်၊ ဒွါရံ-ဒွါရမည်၏။ တံခါးပေါက်နှင့်တူသော ရုပ်, နာမ် ရ၏။

ထိုဒွါရ၌ ဖြစ်သော စိတ်တို့သည် ဒွါရေ ပဝတ္တော ဒွါရိကော-ဟူသော ဝစနတ္ထကြောင့် ဒွါရိက မည်ကုန်၏။

## ၇၃-မနောဒွါရ၏ သရုပ်ကို ပြဆိုခြင်း

မေး ။ ။ ဘဝင် တစ်ဆယ့်ကိုးခုသည် ဘယ့်ကြောင့် မနောဒွါရမည် သနည်း။

ဖြေ ။ ။ မနာနံ ဒွါရံ မနောဒွါရံ။ မနာနံ-အာဝဇ္ဇန်း အစရှိသော စိတ်တို့၏၊ ဒွါရံ-ဖြစ်ကြောင်းတည်း၊ မနောဒွါရံ-အာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့၏ဖြစ်ကြောင်း။ ဤသို့သော ဝစနတ္ထနှင့်အညီ ပဉ္စဒွါရာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်၍ တံခါးဝနှင့်တူသောကြောင့် မနောဒွါရ မည်၏ ဟူပေ။

ဝီထိစိတ်ကို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် မနောဒွါရမည်သော်-
ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စဝိညာဉ်၏ဖြစ်ကြောင်း,
ပဉ္စဝိညာဉ်သည် သမ္ပဋိစ္ဆိုင်း၏ဖြစ်ကြောင်း,

mgyoe.com

mgyoe.com

သမ္ပဋိစ္ဆိုင်းသည် သန္တီရဏ၏ဖြစ်ကြောင်း,

သန္တီရဏသည် ဝုဋ္ဌော၏ဖြစ်ကြောင်း,

ဝုဋ္ဌောသည် ဇော၏ဖြစ်ကြောင်း

ဖြစ်သည်မဟုတ်လော၊ ဤစိတ်တို့လည်း မနောဒွါရ မည်ကောင်းပါ၏တကား ဟူငြားအံ့။ အလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ်ပင် မနောဒွါရ မည်သည် ချည်း ဖြစ်၏။

ယင်းသို့ဖြစ်သော်လည်း ဘဝင်မှတစ်ပါးသော စိတ် ၇၀ မှာ မိမိသည် ဒွါရလည်း မည်၏။ ဒွါရ၌ ဖြစ်တတ်သောကြောင့် ဒွါရိကလည်းမည်၏။

ဘဝင် ၁၉ ခုမှာမူကား ဒွါရသာမည်သည်။ ဒွါရိက မမည်ပေ။ ထို့ကြောင့် ဘဝင် ၁၉ ခုကိုသာ ဒွါရအမည်ဖြင့် ခေါ်လေသည်ဟုဖြေ။

## ၇၄-ဒွါရဝိမုတ်စိတ်ကို ပြဆိုခြင်း

မေး ။ ။ဘဝင် ၁၉ ခုသည် မနောဒွါရ မည်ပါလျက် အနုရုဒ္ဓါဆရာ သည် ဘယ့်ကြောင့် ဒွါရဝိမုတ် ဆိုပါသနည်း။

ဖြေ ။ ။ဒွါရေ နိဗ္ဗတ္တော ဝိမုတ္တာနိ ဒွါရဝိမုတ္တာနိ-ဟူသော ဝစနတ္ထ နှင့်အညီ ဒွါရ၌ဖြစ်ခြင်းမှ ကင်းလွတ်သောကြောင့်သာ ဒွါရဝိမုတ်ဆိုပါသည်။ ဒွါရမဟုတ်သောကြောင့် မဆိုပါဟုဖြေ။

## ၇၅-ပဥ္စဒွါရ၌ ဖြစ်သောစိတ်ကို ပြဆိုခြင်း

မေး ။ ။ပဥ္စဒွါရ၊ နိစ္စမက္ခာ၊ ဖြစ်ခြင်းရာသည်၊ စိတ်သာတစ်စု ဘယ်မျှ နည်း။

ဖြေ ။ ။ဒွေပဥ္စဝိညာဉ်တစ်ဆယ်, မနောဓာတ် ၃ခုအားဖြင့် ၁၃ ပါး သောစိတ်သည် ပဥ္စဒွါရ၌သာဖြစ်၏ ဟူပေ။

mgyoe.com

## ၇၆-မနောဒွါရဖြစ်ထိုက်သောစိတ်ကို ပြဆိုခြင်း

**မေး** ။ ။ မနောဒွါရ၊ ဆိုကုန်ကြသည်၊ မုချဘယ်တွင် ဖြစ်သနည်း။

**ဖြေ** ။ ။ ရှေးရှေးသောစိတ်သည် နောက်နောက်သောစိတ်၏ ဖြစ်ကြောင်း ဖြစ်၍ မနောဒွါရမည်ရကား အလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ်သည်ပင် မုချအားဖြင့် မနောဒွါရမည်သည်။ ထို့ကြောင့် အဋ္ဌသာလိနီ၌ သဗ္ဗောမနော မနောဒွါရံ-ဟု မိန့်၏။

## ၇၇-မနောဒွါရ၌ မဖြစ်သောစိတ်ကို ပြခြင်း

**မေး** ။ ။ နာမ်,ဒွါရမှာ၊ မဖြစ်ရာသည်၊ စိတ်သာဘယ်မျှ ကြွင်းသနည်း။

**ဖြေ** ။ ။ ဒွေပဥ္စဝိညာဉ်တစ်ဆယ်, မနောဓာတ်သုံးခု, ဝုဋ္ဌော ဤ ၁၄ခု ကြွင်းသည်ဟူပေ။

## ၇၈-ဒွါရတို့၏ ရုပ်ကလာပ်အရေအတွက်ကို ပြခြင်း

**မေး**။ ။ ဒွါရ ၆ ဖြာ၊ ဖြစ်သောခါဝယ်၊ ပါသည်ကိုယ်စီ၊ အညီ ကလာပ် ဘယ်မျှနည်း။

**ဖြေ**။ ။ စက္ခုဒွါရဟု ခေါ်အပ်သော ပသာဒရုပ်၌ အဝိနိဗ္ဘောဂရုပ်ရှစ်ခု, စက္ခု ပသာဒ, ဇီဝိတိန္ဒြေအားဖြင့် ၁၀ ပါးသော ရုပ်အစုသည်လည်းကောင်း, ကာယပသာဒ, မိန်းမတို့အား ဣတ္ထိဘော, ယောကျ်ားတို့အား ပုမ္ဘော သုက်သွေး ဟုဆိုအပ်သော သမ္ဘဝရုပ်, အလုံးအလျောင်း မြင်စကောင်းသော သဏ္ဌာနရုပ် အားဖြင့် လေးပါးသောရုပ်သည်လည်းကောင်း ရှိလေရကား ပေါင်းသော် အကျဉ်းအားဖြင့် ၁၄ ပါး ရှိသည်။

အကျယ်အားဖြင့်ကား အဝိနိဗ္ဘောဂရုပ် ရှစ်ခု, သမ္ဘဝ, သဏ္ဌာန ဤရုပ် ၁၀ ပါးသည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းလေးပါး ဖြင့် ဖြစ်ရကား ၄၀ ပြားသည်။ စက္ခုပသာဒ, ကာယပသာဒ, ဘာဝ, ဇီဝိ တိန္ဒြေ ဤရုပ်လေးပါးသည် ကံကြောင့်သာ ဖြစ်ရကား ဤအတိုင်းယူ၍ ပေါင်း သော် ၄၄ ပါး ရှိသည်။

ထိုရုပ်တို့တွင် စက္ခုပသာဒသည် ရူပါရုံ၌ အဘိမုခိဘူတ ဖြစ်သောအခါ

mgyoe.com

mgyoe.com


စက္ခုဒသက ကလာပ်သာ ဖြစ်သည်။ ထိုကလာပ်သည် သတ္တရသာယုကဖြင့် ချုပ်ပြီးသောနောက် မိန်းမသည် ယောကျ်ားအား၊ ယောကျ်ားသည် မိန်းမအား တပ်သော စိတ်သည်ဖြစ်အံ့၊ ဘာဝဒသကကလာပ် ဥပါဒ်ပြန့်၍ သတ္တရသာယုက ဖြင့်ချုပ်၏။ မတပ်ငြိဘဲ ပကတိမြင်ရုံသ-ာဖြစ်အံ့၊ ဘာဝဒသက ကလာပ်မဖြစ်။ သောတပသာဒ စသည်တို့၌လည်း ဤနည်းတူ ယူအပ်၏။

ကာယဒသကမူကား ဖောဋ္ဌဗ္ဗာရုံနှင့် ကြုံသောအခါမှ ဖြစ်၏။ ဤသို့ ဖြစ်ကောင်းရကား ဒွါရငါးပါးတွင် တစ်ပါးပါး၌ ကလာပ်နှစ်စည်းစီ ဖြစ်ကောင်း ၏ ဟူပေ။

သမ္ဘဝရုပ်ဟူသည်ကား လူတို့အား ၁၄ နှစ်, ၁၅ နှစ် ရှိသောအခါ ရာဂစွန်းငြိသဖြင့် ဖြစ်ပေါ်သော သုက်သွေးကို သမ္ဘဝရုပ် ဆိုသည်။

သဏ္ဍာနရုပ်ဟူသည်ကား ပရမတ်ဖြစ်သော ရုပ်တို့ ပေါင်းစည်း၍ အလုံး အလျောင်း မြင်ကောင်းအောင် တည်သောသဏ္ဍာန်ကို သဏ္ဍာနရုပ်ဆိုသည်။ ဤရုပ်နှစ်ပါးကို သံဂါယနာဆရာတို့ သွင်း၍ပြသည်။ သင်္ဂြိုဟ်ဆရာကမူကား သမ္ဘဝရုပ်ကို အာပေါဓာတ်၌သွင်း၍ သဏ္ဍာနရုပ်ကို ဝဏ္ဏ၌ သွင်း၍ပြသည်။

## ၇၉-အာရုံ၊ အာရမ္မဏိက ခွဲခြား၍ ပြခြင်း

**မေး** ။ ။ အာရုံ အာရမ္မဏိက၊ သမုတ်ကြ၏။ အာရမ္မဏိက၊ နာမခေါ် ဖွယ်၊ အဘယ်တရားပေတို့နည်း။

**ဖြေ** ။ ။ စက္ခုဝိညာဉ်ဖြင့် မြင်အပ်သမျှသောရုပ်သည် ရူပါရုံမည်၏။ သောတဝိညာဉ်ဖြင့် ကြားအပ်သမျှသော သဒ္ဒရုပ်သည် သဒ္ဒါရုံမည်၏။ ဃာန ဝိညာဉ်ဖြင့် နံအပ်သောရုပ်သည် ဂန္ဓာရုံ မည်၏။ ဇိဝှါဝိညာဉ်ဖြင့် သိအပ်သော ရုပ်သည် ရသာရုံမည်၏။ ကာယဝိညာဉ်ဖြင့် တွေ့အပ်သောရုပ်သည် ဖောဋ္ဌဗ္ဗာရုံ မည်၏။ စိတ်, စေတသိက်, ပသာဒရုပ်, သုခုမရုပ်, နိဗ္ဗာန်, ပညတ် ဤ ၆ ပါးသည် ဓမ္မာရုံမည်၏။

ဘယ့်ကြောင့် အာရုံမည်သနည်းဟူမူ "စိတ္တစေတသိကေဟိ မုခံ ကတွာ လမ္ဗိယတီတိ အာလမ္ဗဏံ" ဟူသော ဝစနတ္ထနှင့်အညီ အားနည်းသောသူသည် စွဲကိုင်အပ်သော တောင်ဝှေးကဲ့သို့ စိတ်, စေတသိက်တို့သည် စွဲကိုင်အပ်သော

mgyoe.com

ကြောင့် အာရုံမည်၏။

**တစ်နည်းကား။** ။ "စိတ္တ စေတသိကေဟိ အာဂန္တွာ ရမန္တိ ဧတ္ထာတိအာရမ္မဏံ" ဟူသော ဝစနတ္ထနှင့်အညီစိတ်, စေတသိက်တို့သည်လာ၍ မွေ့လျော်ရာဖြစ်သောကြောင့်လည်း အာရုံမည်၏ဟူပေ။

ရုပ်နှင့် ရူပါရုံအထူးကား စက္ခုဝိညာဉ်မဆွဲကိုင်သေးသော မြေ, ရေ, သစ်ပင်စသောရုပ်သည် ရုပ်သာမည်၏၊ ဆွဲကိုင်သောအခါ ရူပါရုံမည်၏။

ပုံကားလူမကိုင်သေးသော တုတ်သည် တုတ်သာမည်၏။ လူကိုင်သော အခါ တောင်ဝှေးမည်သကဲ့သို့တည်း။ ဤအာရုံ ၆ ပါး၌ ကျက်စားတတ်သော စိတ်, စေတသိက်တို့သည်-

"အာရမ္မဏေ ပဝတ္တော အာရမ္မဏိကော" ဟူသော ဝစနတ္ထနှင့်အညီ အာရုံ၌ဖြစ်တတ်သောကြောင့် အာရမ္မဏိက မည်၏။

## ၁၀-အာရုံ ၆ ပါးတွင် ဓမ္မာရုံများသည်ကို ပြခြင်း

**မေး** ။ ။အာရုံ ၆ ဖြာ ဖြစ်မြဲရာတွင် ဘယ်အာရုံက များသနည်း။

**ဖြေ** ။ ။ဓမ္မာရုံသည် ပသာဒရုပ် ၅ ခု၊ သုခုမရုပ် ၁၆ ခု၊ စိတ်တစ်ခု ယုတ် ၉၀၊ စေတသိက် ဒွေပညာသ၊ နိဗ္ဗာန်၊ ပညတ်အားဖြင့် ၆ ပါးပြားသည် ဖြစ်၍ ဓမ္မာရုံကများသည်ဟူပေ။

## ၁၁-ဓမ္မာရုံကို အာရုံပြုသော စိတ်များကို ခွဲခြား၍ပြခြင်း

**မေး** ။ ။ရုပ်, နာမ်, ပညတ်၊ သုံးရပ်ဖြစ်တုံ၊ ဓမ္မာရုံကို၊ ပြုကုန်ကြသည်၊ ထိုမျှစိတ်မှာ၊ ဘာသာဘယ်သို့ ကောက်မည်နည်း။

**ဖြေ** ။ ။ပသာဒရုပ်ကို အာရုံပြု၍ ၄၃ ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ သုခုမရုပ်ကို အာရုံပြု၍လည်း ၄၃ ပါး၊ ကာမစိတ် စတုပညာသကို အာရုံပြု၍လည်း ၄၃ ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ၄၃ ပါး ဟူသော်ကား ကာမဇော တစ်ခုယုတ်သုံးဆယ်, တဒါရုံ ဧကာဒသ, မနောဒွါရာဝဇ္ဇန်း,

mgyoe.com

mgyee.com

အဘိညာဉ်ဒွေတို့တည်း။

ရူပစိတ် ၁၅ ခုကို အာရုံပြု၍လည်းကောင်း, အရူပစိတ်ကို အာရုံပြု၍လည်းကောင်း၊ အနိယတအားဖြင့် ၃၁ ပါးသောစိတ်တို့သည် ဖြစ်ကုန်၏။ ၃၁ ပါးဟူသော်ကား ဟသိတုပ္ပါဒ်ကြဉ်သော ကာမဇော ၂၈ ခု, မနောဒွါရာဝဇ္ဇန်း, အဘိညာဉ်ဒွေတို့တည်း။

အရူပစိတ်ကို အာရုံပြု၍ နိယတအားဖြင့် ၆ ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ၆ ပါးဟူသော်ကား ဝိညာဏဉ္စာယတန ၃ ခု၊ နေဝသညာနာသညာယတန ၃ ခု ဤ ၆ ပါးတည်း။

အောက်မဂ် ၃ ခု, အောက်ဖိုလ် ၃ ခုအားဖြင့် ၆ ပါးသော လောကုတ္တရာစိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏ သမ္ပယုတ် ၄ ခု, မဟာကြိယာဉာဏသမ္ပယုတ် ၄ ခု၊ အဘိညာဉ်ဒွေအားဖြင့် ၁၁ ပါးသောစိတ်တို့သည် ဖြစ်ကုန်၏။

အရဟတ္တဖိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏသမ္ပယုတ် ၄ ခု, ကြိယာအဘိညာဉ်အားဖြင့် ၆ ပါးသော စိတ်တို့သည်ဖြစ်ကုန်၏။

စေတသိက် ဒွေပညာသကို အာရုံပြု၍ ၄၉ ပါးသော စိတ်တို့သည်ဖြစ်ကုန်၏။ ၄၉ ပါးဟူသည်ကား ယခင် ၄၃ ပါးတွင် ဒုတိယစတုတ္ထာရုပ္ပစိတ် ၆ ခုကိုထည့်၍ ၄၉ ပါးဖြစ်သတည်း။

နိဗ္ဗာန်ကို အာရုံပြု၍ နိယတအားဖြင့် ရှစ်ပါး, အနိယတအားဖြင့် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် ရှစ်ခု, အဘိညာဉ်ဒွေအားဖြင့် ၁၁ ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

ပညတ်ကို အာရုံပြု၍ နိယတအားဖြင့် ၂၁ ပါးသောစိတ်၊ အနိယတအားဖြင့် ၃၁ ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

**ဆောင်ပုဒ်**။ ။ ပသာဒနှင့် သုခုမရူပါ၊ ကာမာစိတ္တ၊ ၃ ဌာနမှာ၊
တေစတ္တာ၊ ရူပါ ရူပ၊ ဇော်တီသ။
အောက်မဂ် ၃ ဖြာ၊ ဖိုလ် ၃ ဖြာဒွိ၊ ဧကာဒသ၊
အရဟတ္တမှာ၊ ၆ ခုသာ၊ အာရမ္မဏိက၊ စိတ်ပေါင်းရ။
စေတသိက်မှာ၊ နောစတ္တာ၊ ပညတ္တာရမ္မဏ၊ ဇော်ဗီသ။

mgyee.com

mgyoe.com

အနိယတ်မှာ၊ ဇက်တီသာ၊ သွင်းပါကုန်ကြ၊ ပေါင်းဒွေ ပညာသ။

ဤအကျဉ်းကို အာဂုံဆောင် ပါဠ် ပါဠိနှင့် မှတ်သိလိုမူ သုစိတ္တာလင်္ကာရ ကျမ်းတွင် ယူလေ။

## ဂ၂-မနောဒွါရ၌ဖြစ်သော စိတ်တို့၏ အာရုံကိုပြခြင်း

**မေး ။** ။ မျက်မှောက်ရှေးနှောင်း၊ အပေါင်းပညတ်၊ နံ့စပ်ကုန်စင်၊ ဘယ်ဒွါရမှာ ထင်သနည်း။

**ဖြေ ။** ။ မနောဒွါရိကစိတ္တာနံ ပန ဆဗ္ဗိဓမ္ပိ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟ မာလမ္ဗဏံဟောတိ-

ဟူသော ပါဠ်နှင့်အညီ ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလ၊ အနာဂတ် ကာလ၊ ကာလ ၃ ပါးမှ လွတ်သောပညတ် ဤ ၃ ရပ်၌ဖြစ်သော အာရုံ ၆ ပါးသည် မနောဒွါရ၌ ထင်၏ဟူပေ။

## ဂ၃-မရဏာသန္နဇောတို့၏ အာရုံကို ပြဆိုခြင်း

**မေး။** ။ မရဏာသန္န၊ ထိုကာလမှာ၊ ဒွါရ ၆ ဖြာ၊ နာဂတ်သာ၊ အာရုံပြုနိုင်သေး၏လော။

**ဖြေ။** ။ မရဏာသန္နဇော ဟူသမျှသည် အနာဂတ်ကို အာရုံမပြု၊ ပစ္စုပ္ပန်ကိုလည်းကောင်း၊ အတိတ်ကိုလည်းကောင်း အာရုံပြု၏ ဟူပေ။

ဤ၌ ထင်စွာဆိုဦးအံ့။ မရဏာသန္နကာလ၏ အနီး၌ဖြစ်သော စိတ်တို့ သည် လေးဝီထိ၊ ငါးဝီထိခန့်ကပင် ကံကိုသော်လည်းကောင်း၊ ကမ္မနိမိတ်ကို သော်လည်းကောင်း၊ ဂတိနိမိတ်ကိုသော်လည်းကောင်း အာရုံပြုကုန်သည်။

ထိုသို့ပြုရာတွင် ကုသိုလ်၊ အကုသိုလ်စေတနာသည် ကံမည်၏။ ထိုကံ သည် ချုပ်လေပြီးဖြစ်၍ အတိတ်သာတည်း၊ ထိုအတိတ်ဖြစ်သောကံကို ကာမ ပဋိသန္ဓေ ၁၀၊ ဘဝင် ၁၀၊ စုတိ ၁၀ တို့သည် အာရုံပြုကုန်၏။

ကံ၏ အာရုံဖြစ်သော ကျောင်း ဘုရား စသော အဆောက်အဦသည်

mgyoe.com

ကမ္မနိမိတ်မည်၏။ ထိုကမ္မနိမိတ်သည် အတိတ်, ပစ္စုပ္ပန်, ပညတ်အားဖြင့် ၃ ပါး ပြား၏။ ထိုကမ္မနိမိတ်ကို ပဋိသန္ဓေစိတ် ဇေကူနဝီသ, ဘဝင်ဇေကူနဝီသ, စုတိဇေကူနဝီသတို့သည် အာရုံပြုကုန်၏။

လားလတ္တံ့သောဘဝ၌ ရှေးရှုထင်သော အမိဝမ်းရေ, ငရဲအိုး, ငရဲထိန်း စသည်တို့သည် ဂတိနိမိတ်မည်၏။ ထိုဂတိနိမိတ်သည် မရောက် မတွေ့သေး သော်လည်း အိပ်မက် မြင်သကဲ့သို့ ထင်ရကား ပစ္စုပ္ပန်သာတည်း။ ထိုဂတိ နိမိတ်ကို ကာမပဋိသန္ဓေ ၁၀၊ ဘဝင် ၁၀၊ စုတိ ၁၀ တို့သည် အာရုံပြုကုန်၏။

တစ်နည်းကား။ ။ မရဏာသန္နဇောသည် ၆ ဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်, အတိတ်ဖြစ်သော ပဉ္စာရုံ ကမ္မနိမိတ်သည် ကာမပဋိသန္ဓေ, ဘဝင်တို့၏ အာရုံဖြစ်၏။ ထို့အတူ အတိတ်ဖြစ်သော ပဉ္စာရုံ ကမ္မနိမိတ်သည် စုတိစိတ်၏ အာရုံဖြစ်၏။

မနောဒွါရဖြင့် ယူအပ်သော အတိတ်ဖြစ်သော ဓမ္မာရုံ ကံ, ကမ္မနိမိတ် သည် ကာမပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံဖြစ်၏။

မနောဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်သာဖြစ်သော ရူပါရုံ ဂတိနိမိတ်သည် ကာမပဋိသန္ဓေ ဘဝင်တို့၏ အာရုံဖြစ်၏။

မနောဒွါရဖြင့်ယူအပ်သော ပညတ်ဖြစ်သော ဓမ္မာရုံ ကမ္မနိမိတ်သည် ရူပပဋိသန္ဓေ ၅ ခု, ပထမ တတိယာရုပ္ပပဋိသန္ဓေတို့၏ အာရုံဖြစ်၏။ ဒုတိယ, စတုတ္ထာရုပ္ပတို့၏ အာရုံကား အတိတ်ဓမ္မာရုံသာ ဖြစ်၏။ (ဤကား ဋီကာကျော် နည်းပေတည်း။)

## ၈၄-သေက္ခပုဂ္ဂိုလ်တို့ အကုသိုလ်ကို အာရုံပြု မပြုကို ပြခြင်း

မေး ။ ။ သေက္ခပုဂ္ဂိုလ်၊ အကုသိုလ်ကို၊ နှင်ဖျိုပြီတုံ၊ အာရုံဖြစ်ရ၊ အနေ ကမျှ မစောလော။

ဖြေ ။ ။ မဂ္ဂံဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။

ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ န ဝါ။

ပဏ္ဍိတော-ပညာရှိသောပုဂ္ဂိုလ်သည်၊ မဂ္ဂဉ္စ-မဂ်ကိုလည်းကောင်း၊ ဖလဉ္စ -ဖိုလ်ကိုလည်းကောင်း၊ နိဗ္ဗာနဉ္စ-နိဗ္ဗာန်ကိုလည်းကောင်း၊ ပစ္စဝေက္ခတိ-အာရုံ

mgyee.com

 gyoe.com


ပြု၍ ဆင်ခြင်၏၊ ဟီနေ-မိမိပယ်အပ်ကုန်ပြီးသော၊ ကိလေသေ စ-ကိလေသာတို့ကိုလည်းကောင်း၊ သေသေ စ-ကြွင်းသေးသော ကိလေသာတို့ကိုလည်းကောင်း၊ ပစ္စဝေက္ခတိ ဝါ-ဆင်ခြင်သည်လည်းရှိ၏၊ န ဝါ ပစ္စဝေက္ခတိ-မဆင်ခြင်သည်လည်းရှိ၏။ ဤဂါထာဖြင့် ဖြေလေ။

## ၇၅-ဉာဏသမ္ပယုတ် မဟာကုသိုလ် နိဗ္ဗာန်အာရုံပြုနိုင်ပုံကို ပြခြင်း

**မေး** ။ ။လောကုတ္တရာ၊ စိတ်သာအမှန်၊ နိဗ္ဗာန်အာရုံ၊ ကြုံ၍ဆိုသော်၊ မဟာကုသိုလ်၊ ထိုကိုရုံခါ မပြုလော။

**ဖြေ** ။ ။မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄ ခု, မဟာကြိယာဉာဏသမ္ပယုတ် ၄ ခု, အဘိညာဉ်ဒွေ ဤ ၁၀ ပါးသော စိတ်တို့သည် ရုံခါပြုနိုင်ပါ၏။ ပြုနိုင်သည်ဆိုသော်လည်း မဟာကုသိုလ်တိုင်း မဟုတ်သေးပေ။ မဂ်၏ ရှေ့အဖို့၌ကျသော ဂေါတြဘူကိစ္စတပ်သော ကုသိုလ်သာလျှင် ပစ္စက္ခအားဖြင့် အာရုံပြုနိုင်သည်။ ပုထုဇဉ်သာမန်တို့၏ ကုသိုလ်မှုကား အနုမာနအားဖြင့်သာ အာရုံပြုနိုင်သည်။

ထို့ကြောင့် ဋီကာကျော်၌-

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံတံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ ကလျာဏ ပုထုဇ္ဇနာနံ အနုမာနသိဒ္ဓတံ-ဟူ၍ မိန့်တော်မူသည်။

ပုထုဇဉ်သာမညကို မဆိုထားဘိ၊ တိပိဋက ပဋိသမ္ဘိဒေ၍ ဈာန်သမာပတ်ကိုရသော သုမေဓာရှင်ရသေ့တို့မှလည်း အနုမာနဖြင့်သာ သိရကြောင်းကို ပါရမီခန်း၌-

သုမေဓာသည်၊ ပြည်သာနိဗ္ဗာန်၊ ရှိသင့်တန်ဟု၊ ဇောန်တိတိ၊ ဉာဏ်မျက်စိဖြင့်၊ ပါဠိသရုပ်၊ ပါဌ်သားငုပ်ကို၊ ဖွေထုတ်ကျမ်းလာ၊ မြင်ချေပါသို့-ဟူ၍ စပ်ဆိုလေသည်။

## ၇၆-ဝတ္ထု ၆ ပါးကို တည်ရာဌာနအားဖြင့် ပြခြင်း

**မေး** ။ ။ဝတ္ထု ၆ ပါး၊ တရားအရ၊ ဟဒယဝတ္ထု၊ ဖြစ်မှုဘယ်အရပ်

mgyoe.com

တွင်နည်း။

ဖြေ ။ ။ ဝသန္တိ စိတ္တစေတသိကာ ဧတ္ထာတိ ဝတ္ထု။ ။ ဧတ္ထ-ဤရုပ်၌၊ စိတ္တစေတသိကာ၊ စိတ်, စေတသိက်တို့သည်၊ ဝသန္တိ-မှီ၍နေတတ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့မှီရာဖြစ်သောသတ္တိကြောင့်၊ ဝတ္ထု-ဝတ္ထုမည်၏။

ဤသို့သော ဝစနတ္ထနှင့်အညီ မှီရာဖြစ်သောရုပ်သည် စက္ခုဝတ္ထု, သောတ ဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု ဟူ၍ ၆ ပါးအပြားရှိ၏။

ထို ၆ ပါးတို့တွင် မံသဝတ္ထု၏အလယ်ရှေ့ဝယ် တည်နေသောသူတို့၏ အရုပ်ထင်ကောင်းသော မျက်လွှာ ၇ ထပ်တို့၏အတွင်း၌ သန်းဦးခေါင်းခန့်မျှ ရှိသော ကြည်စွာသော ပသာဒရုပ်သည် စက္ခုဝတ္ထု မည်၏။

နားတို့၏အတွင်း၌ လက်စွပ်ကွင်းသဏ္ဌာန်ကဲ့သို့ ကြန်ကြန်နီသော မွေးနုရှိ သော ပသာဒရုပ်သည် သောတဝတ္ထု မည်၏။

နှာခေါင်းတို့၏အတွင်း၌ ဆိတ်ခြေ, ခွာ သဏ္ဌာန်ကဲ့သို့ရှိသော ပသာဒ ရုပ်သည် ဃာနဝတ္ထုမည်၏။

ခံတွင်းတို့၏ အတွင်းဝယ် လျှာအလယ်အရပ်၌ ကြာရွက်ညွန့်သဏ္ဌာန် ကဲ့သို့ရှိသော ပသာဒရုပ်သည် ဇိဝှါဝတ္ထုမည်၏။

ဆံ, အမွေး, ခြေသည်း, လက်သည်း စသော ကမ္မဇတေဇောဓာတ်တို့မှ လွတ်သောကိုယ်အလုံးတို့၌ ဆီစွတ်သောဝါဂွမ်းကဲ့သို့ စိုစွတ်စွာတည်သော ပသာဒရုပ်သည် ကာယဝတ္ထုမည်၏။

ရင်ချိုင့်၏ အတွင်းသားကို မှီလျက် မျောက်လုပ်သီးပွတ်ကဲ့သို့ တွဲလျား တည်သော နှလုံးသား၏အတွင်း ပုန်းညက်စေ့ ဆံ့လောက်ရုံသောကျင်း၌ အဆင်း ၆ ပါးဖြင့်တည်သော သွေးသည် ဟဒယဝတ္ထုမည်၏ ဟူ၍ဖြေပေ။

## ၇၇-ဟဒယဝတ္ထု၏ အဆင်း ၆ ပါးကို ပြခြင်း

မေး ။ ။ နှလုံးသွေးသား၊ ၆ ပါးစရိုက်၊ စိတ်သို့လိုက်၍၊ ဖြစ်ခိုက် ဘယ်သို့ ထူးသနည်း။

ဖြေ ။ ။ ဤဟဒယဝတ္ထုဟု ဆိုအပ်သော နှလုံးသွေးသည် **ရာဂစိတ်** ဖြစ်သောအခါ ခေါင်ရန်းပန်းကဲ့သို့ ခြင်းခြင်းနီသည်။

mgyoe.com

mgyoe.com

**ဒေါသစိတ်** ဖြစ်သောအခါ သစ်စေးကဲ့သို့ **မည်းနက်သောအဆင်းရှိ** သည်။

**မောဟစိတ်** ဖြစ်သောအခါ သားဆေးရေ အဆင်းကဲ့သို့ **ညစ်ကျူသည်**။

**ဝိတက်ကြီးသော** အခါ ပဲပြုတ်ရည်ကဲ့သို့ **နောက်သောအဆင်းရှိသည်**။

**သဒ္ဓါတရားဖြစ်သောအခါ** မဟာလှေကားပန်းကဲ့သို့ **ဝါသောအဆင်းရှိသည်**။

**ပညာ**ဖြစ်သောအခါ ကျောက်မျက်ကဲ့သို့ **ပြိုးပြိုးပြက်သောအဆင်း** ရှိသည်။ ဤသို့ ထူးကြ၏ ဟူပေ။

စိတ်ဖြစ်သောအခါသာလျှင် ထူးခြား၍ဖြစ်သည်မဟုတ် မူလရင်းက လည်း ပုဂ္ဂိုလ်ချင်းမတူ။

| | | |
|---|---|---|
| ရာဂစရိုက် | ရှိသောသူအား | **နီသည်**။ |
| ဒေါသစရိုက် | ရှိသောသူအား | **မည်းသည်**။ |
| မောဟစရိုက် | ရှိသောသူအား | **ညစ်ကျူသည်**။ |
| ဝိတက်စရိုက် | ရှိသောသူအား | ပဲပြုတ်ရည်ကဲ့သို့ **နောက်သည်**။ |
| သဒ္ဓါစရိုက် | ရှိသောသူအား | **ဝါသည်**။ |
| ပညာစရိုက် | ရှိသောသူအား | **ပြိုးပြိုးပြက်ရှိသည်** ပင်တည်း။ |

**ဆောင်ပုဒ်**။ ။ နီမြန်းရာဂ၊ ဒေါသမည်းငြား၊ သားဆေးမောဟ၊ တက္ကပဲရည်၊ ဝါသည် သဒ္ဓါ၊ ပညာပြိုးပြက်၊ ဓောတ မျက်သွင်၊ အရောင်ထင် သည်၊ ဖြ အင် ဟဒယ အဆင်းတည်း။

## ဂဂ-ဝိညာဉ်အာရုံတို့ကို ဥပမာအားဖြင့် ပြခြင်း

**မေး**။ ။ပဉ္စဝိညာဉ်၊ သဏ္ဌာန်လက္ခဏာ၊ တူလှစွာသည်၊ ပမာဘယ်သို့ ဟောသနည်း။

**ဖြေ**။ ။ဝမ္မိကဥဒကာကာသဂါမသိဝထိကသင်္ခါတဂေါစရနိန္နာ ဝိယ စ အဟိသုသုမာရ ပက္ခိ ကုက္ကုရ သိင်္ဂါလာရူပါဒိဂေါစရနိန္နာဝ၊ ဓေ စက္ခာ ဒယောတိ ဒဋ္ဌဗ္ဗာ။ ။ (သင်္ဂဟဒီပနီ)။

အဟိ, သုသုမာရ, ပက္ခိ, ကုက္ကုရ, သိင်္ဂါလာ-မြွေ, မိကျောင်း, ငှက်, အိမ်ခွေး, တောခွေးတို့သည်၊ ဝမ္မိကဥဒကာကာသဂါမသိဝထိကသင်္ခါ

mgyoe.com

တဂေါစရနိဿာ ဝိယ စ၊ တောင်ပို့ အခေါင်း၊ ရေကြောင်း၊ ကောင်းကင်၊ အိမ်စဉ်၊ သုသာန်ဟုဆိုအပ်သော ကျက်စားရာတို့ကို လွန်စွာညွတ်ဘိသကဲ့သို့၊ ဧဝေ စက္ခာဒယော-ဤစက္ခုဝိညာဉ် အစရှိသည်တို့သည်၊ ရူပါဒိဂေါစရနိဿာဝ-ရူပါရုံ အစရှိသော ကျက်စားရာကို အခါမပြတ် ညွတ်ကုန်၏ဟူ၍သာလျှင်၊ ဒဋ္ဌဗ္ဗာ-မှတ်အပ်ကုန်၏။

| | |
|---|---|
| ဤသို့ | ကျမ်းလာသောကြောင့်- |
| စက္ခုဝိညာဉ်သည် | မြွေနှင့်တူသည်။ |
| သောတဝိညာဉ်သည် | မိကျောင်းနှင့်တူသည်။ |
| ဃာနဝိညာဉ်သည် | ငှက်နှင့်တူသည်။ |
| ဇိဝှါဝိညာဉ်သည် | အိမ်ခွေးနှင့်တူသည်။ |
| ကာယဝိညာဉ်သည် | တောခွေးနှင့်တူသည်- |

ဟူ၍ သိအပ်၏။

အာရုံငါးပါးမှာလည်း-

| | |
|---|---|
| ရူပါရုံသည် | တောင်ပို့ခေါင်းနှင့်တူ၏။ |
| သဒ္ဒါရုံသည် | မြစ်ကြောင်းနှင့်တူ၏။ |
| ဂန္ဓာရုံသည် | ကောင်းကင်နှင့်တူ၏။ |
| ရသာရုံသည် | အိမ်စဉ်နှင့်တူ၏။ |
| ဖောဋ္ဌဗ္ဗာရုံသည် | သုသာန်ပြင်နှင့်တူ၏- |

ဟူ၍ သိအပ်၏။

ဤတွင် ပကိဏ်းပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ ပြီးပြီ။

-- ❖ --

mgyoe.com

mgyoe.com



# ဝိထိပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ

## ၇၉-ဝိသယပ္ပဝတ္တိ၏ အဓိပ္ပာယ်ကိုပြခြင်း

**မေး** ။ ။ ဝိသယပ္ပဝတ္တိ၊ ရှိသည် ၆ စုံ၊ အာရုံတို့၏၊ ဒွါရတို့၌ ဖြစ်ခြင်း, အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်း အရင်းဘယ်သို့ထူးသနည်း။

**ဖြေ** ။ ။ ဝိသယာနံ ဒွါရေသု ပဝတ္တိ၊ ဝိသယပ္ပဝတ္တိ။ ဝိသယာနံ-အာရုံတို့၏၊ ဒွါရေသု-ဒွါရတို့၌၊ ပဝတ္တိ-ဖြစ်ခြင်းတည်း၊ ဝိသယပ္ပဝတ္တိ-အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်း။ (ဆဋ္ဌီတပ္ပုရိသ် မဇ္ဈေလောပိဝိဂြိုဟ်)

ဝိသယေသု စိတ္တာနံ ပဝတ္တိ၊ ဝိသယပ္ပဝတ္တိ။

ဝိသယေသု-အာရုံတို့၌၊ စိတ္တာနံ-စိတ်တို့၏၊ ပဝတ္တိ-ဖြစ်ခြင်းတည်း၊ ဝိသယပ္ပဝတ္တိ-အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း။ (သတ္တမီတပ္ပုရိသ် မဇ္ဈေလောပိ ဝိဂြိုဟ်)

ရှေ့ဝစနတ်ကား အာရုံတို့သည် ဒွါရတို့၌ အလိုလိုမဖြစ်လာတတ်ဘဲလျက် ဖြစ်လာသကဲ့သို့ သမ္ဘန်, သမ္ဘန္ဓိ ပြု၍ဆိုရကား တဒ္ဓမ္မူပစာတည်း။

နောက်ဝစနတ်ကား ကျက်စားရာဖြစ်သော အာရုံတို့၌ ကျက်စားတတ်သော စိတ်တို့၏ဖြစ်ခြင်းကို စွဲ၍ဆိုရကား မုချအမည်တည်း။ ဤသို့ထူး၏ဟူပေ။

mgyoe.com

## ၉၀-စက္ခုဒွါရ ဝီထိစိတ် ဖြစ်ပုံကိုပြခြင်း

**မေး** ။ ။ပသာဒအား၊ ငါးပါးအာရုံ၊ ကြုံကြလတ်သော်၊ ပရမတ်, ပညတ်စပ်၍ဖြစ်ဘိ၊ တဒနုဝတ္တက၊ ဝီထိမှပင်၊ အသိစင်သည်၊ ဘဝင်စပ်ယှဉ်၊ စိတ်စဉ်ဘယ်သို့ ဖြစ်သနည်း။

**ဖြေ** ။ ။သတ္တဝါတို့၏ သန္တာန်၌ သတ္တမသတ္တာဟမှစ၍ စိတ္တက္ခဏတိုင်း အစဉ်မပြတ်ဖြစ်နေသော စက္ခုပသာဒရုပ်သည် သစ်ပင် စသော ရူပါရုံနှင့် ရှေးရှုထင်လတ်သော အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ဟူ၍ ၃ ကြိမ်၊ ထို့နောင် ထိုပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၍ စိတ်ကို သွင်းတတ်သော ပဉ္စဒွါရာဝဇ္ဇန်း, မြင်တတ်သော စက္ခုဝိညာဉ်, ခံလင့်သကဲ့သို့သော သမ္ပဋိစ္ဆိုင်း, စုံစမ်းလင့်သကဲ့သို့သော သန္တီရဏ မှတ်လင့်သကဲ့သို့သော ဝုဋ္ဌော စိတ်သည် ဖြစ်၏။ ထို့နောင် သိတတ်သော ဇောစိတ် ၇ ကြိမ်, ထို့နောင် ထိုဇော၏ အာရုံကို အာရုံပြုတတ်သော တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင် ၄ ကြိမ်လည်းကောင်း, ၅ ကြိမ်လည်းကောင်း ဖြစ်၏။

ထို့နောင် ထိုအတိတ် ရူပါရုံကို အာရုံပြု၍ သိလိုလတ်သော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စ နှစ်ကြိမ်။ ထိုရူပါရုံကို အာရုံပြု၍ စိတ်ကိုသွင်းတတ်သော မနောဒွါရာဝဇ္ဇန်း, ထို့နောင် ဇောကိစ္စ ၇ ကြိမ်, တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင် ၄ ကြိမ်လည်းကောင်း, ၅ ကြိမ်လည်းကောင်း ဖြစ်၏။

ထို့နောင် ထိုရူပါရုံ၏ အဆင်းသဏ္ဌာန်ကို အာရုံပြု၍ သိလိုလတ်သော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် မနောဒွါရာဝဇ္ဇန်း, ထို့နောင် ဇော ၇ ကြိမ်, တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင် ၄ ကြိမ်လည်းကောင်း၊ ၅ ကြိမ်လည်းကောင်း ဖြစ်၏။

ထို့နောင် ထိုရူပါရုံ၏ အမည်စသော နာမပညတ် အတ္ထပညတ်ကို သိလိုလတ်သော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် မနောဒွါရာဝဇ္ဇန်း, ထို့နောင် ဇော ၇ ကြိမ်၊ တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤသို့ လေးဝီထိကျသည်တွင်-

mgyoe.com

ပထမ ဝီထိကား-ပစ္စုပ္ပန်ရူပါရုံကို
ဒုတိယ ဝီထိကား-အတိတ်ရူပါရုံကို
တတိယ ဝီထိကား-သဏ္ဍာန ပညတ်ကို
စတုတ္ထ ဝီထိကား-နာမ ပညတ် စသည်ကို အာရုံပြုသည်။

ထို့ကြောင့် ဆရာတို့လည်း-

ရူပံ ပထမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
သဏ္ဍာနံ တတိယဝါရေန၊ နာမာဒိ စတုတ္ထေန ဝါ-

ဟူ၍ မိန့်ကုန်၏။

စက္ခုနှင့် ရူပါရုံ ဆိုင်မိလျှင် မြင်ခြင်းကား အလွန်လျင်သည်။ ဘယ်သို့ ၄ ဝီထိ ဖြစ်နိုင်အံ့နည်းဟူငြားအံ့။

စက္ခုဒ္ဒါရေ ဣဋ္ဌာရမ္မဏံ အနုဘဝိတုကာမေန ဟိ စိတ္တကရူပကာ ရာဒယော ပက္ကောသာပေတွာ ဣဒံနာမဿ သန္ဓေထာတိ ဝတ္တဗ္ဗံ ဟောတိ၊ တေ့္တန္တရေ ကောဋ္ဌိသဟဿာနိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။ အထပစ္ဆာ တံ အာရမ္မဏံ သမ္ပာပုဏာတိ။ သေသဒွါရေသုပိ ဧသေဝ နယော။

ဟိ-သင့်စွ၊ စက္ခုဒ္ဒါရေ-စက္ခုဒ္ဒါရ၌၊ ဣဋ္ဌာရမ္မဏံ-ဣဋ္ဌာရုံကို၊ အနုဘဝိတုကာမေန-ခံစားလိုသဖြင့်၊ စိတ္တကရူပကာရာဒယော-ဆန်းကြယ်စွာ ရေးတတ်သော ပန်းချီသမား စသည်တို့ကို၊ ပက္ကောသာပေတွာ-ခေါ်စေ၍၊ တဿ-ထိုပန်းချီသမားအား၊ ဣဒံနာမဿ-ဤမည်သောအရုပ်ကို၊ သန္ဓေထာတိ-စီရင်လေလော့ဟူ၍၊ ဝတ္တဗ္ဗံ-ဆိုအပ်သည်၊ ဟောတိ-ဖြစ်၏၊ တေ့္တန္တရေ-ဤသို့ဆိုသော အတွင်း၌၊ ကောဋ္ဌိသဟဿာနိ-ကုဋေတစ်ထောင်ကုန်သော စိတ်တို့သည်၊ ဥပ္ပဇ္ဇိတွာ-ဖြစ်၍၊ နိရုဇ္ဈန္တိ-ချုပ်ကုန်၏၊ အထပစ္ဆာ-ထို့နောင်မှ၊ တံ အာရမ္မဏံ-ထိုအရုပ်ဟူသော အာရုံသို့၊ သမ္ပာပုဏာတိ-ကောင်းစွာရောက်၏၊ သေသဒွါရေသုပိ-ကြွင်းသောဒွါရတို့၌လည်း၊ ဧသေဝနယော-ဤနည်းလျှင်နည်းရှိ၏။

ဤသို့ သံယုတ် အဋ္ဌကထာလာသည်ကို ထောက်သော် ရူပါရုံကိုမြင်ရာ၌ ၄ ဝီထိကျ၏ ဆိုခြင်းသည် အရင်းပြမျှသာ ဖြစ်သည်။ နောက်ကို နှလုံးသွင်း များတိုင်း များသေး၏ ဟူပေ။

အဋ္ဌသာလိနီ၌ကား-

ဧဝံ ဧကေကာရမ္မဏံ ဧဝနံ ဒွီသု ဒွီသု ဒွါရေသု

mgyoe.com


ဥပ္ပဇ္ဇတိတိဝေဒိတဗ္ဗံ၊ ရူပါရမ္မဏံ ဟိ ဧဝန္နံ စက္ခုဒွါရေပိ၊ ဥပ္ပဇ္ဇတိ၊
မနောဒွါရေပိ သဒ္ဒါဒိအာရမ္မဏော သုပိ ဧသေဝ နယော-
ဟူ၍ ဆိုသည်။

**အဓိပ္ပာယ်ကား။** ။ တစ်ခုတစ်ခုသော အာရုံလျှင် အာရုံရှိသော ဇော သည် နှစ်ပါးနှစ်ပါးသော ဒွါရတို့၌ ဖြစ်၏ဟူ၍ သိအပ်၏။ ထိုစကားသည် မှန်၏။ ရူပါရုံလျှင် အာရုံရှိသော ဇောသည် စက္ခုဒွါရ၌လည်းကောင်း၊ မနော ဒွါရ၌လည်းကောင်း ဖြစ်၏။ သဒ္ဒါရုံ စသည် အာရုံရှိသော ဇောတို့၌လည်း ဤနည်းအတူ မှတ်အပ်၏ ဟူလိုသည်။

## ၉၁-သောတဒွါရဝီထိစိတ် ဖြစ်ပုံကို ပြခြင်း

သတ္တဝါတို့၏ သန္တာန်၌ အဋ္ဌမသတ္တာဟမှစ၍ စိတ္တက္ခဏတိုင်း မပြတ် နေသော သောတ ပသာဒရုပ်သည် ဂေါ်, စသော သဒ္ဒါရုံနှင့် ထိလတ်သော် အတီတဘဝင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် သဒ္ဒါရုံ၌ ဝီထိကိုသွင်း တတ်သော ပဉ္စဒွါရာဝဇ္ဇန်း, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇ ကြိမ်, တဒါရုံ ၂ ကြိမ်, ထို့နောင် ဘဝင် ၄ ကြိမ်, ၅ ကြိမ်ဖြစ်၏။

ထို့နောင် အတိတ်သဒ္ဒါရုံကို အာရုံပြု၍ သိလိုသော် ဘဝင်္ဂစလန, ဘဝင်္ဂု ပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇ ကြိမ်, တဒါရုံနှစ်ကြိမ် ထို့နောင်ဘဝင် ၄ ကြိမ်, ၅ ကြိမ်ဖြစ်၏။

ထို့နောင် သဒ္ဒါရုံ၏ နာမပညတ်ကို အာရုံပြု၍ သိလိုသော် ဘဝင်နှစ်ကြိမ် မနောဒွါရာဝဇ္ဇန်း, ဇော ၇ ကြိမ်, တဒါရုံနှစ်ကြိမ် ထို့နောင် ဘဝင် ၄ ကြိမ်၊ ၅ ကြိမ်ဖြစ်၏။

ထို့နောင် သဒ္ဒါရုံ၏ အတ္ထပညတ်ကို အာရုံပြု၍ သိလိုသော် ဘဝင်နှစ်ကြိမ် မနောဒွါရာဝဇ္ဇန်း, ဇော ၇ ကြိမ်, တဒါရုံနှစ်ကြိမ် ထို့နောင် ဘဝင်ဖြစ်ထိုက် သရွေ့ ဖြစ်၏။

ဤ ၄ ဝီထိတို့တွင် ရှေးနှစ်ဝီထိကား ပရမတ်ဖြစ်သော အသံသဒ္ဒကို အာရုံပြုသည်။ တတိယဝီထိကား နာမပညတ်ကို အာရုံပြုသည်။ စတုတ္ထဝီထိ ကား အတ္ထပညတ်ကို အာရုံပြုသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် ဆရာတို့သည်-

သဒ္ဒံ ပထမစိတ္တေန၊ တိတံ ဒုတိယစေတသာ။

နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။

ဟူ၍ မိန့်ကုန်သည်။

အနုရုဒ္ဓါ ဆရာတော်မြတ်လည်း၊ ပစ္စယသင်္ဂဟ၌-

ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။

ပဝတ္တာနန္တရုပ္ပန္န၊ မနောဒွါရဿ ဂေါစရာ။

အတ္ထာယဿာနုသာရေန၊ ဝိညာယန္တိ တတော ပရံ၊

သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ-

ဟူ၍ မိန့်အပ်ပြီ။

ဝစီဃောသာနုသာရေန-ဂေါ စသော ဝစီမယ သဒ္ဒကို အစဉ်လျှောက်၍ အာရုံပြုသဖြင့်၊ ပဝတ္တာယ-ဖြစ်သော၊ သောတဝိညာဏဝီထိယာ-သောတဝိညာဏဝီထိ, တဒနုဝတ္တကမနောဒွါရဝီထိ၏၊ ပဝတ္တာနန္တရုပ္ပန္န မနောဒွါရဿ-ဖြစ်သည်၏အခြားမဲ့၌ နာမပညတ်ကို ကြံသောအခြင်းအရာဖြစ်သော ဝိညာဉ်အစဉ်၏၊ ဂေါစရာ-အာရုံဖြစ်ကုန်သော၊ တတော-ထိုနာမပညတ်ကို ကြံသော ဝိညာဉ်အစဉ်မှ၊ ပရံ-နောက်၌၊ ယဿ-အကြင်သမုတိ, ပရမတ္ထအားဖြင့် ပြားသော နာမပညတ်ကို၊ အနုသာရေန-အစဉ်လျှောက်သဖြင့်၊ အတ္ထာ-အနက် ဒြပ်, တည်းဟူသော အတ္ထပညတ်တို့ကို၊ ဝိညာယန္တိ-သိရကုန်၏၊ သာယံ ပညတ္တိ- ထိုသမုတိ, ပရမတ္ထအားဖြင့် ပြားသော အတ္ထပညတ်ကို၊ လောက သင်္ကေတ နိမ္မိတာ-ရှေးရှေးသောသူ လူပညာရှိတို့၏ အမှတ်သင်္ကေတပညတ်ဖြင့် ပြီး၏ ဟူ၍၊ ဝိညေယျာ-သိအပ်ကုန်၏။

ဤသို့ တစ်လုံးသော အက္ခရာရှိသော နာမပညတ်ကို ကြားရာ၌ ၄ ဝီထိဖြစ်၏ ဟူသောစကားသည် အဋ္ဌကထာဆရာတို့၏ ဝါဒတည်း။

မူလဋီကာဆရာတော်ကား ရှေးနှစ်ဝီထိ၏နောက်၌ သုဒ္ဓမနောဒွါရ တစ်ဝီထိဖြစ်ပြီးမှ နာမပညတ်ကို အာရုံပြု၍ တစ်ဝီထိ၊ အတ္ထပညတ်ကို အာရုံ ပြု၍ တစ်ဝီထိဖြစ်သည်ဟု ဆို၏။ ဤအလိုသော် ၅ ဝီထိကျမှ ဂေါ, သဒ္ဒါ၏ နွား, ဟူသော အနက်ကို ကုန်စင်စွာသိရာသည်။

များသောအက္ခရာရှိသော ပုရိသောဟူသော ပုဒ်၌ ပု,ကိုကြားရာ၌

mgyoe.com

mgyoe.com


သောတဒွါရတစ်ဝီထိဖြစ်ပြီးမှ တဒနုဝတ္တကတစ်ဝီထိ, ရိ,ကို ကြားရာ၌လည်း ဤနည်းအတူ နှစ်ဝီထိ, သ,ကို ကြားရာ၌လည်း နှစ်ဝီထိဖြစ်ပြီးမှ အက္ခရာ အစဉ်ကိုပေါင်း၍ အာရုံပြုသော သုဒ္ဓမနောဒွါရတစ်ဝီထိ၊ နာမပညတ်ကို အာရုံပြု၍ တစ်ဝီထိ၊ အတ္ထပညတ်ကို အာရုံပြု၍ တစ်ဝီထိအားဖြင့် ၉ ဝီထိဖြစ်သည်။ ထို့ထက် အက္ခရာများ၌လည်း ဤနည်းအတူကြံလေ။ ဤကား သုဏန္တပုဂ္ဂိုလ် တို့၏ ဖြစ်ရိုးတည်း။

ဝဒန္တပုဂ္ဂိုလ်၌ဖြစ်ဟန်ကား ဂေါစသောသဒ္ဒါကို ရွတ်လိုသော ပုဂ္ဂိုလ် သည် ထိုဂေါ,သဒ္ဒါ၏ မိရာခန္ဓာ ပဉ္စက, ဒြပ်၌ရှိသော ရုပ်, နာမ်တရားတို့၏ ရုပ္ပန နမနလက္ခဏာတည်းဟူသော တဇ္ဇာပညတ်, ယင်းလက္ခဏာကိုစွဲ၍ ရုပ် နာမ်ဟု သမုတ်အပ်သော ဥပါဒါပညတ်, ထိုရုပ်, နာမ် ခန္ဓာငါးပါး အပေါင်း တည်းဟူသော သမူဟပညတ် ထိုတရားတို့၏ အစီအစဉ်တည်းဟူသော သန္တတိ ပညတ်, ထိုသန္တတိ၏ ပရမတ္ထအားဖြင့် ထင်ရှားဖြစ်ခြင်းတည်းဟူသော ပရမတ္ထ အတ္ထပညတ်, ထိုအတ္ထကို မှတ်ကြောင်းဖြစ်သော လောကသမုတိဟုဆိုအပ် သော သင်္ကေတပညတ်, ယင်းသင်္ကေတတို့ကို ပြတတ်သော သုဏန္တတို့၏ ဉာဏ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်သော မနသာဝဝတ္ထာပိတ သဒ္ဒပညတ်ကို အာရုံပြု၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇ ကြိမ်ဖြစ်၏။ ထိုဇောစိတ်တို့သည် ဝိညတ်နှင့်တကွသော စိတ္တဇရုပ်ကို ဖြစ်စေ၏။ ယင်းသို့ဖြစ်စေရာ သတ္တမဇော၌ သဝိညတ္တိက ဝစီဘေဒသဒ္ဒဟူ သော ဂေါသဒ္ဒါသည်ဖြစ်၏။ ထို့ကြောင့် သမ္မန္ဓစိန္တာ ဋီကာ၌-

တဇ္ဇောပါဒါ သမူဟဉ္စ၊ သန္တတိ အတ္ထသင်္ကေတံ

သဒ္ဒပညတ္တိ မာလမ္ဗ၊ ဝဒန္တေ ဝတ္တတေ စိတ္တံ-

ဟူ၍ မိန့်အပ်၏။

ဝဒန္တေ-ရွတ်ဆိုသောပုဂ္ဂိုလ်၌၊ တဇ္ဇောပါဒါ သမူဟဉ္စ-တဇ္ဇာပညတ် ဥပါဒါပညတ် သမူဟပညတ်ကိုလည်းကောင်း၊ သန္တတိ-သန္တတိပညတ်ကို လည်းကောင်း၊ အတ္ထသင်္ကေတံ-အတ္ထပညတ်, သင်္ကေတပညတ်ကိုလည်း ကောင်း၊ သဒ္ဒပညတ္တိ-သဒ္ဒပညတ်ကိုလည်းကောင်း၊ အာလမ္ဗ-အာရုံပြု၍၊ စိတ္တံ-မနောဒွါရိက ဇောစိတ်သည်၊ ဝတ္တတေ-ဖြစ်၏။

အနုဋီကာ၌လည်း ဤနည်းပင်လာသည်။

mgyoe.com

ဤသို့ စက္ခုဒွါရ, သောတဒွါရတို့၌ ဖြစ်ဟန်ကိုမှီ၍ ကြွင်းသော ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရတို့၌လည်း စိတ်အစဉ်ဖြစ်ဟန်ကို ဝေဖန်၍ သိရာသည်။

## ၉၂-မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ၃ ပါး ယူပုံပြခြင်း

**မေး** ။ ။ ဝိသယပ္ပဝတ္တိ၊ ကိုးဝီထိမှာ၊ မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုက၊ ပသာဒတို့၊ ဘယ်ကဖြစ်၍၊ စင်စစ်ချုပ်ရာ၊ ဘယ်မှာဥပါဒ်, ပြိုင်သနည်း။

**ဖြေ** ။ ။ အတိမဟန္တာရုံ တစ်ဝီထိ၊ မဟန္တာရုံ နှစ်ဝီထိ၊ ပရိတ္တာရုံ ၆ ဝီထိ၊ ဤ ၉ ဝီထိမှာ အာရုံနှင့် ပသာဒတို့၏ ထိခိုက်ကြခြင်းသည် ထင်ရှားသောကြောင့် ပသာဒ၏အမည်ကို မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ဟူ၍ အမည် ၃ ပါးဖြင့် သမုတ်ရသည်၊ ကြွင်းသောဝီထိတို့၌ မသမုတ်ရကုန်။

ထို ၃ ပါးတို့တွင် အတိမဟန္တာရုံဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ ပဋိလောမအားဖြင့် ရေတွက်သည်ရှိသော် ၁၇ ချက်မြောက်သောစိတ်၏ ဥပါဒ်ဋ္ဌီဘင်၌ ဖြစ်သော စက္ခုပသာဒတို့သည် စက္ခုဝိညာဉ်ဖြစ်သောအခါ ထင်ရှားမရှိ ချုပ်လေပြီးဖြစ်သောကြောင့် ထိုပသာဒတို့ကိုထား၍ စက္ခုဝိညာဉ်ဖြစ်သောအခါ ထင်ရှားရှိသော ၄၉ ချက်သော ခဏ၌ဖြစ်သော စက္ခုပသာဒတို့တွင် အတီတဘဝင်၏ ဥပါဒ်၌ဖြစ်သော စက္ခုပသာဒသည် ရူပါရုံနှင့်အတူ ဥပါဒ်၍ ရူပါရုံ ချုပ်လေသော ဒုတိယ တဒါရုံ၏ဘင်၌ပင် ပြိုင်၍ ချုပ်လေသောကြောင့်လည်းကောင်း၊ စက္ခုဝိညာဉ်၏ မှီရာဖြစ်သောကြောင့်လည်းကောင်း အလတ်ဖြစ်သော ရုပ်သက်ရှိရကား-

မဇ္ဈိမော အာယု ယဿာတိ မဇ္ဈိမာယုကော ဟူသော ဝစနတ်နှင့်ညီစွာ မဇ္ဈိမာယုက မည်၏။

အတီတဘဝင်၏ ရှေးတေရသမ ဘဝင်၏ ဌီမှစ၍ဖြစ်သော ၃၇ ချက်သော စက္ခုပသာဒတို့သည် ရူပါရုံမချုပ်မီ ချုပ်လေသောကြောင့် နုံ့သောအသက်ရှိရကား-

မန္ဒော အာယု ယဿာတိ မန္ဒာယုကော ဟူသော ဝစနတ်နှင့်ညီစွာ မန္ဒာယုက မည်၏။

mgyoe.com

mgyoe.com

အတီတဘဝင်၏ ဋ္ဌီမှစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်တိုင်အောင် ၁၁ ချက်သော ခဏဋ္ဌဖြစ်သော စက္ခုပသာဒတို့သည် ရူပါရုံနှင့်အတူဖြစ်လျက် ရူပါရုံ၏နောက်မှ ချုပ်လေသောကြောင့် ပွားသောရုပ်သက်ရှိရကား…

အမန္တော အာယု ယဿာတိ အမန္တာယုကော ဟူသော ဝစနတ္ထနှင့်ညီစွာ အမန္တာယုက မည်၏။

မဟန္တာရုံနှစ်ဝီထိတို့တွင် ပထမ မဟန္တာရုံ၌ ပထမ အတီတဘဝင်၏ ဥပါဒ်၌ဖြစ်သော စက္ခုပသာဒသည် မန္ဒိမာယုက, ရှေး ၃၄ ချက်သော ခဏဋ္ဌဖြစ်သော စက္ခုပသာဒသည် မန္တာယုက, နောက် ၁၄ ချက်သော ခဏဋ္ဌဖြစ်သော စက္ခုပသာဒသည် အမန္တာယုက မည်၏။

ဒုတိယမဟန္တာရုံ၌ ပထမအတီတဘဝင်၏ ဥပါဒ်၌ဖြစ်သော စက္ခုပသာဒသည် မန္ဒိမာယုက, ရှေး ၃၁ ချက်သော ခဏဋ္ဌဖြစ်သော စက္ခုပသာဒသည် မန္တာယုက, နောက် ၁၇ ချက်သော ခဏဋ္ဌဖြစ်သော စက္ခုပသာဒသည် အမန္တာယုက မည်၏။

ပရိတ္တာရုံ ၆ ဝီထိ၌လည်း ဤနည်းကို မှီ၍ယူလေ။

## ၉၃-ဝတ္ထုနှင့်အာရုံ ထိခိုက်ရာတွင် ဘင်လှုပ်ပုံကို ပြခြင်း

**မေး။** ။ အမှီပြားလျက်၊ ငါးပါးဝိညာဉ်၊ ငါးတန်အာရုံ၊ တော်ကြကုန်၍၊ ကြိုက်ကြုံထိလျှင်၊ ဘဝင်ဘယ့်ကြောင့် လှုပ်သနည်း။

**ဖြေ။** ။ ဟဒယဝတ္ထုနှင့် ပသာဒဝတ္ထုသည် ဌာနအားဖြင့် ဝေးကွာသော်လည်း စည်မျက်နှာနှစ်ဖက်ကဲ့သို့ တစ်စပ်တည်း တည်သောကြောင့် စက္ခုပသာဒကို ရူပါရုံထိခိုက်လျှင် ဟဒယဝတ္ထုကို မှီသောဘဝင် လှုပ်လေသည်။ သောတဝတ္ထု စသည်တို့၌လည်း နည်းတူမှတ်လေ။

ထို့ကြောင့် သစ္စသံခိပ်၌-

ဃဋ္ဋိတေ အညဝတ္ထုမှိ၊ အညနိဿိတ ကမ္ပနံ။

ဧကာဗဒ္ဓေန ဟောတီတိ၊ သက္ခရောပမယာ ဝဒေ။

ဟူ၍ ဆိုလေသည်။

အညဝတ္ထုမှိ-ဟဒယဝတ္ထုမှတစ်ပါးသော ပသာဒဝတ္ထု၌၊ ဃဋ္ဋိတေ-

mgyoe.com

mgyoe.com

ပဉ္စာရုံ တို့ထိကုန်လတ်သော်၊ အညနိဿိတ ကမ္ပနံ-စက္ခုဝတ္ထုမှတစ်ပါးသော ဟာဒယ ဝတ္ထုကို မှီသောဘဝင်၏ လှုပ်ခြင်းသည်၊ ကောဗဒ္ဓေန-တစ်စပ်တည်း တည်ခြင်းကြောင့်၊ ဟောတိ-ဖြစ်၏၊ ဣတိအတ္ထံ-ဤသို့သောအနက်ကို၊ သက္ခရောပမယာ- သက္ခရောပမာယ၊ စည် မျက်နှာ၌ ကပ်သောသကာခဲ၌ နားသောယင်၏ ဥပမာဖြင့်၊ ဝဒေ-ဆိုရာ၏။

အဋ္ဌသာလိနီ၌ကား-ငှက်သည် ကောင်းကင်ဖြင့် ပြန်လာ၍ သစ်ခက်ဖျား ၌နားသည်ရှိသော် သစ်ခက်ကို ထိခိုက်ခြင်း, မြေ၌ ထိုအရိပ် နှံ့ခြင်းတို့သည် မရှေးမနှောင်း တစ်ပြိုင်နက်သော ခဏ၌ ဖြစ်ကုန်သကဲ့သို့ ဤအတူ ရူပါရုံ စသည်တို့၏ စက္ခုပသာဒ စသည်၌ ထိခိုက်ခြင်း, ဘဝင်လှုပ်ခြင်းငှာ စွမ်းနိုင် သော မနောဒွါရအား ထင်ခြင်းသို့ ရောက်ခြင်းတို့သည် မရှေးမနှောင်းတစ်ခု သောစိတ်၏ ခဏ၌သာလျှင် ဖြစ်၏ဟု ပြခြင်းငှာ-

> သာခါဃဋ္ဋနဆာယာ ဖရဏာနိ၊ အပုဗ္ဗံ အစရိမံ ဧကက္ခ ဏေယေဝ ဘဝန္တိ၊ ဧဝံ ပစ္စုပ္ပန္နမာဒီနံ စက္ခုပသာဒါဒိဃဋ္ဋနဉ္စ ဘဝင်္ဂစလန သမတ္ထတာယ။ မနောဒွါရေ အာပါထဂမနဉ္စ အပုဗ္ဗံ အစရိမံ ဧကက္ခဏေယေဝ ဟောတိ-
>
> ဟူ၍ မိန့်ဆိုသည်။

ရူပါရုံနှင့် စက္ခုပသာဒ, ရှေးရှုတော်မူကြရာဝယ် ထိသည်, ထင်သည်, မြင်သည် ဟူ၍ ၃ ပါး အပြားရှိ၏။ ထိုတွင် အတီတဘဝင်၏ ဥပါဒ်ခဏ၌ ထိသည်။ ဘဝင်္ဂစလန၏ ဥပါဒ်ခဏ၌ ထင်သည်။ စက္ခုဝိညာဉ်၏ ဥပါဒ်ခဏ၌ မြင်သည်။

ဘဝင်လွှန်ဟူသည်ကား ထင်သော ကာလကို လွှန်သည်ဟူ၍ ဝီထိလက်ရိုး ၌ ဆိုသည်။ ထိုစကားသည်-

ဋ္ဌိတိပ္ပတ္တာနေဝ-ဋ္ဌီသို့ရောက်ကုန်သည်ဖြစ်၍သာလျှင်၊ ပဉ္စာလမ္ဗဏာနိ- ငါးပါးသော အာရုံတို့သည်၊ ပဉ္စဒွါရေ-ပဉ္စဒွါရ၌၊ အာပါထံ-ထင်ခြင်းသို့၊ အာဂစ္ဆန္တိ-ရောက်ကုန်၏၊ တသ္မာ-ထို့ကြောင့်၊ ဧကစိတ္တက္ခဏာတီတကံ-တစ်ခု သောစိတ်၏ ခဏကဲ့သို့သော ခဏလျှင်လွှန်ခြင်းရှိသော၊ ရူပါရမ္မဏံ-ရူပါရုံ သည်၊ စက္ခုသ-စက္ခုပသာဒအား၊ အာပါထံ-ထင်ခြင်းသို့၊ ယဒိ အာဂစ္ဆတိ-

mgyoe.com

အကယ်၍ ရောက်သည်ဖြစ်အံ့၊ ဇဝံသတိ-ဤသို့ရောက်သည်ရှိသော်၊ တတော-ထိုထင်ခြင်းသို့ ရောက်ခြင်းကြောင့်၊ ဝါ ထိုထင်ခြင်းသို့ ရောက်သည်မှ၊ ပရံ-နောက်၌၊ ဒွိက္ခတ္တုံ-နှစ်ကြိမ်၊ ဘဝင်္ဂေ-ဘဝင်သည်၊ စလိတေ-လှုပ်သည်ရှိသော်-

ဟူ၍ ဆိုအပ်သော သင်္ဂြိုဟ်စကားနှင့် ညီသကဲ့သို့ မထင်။

သင်္ဂြိုဟ်၌ကား… ပဉ္စပသာဒတို့၏ ဉပါဒ်နှင့် ပဉ္စာရုံတို့၏ ဉပါဒ်သည် ပြိုင်မိကြသော်လည်း ထိရုံသာဖြစ်သည်၊ မထင်သေး။ ထိုရုပ်တို့၏ ဌီသို့ရောက်မှ သာလျှင် ထင်ကုန်သည်။ ထို့ကြောင့် တစ်ခုသောစိတ်၏ ခဏကဲ့သို့သော ခဏလျှင်လွန်ခြင်းရှိသော ရူပါရုံသည် စက္ခုပသာဒအားထင်ခြင်းသို့ ရောက်သည်ဖြစ်အံ့။ ထိုသို့ထင်သည်မှ နောက်၌ ဘဝင်နှစ်ကြိမ်လှုပ်၏ ဟူ၍ဆိုသည်။ ထိုစကား၌… ရုပ်တို့၏ ဌီဟူသည်လည်း အတီတဘဝင်၏ ဌီနှင့်တစ်ပြိုင်တည်း ဖြစ်သည်။ ဤဌီ၌ ထင်ပါမှ၊ တတောပရံ ဟူသောစကားကို ဆိုသင့်သည်။ ဘဝင်္ဂစလန၏ ဉပါဒ်မှာမှထင်မူ တတောပရံဟူ၍ မဆိုသင့်ပြီ။

ထို့ကြောင့်-

အတီတဘဝင်၏ ဉပါဒ်၌ ထိသည်။

၎င်းဘဝင်ဌီ၌ ထင်သည်။

ပဉ္စဝိညာဉ်၏ ဉပါဒ်၌ မြင်သည်-

ဟူ၍ဆိုမှ သင်္ဂြိုဟ်နှင့် ညီညွတ်မည်။

## ၉၄-အတီတဘဝင် ခေါ်ဆိုရပုံကို ပြခြင်း

အတိက္ကမိတွာ ဂတံ အတီတံ။

အတိက္ကမိတွာ-လှုပ်ခြင်းကိုလွန်၍၊ ဂတံ-ဖြစ်သည်တည်း၊ အတီတံ-လှုပ်ခြင်းကို လွန်၍ဖြစ်သည်။ ။ အာရုံနှင့် ပသာဒ ထိခိုက်၍ ထင်သော်လည်း ထိုစိတ်၌ မလှုပ်သေး။ နောက်စိတ်မှ လှုပ်သောကြောင့် ထိုလှုပ်ခြင်းကို လွန်၍ ဖြစ်သောစိတ်ကို အတီတဘဝင် ဆိုလေသည်။

ရေ၊ မြေ၊ တော၊ တောင် ဟူသော ရုပ်တို့သည် သတ္တဝါတို့ သဏ္ဍာန်၌ကဲ့သို့ သတ္တရသာယုက ရှိသော ဉပါဒ်ဌီဘင်အားဖြင့် မပြတ်ဖြစ်၏လော…

mgyoe.com

 mgyoe.com



ဟူငြားအံ့၊ မဖြစ် ဟူပေ။

ဘယ့်ကြောင့်မဖြစ်သနည်းဟူမူ ထိုရုပ်တို့သည် ပရမတ္ထအားဖြင့် ထင်ရှား မရှိကောင်းသော အဝိဇ္ဇမာနပညတ်သာ ဖြစ်သည်။

ထိုဗာဟိရဇရုပ်တို့သည် ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ခြင်းမရှိ။ အကြင် အခါ၌ သတ္တဝါတို့၏စိတ်သည် အာရုံပြု၍ စွဲလမ်း၏။ ထိုအခါ ရုပ်တို့သည် ရူပါရုံအဖြစ်သို့ ရောက်၏။ ထိုရူပါရုံ၏ အဖြစ်သာလျှင် သတ္တရသာယုကရှိ သည်ဖြစ်၍ ဥပါဒ်, ဌီ, ဘင် ဟု သမုတ်သတည်း။

ဥပမာကား။ ။ က ခုန်တတ်သောသူသည် က,သောအခါ၌သာလျှင် က,ချေသည် မည်သည်။ မကသောအခါ မမည်။ ယင်းသို့မမည်သော်လည်း က,ဖူးသည်ကို စွဲ၍ ဘူတပုဗ္ဗဂတိက နည်းဖြင့် ကချေသည် ခေါ်လေသကဲ့သို့ လည်းကောင်း…။

လူတို့၏ အသက်အတိုင်းအရှည်ကို ရက်, လ, နှစ်ဖြင့် မှတ်၍ ဤသူ ကား… ဤမျှနှစ်, ဤမျှလ, ဤမျှရက်ရှိသည်ဟု ခေါ်ရသကဲ့သို့လည်းကောင်း ဖြစ်သည် ဟူပေ။

(ခဲရုပ်, စေ့စေ့ဆင်ခြင်လေ။)

## ၉၅-ဝီထိစိတ်ဖြစ်ပုံကို သရက်ဥပမာဖြင့် ပြခြင်း

ဝီထိစိတ်၏ ဖြစ်စဉ်လက္ခဏာကို ဤအာမ္ဗောပမာဖြင့် သိအပ်၏။ လူတစ် ယောက်သည် အသီးရှိသော သရက်ပင်၏အောက်၌ ဦးခေါင်းခြုံ၍အိပ်နေရာ… အနီး၌ သရက်သီးတစ်လုံးကြွေ၍ ထိုအသံဖြင့် နိုးလတ်သော် ပုဆိုးခြုံကိုဖွင့်၍ ကြည့်သဖြင့် မြင်သော် ထိုသရက်သီးကို ကောက်၍, နှိပ်နယ်၍နမ်း၍ မှည့်မှန်း သိလျှင် သုံးဆောင်၍ လျှာ, အာ၌ ကပ်သမျှကို တံတွေးနှင့်တကွ မျိုပြီး၍ တစ်ဖန်အိပ်မြဲ အိပ်ပြန်သည်။

ဤဥပမာ၌ ယောကျ်ားသည် အိပ်ပျော်သောအခါကဲ့သို့ ဘဝင်ကျနေသော အခါကို မှတ်အပ်၏။

သရက်သီးကြွေသောအခါကဲ့သို့ ပသာဒနှင့် အာရုံထိသောအခါကို မှတ်အပ်၏။

mgyoe.com

ကျသောအသံဖြင့် နိုးသောအခါကဲ့သို့ အာဝဇ္ဇန်းဖြစ်သောအခါကို မှတ်အပ်၏။

ပုဆိုးခြုံကို ဖွင့်ကြည့်သောအခါကဲ့သို့ စက္ခုဝိညာဉ်ဖြစ်သောအခါကို မှတ်အပ်၏။

ထ၍ ကောက်သောအခါကဲ့သို့ သမ္ပဋိစ္ဆိုင်းဖြစ်သောအခါကို မှတ်အပ်၏။

နှိပ်နယ်၍ စမ်းသကဲ့သို့ သန္တီရဏဖြစ်သောအခါကို မှတ်အပ်၏။

နမ်း၍ မှည့်မှည်းသိသကဲ့သို့ ဝုဋ္ဌောဖြစ်သောအခါကို မှတ်အပ်၏။

သုံးဆောင်သောအခါကဲ့သို့ ဇောဖြစ်သောအခါကို မှတ်အပ်၏။

လျှာ, အာ၌ ကပ်သမျှကို တံတွေးနှင့်တကွ မျိုသောအခါကဲ့သို့ တဒါရုံဖြစ်သောအခါကို မှတ်အပ်၏။

စားပြီးသော် အိပ်မြဲအိပ်ပြန်သကဲ့သို့ ဘဝင်သို့ သက်သောအခါကို မှတ်အပ်၏။

## ၉၆-ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ခေါ်ဆိုပုံကို ပြခြင်း

**မေး** ။ ။ ဝီထိရိုးတွင်၊ ဘဝင်္ဂုပစ္ဆေဒ၊ မည်နာမဖြင့်၊ ချမြဲပင်ကို၊ ဘဝင်္ဂစလန နှစ်ကြိမ်ကျဟူ၊ မမြူအဆို၊ သင်္ဂြိုဟ်ဘယ့်ကြောင့်ဟောသနည်း။

**ဖြေ** ။ ။ တတ္ထ ပဌမစိတ္တံ ဘဝင်္ဂသန္တတိ စာလေန္တံ ဝိယ ဥပ္ပဇ္ဇတီတိ ဘဝင်္ဂစလနံ။ ဒုတိယံ တသာသြန္တိဋ္ဌနာကာရေန ဥပ္ပဇ္ဇနတော ဘဝင်္ဂုပစ္ဆေဒေါတိ ဝေါဟာရန္တိ၊ ဣဓ ပန အဝိသေသေန ဝုတ္တံ ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေတိဟူ၍ ဋီကာမိန့်သည်နှင့်အညီ ဘဝင်နှစ်ကြိမ်တွင် ရှေးစိတ်သည် ဘဝင်အစဉ်ကို လှုပ်စေသကဲ့သို့ ဖြစ်သောကြောင့် ဘဝင်္ဂစလနဟု ခေါ်သည်။ နောက်စိတ်သည် ဘဝင်အလျဉ်ပြတ်သောအခြင်းအရာဖြင့် ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်သည်။

ဤသင်္ဂြိုဟ်ကျမ်း၌ကား အများနှင့်ဆက်ဆံသော သာမညနည်းအားဖြင့် နှစ်ပါးလုံးကို ဘဝင်္ဂစလနဟု ခေါ်လေသည်။ ဘယ်သို့ အများနှင့် ဆက်ဆံလေသနည်းဟူမူ အတီတဘဝင်ရှိက္ကာရုံ ဝီထိ၌ ဘဝင်ပြတ်ခြင်းမရှိ လှုပ်ရုံမျှသာဖြစ်၍ ဆက်ဆံသတည်း။

## ၉၇-ကာမဇောတို့၏ အနည်းအများစောပုံကို ပြခြင်း

**မေး ။** ။ ကာမဇောသည်၊ လွန်သော်ဘယ်မျှ၊ ယုတ်ကဘယ့်နှယ်၊ အကြိမ်ဝယ်၊ ရွေးချယ်ဘယ်သို့၊ ကောက်သနည်း။

**ဖြေ ။** ။ ကာမဇောတို့သည် ပြကတေ့သောကာလ၌ ၇ ကြိမ်, သစ်ပင်ထက်မှကျခြင်း, ရေမွှမ်းခြင်း, ဝေဒနာနှိပ်စက်ခြင်းအကြောင်းတို့ကြောင့် မိန်းမောတွေဝေသော မုစ္ဆာကာလ၌ ၆ ကြိမ်, သေခါနီးဖြစ်၍ မိန်းမောသော မုစ္ဆာကာလ၌ ၅ ကြိမ်, မရဏာသန္နကာလ၌ ၅ ကြိမ်, ယမက ပါဠိဟာရိယကာလ၌ ၅ ကြိမ်, ၄ ကြိမ်, ၃ ကြိမ် ဖြစ်ကုန်၏ဟူ၍ ကောက်လေ။

အဘယ်ကိုမြင်၍ ဆိုသနည်းဟူမူ-

သတ္တက္ခတ္တုံ ပကတိ ကာလေ၊ ဆက္ခတ္တုမေဝ ဝါ မုစ္ဆာကာလေ ဇဝန္တိ ဟူသော သင်္ခေပဋီကာ။

မုစ္ဆာ မရဏာသန္န ကာလေသု ဆပဉ္စပိ ဇဝနာနိ ပဝတ္တန္တီတိ အာဟ ယေဘုယျနာတိဟူ၍လည်းကောင်း, မရဏကာလာဒီသူတိ ဧတ္ထ အာဒိသဒ္ဒေန မုစ္ဆာကာလံသင်္ဂဏှာတိဟူ၍လည်းကောင်း ဆိုအပ်သော ဋီကာကိုမြင်၍ ဆိုသည် ဟူပေ။

ဤဋီကာကျော်ဆရာသည် ရှေ့ယေဘုယျေန၏ အဖွင့်တွင် မုစ္ဆာကာလ၌ ၆ ကြိမ် စောကြောင်းကို ဆိုခဲ့ပြီးလျက် မရဏကာလာဒီသု၌ အာဒိသဒ္ဒါဖြင့် မုစ္ဆာကာလကိုယူ၍ ၅ ကြိမ်စောသည်ဟု အဘယ်ကြောင့် ဆိုပြန်သနည်းဟူမူ-

မုစ္ဆာသည်-

သေခြင်းနီးသော ..... မုစ္ဆာ,

သေခြင်းမနီးသော ..... မုစ္ဆာ, အားဖြင့် နှစ်မျိုးရှိသည်။

သေခြင်းမနီးသော မုစ္ဆာ၌ ၆ ကြိမ်, သေခြင်းနီးသော မုစ္ဆာ၌ ၅ကြိမ် ဖြစ်သည်ဟု ခွဲခြမ်း၍ ယူစေလိုသောကြောင့် ဆိုသည်ဟူပေ။

မဏိမဉ္ဇူဆရာတော်ကား ဋီကာဆရာ၏ သံဝဏ္ဏနာသည် အဋ္ဌကထာနှင့် ဆန့်ကျင်သည်ဟု ဆို၏။

mgyoe.com

## ၉၈-ရေအယဉ်ပမာ ဘဝင်စိတ်ဖြစ်ရာကာလကို ပြခြင်း

**မေး** ။ ။ဘဝင်, ဘဝင်၊ စိတ်လျှင်အရ၊ တွေတွေကျသည်၊ မုချ ဘယ်အခါတွင်နည်း။

**ဖြေ** ။ ။နိဒ္ဒေါကမနကာလေ ဘဝင်္ဂပ္ပဝါဟော ပဝတ္တတိ-ဟူသည်နှင့်အညီ အိပ်ပျော်ခြင်းသို့ရောက်သောအခါ ဘဝင်သာလျှင် ရေအယဉ်ကဲ့သို့ တွေတွေကျသည်ဟူပေ။

## ၉၉-မျောက်မျဉ်ခါတွင် အိပ်မက်မြင်ပုံကို ပြခြင်း

**မေး** ။ ။အိပ်ခါ၌တွင်၊ ထင်ထင်ပြက်ပြက်၊ အိပ်မက်မြင်သော်၊ မပျော်ခင်လော၊ ပျော်မှလော။

**ဖြေ** ။ ။ကပိမိဒ္ဓပရေတော ခေါ၊ မဟာရာဇ သုပိနံ ပဿတိ-ဟူ၍ မိလိန္ဒပဉှာ၌ဆိုသောကြောင့် ဘဝင်ကျ၍ အိပ်ပျော်သည်လည်းမဟုတ်, နိုးသည်လည်းမဟုတ်၊ ထိုနှစ်ပါး၏အကြား မျောက်မျည်းကာမျှသောအခါ၌ အိပ်မက်မြင်၏ဟုဖြေ။

ထို့ကြောင့် သုပိနာစျာယ၌-

ဆဋ္ဌာရမ္မဏာ၊ ပစ္စယကြောင့်၊ ဒွါရိကစိတ်၊ မဆိတ်ဖြစ်ဆဲ၊
ဖန်လဲ ပွားတက်၊ နိုးစဉ်လျက်လည်း၊ အိပ်မက်မမြင်၊ ဘဝင်သက်
၍၊ စက်မွေ့စိုက်စိုက်၊ အိပ်ပျော်ခိုက်လည်း၊ မထိုက်ပေရာ၊
အကြင်ခါ၌၊ အာဝဇ္ဇန်းဟုံ၊ မျှော့လှမ်းပုံသို့၊ အာရုံရမ်းရှု၊ ဖမ်းလု
လုတွင်၊ ခေါ်မှုဝေါဟာ၊ မျောက် မျဉ်းခါ၌၊ ခြင်းရာပီပြင်၊ ထင်
လတ်သည်ကို၊ အိပ်မက်ဆို၏-

ဟူ၍ စပ်လေသည်။

## ၁၀၀-အိပ်မက်နှစ်ပါး ထူးခြားပုံကို ပြခြင်း

ထိုအိပ်မက်သည် မထင်လွန်းသော အိပ်မက်, ထင်ရှားသောအိပ်မက်အား

mgyee.com

mgyoe.com

ဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် မထင်လွန်းသော အိပ်မက်၌ကား ဘဝင်လှုပ်ပြီးသော် အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် နှစ်ကြိမ်ဖြစ်၍ ဘဝင်သို့သက်၏။ ဤကား အဝိဘူတာရုံ တည်း။

ဤဝီထိကိုရည်၍ သမ္မောအဋ္ဌကထာ ဉာဏဝိဘင်းအဖွင့်၌-

သုပိနေနေဝ ဒိဋ္ဌံ ဝိယ မေ၊ သုတံ ဝိယ မေတိ

ကထနကာလေပိ အဗျာကတောယေဝ-

ဟူ၍ မိန့်တော်မူသည်။

သုပိနေနေဝ-အိပ်မက်ဖြင့်သာလျှင်၊ မေ-ငါသည်၊ ဒိဋ္ဌံ ဝိယ-မြင်သကဲ့သို့၊ မေ-ငါသည်၊ သုတံဝိယ-ကြားသကဲ့သို့၊ ဟောတိ-ဖြစ်၏၊ ဣတိ-ဤသို့၊ ကထနကာလေပိ-ဆိုရသောအခါ၌လည်း၊ အဗျာကတောယေဝ-အဗျာကတ ဖြစ်သော မနောဒွါရာဝဇ္ဇန်းသာလျှင်၊ ဟောတိ-ဖြစ်၏။

ငင်းပါဠ်ကို မူလဋီကာ၌-

အဗျာကတောယေဝ အာဝဇ္ဇနမတ္တဿေဝ ဥပ္ပဇ္ဇနတောတိ

ဝဒန္တေဟိ မနောဒွါရေပိ အာဝဇ္ဇနံ ဒွိက္ခတ္တုံ ဥပ္ပဇ္ဇိတွာ၊ ဇဝနဋ္ဌာနေ

ဌတွာ၊ ဘဝင်္ဂံ ဩတရတီတိ အဓိပ္ပေတန္တိ ဒဋ္ဌဗ္ဗံ-

ဟူ၍ ဖွင့်ဆိုသည်။

အာဝဇ္ဇနမတ္တဿေဝ-အာဝဇ္ဇန်း၏သာလျှင်၊ ဥပ္ပဇ္ဇနတော-ဖြစ်ခြင်းကြောင့်၊ အဗျာကတောယေဝ-အဗျာကတသာလျှင်၊ ဟောတိ-ဖြစ်၏၊ ဣတိ-ဤသို့၊ ဝဒန္တေဟိ-ဆိုကုန်သော အဋ္ဌကထာဆရာတို့သည်၊ မနောဒွါရေပိ-မနောဒွါရ၌လည်း၊ အာဝဇ္ဇနံ-အာဝဇ္ဇန်းသည်၊ ဒွိက္ခတ္တုံ-နှစ်ကြိမ်၊ ဥပ္ပဇ္ဇိတွာ-ဖြစ်၍၊ ဇဝနဋ္ဌာနေ-ဇော၏အရာ၌၊ ဌတွာ-တည်၍၊ ဘဝင်္ဂံ-ဘဝင်သို့၊ ဩတရတိ-သက်၏၊ ဣတိ-ဤသို့။ အဓိပ္ပေတန္တိ-အလိုရှိအပ်၏ဟူ၍၊ ဒဋ္ဌဗ္ဗံ-မှတ်အပ်၏။

ထင်ရှားသောအိပ်မက်၌ကား ဘဝင်လှုပ်ပြီးသော် မနောဒွါရာဝဇ္ဇန်း၊ ဇော ၇ ကြိမ်, တဒါရုံ ၂ ကြိမ်ဖြစ်၍ ဘဝင်သို့သက်၏။ ဤကား ဝိဘူတာရုံ တည်း။

mgyoe.com

ဤသို့ဖြစ်သော ဝီထိကိုရည်၍ တေရသကဏ်ဋီကာ၌-

ယဒိပိ သုပိနန္တေ ဝိဘူတံ ဟုတွာ၊ ဥပဋ္ဌိတေ ရူပါဒိဝတ္ထုမှိ တဒါ ရမ္မဏံ ပဝတ္တတိ၊ သုပိနံ ဟိ ပဿန္တော မနောဒွါရိကေနေဝ ဇဝနေန ပဿတိ၊ နပဉ္စဒွါရိကေန ပဋိဗုဇ္ဈန္တော စ မနောဒွါရိကေနေဝ ပဋိဗုဇ္ဈတိ၊ န ပဉ္စဒွါရိကေန-

စသည်ဖြင့် ဆိုတော်မူသည်။

ယဒိပိ-အကယ်၍လည်း၊ သုပိနန္တေ-အိပ်မက်၌၊ ဝိဘူတံ-ထင်ရှားသည်၊ ဟုတွာ-ဖြစ်၍၊ ပဿတိ-မြင်အံ့၊ ဥပဋ္ဌိတေ-ရှေးရှုထင်လတ်သော်၊ ရူပါဒိဝတ္ထုမှိ- ရူပါရုံ စသောဝတ္ထု၌၊ တဒါရမ္မဏံ-တဒါရုံသည်၊ ပဝတ္တတိ-ဖြစ်၏၊ ဟိ-သင့်စွ၊ သုပိနံ-အိပ်မက်ကို၊ ပဿန္တော-မြင်သောသူသည်၊ မနောဒွါရိကေနေဝ- မနောဒွါရ၌သာလျှင်ဖြစ်သော၊ ဇဝနေန-ဇောဖြင့်၊ ပဿတိ-မြင်၏၊ ပဉ္စဒွါရိကေန-ပဉ္စဒွါရ၌ဖြစ်သော ဇောဖြင့်၊ န ပဿတိ-မမြင်၊ ပဋိဗုဇ္ဈန္တော စ၊ နိုးသော်လည်း၊ မနောဒွါရိကေနေဝ-မနောဒွါရ၌ ကျသောဇောဖြင့်သာလျှင်၊ ပဋိဗုဇ္ဈတိ-နိုး၏၊ ပဉ္စဒွါရိကေန-ပဉ္စဒွါရ၌ ကျသောဇောဖြင့်၊ နပဋိဗုဇ္ဈတိ-မနိုး။

## ၁၀၁-အိပ်မက်ရာတွင် ကောင်းကျိုး၊ မကောင်းကျိုး ဖြစ်ပုံကို ပြခြင်း

ယင်းသို့ ဇော, တဒါရုံကျသော မနောဒွါရဝီထိဖြင့် အိပ်မက်သော် ကုသိုလ်ပြုသည် မက်ရာ၌ ကောင်းကျိုးပေးအံ့လော၊ မကောင်းမှုပြုသည်မက်ရာ၌ မကောင်းကျိုးပေးအံ့လော ဟူငြားအံ့။

တေနာယံ သုပိနော ကုသလောပိ ဟောတိ အကုသလောပိ အဗျာကတောပိ၊ တတ္ထ သုပိနန္တေ စေတိယဝန္ဒနဓမ္မသဝနဓမ္မဒေသနာဒီနိ ကရောန္တဿ ကုသလော၊ ပါဏာတိပါတာဒီနိ ကရောန္တဿ အကုသလော၊ ဒွီဟိ အန္တေဟိ မုတ္တော အာဝဇ္ဇန တဒါရမ္မဏက္ခဏေ အဗျာကတောတိ ဝေဒိတဗ္ဗော၊ သွာယံ ဒုဗ္ဗလဝတ္ထုကတ္တာ စေတနာယ ပဋိ သန္ဓိ အာကမိုတုံ အသမတ္ထော၊ ပဝတ္တေ ပန အညေဟိ ကုသလာကုသ လေဟိ ဥပတ္ထမ္ဘိတော

mgyoe.com


ဝိပါကံ ဒေတိ၊ ကိစ္စာပိ ဝိပါကံ ဒေတိ၊ အထ ခေါ အဝိသယေ
ဥပ္ပန္နတ္တာ အဗ္ဗောဟာရိကာဝ သုပိနန္တစေတနာ–
ဟူ၍ ပါရာဇိကဏ် အဋ္ဌကထာ မိန့်အပ်ပြီ။

တေန–ထို့ကြောင့်၊ အယံ သုပိနော–ဤအိပ်မက်သည်၊ ကုလောပိ–ကုသိုလ်သည်လည်း၊ ဟောတိ–ဖြစ်၏၊ အကုသလောပိ–အကုသိုလ်သည်လည်း၊ ဟောတိ–ဖြစ်၏၊ အဗျာကတောပိ–အဗျာကတသည်လည်း၊ ဟောတိ–ဖြစ်၏၊ တတ္ထ–ထိုသုံးပါးတို့တွင်၊ သုပိနန္တေ–အိပ်မက်၌၊ စေတိယဝန္ဒ နဓမ္မသဝန ဓမ္မဒေသနာဒီနိ–စေတီကို ရှိခိုးခြင်း, တရားနာခြင်း, တရားဟောခြင်း စသည်တို့ကို၊ ကရောန္တဿ–ပြုသောသူအား၊ ကုသလော–ကုသိုလ်သည်၊ ဟောတိ– ဖြစ်၏။ အကျယ်ကို ၄င်းဋီကာမှာ ရှုလေ။

## ၁၀၂–အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံတို့၌ ဝိပါက်အမှန် ဇောအပြန်ကိုပြခြင်း

**မေး** ။ ။အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံကို၊ အကုသိုလ်နှင့်၊ ကုသိုလ်အကျိုး၊ ဖြစ်ပေမျိုးဟု၊ ကျမ်းရိုးလာပြီ၊ ဇောမှာဘယ်သို့ ကောက်သနည်း။

**ဖြေ** ။ ။ကောင်းကျိုးကိုလည်း မဖြစ်စေတတ်, သတ္တဝါလည်း အလိုမရှိအပ်သော အာရုံသည် အနိဋ္ဌာရုံမည်၏။

ကောင်းကျိုးကိုလည်း ဖြစ်စေတတ် သတ္တဝါလည်း အလိုရှိအပ်သော အာရုံသည် ဣဋ္ဌာရုံ မည်၏။

ထိုဣဋ္ဌာရုံ စသည်လည်း ဣဋ္ဌမဇ္ဈတ္တာရုံနှင့် အတိဣဋ္ဌာရုံဟူ၍ နှစ်ပါး အပြားရှိ၏။

ထိုနှစ်ပါးတို့တွင် အကြင်ထမင်း, အဖျော်, အိပ်ရာ အစရှိသည်တို့သည် ပစ္စုပ္ပန် အတ္တဘော၌ ခံစားအပ်သော ကောင်းကျိုးရှိသည်ဖြစ်၍ သင့်ရုံ လိုအပ်သောကြောင့် ဣဋ္ဌမဇ္ဈတ္တာရုံ မည်၏။

ဘုရား အစရှိသော အာရုံတို့သည် ပစ္စုပ္ပန် တမလွန်အားဖြင့် နှစ်ပါးသော ကာလ၌ ခံစားအပ်သော ကောင်းကျိုးရှိသည်ဖြစ်၍ အလွန် အလိုရှိအပ်သော

mgyoe.com

ကြောင့် အတိဣဋ္ဌာရုံ မည်၏။

မေထုနသေဝန စသည်တို့သည် သတ္တဝါပင် အလိုရှိကြသော်လည်း နှစ်ပါးသောကာလ၌ ဒုက္ခဝိပါက်သာဖြစ်သောကြောင့် ဣဋ္ဌာရုံမမည်၊ အနိဋ္ဌာရုံသာ မည်ကုန်၏။

ထိုအာရုံတို့တွင် မစင်ခွေးကောင် အစရှိသော အနိဋ္ဌာရုံကို မြင်သောကာလ အကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သည် ဖြစ်ကုန်၏။

ထမင်း, အဖျော်, အိပ်ရာ, နေရာ, ပန်းနံ့သာ စသော ဣဋ္ဌမဇ္ဈတ္တာရုံကို မြင်သောကာလ ကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သည် ဖြစ်ကုန်၏။

ဘုရားအစရှိသော အတိဣဋ္ဌာရုံ၌ကား ကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သောမနဿသန္တီရဏ, သောမနဿ တဒါရုံတို့သည် ဖြစ်ကုန်၏။

သတ္တဝါသည် သညာဖောက်ပြန်၍ အနိဋ္ဌာရုံကို ဣဋ္ဌအားဖြင့်ယူသော်လည်းကောင်း၊ ဣဋ္ဌာရုံ, အတိဣဋ္ဌာရုံကို အနိဋ္ဌအားဖြင့် ယူသော်လည်းကောင်း ဤဝိပါက်တို့သည် ဖောက်ပြန်ခြင်းမရှိ၊ ပကတိအားဖြင့် အမှန်ဖြစ်မြဲပင်တည်း။

ကုသိုလ်, အကုသိုလ်, ဇောတို့မူကား မပယ်အပ်သေးသော ဝိပ္ပလ္လာသတရားရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ခြင်းကြောင့် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံကိုလည်း အနိဋ္ဌအခြင်းအရာဖြင့် ယူသောအခါ ကုသိုလ်ဥပေက္ခာ ဇောသော်လည်းကောင်း၊ အကုသိုလ်ဇောသော်လည်းကောင်း ဖြစ်၏။

အနိဋ္ဌာရုံကိုလည်း ဣဋ္ဌအခြင်းအရာဖြင့် ယူသောအခါ ကုသိုလ်သောမနဿဇောသော်လည်းကောင်း, အကုသိုလ်ဇောသော်လည်းကောင်း ဖြစ်၏။

ထိုအနက်ကိုပြခြင်းငှါ ဋီကာကျော်၌-

တထာ ဟိ အသဒ္ဓါဒီနံ ဗုဒ္ဓါဒီသု အတိဣဋ္ဌာရမ္မဏေသုပိ
ဥပေက္ခာ ဇဝနံ ဟောတိ၊ တိတ္ထိယာဒီနဉ္စ ဒေါမနဿဇဝနံ။
ဂမ္ဘီရပကတိကာဒီနဉ္စ ပဋိကူလာရမ္မဏေ ဥပေက္ခာဇဝနံ။
သုနခါဒီနဉ္စ တတ္ထ သောမနဿဇဝနံ-
ဟူ၍ ဆိုတော်မူသည်။

mgyoe.com

တထာ တံ ဝစနံ-ထိုစကားကို၊ ဟိ ဝိတ္ထာရေမိ-ချဲ့ဦးအံ့၊ အသဒ္ဓါဒီနံ-မသဒ္ဓါသောသူအစရှိသည်တို့အား၊ ဗုဒ္ဓါဒိသု-ဘုရားအစရှိကုန်သော၊ အတိက္ကန္တာ ရမ္မဏေသုပိ-အတိက္ကန္တာရုံတို့၌လည်း၊ ဥပေက္ခာဇဝနံ-ဥပေက္ခာဇောသည်၊ ဟောတိ-ဖြစ်၏၊ တိတ္ထိယာဒီနဉ္စ-တိတ္ထိအစရှိသည်တို့အားလည်း၊ ဒေါမနဿ ဇဝနံ-ဒေါမနဿဇောသည်၊ ဟောတိ-ဖြစ်၏၊ ဂမ္ဘီရပကတိကာဒီနဉ္စ-နက်နဲသောသဘောရှိသော ယောဂီပုဂ္ဂိုလ် စသည်တို့အား၊ ပဋိကူလာရမ္မဏေ-စက်ဆုပ်ဖွယ်သော အသုဘအာရုံ၌၊ ဥပေက္ခာဇဝနံ-ဥပေက္ခာဇောသည်၊ ဟောတိ-ဖြစ်၏၊ သုနခါဒီနဉ္စ-ခွေး စသော သတ္တဝါတို့အားလည်း၊ တတ္ထ-ထိုစက်ဆုပ်ဖွယ်ရှိသော အာရုံ၌၊ သောမနဿဇဝနံ-သောမနဿဇောသည်၊ ဟောတိ-ဖြစ်၏၊ ပုရိမပစ္ဆာ ဘာဂပဝတ္တာနိ-ရှေ့အဖို့ နောက်အဖို့၌ ဖြစ်ကုန်သော၊ ဝိပါကာနိ ပန-ဝိပါက် စိတ်တို့သည်ကား၊ ယထာ ဝတ္ထုကာနေဝ-ဝတ္ထုအတိုင်းသာတည်း။

## ၁၀၃-ဝိဘူတာရုံနှင့် အဝိဘူတာရုံနှစ်ပါး ထူးခြားပုံကို ပြခြင်း

**မေး** ။ ။အနန္တရာဒိ၊ ပစ္စည်းရှိလျက်၊ ဝိဘူတာရုံ၊ အဝိဘူတာရုံ၊ နှစ်စုံ ဘယ်သို့ ထူးသနည်း။

**ဖြေ** ။ ။တဒါရုံ ကျသည်ဖြစ်၍ မျက်စိဖြင့်မြင်သကဲ့သို့ ထင်သော အာရုံကို ဝိဘူတာရုံဆိုသည်။

တဒါရုံမကျသည်ဖြစ်၍ အနည်းငယ်ထင်သော အာရုံကို အဝိဘူတာရုံ ဆိုသည်။ အဝိဘူတပုဒ်၌ အ,သဒ္ဒါသည် အနုဒရာ ကညာ၌ကဲ့သို့ အပ္ပကအနက် ကိုဟောသည်။

## ၁၀၄-မြင်ဖူးသောအာရုံပင် စိတ်တွင်ထင်ရာ ပစ္စုပ္ပန်သာဖြစ်ပုံကို ပြခြင်း

**မေး** ။ ။ရှေးကဖူးမြင်၊ စေတီပြင်ကို၊ စိတ်တွင်တွေးကြံ၊ ထင်လာပြန် သော်၊ ပစ္စုပ္ပန်လော၊ အတိတ်လော။

**ဖြေ** ။ ။ရှေးက စက္ခုဒွါရဖြင့် ထင်ဖူးသော ရူပါရုံသည် တစ်ဖန် မနောဒွါရဝီထိဖြင့် ထင်ပြန်သော် ပစ္စုပ္ပန္နာရုံပင် မည်၏။

mgyoe.com

ထို့နောက်ကျသော တဒနုဝတ္တက ဝီထိ၏ အာရုံသည်သာလျှင် အတိတ်ရူပါရုံကို အာရုံပြုသည်ဟု ဆိုအပ်၏။

ထို့ကြောင့် အဋ္ဌသာလိနီ၌-

တဿ ဧဝံ စေတိယံ ပဿိတွာ ဗုဒ္ဓါရမ္မဏံ ပိတိံ နိဗ္ဗတ္တေတွာ။ ပ။ ဧဝံတာဝ ဒိဋ္ဌဝသေန ရူပါရမ္မဏံ အာပါထံ အာဂစ္ဆတိ-

ဟူ၍ မိန့်တော်မူသည်။

ဧဝံ-ဤသို့၊ စေတိယံ-စေတီတော်ကို၊ ပဿိတွာ-ဖူးမြင်၍၊ ဗုဒ္ဓါရမ္မဏံ-ဘုရားလျှင် အာရုံရှိသော၊ ပိတိံ-နှစ်သက်ခြင်းကို၊ နိဗ္ဗတ္တေတွာ-ဖြစ်စေ၍၊ အပရဘာဂေ-နောက်အဖို့၌၊ ယတ္ထကတ္ထစိ-အမှတ်မရှိသော အရပ်သို့၊ ဂတဿ-ရောက်သော၊ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနေသု-နေ့သန့်ရာ၊ ညဥ့်သန့်ရာအရပ်တို့၌၊ နိသိန္နဿ-နေထသော၊ အာဝဇ္ဇမာနဿ-တွေးကြံဆင်ခြင်သော၊ တဿ- ထိုစေတီကိုဖူးမြင်ဖူးသောသူအား၊ အလင်္ကတပဋိယတ္တံ-တန်ဆာဆင်ခြင်းနှင့်စပ်သော၊ မဟာစေတိယံ-မဟာစေတီသည်၊ စက္ခုဒွါရေ-စက္ခုဒွါရ၌၊ အာပါထံ-ထင်ခြင်းသို့၊ အာဂတသဒိသမေဝ-ရောက်သည်နှင့်အတူသာလျှင်၊ ဟောတိ-ဖြစ်၏၊ ပဒက္ခိဏံ-လက်ယာရစ် လှည့်သည်ကို၊ ကတွာ-ပြု၍၊ စေတိယံ-စေတီကို၊ ဝန္ဒနကာလော ဝိယ-ရှိခိုးရသောအခါကဲ့သို့၊ ဟောတိ-ဖြစ်၏၊ ဧဝံ-ဤသို့၊ တာဝ-ရှေးဦးစွာ၊ ဒိဋ္ဌဝသေန-မြင်ဖူးသည်၏ အစွမ်းဖြင့်၊ ရူပါရမ္မဏံ-ပစ္စုပ္ပန်ရူပါရုံသည်၊ အာပါထံ-ထင်ခြင်းသို့၊ အာဂစ္ဆတိ-ရောက်၏။

ပတိဥပ္ပန္နံ ပစ္စုပ္ပန္နံ။ ပတိ-ရှေးရှုအသစ်၊ ဥပ္ပန္နံ-ဖြစ်သည်တည်း၊ ပစ္စုပ္ပန္နံ-ရှေးရှုအသစ်ဖြစ်သည်။ ပါဒိပုဗ္ဗပဒကမ္မဓာရည်းဝိဂြိုဟ်။

## ၁၀၅-အပ္ပနာဇောတို့၏ အနည်းအများစောပုံကို ပြခြင်း

**မေး** ။ ။ အပ္ပနာဇော၊ သဘောမြဲစွာ၊ တစ်ကြိမ်သာ ဘယ်ဝီထိမှာ ကျသနည်း။

**ဖြေ** ။ ။ ဈာန်ကို ရှေးဦးစွာရသော အာဒိကမ္မိက ပုဂ္ဂိုလ်အား အပ္ပနာဇော တစ်ကြိမ်သာ ကျသည်။

ဈာန်ရပြီး၍ ပစ္စဝေက္ခဏာဝသီဖြင့် ဈာန်အင်္ဂါကိုဆင်ခြင်သော ပုဂ္ဂိုလ်အား

mgyee.com

mgyoe.com

ကာမကုသိုလ် ကြိယာဇောသာ ၇ ကြိမ် ကျသည်။

သမာပဇ္ဇနဝသီဖြင့် ရှာန်ကိုဝင်စားသော ပုဂ္ဂိုလ်အား အပ္ပနာဇောသည် ဘဝင်အယဉ်ကဲ့သို့ များစွာဖြစ်သည်။

အဓိဋ္ဌာနဝသီဖြင့် ကာလကိုပိုင်းခြား၍ ဝင်စားသော ပုဂ္ဂိုလ်အား ပိုင်းခြားသမျှကာလပတ်လုံး အပ္ပနာဇောဖြစ်သည်။

ဝုဋ္ဌာနဝသီဖြင့် ရှာန်မှထသော ပုဂ္ဂိုလ်အား ထလိုသောအခါ၌ပင် အပ္ပနာဇောကို ရပ်စေနိုင်သည် ဟူပေ။

## ၁၀၆-တိက္ခ မန္ဒ ပုဂ္ဂိုလ်တို့၏ ဝီထိ၌ ဖိုလ်ဇောအနည်းအများကို ပြခြင်း

**မေး ။** ။မဂ္ဂဝီထိ၊ ဖြစ်ဘိပုဂ္ဂိုလ်၊ နှစ်ပါးဆိုသော်၊ ဖိုလ်ကြိမ်ဘယ်က များသနည်း။

**ဖြေ ။** ။တိက္ခ ပညာ ပုဂ္ဂိုလ်မှာ ဝုဋ္ဌာနဂါမိ ဝိပဿနာဇောသည် ဥပစာ, အနုလုံ, ဂေါတြဘူဟူ၍ ၃ ကြိမ်ဖြစ်ပြီးမှ မဂ်စိတ်ဖြစ်ရကား ဇော ၇ ကြိမ်ပြည့်စေခြင်းငှာ ဖိုလ်စိတ် ၃ ကြိမ်ဖြစ်သည်။

မန္ဒပညာပုဂ္ဂိုလ်မှာ ဝုဋ္ဌာနာဂါမိဝိပဿနာဇောသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟူ၍ ၄ ကြိမ်ဖြစ်ပြီးမှ မဂ်စိတ်ဖြစ်ရကား နောက်ဖိုလ်စိတ် နှစ်ကြိမ်သာ ဖြစ်သည်ဟူပေ။

## ၁၀၇-မဂ်နောက် ဖိုလ်ဇော စောနိုင်ပုံကို ပြခြင်း

**မေး ။** ။နည်း, များ, ဖြစ်ရာ၊ အပ္ပနာမြောက်၊ ဇောနောက်ဘဝင်၊ ကျမြဲပင်ကို၊ ကြောင်းအင်ဘယ်တွက်၊ မဂ်အပ္ပနာ၊ ဖိုလ်အပ္ပနာတို့၊ ဆက်ကာ ဘယ့်ကြောင့်ဖြစ်သနည်း။

**ဖြေ ။** ။မဂ္ဂဿ ဂရုကမ္မဘာဝေန အာသန္နဖလနိဗ္ဗတ္တနေ သမတ္ထတာယ မဂ္ဂါနန္တရံ ငါဂါကံ ပဝတ္တတိ-ဟူသော မဓုဋီကာနှင့်အညီ မဂ်သည် ဂရုကံ ဖြစ်၍ အနီး၌ အကျိုးကိုဖြစ်စေခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကြောင့် မဂ်၏ အခြားမဲ့၌ပင် ဖိုလ်ဟူသော အကျိုးဆက်ကာ ဖြစ်လေသည်ဟူပေ။

mgyoe.com

mgyee.com


## ၁၀၈-သဗ္ဗညုတဉာဏ်ယူပုံကို ပြခြင်း

**မေး** ။ ။အရဟတ္တမဂ်၊ ကိလေသာကို၊ ကြွင်းမဲ့ဖျက်၏၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ၃ တန်စုတွင်၊ သဗ္ဗညုတဉာဏ်၊ ကေန်ဘယ်သို့ ကောက်သနည်း။

**ဖြေ** ။ ။မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် ၃ ပါးတွင် ပစ္စဝေက္ခဏာဉာဏ်ကို သဗ္ဗညုတဉာဏ်ကောက်ရမည်ဟု ဖြေ။

## ၁၀၉-သဗ္ဗညုတဉာဏ်တော်ရရာ ဝီထိကို ပြခြင်း

**မေး** ။ ။ဂုဏ်ပေါင်းစုသည့်၊ သဗ္ဗညုခေါ်၊ ရွှေဉာဏ်တော်ကို၊ သုံးတော်သခင်၊ ဆင်ခြင်အစ၊ ဘယ်ဝီထိမှာ ရသနည်း။

သဗ္ဗညုဉာဏ်၊ ဖြစ်ဟန်ခြင်းရာ၊ ဇောတော်မှာ၊ အပ္ပနာလော၊ ကာမလော။

**ဖြေ** ။ ။ဝိမောက္ခော အရဟတ္တမဂ္ဂေါ၊ ဝိမောက္ခန္တေ အရဟတ္တဖလေ၊ တသ္မိံ ဝိမောက္ခန္တေ၊ ပဝတ္တံ ဉာဏံ ဝိမောက္ခန္တိကံ နာမ၊ သဗ္ဗညုတဉာဏ ဘာဝေါတိဟူ၍ မိန့်အပ်သော ဥဒါန်းအဋ္ဌကထာ, ဤနည်းတူလာသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့ဖြင့် ဖြေအပ်၏။

အဓိပ္ပာယ်ကား။ ။ အရဟတ္တမဂ်ဉာဏ်သည် ကိလေသာတို့မှ လွတ်သောကြောင့် ဝိမောက္ခမည်၏။

ထိုဝိမောက္ခအမည်ရသော မဂ်၏အခြားမဲ့၌ ၃ ကြိမ်သော အရဟတ္တဖိုလ်စိတ်ဖြစ်သည်။

ထို့နောင်မှ ဖလသမာပတ္တိဝီထိ ဖြစ်သည်။ ထိုဖိုလ်၏အဆုံး၌ ဉေယျမြမ်တရားကို အာရုံပြု၍ ဆင်ခြင်သောပစ္စဝေက္ခဏာ ငါးဝီထိဖြစ်သည်။ ဤငါးဝီထိ၌ပါသော ဉာဏ်ကို သဗ္ဗညုတဉာဏ်ဆိုသည်။

ဝီထိကျဟန်ကား အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရပြီးသော် ဉေယျမြမ်တရားကိုသိခြင်းငှာ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်အားဖြင့် ငါးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း ထို့နောင် ထိုဉေယျငါးပါးတို့တွင် တစ်ပါးပါးကိုပိုင်းခြား၍ သိတတ်သော မဟာ

mgyee.com

mgyoe.com

ကြိယာဇော ၇ ကြိမ်, ထို့နောင် ဘဝင်ကိစ္စဖြစ်၍ချုပ်၏။ ဤနည်းအတူ ငါးဝီထိချရမည်။

သဗ္ဗညုတဉာဏ်ယှဉ်သော ဇောသည် အပ္ပနာလော ကာမလောဟူရာ၌ သဗ္ဗညုတဉာဏံ ပန သဝိတက္က သဝိစာရမေဝ ကာမာဝစရမေဝ၊ လောကိယမေဝါတိ-ဟူသော ဉာဏဝိဘင်း အဋ္ဌကထာ။

သဗ္ဗညုတဉာဏံ ပန ကာမာဝစရမေဝ၊ တထာ အနာဝရဏဉာဏဥ္စဟူ၍ လာသော မဇ္ဈိမနိကာယ် မဟာသီဟနာဒသုတ် အဋ္ဌကထာ။

ဧကမေဝ ဉာဏံ သဗ္ဗညုတဉာဏံ အနာဝရဏ ဉာဏန္တိ ဝိသယပဝတ္တိ မုခေန အညေဟိ အသာဓာရဏဘာဝဒဿနတ္ထံ၊ ဒွိဝိဓေနဥဒ္ဒိဋ္ဌံ-ဟူသော ဥဒါန်း အဋ္ဌကထာတို့နှင့်အညီ ဥဒ္ဒေသယျမ်တရား ငါးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ သိတတ်သော ကာမာဝစရဖြစ်သော မဟာကြိယာ ဉာဏသမ္ပယုတ် ဇော ၄ ခု၌ယှဉ်သော ပညိန္ဒြေကို သဗ္ဗညုတဉာဏ်ဟူ၍ ဆိုသည်။

ငါသိခြင်း၌ ပိတ်ပင်တားဆီးခြင်း ရှိသေး၏လောဟု တွေးတောသော ကာလ အဆီးအတားမရှိပြီဟုသိသော ထိုမဟာကြိယာဇော၌ ယှဉ်သောဉာဏ်ကိုပင် အနာဝရဏဉာဏ်ဟူ၍ ဆိုသည်။

## ၁၁၀-ဒေါသဇောနောင်ကျသော တဒါရုံဘဝင်များကို ပြခြင်း

မေး ။ ။ ဒေါသဇောနှင့်၊ အကြောင်းသင့်စွာ၊ ဘယ်တဒါရုံ၊ ဘယ်ဘဝင်လျှင် တုန်သနည်း။

ဖြေ ။ ။ ဒေါသဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့၊ ဥပေက္ခာ တဒါရုံ ၆ ခုကျသည်။ တဒါရုံမကျသည်ဖြစ်အံ့၊ ဥပေက္ခာ ဘဝင်ခြောက်ခုကျသည် ဟူပေ။

## ၁၁၁-အာဂန္တု ဘဝင်ဖြစ်ပုံကို ပြခြင်း

မေး ။ ။ သောမနဿ၊ ရသည့်သန္ဓေ၊ နေသူတို့မှာ၊ ဒေါသဖြာသော်၊ တဒါရုံမှာ ကျပါဦးအံ့လော။

mgyoe.com

ဖြေ ။ ။သောမနဿ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား ဒေါသမူဇော ကျခဲ့သော် ၄င်းဇောနောင် သောမနဿ တဒါရုံ, သောမနဘဝင်တို့လည်း မဖြစ်သင့်ရကား တဒါရုံဖြစ်ခြင်းသည် မရှိပြီ။

ဥပေက္ခာ သန္တီရဏစိတ်သည် ရှေးက လေ့ကျက်ဖူးသော ကာမအာရုံကို အာရုံပြု၍ အာဂန္တုက ဘဝင်တစ်ကြိမ်ဖြစ်ပြီးမှ သောမနဿ ဘဝင်ကျလေသည်။

ထိုအနက်ကို ပြခြင်းငှာ-

သောမနဿပဋိသန္ဓိကဿဒေါမနဿ သဟဂတဇဝနာဝသာနေ တဒါ လမ္ဗဏာ သမ္ဘဝေါ နတ္ထိ၊ တဒါ ယံကိဉ္စိ ပရိစိတပုဗ္ဗံ ပရိတ္တာရမ္မဏာ မာရဗ္ဘ ဥပေက္ခာသဟဂတသန္တီရဏံ ဥပ္ပဇ္ဇတိ၊ တမနန္တရိတ္ဝာ ဘဝင်္ဂပါ တော၀ ဟောတီ တိ ဝဒန္တိ အာစရိယာ-

ဟူ၍ မိန့်လေသည်။

## ၁၁၂-ဇောနှင့် တဒါရုံ ဘဝင်တို့ကို ဝေဖန်၍ ပြခြင်း

ဝေဒနာတူ တဒါရုံဖြစ်ခြင်းကို အကျဉ်း မှတ်လွယ် စိမ့်သောငှာ ဂါထာ ပြလိုက်ဦးအံ့။

၁။ ပရိတ္တကုသလာဒေါသ- ပါပသာတ ကြိယာဇဝါ။
ပဉ္စသွေကံ တဒါလမ္ဗံ၊ သုခိတေသု ယထာရဟံ။

၂။ ပါပါကာမသုဘာ စေဝ၊ သောပေက္ခာ စ ကြိယာဇဝါ။
သောပေက္ခေသု တဒါလမ္ဗံ၊ ဆသွေက မနုရူပတော။

ပရိတ္တကုသလာဒေါသ ပါပသာတ ကြိယာဇဝါ-ကာမကုသိုလ် ဇော ရှစ်ခု၊ ဒေါသကြဉ်သော အကုသိုလ်ဇော ၁၀၊ သောမနဿကြိယာဇော ၅ ခု နောင်မှ၊ ပဉ္စသု-ငါးပါးကုန်သော၊ သုခိတေသု-သောမနဿ တဒါရုံတို့တွင်၊ ဧကံ တဒါလမ္ဗံ-တစ်ခုခုသော တဒါရုံသည်၊ ယထာရဟံ-ထိုက်သည်အားလျော် စွာ၊ ဟောတိ-ဖြစ်၏။

ပါပါ စ-အကုသိုလ်ဇော ၁၂ ခုမှလည်းကောင်း၊ ကာမသုဘာ စေဝ- မဟာကုသိုလ်ဇော ၈ ခုမှလည်းကောင်း၊ သောပေက္ခာ စ ကြိယာဇဝါ-ဥပေက္ခာ သဟဂုတ်ကြိယာဇော ၄ ခုမှလည်းကောင်း၊ ပရံ-နောက်၌၊ ဆသု- ၆ ပါးကုန်

သော၊ သောပေက္ခေသု-ဥပေက္ခာ တဒါရုံတို့တွင်၊ ဇော်-တစ်ခုခုသော တဒါရုံသည်၊ အနုရူပတော-သတ္တဝါ, အာရုံအားလျော်စွာ၊ ဟောတိ- ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ လောဘမူ, မောဟမူ, မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ တဒါရုံ ဇောဒသတွင် တစ်ခုခု။ မကျသည်ဖြစ်အံ့ ပဉ္စဝေါကာရဘဝင် ၁၅ ခုတွင် တစ်ခုခုကျသင့်၏။

ဒေါသမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာ တဒါရုံ ၆ ခု၊ မကျသည်ဖြစ်အံ့ ကာမ, ဥပေက္ခာ ဘဝင် ၆ ခုတွင် တစ်ခုခုကျသင့်၏။

ဟသိတုပ္ပါဒ် ဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့ သောမနဿ တဒါရုံ ၅ ခု၊ မကျသည်ဖြစ်အံ့ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉ ခုတွင် တစ်ခုခုဖြစ်သင့်၏။

မဟာကြိယာ သောမနဿ ဇောနောင် တဒါရုံကျသည်ဖြစ်အံ့သော မနဿတဒါရုံ ၅ ခု၊ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသတို့တွင် တစ်ခုခု ဖြစ်သင့်၏။

မဟာကြိယာ ဥပေက္ခာ ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာ တဒါရုံ ၆ ခု၊ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသတို့တွင် တစ်ခုခုဖြစ်သင့်၏။ ဤသို့မှတ်လေ။

## ၁၁၃-တဒါရုံမဖြစ်သော အရာ ၁၀ ပါးကို ပြခြင်း

၁။ ပညတ်ကို အာရုံပြုသော ဇောနောင်လည်းကောင်း၊
၂။ လက္ခဏာရေးကို အာရုံပြုသော ဝိပဿနာ ဇောနောင်လည်းကောင်း၊
၃။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဇောနောင်လည်းကောင်း၊
၄။ ရူပါ, ရူပ, ဓမ္မလျှင် အာရုံရှိသော ဇောနောင်လည်းကောင်း၊
၅။ မိစ္ဆတ္တနိယတဓမ္မကို အာရုံပြုသော ဇောနောင်လည်းကောင်း၊
၆။ သမ္မတ္တနိယတဓမ္မကို အာရုံပြုသော ဇောနောင်လည်းကောင်း၊
၇။ လောကုတ္တရာ တရားကို အာရုံပြုသော ဇောနောင်လည်းကောင်း၊
၈။ အဘိညာဉ်ကို အာရုံပြုသော ဇောနောင်လည်းကောင်း၊
၉။ ပဋိသမ္ဘိဒါ ၄ ပါးကို အာရုံပြုသော ဇောနောင်လည်းကောင်း၊

mgyoe.com

၁၀။ ဒုဗ္ဗလဖြစ်သော ကာမာဝစရအာရုံ၌လည်းကောင်း၊ တဒါရုံ မဖြစ်ဟူ၍ သမ္မောအဋ္ဌကထာ၌ လာသည်။

ဆောင်ပုဒ် ။ ။ ပညတ်လက္ခဏာ၊ ဝုဋ္ဌာနာနှင့်၊ ရူပါရူပ၊ မိစ္ဆတ္တက၊ သမ္မတ္တနိယတာ၊ လောကုတ္တရာ,ဘိညာဉ်၊ သမ္ဘိဒါ လေး၀၊ ကာမ ဒုဗ္ဗလာ၊ အာရုံမှာ၌၊ တဒါရုံလှပ်၊ မချအပ် ဟု၊ ကျမ်းမြတ်အဋ္ဌကထာမိန့်သတည်း။

## ၁၁၄-အရိယာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ် ပဝတ္တိစိတ်တို့ကို ပြခြင်း

မေး ။ ။ သောတာပန်နှင့်၊ သကဒါဂါမ်၊ အနာဂါမ်အား၊ ပုဂ္ဂိုလ်များတို့၊ တည်ငြားသန္ဓေ၊ ဘယ်သည့်စိတ်နှင့် နေသနည်း။

မသေသမျှ၊ ပဝတ္တိကာလ၊ ရသည့်အညီ၊ ကိုယ်စီစိတ်ရ၊ ဘယ်မျှနည်း။

ဖြေ ။ ။ ကာမဘုံ၌ဖြစ်သော အရိယာ ၃ ယောက်တို့သည် မဟာဝိပါက် ဉာဏသမ္ပယုတ် ၄ ခုတို့တွင် တစ်ခုခုဖြင့် ပဋိသန္ဓေနေကုန်သည်။ ရူပဘုံ၌ ရူပဝိပါက် ၅ ခုတို့တွင် တစ်ခုခုဖြင့် ပဋိသန္ဓေနေကုန်သည်။ အရူပဘုံ၌ အရူပဝိပါက် ၄ ခုတို့တွင် တစ်ခုခုဖြင့် ပဋိသန္ဓေနေကုန်သည်။ ပဝတ္တိအခါ၌ကား-

| | | |
|---|---|---|
| ကာမသောတာပန်အား | ဈာန်မရမှု | ၄၁။ |
| | ဈာန်ရမှု | ၅၀။ |
| သကဒါဂါမ်လည်း | ဤနည်းအတူပင်တည်း။ | |
| အနာဂါမ်အား | ဈာန်မရမှု | ၃၉။ |
| | ဈာန်ရမှု | ၄၈-ရကြလေသည်။ |

## ၁၁၅-ဘုံပုဂ္ဂိုလ်ရ ဆောင်ပုဒ်ကို ပြခြင်း

ဤအရာ၌ ဆောင်ရွက်လွယ်စိမ့်သောငှာ ဘုံပုဂ္ဂိုလ်ရ စိတ်ရကိုချုံး၍ ပြလိုက်ပေအံ့။

၁။ ဒု, သု, ဒွိ, တိ၊ အဋ္ဌာရိ၊ ဘုံရှိပုဂ္ဂလာ။

mgyoe.com

mgyoe.com


၂။ အပါယ်လေးဘုံ၊ ဒု, ဟိတ်ကြဲ၊ ယူတုံတစ်စီသာ။
၃။ စာတုမဟာ၊ မနုဿာ၊ ဒု, ခွာဆယ့်တစ်လာ။
၄။ ဒု, သု, ပယ်လတ်၊ ငါးဘုံနတ်၊ ရမှတ်ဆယ်စီသာ။
၅။ ဆယ်ဘုံဗြဟ္မာ၊ ဒု, သု, ဒွါ၊ ပယ်ခွာယူနဝါ။
၆။ အသညသတ်၊ ရုပ်သာမှတ်၊ ယူလတ်သုဟိတ်သာ။
၇။ သုဒ္ဓါဝါဆို၊ နာဂါမ်ဖိုလ်၊ ထက်ကိုသုံးစီသာ။
၈။ ဒု, သု, ဒွိက၊ အောက်မဂ်, ချ၊ အဌအရူပါ။
၉။ ပုဂ္ဂိုလ်အပြား၊ ဝါကရား။ ကောက်ငြား ဘုံသုံးရွာ။

ဘုံပုဂ္ဂိုလ်ရ ပြီး၏။

* * *

## ၁၁၆-ကာမပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း

၁။ အကုသိုလ် ၁၂၊ ကုသိုလ် ၈၊ တွက်စစ် ဧနှစ်ဆယ်။
၂။ အဟိတ်စိတ်မှ၊ သတ္တရ၊ ဟာသိတုပ္ပါဒ်ပယ်။
၃။ သတ္တိံသစိတ်၊ ပေါင်း၍ကျိတ်၊ ဒုဟိတ်ပုဂ္ဂိုလ်ဝယ်။
၄။ ၄င်းတွင်သာ၊ ဉာဏဝိပ္ပယုတ်၊ ဝိပါက်စုတ်၊ ပုဂ္ဂိုလ်သုဂတိ။
၅။ ဒွိဟိတ္တဋ္ဌ၊ ယင်းသာမျှ၊ ဧကစတ္တာရိ။
၆။ တိဟိတ်ဖြစ်လာ၊ ယင်းတွင်သာ၊ ဉာဏသမ္ပယုတ်။
၇။ ဝိပါက် ၄ ဖြာ၊ ဆင့်၍သာ၊ သချာစိတ်ရကုတ်။
၈။ ဈာန်ရဖြစ်လျှင်၊ ၉ ခုပင်၊ ရောတင်မဟဂ္ဂုတ်။
၉။ စတုပညာ၊ ဤသချာ၊ ကာမတိဟိတ်ပုဂ်။
ဤကား ပုထုဇဉ်ပုဂ္ဂိုလ် ၄ ယောက်တို့၏ စိတ်ရပေတည်း။
၁၀။ ၄ ပါးဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ပယ်ခွာတုံလို၊ အကုသိုလ်သတ်၊ သတ္တရသ်၊ ရမှတ်အဟောတု။
၁၁။ ကုသိုလ်ဝိပါက်၊ ၁၆ စွက်၊ တက်လော ဖိုလ်တစ်ခု။
၁၂။ ၄၁ မှန်၊ သောတာပန်၊ ရဟန်စိတ်အစု။
၁၃။ ဈာန်ရသည့်ပုဂ်၊ မဟဂ္ဂုတ်ယူ၊ ၉ ခုကူ ပေါင်းမူ ၅၀ ပြု။

mgyoe.com

၁၄။ သကဒါဂါမ်လည်း၊ ဤသို့နည်း၊ လည်း၍ဖိုလ်ကိုသာ။

၁၅။ တနုကရ၊ ပဋိဃ၊ ဤမျှထူးသည်သာ။

၁၆။ အနာဂါမ်မှာ၊ ယင်းတွင်သာ၊ ပယ်ခွာဒေါသပစ်။

၁၇။ နဝတိသ၊ ရျာန်မရ၊ ရလျှင် ၄၈။

၁၈။ ဝိပါက်ကာမ၊ တေဝီသ၊ ကောဒသကြိယာ။

၁၉။ အရဟတ္တဖိုလ်၊ စွက်လိုဇော၊ ဗျည်းတိသ၊ စိတ်ရ ရဟန္တာ။

၂၀။ ရျာန်ရဖြစ်လျှင်၊ ၉ ခုပင်၊ တင်လေကြိယာ၊ မဟဂ္ဂါ။

၂၁။ စတုစတ္တာလီ၊ အရညီ၊ ဤဘုံရဟန္တာ။

၂၂။ မဂ္ဂဋ္ဌာန်လေး၀၊ မိမိရသည့်၊ မဂ်မျှကိုသာ၊ ယူသင့်စွာ၏။

**ကာမပုဂ္ဂိုလ်စိတ်ရ ပြီး၏။**

* * *

## ၁၁၇-ရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း

၁။ ဒေါသမူပယ်၊ ဇောတစ်ဆယ်၊ ရဖွယ်အကုသိုလ်။

၂။ အဟိတ်စိတ်မှာ၊ ဃာနာဒိဆက္က၊ ဟသိ,ချ၊ ဒသတစ်ခုပို။

၃။ ကာမာ၀စရ၊ ကုသလ၊ အဋ္ဌသွင်းစေလို။

၄။ ကုသိုလ်န၀၊ ဝိပါက်မှ၊ ကျရာဘုံတွင်ဆို။

၅။ ၃၉ မျှ၊ တိဟိတ်ရ၊ ရူပဘုံပုဂ္ဂိုလ်။

၆။ သောတာပန္န၊ ဖြစ်ပြန်က၊ ရသည်ဖိုလ်စိတ်တင်။

၇။ ဒိဋ္ဌိလေးဖြာ၊ စိတ်ကခ်ါ၊ ခွာလေငါးခုပင်။

၈။ သကဒါနှင့်၊ အနာဂါမ်မူ၊ ဤနည်းတူ၊ လဲယူသူ့ဖိုလ်ပင်။

၉။ ပဥ္စတိသ၊ စိတ်အရ၊ သေက္ခသုံးယောက်တွင်။

၁၀။ စက္ခုသောတ၊ ပဋိဃနှင့်၊ သုခ, သန္တီရဏာ၊ ပဥ္စဒွါက၊ ကြိယာဝီသ၊ ထက်ဖလ၊ ပါပတစ်ခုလျှင်။

၁၁။ ဇကတိသ၊ အရဟန္တ၊ ပဋ္ဌမရျာန်ဘုံတွင်။

၁၂။ ထက်သုံးဘုံမှာ၊ ဖြစ်တုံလာ၊ ပါကာ,လဲ၍ယှဉ်။

**ရူပပုဂ္ဂိုလ်စိတ်ရ ပြီး၏။**

mgyoe.com

mgyoe.com

## ၁၁၈-အရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း

၁။ ဒေါသပယ်ရှား၊ ဆယ်ပါး ပါပါ၊ မနာဝဇ္ဇ၊ ကုသလ၊ ကာမ, အရူပါ။

၂။ ပထမဝိပါက်၊ စွက်လေတုံက၊ ဇောဗီသ၊ အရူပ ပုထုဇ္ဇာ။

၃။ သော, သ, နာဂါ၊ ဖြစ်တုံလာက၊ ကခ်ါဒိဌ္ဌိ၊ ပယ်လိုက်ဘိ၍၊ မိမိဖလ၊ လောင်းစွက်ရ၊ ဝီသ, စိတ်ယူပါ။

၄။ ရဟန္တာမှာ၊ မနာဝဇ္ဇ၊ ကာမအရူပါ၊ ကြိယာနှင့်၊ အဂ္ဂါဖလ၊ ဘုံပါက၊ စိတ်ရပန္နရာ။

၅။ အထက်ဘုံတွင်၊ ဖြစ်တုံလျှင်၊ အောက်ခွင်အရူပ၊ စိတ်ကိုချ၊ ရသင့် လျော်စွာယူပေရာ။

အရူပပုဂ္ဂိုလ်စိတ်ရ ပြီး၏။

* * *

## ၁၁၉-ဆပဉ္စာသအရ ယထာသမ္ဘဝ ယူရပုံကို ပြခြင်း

**မေး** ။ ။ဆပဉ္စာသ၊ စိတ်အရကို၊ တကွဆိုပြီ၊ ပုဂ္ဂိုလ်တစ်ယောက်၌ ပင်လော။

**ဖြေ** ။ ။တစ်ယောက်မှာမဟုတ်၊ သောတာပန်၊ သကဒါဂါမ် အနာဂါမ် သုံးပါးကို ပေါင်း၍ ဆိုသည်။ ယထာသမ္ဘဝသာ ယူရမည်၊ ယူနည်းကိုလည်း ရှေးကပြခဲ့ပြီ။

## ၁၂၀-သောတာပန် ပုဂ္ဂိုလ်အပြားကို ပြခြင်း

**မေး** ။ ။သောတာပန်နှင့်၊ သကဒါဂါမ်၊ အနာဂါမ်ဆို၊ ပုဂ္ဂိုလ်သုံးပါး၊ ဂုဏ်ထူးခြား၊ ပြားသည် ဘယ်မျှစိတို့နည်း။

**ဖြေ** ။ ။သောတာပန်သည် ဈာန်ရ, ဈာန်မရအားဖြင့် နှစ်ပါးပြားသည်၊ ထိုနှစ်ပြားတို့တွင် ဈာန်ရသောတာပန်သည် ဉာဏ်ဘဝအရဟတ္တမဂ်, ဖိုလ်ကိုမရ သော် ဗြဟ္မာပြည်သို့သာ သွားလေသည်။ အရဟတ္တမဂ်ဖိုလ်ကိုရသော် ပရိနိဗ္ဗာန်

mgyoe.com

ပြလေသည်။ ချွန်မရသော သောတာပန်သည်လည်း-

၁။ ဧကဗီဇ-သောတာပန်,

၂။ ကောလံကောလ-သောတာပန်,

၃။ သတ္တက္ခတ္တုပရမ-သောတာပန် ဟူ၍ သုံးပါးပြားသည်။

ထိုသုံးပါးတို့တွင် အကြင်ပုဂ္ဂိုလ်သည် ကြီးသောပညာ, ထက်သော ဝိပဿနာရှိသည်ဖြစ်၍ သောတာပန်ဖြစ်ပြီးသည့်နောက် တစ်ဘဝသာ ပဋိသန္ဓေ နေ၍ အရဟတ္တမဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန်ယူ၏။ ထိုပုဂ္ဂိုလ်သည် ဧကဗီဇ သောတာ ပန် မည်၏။

အကြင်ပုဂ္ဂိုလ်သည် သောတာပန်ဖြစ်ပြီးသည့်နောက် နှစ်ဘဝလည်းကောင်း၊ သုံးဘဝလည်းကောင်း၊ လေးဘဝလည်းကောင်း၊ ငါးဘဝလည်းကောင်း၊ ခြောက် ဘဝလည်းကောင်းဖြစ်၍ အရဟတ္တမဂ် ဖိုလ်ကိုရ၍ နိဗ္ဗာန်ယူ၏။ ထိုပုဂ္ဂိုလ်သည် ကောလံကောလ သောတာပန် မည်၏။

အကြင်ပုဂ္ဂိုလ်သည် သောတာပန် ဖြစ်ပြီးသည့်နောက် ၇ ဘဝဖြစ်၍ အရဟတ္တမဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန်ယူ၏။ ထိုပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမသော တာပန်မည်၏။

ဤအနက်ကို ပြခြင်းငှာ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဉာဏဝိဘင်း အဖွင့်၌-

သတ္တာ ဟိ ဗုဒ္ဓတုလာယ တုလယိတွာ သဗ္ဗညုတဉာဏေန ပရိစ္ဆိန္ဒိတွာ အယံ ပုဂ္ဂလော သဗ္ဗမဟာပညော, တိက္ခဝိပဿ ကော, ဧက မေဝ ဘဝံ နိဗ္ဗတ္တေတွာ အရဟတ္တံ ဂဏှိဿတီတိ ဧကဗီဇီတိ နာမံအကာသိ။ အယံ ပုဂ္ဂလော ဒုတိယံ, တတိယံ, စတုတ္ထံ, ပဉ္စမံ, ဆဋ္ဌံဘဝံ နိဗ္ဗတ္တေတွာ အရဟတ္တံ ဂဏှိဿတီတိ ကောလံကောလောတိ နာမံ အကာသိ။ အယံ ပုဂ္ဂလော သတ္တမံ ဘဝံ နိဗ္ဗတ္တေတွာ အရဟတ္တံ ဂဏှိဿတီတိ သတ္တက္ခတ္တု ပရ မောတိ နာမံ အကာသိ- ဟူ၍ မိန့်တော်မူသည်။

သခေ်ပဝဏ္ဏနာ ဆရာတော်ကား-

သောတာပန် ဖြစ်ပြီးနောက် လူ့ပြည်၌ ၆ ကြိမ်, နတ်ပြည်၌ ၁ ကြိမ် ပဋိသန္ဓေနေ၍ အရဟတ္တဖိုလ်သို့ရောက်၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည် ဧကဗီဇ

mgyoe.com

mgyoe.com

သောတာပန် မည်၏။

သောတာပန်ဖြစ်ပြီးနောက် လူ့ပြည်၌တစ်ကြိမ် နတ်ပြည်၌တစ်ကြိမ်အားဖြင့် နှစ်ကြိမ်ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်လည်းကောင်း,

လူ့ပြည်၌တစ်ကြိမ် ပဋိသန္ဓေနေပြီးသော် နတ်ပြည်သို့သွား၍ ထိုနတ်ပြည်မှသည် လူ့ပြည်သို့ပြန်၍ ပဋိသန္ဓေတစ်ကြိမ်နေပြီးမှ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်လည်းကောင်း၊

ဤသို့ နတ်ပြည်တစ်ကြိမ် လူ့ပြည်တစ်ကြိမ်ပြောင်းကာပြောင်းကာ ၄ ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်လည်းကောင်း,

၅ ကြိမ် ၆ ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်လည်းကောင်း ကောလံကောလ သောတာပန် မည်၏။

လူ့ပြည်, နတ်ပြည်, အရောရောအားဖြင့် ၇ ကြိမ် ပဋိသန္ဓေနေပြီးမှ အရဟတ္တဖိုလ်ကိုရ၍ နိဗ္ဗာန်ယူသောပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ သောတာပန် မည်၏။

လူ့ပြည်၌သာလျှင် ၇ ကြိမ်ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသောပုဂ္ဂိုလ်, နတ်ပြည်၌သာလျှင် ၇ ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသောပုဂ္ဂိုလ်ကို သတ္တက္ခတ္တုပ ရမပဟူ၍ မဆိုအပ်ဟု ပြတော်မူသည်။ ။ ဤစကားသည်ကိုးစားရန် အဋ္ဌကထာမရှိချေ။

## ၁၂၁-သကဒါဂါမ်ပုဂ္ဂိုလ်အပြားကို ပြခြင်း

သကဒါဂါမ်သည်လည်း-

ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍ လူ့ပြည်၌ပင် အထက်မဂ်, ဖိုလ်ကိုရ၍ ပရိနိဗ္ဗာန်ပြုသော-

၁။ ဣဓ ပတ္တာ ဣဓ ပရိနိဗ္ဗာယိ… တစ်မျိုး,

နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ နတ်ပြည်၌ပင် အထက်မဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုသော-

၂။ တတ္ထ ပတ္တာ… တတ္ထ ပရိနိဗ္ဗာယိ… တစ်မျိုး,

နတ်ပြည်၌သကဒါဂါမ်ဖြစ်ပြီးသော် လူ့ပြည်သို့ တစ်ကြိမ်လာ၍ အထက်

mgyoe.com

mgyee.com

မဂ်, ဖိုလ်ကို ရ၍ နိဗ္ဗာန်ယူသော–

၃။ တတ္ထ ပတွာ… ဣဓ ပရိနိဗ္ဗာယိ… တစ်မျိုး,

လူ့ပြည်၌ သကဒါဂါမ်ဖြစ်ပြီးသော် နတ်ပြည်သို့သွား၍ အထက်မဂ်, ဖိုလ်ကိုရ၍ ပရိနိဗ္ဗာန်ယူသော–

၄။ ဣဓ ပတွာ… တတ္ထ ပရိနိဗ္ဗာယိ… တစ်မျိုး,

လူ့ပြည်၌ သကဒါဂါမ်ဖြစ်ပြီးသော် နတ်ပြည်သို့ တစ်ကြိမ်သွား၍ တစ်ဖန် လူ့ပြည်၌ ပဋိသန္ဓေ နေလာပြန်ပြီးမှ နိဗ္ဗာန်ယူသော–

၅။ ဣဓ ပတွာ… တတ္ထ နိဗ္ဗတ္တေတွာ ဣဓ ပရိနိဗ္ဗာယိ… တစ်မျိုး,

ဤသို့အားဖြင့် သကဒါဂါမ်အပြား ၅ ပါး ရှိသတည်း။

## ၁၂၂–အနာဂါမ်ပုဂ္ဂိုလ်အပြားကို ပြခြင်း

အနာဂါမ်ဟူသည်ကား–

ဤကာမသုဂတိဘုံတို့၌ တတိယ မဂ်, ဖိုလ်ကိုရပြီးသော် ဤဘဝ အရဟတ္တမဂ်, ဖိုလ်ကိုမရသေးသည်ဖြစ်အံ့၊ ကာမဘုံ၌ ပဋိသန္ဓေမနေ။ ဗြဟ္မာပြည်သာဖြစ်လေသော ပုဂ္ဂိုလ်သည် အနာဂါမ်မည်၏။

ထိုအနာဂါမ်သည် ဈာန်ရ, ဈာန်မရအားဖြင့် နှစ်ပါးရှိသည်တွင် ဈာန်ရ ပုဂ္ဂိုလ်မှာ ဗြဟ္မာပြည်သို့ သွားတန်စေ၊

ဈာန်မရသော သုက္ခဝိပဿက အနာဂါမ်သည် ဘယ်သို့ ဗြဟ္မာပြည်သို့ သွားနိုင်အံ့နည်း ဟူငြားအံ့–

သောပိ မရဏကာလေ ဈာနိကောဝဟုတွာ ဂစ္ဆတိ၊ ဂစ္ဆန္တ

ဿဟိ မဂ္ဂန္တရေ စောရာဒီဟိ ဇီဝိတက္ခယံ ပါပေန္တဿာပိ၊

လက္ခဏတ္တယံ အာရောပေတွာ ဈာနိကဿေဝ မရဏံ ဟောတိ–

ဟူသော သခေ်ပဋီကာနှင့်အညီ–

ထိုဈာန်မရသော အနာဂါမ်သည်လည်း သေခါနီးကာလ၌ ဈာန်ရသည် ဖြစ်၍ ဗြဟ္မာပြည်သို့ သွားနိုင်၏။ ထိုစကားသည် မှန်၏။

အကြင်ဈာန်မရသော ပုဂ္ဂိုလ်အား ခရီးသွားစဉ်အကြား၌ ခိုးသား စသည် တို့သည် လိုက်သတ်၍ လျင်စွာအသက်ကုန်ရသော်လည်း လက္ခဏာရေးသို့တင်

mgyoe.com

သဖြင့် ရှာန်နှင့်တကွသာလျှင် သေခြင်းသို့ရောက်တတ်၏။ ထို့ကြောင့် ဗြဟ္မာဘုံသို့သာ လားနိုင်၏ဟူပေ။

ထိုအနာဂါမ်သည်-

၁။ အန္တရာ ပရိနိဗ္ဗာယိ အနာဂါမ်၊

၂။ ဥပဟစ္စ ပရိနိဗ္ဗာယိ အနာဂါမ်၊

၃။ အသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်၊

၄။ သသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်၊

၅။ ဥဒ္ဓံသောတ အကနိဋ္ဌဂါမိနီ အနာဂါမ်-အားဖြင့် ငါးမျိုးပြား၏။ ထိုငါးမျိုးတို့တွင်-

အကြင်ပုဂ္ဂိုလ်သည် အကြင်ဘုံ၌ အနာဂါမ်၏အဖြစ်ဖြင့် ပဋိသန္ဓေနေ၍ အသက်တစ်ဝက်မတိုင်မီ အရဟတ္တဖိုလ်ကိုရ၍ ပရိနိဗ္ဗာန်ပြု၏၊ ထိုပုဂ္ဂိုလ်သည် အန္တရာ ပရိနိဗ္ဗာယိ မည်၏။

အသက်ထက်ဝက်ကိုလွန်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်သည် ဥပဟစ္စ ပရိနိဗ္ဗာယိ မည်၏။

သင်္ခါရတရားတို့ကို သင့်ရုံသာစီးဖြန်း၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်သည် အသင်္ခါရ ပရိနိဗ္ဗာယိမည်၏။

သင်္ခါရ တရားတို့ကို အပင်အပန်းစီးဖြန်းမှ အရဟတ္တ မဂ်ဖိုလ်ကိုရ၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်သည် သသင်္ခါရ ပရိနိဗ္ဗာယိ မည်၏။

ဘုံစဉ်အတိုင်းစံ၍ အကနိဋ္ဌဘုံသို့ရောက်မှ အရဟတ္တမဂ်ဖိုလ်ကိုရ၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတ အကနိဋ္ဌ ဂါမိနီ မည်၏။

ပရိတ်ကြီးဋီကာ၌ အန္တရာ, ဥပဟစ္စ, ပရိနိဗ္ဗာယိကို ပုဂ္ဂိုလ်တစ်ဦးတည်း ယူသည်ကား မှားလေစွ။

## ၁၂၃-ရဟန္တာပုဂ္ဂိုလ်အပြားကို ပြခြင်း

ရဟန္တာပုဂ္ဂိုလ်သည်ကား-

ဈာန်မှခြောက်သော သုက္ခဝိပဿက ရဟန္တာ၊

ဈာန်ရသော ဈာနလာဘီ ရဟန္တာ ဟူ၍ နှစ်ပါးပြားပေ၏။

mgyoe.com

ထိုအရိယာပုဂ္ဂိုလ်တို့သည်-

သဒ္ဓါဓုရ ရဟန္တာ၊ ပညာဓုရ ရဟန္တာအားဖြင့်လည်း နှစ်ပါးပြားပြန်၏။

အဘိညာ, ခိပ္ပါဘိညာ၊ မန္ဒပညာ, တိက္ခပညာအားဖြင့်လည်း နှစ်ပါးပြားသေး၏။

## ၁၂၄-အရိယာပုဂ္ဂိုလ် ၁၀၈ ယောက် ယူပုံကို ပြခြင်း

**မေး** ။ ။ ယေ ပုဂ္ဂလာ၊ အဋ္ဌသတံ၊ ပသဋ္ဌာ-လာ၊ အရိယာဖြစ်၊ တစ်ရာရှစ်ကို၊ စိစစ်ဘယ်သို့ ကောက်သနည်း။

**ဖြေ** ။ ။ ဧကဗီဇသောတာပန်၊ ကောလံကောလ သောတာပန်၊ သတ္တက္ခတ္တုပရမသောတာပန်ဟူ၍ ၃ ပါး။

ကာမသကဒါဂါမ်, ရူပသကဒါဂါမ်, အရူပသကဒါဂါမ် ဟူ၍ သကဒါဂါမ် ၃ ပါးအားဖြင့် ဤ ၆ ပါးသော ပုဂ္ဂိုလ်တို့သည် ပဋိပဒါ၏အစွမ်းဖြင့် ၄ ပါးစီပြားရကား ၂၄ ပါးဖြစ်၏။

အန္တရာပရိနိဗ္ဗာယိ အနာဂါမ်, ဥပဟစ္စပရိနိဗ္ဗာယိ အနာဂါမ်, အသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်, သသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်, ဥဒ္ဓံသောတ အကနိဋ္ဌဂါမိနိ အနာဂါမ်အားဖြင့် ငါးဦးသော ပုဂ္ဂိုလ်တို့သည် အဝိဟာဘုံ, အတပ္ပါဘုံ, သုဒဿာဘုံ, သုဒဿီဘုံတို့၌ အသီးသီးရကုန်သည်။ အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံသောတကိုကြဉ်၍ ၄ ဦးသော ပုဂ္ဂိုလ်တို့ကို ရကုန်သည်ဖြစ်ရကား အနာဂါမ် ၂၄ ပါးဖြစ်၏။

သုက္ခဝိပဿက, သမထနိယျာနိက ဟူ၍ ရဟန္တာပုဂ္ဂိုလ်နှစ်ဦး, မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးဦး၊ ဤအလုံးစုံကိုပေါင်းသော် ၅၄ ပါး ဖြစ်၏။

ထို ၅၄ ပါးကို သဒ္ဓါဓုရ, ဝိပဿနာဓုရနှစ်ပါးဖြင့် မြှောက်သော် (တစ်ရာ့ရှစ်ယောက်) ဖြစ်သတည်း။

ဤအကြောင်းကို ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတ် အဋ္ဌကထာ၌ လာသည်။

**ဆောင်ပုဒ်** ။ ။ သောတာ သကဒါ၊ ဤ ၆ ဖြာ၌၊ ပဋိပဒါ ၄ ပါး၊ မြှောက် ပွားလေက၊ ဇောဗီသ။

mgyoe.com

mgyoe.com

နာဂါမ် ငါးဖြာ၊ သုဒ္ဓါဝါ၊ ကောပယ်ချ၊ ဇောဗီသ။
ဒွေအရဟန္တာ၊ မဂ္ဂဋ္ဌာ၊ ပေါင်းပါတုံထ၊ ဇောပညာသ။
စုရန့်စ်ဖြာ၊ မြှောက်သောခါ၊ အဋ္ဌာသတ၊ ပုဂ္ဂိုလ်ရ။

## ၁၂၅-အပါယ်သတ္တဝါတို့မှာ ပညာကင်းသည်ကို ပြခြင်း

**မေး** ။ ။ယေဘုယျနည်း၊ ဖြင်ပည်းသတ္တဝါ၊ ပါယ်လေးရွာမှာ၊ ပညာစေတသိက် ရ၏လော။

**ဖြေ** ။ ။အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တစ်မျိုးသာရှိသည်။ ထိုပုဂ္ဂိုလ်တို့၏ စိတ်ရကိုလည်း ၃၇ ပါးသာ ကျမ်းဆရာတို့ပြသောကြောင့် ဉာဏသမ္ပယုတ်စိတ် ၄ ခုပါရကား ပညာစေတသိက်ရသည်ဟု ဆိုဖွယ်ရှိ၏။ ယင်းသို့ဆိုဖွယ်ရှိသော်လည်း မဆိုအပ်ချေ။ ဘယ့်ကြောင့်နည်းဟူမူ ဤ ၃၇ ပါးသော စိတ်သည်အလွန်အားဖြင့် ရထိုက်သောပုဂ္ဂိုလ်ကိုသာ ရည်၍ ပြသည်။

အလောင်းတော်ဖြစ်သော ကျေးမင်း, ခါမင်း, ဟင်္သာမင်း အစရှိသော ပုဂ္ဂိုလ်တို့၌သာ ရသင့်သည်။

ကုသိုလ်စိတ် မရထိုက်သောပုဂ္ဂိုလ်မှာ ကုသိုလ်စိတ်ကိုချ၍ ကုသလဝိပါက်စိတ်ကိုမျှ မရထိုက်သော ငရဲသူပြိတ္တာတို့မှာ ကုသလဝိပါက်စိတ်ကို ချ၍ ယူရမည်။

ဤအကြောင်းကိုကား မိလိန္ဒပဥှာတွင် အရှင်နာဂသိန် ဖြေသောစကားကို ထောက်ထား၍ သိရမည်။

**မင်းကြီးမေး** ။ ။အရှင်ဘုရား၊ အကြင်ပဋိသန္ဓေနေသော သတ္တဝါတို့သည် ယောနိသောမနသိကာရဖြင့် ပဋိသန္ဓေနေသလောဟုမေး၏။

**မထေရ်ဖြေ** ။ ။မင်းကြီး၊ ယောနိသောမနသိကာရဖြင့်လည်း ပဋိသန္ဓေနေ၏။ ပညာဖြင့်လည်း ပဋိသန္ဓေနေ၏။ ပညာကင်းသော တစ်ပါးသော ကုသိုလ်ဖြင့်လည်း ပဋိသန္ဓေနေ၏ဟု ဖြေသော်-

**မင်းကြီး** ။ ။အရှင်ဘုရား၊ ယောနိသောမနသိကာရသည်ပင် ပညာမဟုတ်လောဟု မေး၏။

**မထေရ်** ။ ။မင်းကြီး ယောနိသောမနသိကာရလည်း အခြား,

mgyoe.com

mgyoe.com

ပညာလည်း အခြားပင်တည်း။

မင်းကြီး၊ ဆိတ်, နွား, ကျွဲ, ကုလားအုတ်, မြည်း, မြင်း သတ္တဝါတို့အား မနသိကာရတရားရှိ၏။ ထိုသတ္တဝါတို့အား ပညာမရှိ။ ထို့အောက် ယုတ်ညံ့သော သတ္တဝါတို့အားလည်း ပညာမရှိ။ ပညာယှဉ်သော စိတ်ပင်မဖြစ်ချေဟုဖြေ၏။

## ၁၂၆-အပါယ်ဘုံသား အလောင်းတော်များတွင် ဉာဏ်ယှဉ်ပုံကို ပြခြင်း

**မေး** ။ ။ဘုရားအလောင်း၊ ရွှေဥဒေါင်းမင်း၊ ဝက်မင်းဒေသနာ၊ ဟော သောခါဝယ်၊ လက္ခဏာဝေဖန်၊ ဉာဏ်ယှဉ်၏လော မယှဉ်လော။

**ဖြေ** ။ ။ဖြည့်အပ်ပြီးသော ပါရမီရှိသော အလောင်းတော်တို့သည် တစ်စုံတစ်ခုသော အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဘဝသို့ ရောက်ရငြားသော် လည်း ရပြီးသောဉာဏ်သည် မတိမ်မကောပြီ။ ထို့ကြောင့် အလောင်းတော်ဖြစ် သော ဥဒေါင်းမင်း, ဟင်္သာမင်း စသည်တို့ တရားဟောသောအခါ လက္ခဏာ ရေးအားဖြင့် ဝေဖန်နိုင်သော ဉာဏ်ယှဉ်၏ဟုသိရမည်။

## ၁၂၇-မဟာဂ္ဂုတ်ဇော ၁၈ ခုတို့၏ အနည်းအများ စောပုံကိုပြခြင်း

**မေး** ။ ။တစ်ဆယ့်ရှစ်ဖြာ၊ ဈာန်မှာဝီထိ၊ အာဒိကမ္မိက၊ သမာပဇ္ဇန၊ အရသဘော၊ ဇောကြိမ်ဘယ်က များသနည်း။

**ဖြေ** ။ ။မဟဂ္ဂုတ် ကုသိုလ်ဈာန် ၉ ပါး, ကြိယာဈာန် ၉ ပါး အားဖြင့် ၁၈ ပါးသော ဈာန်ကို ရစေသော ပုဂ္ဂိုလ်၏ အာဒိကမ္မိကဝီထိ၌ အပ္ပနာဇောသည် တစ်ကြိမ်သာဖြစ်သည်။ သမာပဇ္ဇနဝီထိ၌ကား ဘဝင်အယဉ် ကဲ့သို့ များစွာအပ္ပနာဇော ဖြစ်သည်။

## ၁၂၈-အဘိညာဉ်ဝီထိဖြစ်ပုံကို ပြခြင်း

**မေး** ။ ။ အဘိညာဏ်တရား ၅ ပါး၊ ၆ ပါး၊ ၇ ပါးတွင်၊ တစ်ပါးပါး၌၊ ဝင်စားသည်ရှိ၊ ၄ ဝီထိမှာ၊ အသိထင်ထင်၊ ဘိညာဉ်မြင်သည်၊ ဘဝင်စပ်ယှဉ်၊

mgyoe.com

mgyoe.com

စိတ်စဉ်ဘယ်သို့ ဖြစ်သနည်း။

ဖြေ ။ ။အဘိညာဉ်ဟူသည်ကား-

အဘိဝိသေသော ဉာဏော အဘိညာဏော။ ။ အဘိဝိသေသော- ထူးမြတ်ကဲလွန်သော၊ ဉာဏော-အသိဉာဏ်တည်း၊ အဘိညာဏော-ထူးမြတ်ကဲလွန်သော အသိဉာဏ်။

ဤသို့သော ဝစနတ္ထဖြင့် ထူးမြတ်ကဲလွန်သောဉာဏ်ဟု သမုတ်အပ်သော အဘိညာဉ်သည်-

၁။ ဣဒ္ဓိဝိဓ ၂။ ဒိဗ္ဗစက္ခု

၃။ ဒိဗ္ဗသောတ ၄။ စေတောပရိယ

၅။ ပုဗ္ဗေနိဝါသ ဟူ၍ ငါးပါးအပြားရှိ၏။

ထိုငါးပါးတို့တွင် ယထာကမ္မုပဂနှင့် အနာဂတံသကို ထည့်သော် ၇ပါး အပြားရှိ၏။

ရှေးအဘိညာဉ်ငါးပါးကိုကား သာသနာတော်၏အပဌ် သုမေဓာ စသော တာပသ, ဣသိတို့ပင် ရနိုင်ကြသည်။ ၇ ပါးလုံးကိုကား သာသနာတော်၏ အတွင်း၌ ဗုဒ္ဓသာဝက, ဈာနလာဘီ ပုဂ္ဂိုလ်တို့သာ ရနိုင်ကုန်သည်။

ထို ၇ ပါးတို့တွင် ဣဒ္ဓိဝိဓ အဘိညာဉ်ဖြစ်ဟန်ကား သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ကာမ, ရူပ, တိဟိတ်, ပုထုဇဉ်, သေက္ခ, ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏ ရူပကာယကို သတ, သဟဿ စသည်ဖြစ်အောင် နိမ္မိတရုပ် ဖန်ဆင်း လိုလတ်သည်ရှိသော် မိမိ ပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် ပထဝီကသိုဏ်းကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း, ထို့နောင် ထိုအာရုံကို အာရုံပြု၍ ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဒွေတို့တွင် တစ်ခုခုသည်၊ မန္ဒပညာ ပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ၄ ကြိမ်၊ တိက္ခပညာ ပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူဟု ၃ ကြိမ် ဥပစာရသမာဓိ ဇောကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် ရူပကုသိုလ် ပဉ္စမဈာန်သည် ပုထုဇဉ်, သေက္ခအား၊ ကြိယာ ပဉ္စမဈာန်သည် ရဟန္တာပုဂ္ဂိုလ်အား ပါဒကဈာန်ဇောကိစ္စ တစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်-

mgyoe.com

ထို့နောက် သတံ ဟောမိ, သဟဿံ ဟောမိ အစရှိသည်ဖြင့် အဓိဋ္ဌာန် ဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် ရှစ်ခုတို့တွင် တစ်ခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာရှစ်ခုတို့တွင် တစ်ခုခုသည် အဓိဋ္ဌာန်ဇောကိစ္စ ၇ ကြိမ် ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်-

ထို့နောင် အဘိညာဉ်၏ အခြေဖြစ်သော ပါဒကစျာန်ကို ဝင်စားလိုလတ်သည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် ပထဝီကသိုဏ်းကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် ပုဂ္ဂိုလ်သည် ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဒွေတို့တွင် တစ်ခုခုသည်၊ မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု လေးကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူဟု သုံးကြိမ် ဥပစာရသမာဓိ ဇောကိစ္စဖြစ်၍ချုပ်၏။ ထို့နောင် ရူပကုသိုလ် ပဉ္စမစျာန်သည် ပုထုဇဉ်, သေက္ခအား၊ ကြိယာပဉ္စမစျာန်သည် ရဟန္တာပုဂ္ဂိုလ်အား ပါဒကစျာန်ဇောကိစ္စ တစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်-

ထို့နောင် အဘိညာဉ်ဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် မိမိရူပကာယ၏ သတ, သဟဿ အစရှိသော နိမ္မိတရုပ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် ပုဂ္ဂိုလ်သည် ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် တတိယဒွေတို့တွင် တစ်ခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဒွေတို့တွင် တစ်ခုခုသည်၊ မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ၄ ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူဟု ၃ ကြိမ် ဥပစာရ သမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ရူပကုသိုလ်ပဉ္စမစျာန်သည် ပုထုဇဉ်သေက္ခအား၊ ကြိယာပဉ္စမစျာန်သည် ရဟန္တာပုဂ္ဂိုလ်အား၊ အဘိညာဉ်ဇောကိစ္စ တစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ကြွင်းသော အဘိညာဉ်တို့၌လည်း ဤနည်းအတူ ၄ ဝီထိစီ ချရမည်။

ဣဒ္ဓိဝိဓ အဘိညာဉ်၏ ပါဒကစျာန်ဝီထိမှာ ပထဝီကသိုဏ်းကို အာရုံပြု၍

mgyoe.com

ကြွင်းသော အဘိညာဉ်တို့၏ ပါဒကဈာန်ဝီထိမှာ အာလောက ကသိုဏ်းကို အာရုံပြုသည်သာ ထူး၏။

ဤအဘိညာဉ်ဝီထိသည် ဝီထိလက်ရိုးတို့၌ ရှိပြီးဖြစ်သော်လည်း စိတ်စဉ် ဘယ်သို့ဖြစ်သနည်းဟု အမေးရှိသောကြောင့်လည်းကောင်း, အကျဉ်းနည်းကို သိစေလို၍လည်းကောင်း ရေးလိုက်သည်။

## ၁၂၉-ဝသီဘော် ၅ ပါး ထူးခြားပုံ

**မေး** ။ ။ ဝသီဘော်ဝယ်၊ ငါးပါးသွယ်၊ ဘယ်ဝီထိနှင့်၊ ဘယ်ဝီထိမှာ ကျသနည်း။

**ဖြေ** ။ ။ ဈာန်ကိုရပြီးသော ဈာနလာဘီ ပုဂ္ဂိုလ်သည် မိမိရသော ဈာန်၌ရှိသော ဈာန်အင်္ဂါကို ရှေးဦးစွာဆင်ခြင်သော ဝီထိသည် ပစ္စဝေက္ခဏာဝီထိမည်၏။ ထို့နောင် ထိုဈာန်အင်္ဂါတို့တွင် ဝိတက်ကိုအာရုံပြု၍ ၄ ကြိမ်, ၅ကြိမ်သောဇော၊ ၂ ကြိမ်, ၃ ကြိမ်သော ဘဝင်၊ ဝိစာရကို အာရုံပြု၍ ၄ ကြိမ်, ၅ ကြိမ်သော ဇော၊ ၂ ကြိမ်, ၃ ကြိမ်သော ဘဝင်၊ ပီတိကို အာရုံပြု၍လည်းကောင်း၊ သုခကို အာရုံပြု၍လည်းကောင်း၊ ဧကဂ္ဂတာကို အာရုံပြု၍လည်းကောင်း ၄ ကြိမ်, ၅ ကြိမ်သောဇော၊ ၂ ကြိမ်, ၃ ကြိမ်သော ဘဝင်တို့ကိုဖြစ်စေလျက် အဖန်တလဲလဲ လေ့လာသော ပစ္စဝေက္ခဏာ ဝီထိသည် အာဝဇ္ဇနဝသီမည်၏။

သမာပဇ္ဇနဝသီ ဟူသည်ကား ဈာန်ကို ရပြီးသောပုဂ္ဂိုလ်သည် ဈာန်ကို ဝင်စားလိုလတ်သော် နှစ်ကြိမ်, သုံးကြိမ်သော ဘဝင်ထက် အလွန်မဖြစ်မူ၍ ရတ်ခြင်း အာဝဇ္ဇန်း၏ အခြားမဲ့၌ ဈာန်ဇောတို့ကို ဘဝင်အယဉ်ကဲ့သို့ များစွာဖြစ်စေခြင်းတည်း။

အဓိဋ္ဌာနဝသီဟူသည့်ကား ကာလကိုပိုင်းခြား၍ ဤမျှလောက်သော အခါပတ်လုံး ဘဝင်မကျစေဘဲ ဈာန်စိတ်ကိုသာဖြစ်စေအံ့ဟု ဆောက်တည်၍ ဝင်စားခြင်းတည်း။

ဝုဋ္ဌာန ဝသီဟူသည်ကား လိုရာအချိန်၌ နိုးအောင်အိပ်နိုင်သော သူကဲ့သို့ ပိုင်းခြားတိုင်းသော ကာလကိုမလွန်မူ၍ ဝင်စားသော ဈာန်မှ ထမြောက်ခြင်းတည်း။

mgyoe.com

mgyoe.com


ပစ္စဝေက္ခဏာဝသီဟူသည်ကား ဈာန်အင်္ဂါတို့ကို အနုလုံ, ပဋိလုံအားဖြင့် ဆင်ခြင်ခြင်းပင်တည်း။ ။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌-

ပဌမဈာနတော ဝုဋ္ဌာယ ပဌမံ ဝိတက္ကံ အာဝဇ္ဇနတော။ ဘဝင်္ဂံ ဥပစ္ဆိန္ဒိတွာ ဥပ္ပန္နဇဝနာနန္တရံ ဝိတက္ကာရမ္မဏာနေဝ၊ စတ္တာရိ ပဉ္စ ဝါ ဇဝနာနိ ဇဝန္တိ။ တတော ဒွေ ဘဝင်္ဂါနိ၊ တတော ပုန ဝိစာရာရမ္မဏံ အာဝဇ္ဇနံ ဝုတ္တနယေနေဝ၊ ဇဝနာနီတိ ဧဝံ ပဉ္စဈာနင်္ဂေသု ယဒါ နိရန္တရံ စိတ္တံ ပေသေတုံ သက္ကောတိတိ၊ အာဝဇ္ဇနဿ အာဝဇ္ဇနဝသီ သိဒ္ဓါ ဟောတိ။

အစရှိသည်ဖြင့် မိန့်အပ်ပြီ။

## ၁၃၀-ဈာန်ဝင်စားတိုင်း အသက်ရှူ မရှူ

မေး ။ ။ သုမေဓာက၊ စသည်ရှင်ပျို၊ ဈာန်အဘိညာဉ်၊ ယှဉ်လတ်သော ခါ၊ အသက်ရှူပါသေး၏လော။

ဖြေ ။ ။ စတုတ္ထဈာန် ဝင်စားခိုက်သော ပုဂ္ဂိုလ်ဟူသမျှသည် အဿာသ, ပဿာသ မရှိ၊ အသက်မရှူ ဟူပေ။

## ၁၃၁-သင်္ခါရ ၃ ပါး ရထိုက် မရထိုက် ပုဂ္ဂိုလ်များကို ပြဆိုရာ

မေး ။ ။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ၊ ဤသုံးဝကို၊ မရ ကောင်းဆို၊ ပုဂ္ဂိုလ်ရေတွက် ဘယ်မျှနည်း။

ဖြေ ။ ။ ဤပြဿနာ၌ စုံလင်စွာ ရေးလိုက်အံ့။

တယော သင်္ခါရာ၊ ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရောတိ။ အဿာသပဿာသာ ကာယသင်္ခါရော၊ ဝိတက္ကဝိစာရာ ဝစီသင်္ခါ-ရော၊ ဝေဒနာ စ သညာ စ စိတ္တသင်္ခါရော ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တ သမ္ပယုတ္တကာ ဓမ္မာစိတ္တသင်္ခါရော။

(သင်္ခါရ ယမိုက် ပါဠိတော်)

သင်္ခါရာ-သင်္ခါရတရားတို့သည်၊ ကာယသင်္ခါရော-ကာယသင်္ခါရလည်း ကောင်း၊ ဝစီသင်္ခါရော-ဝစီသင်္ခါရလည်းကောင်း၊ စိတ္တသင်္ခါရော-စိတ္တသင်္ခါရ

mgyoe.com

လည်းကောင်း၊ ဣတိ-ဤသို့၊ တယော-သုံးပါးတို့တည်း။

အဿာသပဿာသာ-ထွက်သက်, ဝင်သက်တို့သည်၊ ကာယသင်္ခါရော-ကာယသင်္ခါရမည်၏၊ ဝါ-ကိုယ်ကိုပြုပြင်တတ်သော တရားမည်၏။

ဝိတက္က ဝိစာရာ-ဝိတက် ဝိစာရတို့သည်၊ ဝစီသင်္ခါရော-ဝစီသင်္ခါရမည်၏၊ ဝါ ဝစီဘေဒသဒ္ဒကို ပြုပြင်တတ်သော တရားမည်၏။

ဝေဒနာ စ-ဝေဒနာသည်လည်းကောင်း၊ သညာ စ-သညာသည်လည်းကောင်း၊ စိတ္တသင်္ခါရော-စိတ္တသင်္ခါရမည်၏၊ ဝိတက္ကဝိစာရေ-ဝိတက် ဝိစာရတို့ကို၊ ဌပေတွာ-ထား၍၊ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ စိတ္တသမ္ပယုတ္တကာ-စိတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာ-တရားတို့သည်၊ စိတ္တသင်္ခါရော-စိတ်ကို ပြုပြင်တတ်သော တရားမည်၏။

## ၁-ကာယသင်္ခါရကို ပြဆိုရာ

အဿာသပဿာသာ ကာယသင်္ခါရော-ဟူ၍ ဟောတော်မူအပ်သော ကာယသင်္ခါရ၏ သရူပဝိဘာဂဝါရ၌ အဇ္ဈတ္တိက စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော ကရဇကာယ၏ အကျိုးဆက်ဖြစ်သော စိတ္တဇဝါယောဓာတ်ဟု ဆိုအပ်သော အဿာသပဿာသသည် ကာယသင်္ခါရ မည်၏။

ထိုကာယသင်္ခါရသည် ဘုံအားဖြင့် ကာမ ၁၁ ဘုံတို့၌ ဖြစ်၏။ ရူပ အရူပဘုံတို့၌ မဖြစ်။

ဈာန်အားဖြင့် ပဌမဈာန်ဇော ၂၀၊ ဒုတိယဈာန်ဇော ၁၀၊ တတိယဈာန်ဇော ၁၀ တို့၌ ဖြစ်၏။ စတုတ္ထဈာန်ဇော ၁၈ ခုတို့၌ မဖြစ်။

စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ် ၁၀ ကြဉ်သော ကာမစိတ် ၄၄ ခုတို့၌ ဖြစ်၏။ ဒွေပဉ္စဝိညာဉ် ၁၀၊ မဟဂ္ဂုတ်ဝိပါက် ၉ ခု၊ ပဋိသန္ဓေ, စုတိစိတ်၏ ရှေးဗာတ္တိံသမ စိတ်မှစ၍ စုတိတိုင်အောင်သော ကာလ၌ဖြစ်သော စိတ်တို့၌ မဖြစ်။

ပုဂ္ဂိုလ်အားဖြင့် ၁ သေသောပုဂ္ဂိုလ်။ ၂ အမိဝမ်း၌ ကိန်းအောင်းသော ပုဂ္ဂိုလ်။ ၃ ရေငုပ်သောပုဂ္ဂိုလ်။ ၄ နိရောဓ သမာပတ်ကို ဝင်စားခိုက်သောပုဂ္ဂိုလ်။ ၅-၆ စတုတ္ထဈာန်ကို ဝင်စားသော ကာမပုဂ္ဂိုလ်, ရူပ, အရူပပုဂ္ဂိုလ်။ ၇ မိန်းမောသောပုဂ္ဂိုလ် ဤ ၇ ဦးသောပုဂ္ဂိုလ်တို့၌ မဖြစ်။ ထိုမှကြွင်းသော

mgyoe.com

mgyoe.com


ဗလဝါရမ္မဏဖြစ်သော ကာမပုဂ္ဂိုလ်တို့၌သာဖြစ်၏။

## ၂–ဝစီသင်္ခါရကို ပြဆိုရာ

ဝိတက္ကဝိစာရာ ဝစီသင်္ခါရော- ဟူ၍ ဟောတော်မူအပ်သော ဝစီသင်္ခါရ၏ သရူပဝိဘာဂဝါရ၌ ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော ဝိတက်, ဝိစာရသည် ဝစီသင်္ခါရ မည်၏။

ထိုဝစီသင်္ခါရသည် ဘုံအားဖြင့် စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ ၂၆ ဘုံတို့၌ ဖြစ်၏။ အသညသတ်ဘုံ၌ မဖြစ်။

ဈာန်အားဖြင့် မူလဘူတဖြစ်သော ပထမဈာန်ဇော ၂၀ တို့၌ ဖြစ်၏။ ဒုတိယဈာန်ဇော ၁၀၊ တတိယဈာန်ဇော ၁၀၊ စတုတ္ထဈာန်ဇော ၁၈ ခုတို့၌မဖြစ်။

စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ် ၁၀ ကြဉ်သော ကာမစိတ် ၄၄ ခု၊ ရူပါဝစရ ပထမဈာန်ဝိပါက်, ဒုတိယဈာန်ဝိပါက်တို့၌ ဖြစ်၏။ ဒွေပဉ္စ ဝိညာဉ် ၁၀၊ တတိယဈာန်ဝိပါက်, စတုတ္ထဈာန်ဝိပါက်, ပဉ္စမဈာန်ဝိပါက်, အရူပဝိပါက် လေးခုတို့၌ မဖြစ်။

ပုဂ္ဂိုလ်အားဖြင့် သေသောသူ၊ နိရောဓသမာပတ်ကို ဝင်စားခိုက်သော ပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ်တို့၌ မဖြစ်။ ထိုမှကြွင်းသော အလုံးစုံသော ကာမ, ရူပ, အရူပ ပုဂ္ဂိုလ်တို့၌ ဖြစ်၏။

## ၃–စိတ္တသင်္ခါရကို ပြဆိုရာ

ဝေဒနာ စ သညာ စ စိတ္တသင်္ခါရော ဌပေတွာ ဝိတက္ကဝိစာရေ, သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော-ဟူ၍ ဟောတော်မူအပ်သော စိတ္တသင်္ခါရ၏ သရူပဝိဘာဂဝါရ၌ စိတ်တစ်ခုယုတ် ကိုးဆယ်၏ အကျိုးဖြစ်သော ဝိတက် ဝိစာရမှတစ်ပါးသော စေတသိက်ပညာသသည် စိတ္တသင်္ခါရမည်၏။ ထိုစိတ္တသင်္ခါရသည် ဘုံအားဖြင့် စတုဝေါကာရလေးဘုံ၊ ပဉ္စဝေါကာရ ၂၆ ဘုံတို့၌ဖြစ်၏။ အသညသတ်ဘုံ၌ မဖြစ်။

ဈာန်အားဖြင့် အလုံးစုံသော ဈာန်တို့၌ ဖြစ်၏။ စိတ္တုပ္ပါဒ်အားဖြင့် အလုံးစုံသော စိတ္တုပ္ပါဒ်တို့၌ ဖြစ်၏။ ပုဂ္ဂိုလ်အားဖြင့် သေသောပုဂ္ဂိုလ်, နိရောဓသမာ

mgyoe.com

mgyoe.com


ပတ်ကို ဝင်စားခိုက်သောပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်တို့၌ မဖြစ်။ ထိုမှကြွင်းသော အလုံးစုံသော ကာမ, ရူပ, အရူပ ပုဂ္ဂိုလ်တို့၌ ဖြစ်၏။ ဤသို့ ယမိုက်ပာဠိ လာသည်ကို ထောက်၍-

ကာယသင်္ခါရ မရထိုက်သော ပုဂ္ဂိုလ် ၇ ပါး။

ဝစီသင်္ခါရ မရထိုက်သော ပုဂ္ဂိုလ် ၃ ပါး။

စိတ္တသင်္ခါရ မရထိုက်သော ပုဂ္ဂိုလ်လည်း ၃ ပါးဟူ၍ ဖြေ။

## ၁၃၂-တန်ခိုးပြရာတွင် ဘုရားရှင်နှင့် သာဝကတို့ ဝီထိကျပုံ

**မေး ။** ။ရေ, မီး, အစုံ၊ ဂုဏ်ထူးပြရာ၊ ပြာဋိဟာတွင်၊ သာဝကနှင့်ဗုဒ္ဓ, ဘယ်သို့ထူးသနည်း။

**ဖြေ ။** ။ဘဂဝတော ပန ယမကပါဋိဟာရိယကာလာဒီသု လဟုကပ္ပဝတ္တိယံ စတ္တာရိ ပဥ္စ ဝါ ပစ္စဝေက္ခဏစိတ္တာနိ ဘဝန္တီတိပိ ဝဒန္တိ။

(လက်သန်းအဋ္ဌကထာ)

စတ္တာရိ ဝါ ပဥ္စ ဝါတိ စ ပနေတံ တိက္ခိန္ဒြိယ မုဒိန္ဒြိယ ပညာဝသေန ဝေဒိတဗ္ဗန္တိ အာစရိယ ဓမ္မပါလတ္ထေရေန ဝုတ္တံ၊ တသ္မာ ဘဂဝတော စတ္တာရိ၊ အညေသံ ပဥ္စပီတိ ယုတ္တံ ဝိယ ဒိဿတိ။

(အဘိဓမ္မတ္ထသင်္ဂဟဒီပနီ)

**အဓိပ္ပာယ်ကား။** ။ စတ္တာရိ ဝါ ပဥ္စ ဝါ ဟူ၍ သမုစ္စယ အနက်ရှိသော 'ဝါ' သဒ္ဒါကို ဆိုခြင်းကြောင့် ထက်သောပညိန္ဒြေရှိသော ပုဂ္ဂိုလ်အား ၄ ကြိမ်၊ နုံ့သောပညိန္ဒြေရှိသောပုဂ္ဂိုလ်အား ၅ ကြိမ်စောသည်ဟု သိအပ်၏ဟူ၍ ဓမ္မပါလဆရာဆိုတော်မူသည်။

ထို့ကြောင့် ဘုရားသခင်အား ၄ ကြိမ် အရှင်သာရိပုတ္တရာ စသောသာဝကတို့အား ၅ ကြိမ်စော၏ဟူသော စကားသည် သင့်မြတ်၏ဟူလိုသည်။

စတ္တာရိ ဝါ ပဥ္စ ဝါ တိ ဝိကပ္ပနတ္ထဝါသဒ္ဒေန ဘဂဝတော အစ္စာယိကကာလေ တီဏိ ဝါ စတ္တာရိ ဝါ ဇဝနစိတ္တာနိ

mgyoe.com

mgyoe.com


ဘာဝန္တီတိဂဟေတဗ္ဗာ။

(မဓုဋီကာ)

**အဓိပ္ပာယ်ကား။** ။ စတ္တာရိ ဝါ ပဉ္စ ဝါ ဟူသောပုဒ်၌ ဝိကပ်အနက်ရှိသော ဝါ သဒ္ဒါဖြင့် မြတ်စွာဘုရားအား အဆောတလျင်ပြုချင်သော ကာလတို့၌ ၃ ကြိမ်၊ ၄ ကြိမ်သော ပစ္စဝေက္ခဏာဇောစိတ်သည် ဖြစ်သေး၏ ဟူ၍ယူအပ်၏။

အဘယ်ကြောင့်နည်းဟူမူ စိတ္တိသရိယဓမ္မ အရှင်မြတ်ဖြစ်တော်မူသောကြောင့်တည်းဟူ၍ မိန့်ဆိုသည်။

## ၁၃၃-ဘုံ ၃ ပါး၌ မဂ်ရပုံချင်း မတူပုံ

**မေး ။** ။ အရူပနှင့်၊ ရူပဘုံတွင်၊ မဂ်လေးအင်၊ မဂ္ဂင်ရှစ်ပါးစုံ၏လော။

**ဖြေ ။** ။ ကာမဘုံ၌ မဂ်ကိုရကြသော ပုဂ္ဂိုလ်တို့သည် ၅ မျိုးပြားကြကုန်သည်။ ထို ၅ မျိုးတွင်-

ပဌမစျာန်မဂ်ကို ရသည်ဖြစ်အံ့၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်စိတ် ဖြစ်သည်။

ဒုတိယစျာန်မဂ်ကို ရသည်ဖြစ်အံ့၊ သမ္မာသင်္ကပ္ပကိုချန်၍ အင်္ဂါ ၇ ပါးသာရှိသော မဂ်စိတ်ဖြစ်သည်။

တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်မဂ်ကို ရသောသူအားလည်း ဤနည်းအတူ အင်္ဂါ ၇ ပါးရှိသော မဂ်စိတ် ဖြစ်သည်။

ဤအတူ ရူပဘုံ အရူပဘုံတို့၌ မဂ်ရသော မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့သည်လည်း ၅ မျိုးပင်ဖြစ်ရကား-

ပဌမစျာန်မဂ်ကို ရအံ့၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၏။ ဒုတိယစျာန်မဂ် စသည်ကိုရအံ့၊ ရှစ်ပါးမပြည့်စုံ၊ အင်္ဂါ ၇ ပါးသာ ရှိ၏ဟုဖြေ။

mgyoe.com

mgyoe.com

## ၁၃၄-နိရောဓသမာပတ်ကို ဝင်စားရာ၌ အာရုပ္ပဇော ၂ ကြိမ်သာ စောခြင်း

မေး ။ ။နိရောဓမြတ်၊ သမာပတ်ကို၊ ဝင်လတ်သောခါ၊ စတုတ္ထာရုပ္ပေါ်၊ နှစ်ကြိမ်စောမှ၊ ချုပ်ရရှာသည်၊ တစ်ကြိမ်နှင့်သာ မချုပ်လော။

ဖြေ ။ ။တစ်ကြိမ်သော ဇောနှင့်သာလည်း မချုပ်၊ ထို့ထက်လွန်၍လည်း ၃ ကြိမ်၊ ၄ ကြိမ် မစောဟူပေ။

ဘယ့်ကြောင့် လွန်၍ မစောသနည်းဟူမူ ရုပ်နွမ်း၍ အိပ်ချင်လှသောသူသည် ၄ ဝါကျ၊ ၅ ဝါကျရှိသော ဂါထာကို သရဇ္ဈာယ်ပါသော်လည်း ၂ ဝါကျနှင့်သာ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့ နိရောဓ၏ ပယောဂကြောင့် ၂ ကြိမ်မျှ စော၍သာလျှင် ချုပ်ခြင်းသို့ ရောက်ရ၏။ ။ ဤအဓိပ္ပာယ်ကို-

ကသ္မာ ပနဿ ဒွိန္နံ စိတ္တာနံ ဥပရိ စိတ္တာနိ န ပဝတ္တန္တီတိ၊ နိရောဓဿပယောဂတ္တာ၊ ဣဒဉှိ ဣမဿ ဘိက္ခုနော ဒွေ သမထဝိပဿနာ ဓမ္မေယုဂနဒ္ဓေ ကတွာ၊ အဋ္ဌသမာပတ္တိ အာရောဟန္တဿ အနုပုဗ္ဗနိရောဓဿ ပယောဂေါ။ န, နေဝသညာနာသညာယတနသမာပတ္တိယာတိ နိရောဓဿ ပယောဂတ္တာ ဒွိန္နံ စိတ္တာနံ ဥပရိ စိတ္တာနိ န ပဝတ္တန္တိ-

ဟူ၍ သာရတ္ထဒီပနီ (၁။ နှာ-၃၈၃) ၌ မိန့်သောကြောင့် သိရသည်။

## ၁၃၅-ပုဗ္ဗကိစ္စလေးပါး ထူးခြားချက်

မေး ။ ။နိရောဓမှာ၊ ပုဗ္ဗကိစ္စ၊ ၄ ပါးမှန်ကို၊ ပြုပြန်ခြင်းရာ ဘယ်သို့နည်း။

ဖြေ ။ ။နိရောဓသမာပတ္တိံ သမာပဇ္ဇိတုကာမော ပုဂ္ဂလော၊ အာကိဉ္စညာယတနံ သမာပဇ္ဇိတွာ၊ တတော ဝုဋ္ဌာယ နာနာဗဒ္ဓအဝိကောပနံ, သံဃပဋိမာနနံ, သတ္ထုပက္ကောသနံ, အဒ္ဓါနပရိစ္ဆေဒန္တိ စတုဗ္ဗိဓံ ပုဗ္ဗကိစ္စံ ကတွာ သမာပဇ္ဇတိ-

ဟူသော ဒီပနီပါဌ်နှင့်ညီစွာ နိရောဓသမာပတ်ကို ဝင်စားလိုသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်သည် ပထမစျာန်မှသည် အာကိဉ္စညာယတနစျာန်တိုင်အောင်

mgyoe.com

mgyoe.com


ဝင်စားပြီးသော် ထိုဈာန်မှထပြီး၍-

မိမိကိုယ်နှင့်စပ်သော ကပ်လျက်တည်သော သင်္ကန်း, သပိတ်, ပရိက္ခရာ မှတစ်ပါး အသီးသီးသော ဌာန၌ ထားအပ်သော သင်္ကန်း, သပိတ်, အိပ်ရာ, ညောင်စောင်း, ကျောင်း, ကန့်, ကုဋီတို့ကို မီးစသော ရန်သူတို့သည် မဖျက်ဆီးစေသတည်းဟူ၍ ဓိဋ္ဌာန်ခြင်း၊

သံဃကိစ္စ သန္နိပါတရှိသည်ဖြစ်၍ သံဃာတို့ မြတ်နိုးတနှာ တောင့်တရာသော အကြောင်းရှိအံ့လောဟု တွေးတောခြင်း၊

ဘုရားဘုန်းမော် ခေါ်တော်မူသော အကြောင်းရှိအံ့လောဟု တွေးတောခြင်း၊

ငါ၏အသက်သည် ၇ ရက်အတွင်း၌ ပြတ်ကင်းကုန်ခန်းရာသော အကြောင်းရှိအံ့သလောဟု မျှော်ကြည့်ခြင်း။

ဤကိစ္စ ၄ ပါးကို ပြုပြီး၍သာလျှင် ဝင်စားရ၏ ဟူလိုသည်။

> နာနာဗဒ္ဓ အဝိကောပနဉ္စ ကာယပဋိဗဒ္ဓံ ပရိက္ခာရံ ဌပေတွာ ဝိသုံဝိသုံ ဌိတစီဝရာဒိပရိက္ခာရဂေဟာနံ အဂ္ဂိအာဒိနာ အဝိနာသနတ္ထာယ အဓိဋ္ဌာနံ။ အဒ္ဓါန ပရိစ္ဆေဒေါတိ ဇီဝိတကာလဿ ပရိစ္ဆေဒေါ၊ သတ္တာဟဗ္ဘန္တရေ အတ္တနော အာယုသင်္ခါရပ္ပဝတ္တိ ဩလောကနဉ္စ အတ္ထော။ (ဒီပနီ)

## ၁၃၆-နိရောဓသမာပတ်ကို ဝင်စားခြင်းအကြောင်း

**မေး** ။ ။ ကျောက်တိုင်အတိ၊ တည်ရာဘိသား၊ နိရောဓမှာ၊ ရဟန္တာ အနာဂါမ်၊ အရှင်မွန်တို့၊ ဘယ်အလိုကြောင့် ဝင်သနည်း။

**ဖြေ**။ ။ ကသ္မာ သမာပဇ္ဇန္တီတိ သင်္ခါရာနံ ပဝတ္တိဘေဒေ ဥက္ကဏ္ဍိတွာ ဒိဋ္ဌေဝဓမ္မေ, အစိတ္တကာ ဟုတွာ၊ နိရောဓံ နိဗ္ဗာနံ ပတွာ သုခံ ဝိဟရိဿာမာတိ သမာပဇ္ဇန္တိ-

ဟူသော ဝိသုဒ္ဓိမဂ်နှင့်ညီစွာ သင်္ခါရတရားတို့၏ ဖြစ်ခြင်းအထူး၌ ငြီးငွေ့ဆန့်ကျင်သော စိတ်ရှိသည်ဖြစ်၍ မျက်မှောက်သောကိုယ်၏အဖြစ်၌ စိတ်ဖြစ်ခြင်းမရှိ၊ နိရောဓမည်သော နိဗ္ဗာန်ချမ်းသာကို ခံစားကာနေအံ့ဟူ၍ ဝင်စားကုန်သတည်း။

mgyoe.com

mgyoe.com

## ၁၃၇-ကာမပုဂ္ဂိုလ်နှင့် ရူပပုဂ္ဂိုလ်တို့ နိရောဓသမာပတ် ဝင်စားရာ ထူးခြားကြပုံ

**မေး** ။ ။ ကာမပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ်၊ ထိုနိရောဓ၊ ဝင်စားကြသော်၊ ကာလ ဘယ်သို့ ထူးသနည်း။

**ဖြေ** ။ ။ ကာမပုဂ္ဂိုလ်မှာ ၇ ရက်မျှသာ ဝင်စားနိုင်သည်။ ရူပပုဂ္ဂိုလ်မှာ အလိုရှိတိုင်း ဝင်စားနိုင်သည်။

ဘယ့်ကြောင့် ကာမပုဂ္ဂိုလ်အား ၇ ရက်သာ ဝင်စားနိုင်သနည်းဟူမူ- တထာ ကာလပရိစ္ဆေဒကရဏတော၊ တတ္ထ ယေဘုယျေန အာဟာရူပဇီဝိနံ သတ္တာနံ ဥပါဒိန္နကပဝတ္တဿ ဧကေဒိဝသံ ဘုတ္တာဟာရဿ သတ္တာဟမေဝ ယာပနတော-

ဟူသော သာရတ္ထဒီပနီ (၁။၃၈၀) နှင့်ညီစွာ အာဟာရကိုမှီ၍ အသက် ရှည်ကုန်သော သတ္တဝါတို့အား တစ်နေ့ သုံးဆောင်အပ်သော အာဟာရသည် ၇ ရက် ကာလပတ်လုံးသာလျှင် ဥပါဒိန္နကရုပ်ကို မျှတအောင် ထောက်ပံ့ နိုင်သော အကြောင်းရှိသည်၏အဖြစ်ကြောင့် ကာမပုဂ္ဂိုလ်တို့အား ၇ ရက်မျှသာ သမာပတ်ကို ဝင်စား၏ ဟူပေ။

## ၁၃၈-နိရောဓ သမာပတ်မှ ထသောအခါ အာရုံပြုပုံကို ပြခြင်း

**မေး** ။ ။ နိရောဓတက်၊ ပစ္စဝေက္ခဏာ၊ ဖြစ်သောခါ၊ အာရုံ ဘယ်သို့ပြု သနည်း။

**ဖြေ** ။ ။ နိရောဓဥ္စနသင်္ခါတံ နိဗ္ဗာနမေဝ အာရမ္မဏံကတွာ ပစ္စဝေက္ခတိ- ဟူသည်နှင့်အညီ နိဗ္ဗာန်ကိုသာ အာရုံပြု၏ဟူပေ။

## ၁၃၉-ဈာန်နှင့် မဂ်တို့၏ ပစ္စဝေက္ခဏာဇောများကို ပြခြင်း

**မေး** ။ ။ ဈာန်ပစ္စဝေက္ခဏာ၊ မဂ်ပစ္စဝေက္ခဏာ၊ အာရုံထူးပြား၊ ဇောကြိမ် ဘယ်ကများသနည်း။

mgyoe.com

ဖြေ ။ ။ ဈာန်ပစ္စဝေက္ခဏာကို ဝီထိလက်ရိုး ဆရာတို့သည် ၄ ကြိမ်၊ ၅ ကြိမ်ချကြကုန်သည်။ ပဋ္ဌာန်းအရကောက်၌ကား ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ-ဟူသော ပါဠ်၏အရ၌ ၇ ကြိမ်ပင် ချသည်။ မဂ်ပစ္စဝေက္ခဏာကိုလည်း ဇော ၇ ကြိမ်ပင်ချသည်။ ထို့ကြောင့် ပဋ္ဌာန်းအရကောက် ဆရာတို့၏ အလိုအားဖြင့် ဇောကြိမ်အတူတူပင်ဟု ဖြေဆိုရမည်။

## ၁၄၀-ပစ္စဝေက္ခဏာ ဇောဝယ် အထူးမှတ်ဖွယ်

မေး ။ ။ ထိုပစ္စဝေက္ခဏာ၊ ဇောဖြစ်ရာ၌၊ အပ္ပနာလော၊ ကာမလော။

ဖြေ ။ ။ ပစ္စဝေက္ခဏာဇော ဟူသမျှသည် ကာမဇောချည်း မှတ်ရမည်။

## ၁၄၁-အိပ်ပျော်စဉ်တွင် ထိုဘဝင် စိတ်ပင် ဆိုထိုက် မဆိုထိုက်

မေး ။ ။ မြစ်ရေအယဉ်၊ ဘဝင်တွေတွေ၊ ဖြစ်လေရချက်၊ ဤအနက်လည်း စိတ်လက္ခဏာမဟုတ်လော။

ဖြေ ။ ။ စိတ်လက္ခဏာ ဟုတ်၏ဟူပေ၊ ဟုတ်သော် ဘဝင်တွေတွေကျ၍ အိပ်ပျော်သောအခါ၌ တစ်စုံတစ်ခုသော အာရုံကို မသိခဲ့တကား။ ဘယ်သို့ စိတ်မည်ပါအံ့နည်း ဟူငြားအံ့။ "အာရမ္မဏံ စိန္တေတီတိ စိတ္တံ" ဟူသော ဝစနတ်သည် ထင်ရှားရာသို့လိုက်၍ဆိုအပ်သော ရုဋ္ဌီနည်းသာတည်း။ အဘယ် သဒ္ဒါတို့ကဲ့သို့နည်းဟူမူ-

ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿော-ဟူသော သဒ္ဒါတို့ကဲ့သို့တည်း။ ဤဝစနတ္ထဖြင့် ကုသိုလ်၊ အကုသိုလ်တရားတို့ကို ခွဲခြား၍သိတတ်သောကြောင့် မနုဿမည်၏ဟူသော် မသိတတ်သော သူတို့လည်း အများရှိခဲ့သည်။ ထိုသူတို့ကား ဘယ်သို့ မနုဿ မည်အံ့နည်းဟူမူ၊ သိတတ်သောသူနှင့် သွင်၊ ပြင်၊ သဏ္ဌာန် တူသောကြောင့် သဒိသူပစာရအားဖြင့် မနုဿမည်၏ဟု ဆိုရသကဲ့သို့ ဘဝင်စိတ်တို့သည်လည်း အာရုံကို သိတတ်သောစိတ်တို့နှင့် ဇာတ်အားဖြင့် တူသောကြောင့် သဒိသူပစာရအားဖြင့် စိတ်ခေါ် ၏ဟူပေ။

mgyoe.com

မုချအားဖြင့် ဘယ်သို့ ဝိဂြိုဟ်ဆိုသနည်းဟူမူ-

ကမ္မကိလေသေဟိ စိတံ တာယတီတိ စိတ္တံ-ဟူ၍ ပြုအပ်၏။

ယံ ဝိပါကဝိညာဏံ-အကြင်ဝိပါက် ဝိညာဉ်သည်၊ ကမ္မကိလေသေဟိ-ကံ ကိလေသာတို့သည်၊ စိတံ-ဆည်းပူးအပ်သော အတ္တဘောကို၊ တာယတိ-စောင့်တတ်၏၊ ဣတိတသ္မာ-ထိုသို့အတ္တဘောကို စောင့်တတ်သော သတ္တိကြောင့်၊ တံ ဝိပါကဝိညာဏံ-ထိုဝိပါက် ဝိညာဉ်သည်၊ စိတ္တံ-စိတ်မည်၏။

ဤသို့ ဋီကာဆရာတို့ ဝစနတ်ပြုကြ၏ ဟူပေ။

**ဤတွင် ဝီထိပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ ပြီးပြီ။**

-- ❖ --

mgyoe.com

mgyoe.com



# ဘုံပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

## ၁၄၂-ဘုံမည်ခြင်း၏ အကြောင်း

**မေး** ။ ။ သုံးဆယ့်တစ်ပါး၊ ပြားသည့်ဌာန၊ ဘုံနာမသည်၊ အန္ဝတ္ထလော, ရုဠှီလော။

**ဖြေ** ။ ။ အနက်သို့အစဉ်လိုက်သော အမည်ဖြစ်၍ အန္ဝတ္ထသညာချည်း ဟူပေ။ ဘုံတို့၏ဝိဂြိုဟ်ကို ပြဆိုလိုက်ဦးအံ့။

## အပါယ်ဘုံမည်ခြင်း၏အကြောင်း

ပုညသမ္မတာ အယာ ယေဘုယျေန အပဂတောတိ အပါယော။

ဘဝန္တိ သတ္တာ ဧတ္ထာတိ ဘူမိ။

အပါယော စ သော ဘူမိ စာတိ အပါယဘူမိ။

ယော ပဒေသော-အကြင်အရပ်သည်၊ ပုညသမ္မတာ-ကောင်းမှုဟု သမုတ်အပ်သော၊ အယာ-စည်းစိမ်ချမ်းသာမှ၊ ယေဘုယျေန-များသောအားဖြင့်၊ အပဂတော-ကင်းသည်တည်း၊ ဣတိတသ္မာ-ထိုသို့စည်းစိမ်ချမ်းသာမှ ကင်းသောသတ္တိကြောင့်၊ သောပဒေသော-ထိုအရပ်သည်၊ အပါယော-အပါယ မည်၏။

mgyoe.com

mgyoe.com

တေ္တ–ဤနေရာ၌၊ သတ္တာ–သတ္တဝါတို့သည်၊ ဘဝန္တိ–ဖြစ်တတ်ကုန်၏၊ ဣတိတသ္မာ–ထိုသို့သတ္တဝါတို့၏ ဖြစ်ရာဖြစ်သောသတ္တိကြောင့်၊ ဘူမိ–ဘုံမည်၏။

အပါယော စ–အပါယ်လည်း ဟုတ်၏၊ သော–ထိုအပါယ်ဟူသည်၊ ဘူမိစ –ဘုံလည်းဟုတ်၏၊ ဣတိ–ထို့ကြောင့်၊ အပါယဘူမိ–အပါယ်ဘုံမည်၏။

အပါယ်လေးဘုံလုံးနှင့်ဆိုင်သော ဝိဂြိုဟ်။ ယေဘုယျသဒ္ဒါဖြင့် စည်းစိမ်ချမ်းသာရှိသော နဂါး, ဂဠုန်တို့ကို စင်စေသည်။

## ၁၄၃–ကာမသုဂတိ မည်ခြင်း၏အကြောင်း

သောဘနာ ဂတိ သုဂတိ။

ကာမတဏှာသဟစရိတာ သုဂတိ ကာမသုဂတိ။

သောဘနာ–တင့်တယ်ကောင်းမြတ်သော၊ ဂတိ–ဖြစ်ခြင်းတည်း၊ သုဂတိ–တင့်တယ်ကောင်းမြတ်သောဖြစ်ခြင်း။

ကာမတဏှာသဟစရိတာ–ကာမတဏှာနှင့်တကွဖြစ်သော၊ သုဂတိ–တင့်တယ်သောဖြစ်ခြင်းတည်း၊ ကာမသုဂတိ–ကာမတဏှာနှင့်တကွ တင့်တယ်သောဖြစ်ခြင်း၊ ဘူမိသဒ္ဒါနှင့် ရှေးနည်းအတူ ကမ္မဓာရည်းတွဲ။

## ၁၄၄–ငရဲဘုံမည်ခြင်း၏ အကြောင်း

အယတော, သုခတော, နိဂ္ဂတောတိ နိရယော။

ယော ပဒေသော–အကြင်အရပ်သည်၊ အယတော သုခတော–ချမ်းသာမှ၊ နိဂ္ဂတော–ကင်းလွတ်သည်တည်း၊ ဣတိတသ္မာ–ထိုသို့ချမ်းသာမှ ကင်းလွတ်သောသတ္တိကြောင့်၊ သော ပဒေသော–ထိုအရပ်သည်၊ နိရယော–နိရယမည်၏၊ ဝါ–နရက်မည်၏။

န, အက္ခရာကို င, အက္ခရာနှင့် လဲလှယ်၍ ငရဲခေါ်သည်။

mgyoe.com

mgyoe.com

## ၁၄၅-တိရစ္ဆာန်မည်ခြင်း၏အကြောင်း

တိရော အဉ္စိတာတိ တိရစ္ဆာနာ။

ယေ သတ္တာ-အကြင်သတ္တဝါတို့သည်၊ တိရော-ဖီလာ၊ အဉ္စိတာ-သွား တတ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့ဖီလာသွားတတ်သော သတ္တိကြောင့်၊ တေ သတ္တာ-ထိုသတ္တဝါတို့သည်၊ တိရစ္ဆာနာ-တိရစ္ဆာန်မည်ကုန်၏။

လိုရာအရပ်သို့ ရှေးရှုမျက်နှာမူ၍မသွားဘဲ အောက်သို့ မျက်နှာမူ၍ သွား ရသောကြောင့် ဖီလာသွား၏ဟူလိုသည်။

တစ်နည်းကား-ဉဒ္ဓံ အနုဂန္တွာ တိရိယံ အဉ္စိတာတိ တိရစ္ဆာနာ။

ယေ သတ္တာ-တို့သည်၊ ဉဒ္ဓံ-အထက်သို့၊ အနုဂန္တွာ-မတက်မူ၍၊ တိရိယံ-ဖီလာ၊ အဉ္စိတာ-ဖြစ်တတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ တေ သတ္တာ-တို့သည်၊ တိရစ္ဆာနာ-တိရစ္ဆာန်မည်ကုန်၏။

လူတို့ကဲ့သို့ အထက်သို့မမြင့်ဘဲ ဖီလာအားဖြင့် ကြီးပွား၍ ဖြစ်တတ်၏ ဟူလိုသည်။

(သမ္မောအဋ္ဌကထာ ဝိဂြိုဟ်)

## ၁၄၆-ယောနိသဒ္ဒါ၏ အနက်အပြားကို ပြဆိုရာ

ယောနိသဒ္ဒါသည်-

၁။ တူသောအဖြစ်နှင့် စပ်သောအနက်၊

၂။ ရောနှောခြင်းအနက်၊

၃။ အကြောင်းဖြစ်သောအနက်။ ဤ (၃) ပါးကို ဟော၏။

ယုဝန္တိ ဧတ္ထ သတ္တာ ဇာတေဇာတိ သမ္မန္ဓံ ဟောတီတိ ယောနိ။

ဧတ္ထ-ဤ၌ဇာတ်၌၊ သတ္တာ-သတ္တဝါတို့သည်၊ ယုဝန္တိ ဇာတေဇာတိ သမ္မန္ဓံ ဟောတိ-တူသောအမျိုး၌ စပ်၍ဖြစ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ ယောနိ-ယောနိ မည်၏။

အဖြူအနီ စသော အဆင်းအားဖြင့်လည်းကောင်း၊ အကြီး, အငယ် စသော သဏ္ဌာန်အားဖြင့်လည်းကောင်း၊ မတူကြသော်လည်း ဤကား နွား,

mgyoe.com

ဤကား ကျွဲ, ဟူ၍ သိအပ်သော သဏ္ဌာန်တူကြသော အဖြစ်ရှိသော ခန္ဓာကိုယ်သည် ယောနိမည်၏ ဟူလိုသည်။

ယုဝန္တိ မိဿန္တိ သုက္ကသောဏိကာ ဧတေနာတိ ယောနိ။

ဧတေန-ဤမဂ်ဖြင့်၊ သုက္ကသောဏိကာ-သုက်သွေးတို့သည်၊ ယုဝန္တိ မိဿန္တိ-ရောယှက်တတ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့ရောယှက်ကြောင်းဖြစ်သော သတ္တိကြောင့်၊ ယောနိ-ယောနိမည်၏။ (အင်္ဂါဇာတ်ရ၏။)

ယဝတိ ပဝတ္တတိ ဖလံ ဧတေနာတိ ယောနိ။

ဧတေန-ဤအကြောင်းဖြင့်၊ ဖလံ-အကျိုးသည်၊ ယဝတိ ပဝတ္တတိ-ဖြစ်တတ်၏၊ ဣတိ-ထို့ကြောင့်၊ ယောနိ-ယောနိ မည်၏။(အကြောင်းရ၏။)

ဤသုံးပါးသော အနက်တို့တွင် တိရစ္ဆာနယောနိ ဟူသောပုဒ်၌ ယောနိသဒ္ဒါသည် ခန္ဓာကိုယ်ကို ဟော၏။

တိရစ္ဆာနာနံ ယောနိ တိရစ္ဆာနယောနိ။

တိရစ္ဆာနာနံ-တိရစ္ဆာန်တို့၏၊ ယောနိ-ခန္ဓာကိုယ်တည်း၊ တိရစ္ဆာနယောနိ-တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်။

တိရစ္ဆာန်တို့မှာ မိမိတို့၏ ခန္ဓာကိုယ်သည်ပင် ဘုံမည်၏ဟူလိုသည်။

## ၁၄၇-ပြိတ္တာဟု ခေါ်ဆိုရခြင်း၏ အကြောင်း

ပကဋ္ဌေန သုခတော ဣတာတိ ပေတာ။

ယေ သတ္တာ-တို့သည်၊ သုခတော-ချမ်းသာမှ၊ ပကဋ္ဌေန-ဝေးသောအားဖြင့်၊ ဣတာ-ဖြစ်တတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ တေ သတ္တာ-တို့သည်၊ ပေတာ-ပေတမည်ကုန်၏။

**ပစ္စာဂတဘာဝေန ဣတာတိ ပေတာ။**

ယေ သတ္တာ-တို့သည်၊ ပစ္စာဂတဘာဝေန-အိမ်သို့ပြန်လာသော အဖြစ်ဖြင့်၊ ဝါ လူ့ဘုံသို့ ပြန်လာသောအဖြစ်ဖြင့်၊ ဣတာ-ဖြစ်တတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ တေ သတ္တာ-တို့သည်၊ ပေတာ-ပေတမည်ကုန်၏။

ပ,ဣတာ ဟူ ပုဒ်ဖြတ်၊ ပ,ကား ပစ္စာဂတ အနက်ဟော ဤဝိပြိဟ်ကား ဝိနိပါတိက ပြိတ္တာကိုရည်သည်။

mgyoe.com

mgyee.com

ပေတာနံ ဝိသယော ပေတ္တိဝိသယော။

ပေတာနံ-ပြိတ္တာတို့၏၊ ဝိသယော-ဖြစ်ရာအရပ်တည်း၊ ပေတ္တိဝိသယော-ပြိတ္တာတို့၏ ဖြစ်ရာအရပ်။

ပြိတ္တာတို့မှာ မိမိတို့၏ ဖြစ်ရာဌာနသည်ပင် ဘုံမည်၏ဟူလိုသည်။

## ၁၄၈-အသုရကာယ်မည်ခြင်း၏အကြောင်း

ဣဿရိယကီဠာဒီဟိ န သုရန္တိ ဒိဗ္ဗန္တိတိ အသုရာ။

ယေ သတ္တာ- တို့သည်၊ ဣဿရိယကီဠာဒီဟိ-အစိုးရခြင်း မြူးထူးခြင်းစသည်တို့ဖြင့်၊ န သုရန္တိ န ဒိဗ္ဗန္တိ-နတ်ကဲ့သို့ မထွန်းပကုန်။ ဣတိ-ထို့ကြောင့်၊ တေ သတ္တာ-ထိုသတ္တဝါတို့သည်၊ အသုရာ-အသုရာမည်၏။

အသုရာနံ ကာယော အသုရကာယော။

အသုရာနံ-အသုရာတို့၏၊ ကာယော-အပေါင်းတည်း၊ အသုရကာယော-အသုရာတို့၏ အပေါင်း။

တောင်ခြေ တောအုပ်, သမုဒ္ဒရာအနီးအနားတို့သည် အသုရကာယ်တို့၏ နေရာဘုံမည်၏။

## ၁၄၉-မနုဿဟူသော ဝေါဟာရကိုပြခြင်း

မနော ဥဿန္နံ ဧတေသန္တိ မနုဿာ။

ဧတေသံ-ထိုသတ္တဝါတို့အား၊ ဥဿန္နံ-မြင့်သော၊ မနော-စိတ်သည်၊ အတ္ထိ-ရှိ၏၊ ဣတိတသ္မာ-ထိုသို့မြင့်သောစိတ်ရှိသော သတ္တိကြောင့်၊ တေသတ္တာ -တို့သည်၊ မနုဿာ-မနုဿမည်ကုန်၏၊ စတုတ္ထီ ဗဟုဗ္ဗီဟိ-သမာသ်ဝိဂြိုဟ်။ (ဋီကာအလို)

ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿာ။

ယေ ပုဂ္ဂလာ-အကြင်ပုဂ္ဂိုလ်တို့သည်၊ ကုသလာကုသလေ-ကုသိုလ်, အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေ-တရားတို့ကို၊ မနတိ ဇာနာတိ-သိတတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ တေ ပုဂ္ဂလာ-ထိုပုဂ္ဂိုလ်တို့သည်၊ မနုဿာ-မနုဿ

mgyee.com

mgyoe.com

မည်ကုန်၏။ (ကစ္စည်းကျမ်းအလို ကိတ်ဝိဂြိုဟ်)

## ၁၅၀-စတုမဟာရာဇ်ဟု ခေါ်ဆိုရပုံ

စတုမဟာရာဇေ ဘဝါ စာတုမဟာရာဇိကာ။

စတုမဟာရာဇေ- လေးယောက်သော နတ်မင်းကြီးတို့၏နေရာ၌၊ ဘဝါ ဖြစ်ကုန်သည်တို့တည်း၊ စာတုမဟာရာဇိကာ- လေးယောက်သော နတ်မင်းကြီး တို့၏နေရာ၌ ဖြစ်ကုန်သည်တို့။ (ဘာဝတဒ္ဓိတ်)

## ၁၅၁-တာဝတိံသာဟု ခေါ်ဆိုရပုံ

တေတ္တိံသ သဟပုညကာရိနော ဧတ္ထ နိဗ္ဗတ္တာတိ တာဝတိံသာ။

ဧတ္ထ-ဤနတ်ပြည်၌၊ သဟပုညကာရိနော-တကွ ကောင်းမှုပြုကြကုန် သော၊ တေတ္တိံသ-၃ ကျိပ်, ၃ ဦးသောသူတို့သည်၊ နိဗ္ဗတ္တာ-ဖြစ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့ ၃ ကျိပ် ၃ ဦးသော သူတို့ဖြစ်ရာဖြစ်သော သတ္တိကြောင့်၊ တာဝတိံသာ-တာဝတိံသာ မည်၏။ (တေတ္တိံသ သဒ္ဒါကို တာဝတိံသာ ရေး၏ ဟူလိုသည်။)

## ၁၅၂- ယာမာဟု ခေါ်ဆိုပုံ

ဒုက္ခတော ယာတာ အပယာတာတိ ယာမာ။

ဒုက္ခတော-တောင့်တရခြင်းဆင်းရဲမှ၊ ယာတာ အပယာတာ-ကင်းသည် တည်း၊ ဣတိ-ထို့ကြောင့်၊ ယာမာ-ယာမာမည်။

## ၁၅၃-တုသိတာဟု ခေါ်ဆိုပုံ

အတ္တနော သိရိသမ္ပတ္တိယာ တုသံ ပီတိံ ဣတာ ဂတာတိ တုသိတာ။

အတ္တနော၊ မိမိ၏။ သိရိသမ္ပတ္တိယာ၊ ကျက်သရေရိပ်ငြိမ် မြတ်စည်းစိမ်

mgyoe.com

ဖြင့်။ တုသံပီတိ၊ နှစ်သက်မွေ့လျော်ခြင်းသို့။ ဂ္ဂတာဂတာ၊ ရောက်ကုန်သည် တို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ တုသိတာ၊ တုသိတာမည်၏။

## ၁၅၄-နိမ္မာနရတိဟု ခေါ်ဆိုပုံ

နိမ္မာနေ ရတိ ဧတေသန္တိ နိမ္မာနရတိနော။

ဧတေသံ-ထိုနတ်တို့အား၊ နိမ္မာနေ-မိမိဖန်ဆင်းအပ်သော စည်းစိမ်၌၊ ရတိ-မွေ့လျော်ခြင်းသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ နိမ္မာနရတိနော- နိမ္မာနရတိ မည်ကုန်၏။

## ၁၅၅-ပရနိမ္မိတ ဝသဝတ္တိ ခေါ်ဆိုပုံ

ပရနိမ္မိတေသု ဘောဂေသု ဝသံ ဝတ္တေန္တီတိ ပရနိမ္မိတဝသဝတ္တိနော။

ဧတေသံ-ထိုနတ်တို့အား၊ ပရနိမ္မိတေသု-သူတစ်ထူး ဖန်ဆင်းအပ်ကုန် သော၊ ဘောဂေသု-စည်းစိမ်တို့၌၊ ဝသံ-မိမိအလိုသို့၊ ဝတ္တေန္တိ-လိုက်စေတတ် ကုန်၏၊ ဣတိတသ္မာ-ထိုသို့ သူတစ်ထူးဖန်ဆင်းအပ်သော စည်းစိမ်တို့ကို မိမိ အလိုသို့ လိုက်စေတတ်သော သတ္တိကြောင့်၊ တေ-ထိုနတ်တို့သည်၊ ပရနိမ္မိတဝ သဝတ္တိနော-ပရနိမ္မိတဝသဝတ္တီတို့ မည်ကုန်၏။ (ဝသဝတ္တိပုဒ်၌ သ-တွင် သံယုတ်ကင်းစေ။)

## ၁၅၆-ရူပ ပထမစျာန် ၃ ဘုံကို ပြဆိုခြင်း

မဟာဗြဟ္မာနံ ပရိသတိဋ္ဌာနေ ဘဝါတိ ဗြဟ္မပါရိသဇ္ဇာ။

မဟာဗြဟ္မာနံ-မဟာဗြဟ္မာတို့၏၊ ပရိသတိဋ္ဌာနေ-ပရိသတ်အရာ၌၊ ဘဝါ -ဖြစ်တတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ ဗြဟ္မပါရိသဇ္ဇာ-ဗြဟ္မပါရိသဇ္ဇာမည်ကုန် ၏။

မဟာဗြဟ္မာနံ ပုရောဟိတဋ္ဌာနေ ဘဝါတိ ဗြဟ္မပုရောဟိတာ။

မဟာဗြဟ္မာနံ-မဟာဗြဟ္မာတို့၏၊ ပုရောဟိတဋ္ဌာနေ-ပုရောဟိတ်အရာ

mgyee.com